www.burmeseclassic.com

သူ ... သူမ ကျွန်တော်နဲ့

မျက်ဝန်းတစ်စုံ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၃၂၀၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၂၉၇၀၃၀၈

အကြိမ် - ပထမအကြိမ်

၂၀၀၈-ခုနှစ်၊ မတ်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဖေ (မြဲ-၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# သျှင်မ

## သူ...သူမ ကျွန်တော်နဲ့မျက်ဝန်းတစ်စုံ

ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com



သူ အချစ်ကို ကိန်းဂဏန်းတွေနဲ့ထားခဲ့တယ်။
တန်ဖိုးအမြင့်ဆုံးဟာ သူ့အချစ်လို့ သတ်မှတ်တဲ့သူပါ။
သူမ ကုမ္ပဏီပန်းလိုလား၊ နေကြာပန်းကလေးလား။
ဘာနဲ့တူသလဲတော့မသိဘူး၊ ဒါပေမဲ့ သူမက ...
သိပ်ကိုချစ်စရာကောင်းပါတယ်။
ကျွန်တော် သူမအတွက် နေမင်းကြီးဖြစ်ချင်ခဲ့တယ်။
မဖြစ်ခဲ့ပါဘူး ....
လမင်းကြီးလို အေးမြတဲ့အရိပ်သူမအတွက် ဖြစ်ချင်တယ်။
ဒါလည်း ကျွန်တော်မဟုတ်ခဲ့ဘူး ....
သူမအတွက် အရာရာမှာ ကျွန်တော်ဆိုတာ စိတ်တူးထဲမှာပါ
တကယ်တမ်းသူမဘဝ နေရာအားလုံးမှာ
ကျွန်တော်မဟုတ်ခဲ့ဘဲ ....
မျက်ဝန်းတစ်စုံရဲ့ လောင်မီးရှေ့မှာ ကျွန်တော်ရပ်နေပေးခဲ့တယ် --
ဒီမျက်ဝန်းတစ်စုံဟာ နဂါးမျက်ဆောင်းလို အစွမ်းထက်လို့
ပြာကျသွားခဲ့မယ်ဆိုရင် သူ့အတွက် ကျွန်တော် ....။
သူမကို ကျွန်တော် သိပ်ချစ်ပါသည်။





## အခန်း (၁)

ကျောင်းကအပြန် မောမောနှင့် မီးဖိုချောင်ထဲ ပြေးဝင်လိုက်မိသည်။ ထမင်းအိုးကိုဖွင့်လိုက်တော့ ခပ်နွေးနွေးအိုးပုံးက မျောခနဲစဉ်ကျလာသည့် ချွေးစက်တွေနှင့်အတူ အထဲမှာ ထမင်းအပြည့်။

ခူးခပ်ထားသည့်အရာပင် မရှိသေး။

တဗွီဗွီမြည်နေသည့်ဗိုက်က ထမင်းခူးထည့်ရတာကိုပင် စိတ်ကရှည်။ လက်ကတုန်၊ ကျောင်းကပြန်လာတိုင်း ဒီလိုပဲ ဆာဆာလောင်လောင် ဖြစ်နေကျပေမယ့် ဒီနေ့ ပိုဆိုးနေသည်။

စာသင်ချိန်တွေချည်းမဟုတ်ဘဲ ကျောင်းရှေ့ မြောင်းဖော်သည့် လုပ်အားပေးများပါဝင်လာခဲ့ရသောကြောင့်ဖြစ်မှာပါ။

သို့သော် ထမင်းပန်းကန်ကိုချပြီး ဟင်းထည့်ဖို့ ပန်းကန်လုံးသေးသေးလေးကိုင်ကာ ဒယ်အိုးကို ဖွင့်လိုက်တော့ ‘ဟာ’ခနဲဖြစ်သွားရ၏။

အိုးထဲမှာ မနေ့က ဟင်းကျန် အစအနတွေ ရှိနေကာ သိုးချဉ်ချဉ်အနံ့က ထောင်းခနဲတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထတ်တပိုတုန်လာသည်။ ရင်ထဲမှာ ဆာလောင်မှုကြောင့် ပူပြင်းလောင်မြိုက်လျက် မျက်ရည်တွေ အိခနဲ ပြည့်တက်လာ၏။

ချက်ချင်းပဲ ပိုးပိုးပေါက်ပေါက်ကျလာပြန်သည်။ ပြီးတော့ ဟီးခနဲ ငိုချလိုက်မိလေသည်။

အိမ်မှာ ဘယ်သူမှ ရှိမနေကြသဖြင့် ဘယ်သူ့ကိုမှ အပြစ်တင်လို့မရ။ ငပြာရည်ဖျော်စားဖို့ ကြောင်အိမ်လေးပေါ် လှမ်းကြည့်လိုက်တော့ ပုလင်းထဲမှာ ငပြာရည်တော့ရှိပါသည်။

ဘူးထဲမှာ ရေတ်သီးမှုန့်က မရှိ။ ရေတ်သီးရှိလည်း ဟင်းခတ်မှုန့်ရှိမှ ဖြစ်မည်။ ထ,မကြည့်နဲ့ ဟင်းခတ်မှုန့်မရှိဘူးဆိုတာက ပိုသေချာ၏။

ခွေကျုလုလုခြေလှမ်းများနှင့် အိမ်ရှေ့ကပြင်သို့ ထွက်လာခဲ့သည် လှေကားအတက်အဆင်းလေးများ ခြေချထိုင်လိုက်ရင်း ငိုသံမထွက်ပေမယ့် အင့်ခနဲအင့်ခနဲ ရှိုက်နေတာတော့ ရှိသေးသည်။

"ရွှယ်စုး"

ခေါ်သံကြောင့် ကိုယ်က ဆတ်ခနဲဖြစ်သွားကာ ရွှယ်စုး မျက်ရည်သုတ်ဖို့သတိရ၏။ သို့သော်လူက ချက်ချင်းပဲ လှေကားရင်းကို ရောက်လာသည်မို့ ရွှယ်စုး မျက်ရည်စတွေကို မြင်သွား၏။

"ရွှယ်စုး ဘာဖြစ်လို့လဲ"

ရိုပ်က မော့ကြည့်ရင်း လှေကားနစ်ထစ်ထိ တက်လာသည်။ ငါးထစ်သာရှိသော လှေကားမှာ နစ်ထစ်ခန့်တက်မိသည်နှင့် ရိုပ်၏ အရပ်ကြီးက ရွှယ်စုးရှေ့မှာ မားမားရပ်ပြီးသားဖြစ်သွားသည်။

ရိုပ်က အိမ်ထဲကိုလည်း လှမ်းကြည့်၍ ....

"မမကြီးတို့ မရှိကြဘူးလား"

ရွှယ်စုး ခေါင်းခါလိုက်ပြီး မျက်ရည်က ဝေ့တက်လာပြန်သည်။

"မမကြီး ဒီနေ့ အလုပ်ပြန်ဆင်းတဲ့နေ့မှာပေါ့။ နေ့က်ကလဲ အလုပ်





ဆင်းမယ်လို့ ငါ့ကို ဘာမှပြောမထားဘူး။ ဘာမှမရှိတာလဲ မပြောဘူး၊ ခုတော့ ထမင်းအိုးတစ်လုံး တည်ပေးခဲ့ပြီး ဘာမှမချက်ဘဲ ထားခဲ့တယ်"

"ဟင်... ခု နင် ဘာမှစားစရာမရှိဘူးပေါ့"

ခေါင်းခါခြင်းကြောင့် မျက်ရည်စက်က ရှောရှော၅၅။ ပြိုကျသွား၏။ မြေကွက်လေးကျယ်ပေမယ့် အိမ်က ခြေတံရှည်သေးသေးလေးပဲဖြစ်သည်။

မိဘမဲ့ခဲ့သော မောင်နှမသုံးယောက်ထဲမှာ မမကြီးသစ္စာ၊ ကိုလေးမေတ္တာရယ်၊ အငယ်ဆုံးက ရွှယ်စုး။

သစ္စာ၊ မေတ္တာ၊ ရွှယ်စုး ဆိုသော မောင်နှမသုံးယောက်ဟာ မိဘများ မရှိကြတော့သော်လည်း ပတ်ဝန်းကျင်အလယ်မှာ တင့်တင့်တယ်တယ် မယိုင်မလဲ ရပ်တည်နေနိုင်ခဲ့ကြသည်။

သစ္စာက စက်ရုံတစ်ခုမှာ စာရေးတစ်ယောက်ဖြစ်ကာ မေတ္တာက တော့ အငှာကားမောင်းလိုက်၊ ဆိုက်ကားနင်းလိုက်သာ။

ကားဖြစ်ဖြစ်၊ ဆိုက်ကားဖြစ်ဖြစ် အုံနာကြေးမှန်မှန်မပေးဘဲ သုံးတာဖြုန်းတာပဲ များနေသဖြင့် ဘယ်သူ့ပစ္စည်းနှင့်မှ ကြာရှည်မမြဲဘဲ ဖြစ်နေခဲ့၏။

အရက်ဆိုလည်း သူ့ပါသည်၊ လောင်းကစားလည်းမကင်း၊ အပျော်အပါးကျတော့လည်း တစ်ခါတလေ။ အိမ်ကို ငွေလေးပေးပြီဆို ဂုဏ်ဖော်လို့မဆုံးတော့ဘဲရှိ၏။

ဘာပဲဖြစ်ဖြစ် သစ္စာပဲ ဒိုင်ခံ။ ရွှယ်စုးက ဆယ်တန်းကျောင်းသူ။

စာမေးပွဲတွေလည်း နီးနေပြီမို့ အိမ်မှာ ဘယ်လိုမှ မလှုပ်ရှင်သာအောင် ကျပ်တည်းနေသည့်ကြားမှ သစ္စာက ကျောင်းပဲတက်စေသည်။

"မုန့်ဖိုးတွေဘာတွေ ခေါင်းထဲ သိပ်မထည့်နဲ့ပေါ့ ညီမလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတစ်ယောက်ရဲ့ လုပ်စာပဲရှိတာ၊ မေတ္တာက ပေးချင်မှပေးတဲ့ ... တော့ စာမေးပွဲပြီးတဲ့အထိ ချို့ချို့တဲ့တဲ့နဲ့ပဲ ကိုယ့်ဘဝကို နား ... ပညာကိုရအောင်ယူ။ လောလောဆယ် ကိုယ့်အထက်ကလူ ... မော့ကြည့်ပြီး အားမကျနဲ့”

သန္တာက ရွှယ်စူးကို ဆယ်တန်းတော့အောင်စေချင်သည်။ ရွှယ်စူးကတော့ မမကြီးကို သနားနေသဖြင့် စာမေးပွဲမဖြေတော့ဘဲ မမကြီးနှင့်ပဲ ဝိုင်းကူငွေရှာချင်သည်။

ဒါပေမယ့် ကျောင်းသားဆိုသည့်ဘဝလေးကိုလည်း မက်မောနေသေးသည်မို့ မမကြီး တိုက်တွန်းသလို ကျောင်းမထွက်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ငါဆင်းရဲပါလားဆိုသည့် အသိရှိသည်။ မမကြီး ပင်ပန်းတာကိုလည်း နားလည်သည်။

ဒါပေမယ့် ခုလိုအချိန်မှာတော့ ဝမ်းနည်းမိသည်ပင်။ ဆာလောင်နေသည့်စိတ်နှင့် ဘာကို ဝမ်းနည်းမှန်းမသိ။ ဘယ်သူ့ကို မကျေနပ်မှန်း မပြောနိုင်။

မမကြီး သိပ်နေမကောင်းသဖြင့် ခွင့်တင်ပြီး အိမ်မှာနားနေတာ ငါးရက်ရှိပြီ။ နောက်ထပ် နားရဦးမှာပဲဟုလည်း ညကပဲ ပြောနေသေးသည်။

မမကြီးမှာ နှလုံးရောဂါရှိသည်။ ပြီးတော့ အမေရယ်၊ အဘွားရယ် ရှေ့က အစဉ်အလာများကတည်းက ရှိခဲ့ကြတာက သွေးတိုးရောဂါ။

မမကြီးမှာ နှလုံးကောသွေးတိုးပါ ရှိနေသည်။ စိတ်က လောဘရှိတိုင်း လူက မလိုက်နိုင်။

တစ်ခါဖျားနာပြီဆို တစ်ပတ်ဆယ်ရက် လဲသွားတတ်သည်ပဲဖြစ်၏။ ခုကျမှ နေမကောင်းသေးဘဲ ထသွားခဲ့တာ ဘာကြောင့်မှန်းမသိ။





ဒါပေမယ့် ဆာနေတာကြောင့် နားလည်မပေးနိုင်သော မျက်ရည် ... ထိန်းလို့မရ။

နှစ်ယောက်သား ခဏမျှ တိတ်ဆိတ်သွားကြပြီး ရိပ်က ... ထဲမှာကိုင်လာသည့် လက်ဖက်သုပ်စားဖို့ ဝယ်လာသော ပဲကြော် ...တွေ၊ ဆီထုပ်တွေ အတိုအထွာ ထုပ်တွေအားလုံးကို ဒူးနှစ်ဖက် ...ောင်၍ထိုင်နေသော ရွှယ်စူးရင်ခွင်ထဲသို့ ထည့်ပေးလိုက်၏။

“ရော့ လက်ဖက်သုပ်စားလိုက်ဟာ၊ ငိုမနေပါနဲ့”

“ဟင်… ဟာ မလိုချင်ဘူး၊ ပြန်ယူ ပြန်ယူ”

ရွှယ်စူးက ပြန်ပေးဖို့ အထုပ်တွေကို စုကောက်နေတုန်း ရိပ်က ...ကားအောက်ထိ နောက်ပြန်ဆုတ်ဆင်းသွားပြီး…

“ငါ့မှာ ဟင်းရှိပါတယ်၊ ဒါ တမင်ထွက်ဝယ်တာ။ သွားသုပ်စားချေ သွား။ ငါ နင့်ကို လာပြောတာဟ၊ ညနေပိုင်း ငါ ကျောင်းပြန်မတက် တော့ဘူး၊ အဖေ့နောက် လိုက်သွားရဦးမှာ”

ပြောနေရင်း ရိပ်က အပြင်ကို လျှောက်ထွက်သွား၏။

“ဆရာမ မေးရင် ပါးစပ်ကပဲပြောပြပြီး ခွင့်တိုင်ပေးဟာ”

လက်ဖက်ထုပ်တွေ ပြန်ပေးမှာလည်းစိုးကာ ရိပ်က ပြေးရင်း ပြန် သွား၏။

ရွှယ်စူး အငိုတိတ်သွားသည်။

ခဏတော့ အငိုတိတ်သွားပေမယ့် ဗိုက်က ကြာကြာ ငိုခွင့်မပေးဘဲ မီးဖိုချောင်ထဲ ပြေးဝင်ခဲ့မိ၏။

ရိပ်နှင့်ရွှယ်စူးဟာ မူလတန်းကျောင်းမှာကတည်းက အတူတူ တစ်လမ်းတည်း အတူတူနေပြီး အိမ်ချင်းကတော့ အနည်းငယ်လှမ်းပါ သည်။

ဘာပဲကိစ္စရှိရှိ ရွှယ်စူးအတွက်ကို ရိပ် ပြေးပြေးလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှယ်စူး ရန်ဖြစ်လည်း သူပါသည်။

မဝတ်နိုင်တာလည်း သိတဲ့သူဖြစ်ကာ မစားရဘူးဆိုလည်း သူ မနေနိုင်။

ဟိုးငယ်ငယ်လေးကတည်းက မုန့်တစ်ခုရှိလျှင် တစ်ဖွဲ့စီစားပြီး ဒီအရွယ်ရောက်လာခဲ့ကြတာဖြစ်သည်။

ထို့ပြင် တစ်ယောက်ကွယ်ရာမှ တစ်ယောက်က ကောင်းကောင်း စားနေရလျှင်တောင် မျိုမကျ။

လူကြီးတွေမသိအောင် တစ်အိမ်နှင့်တစ်အိမ် ကူးသန်းပြီး နှီးဝှက် ကျွေးခဲ့ကြတာ မည်သူ တစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်မှုမှမပါခဲ့ သော စစ်မှန်ကြီးမားသည့် ရင်ထဲကသံယောဇဉ်များသာ ဖြစ်ပေသည်။





အခန်း (၂)

"အဲဒီလောက် သံယောဇဉ်တွေဖြစ်နေကြရင်လဲ ယူလိုက်ကြပါ လား ဟင်၊ ဆယ်တန်းရောက်နေကြပြီ ကလေးငယ်လေးတွေ မဟုတ် တော့ဘူး၊ ယူလိုက်ကြ သွား။ ဘယ့်နှယ်တော် ပါးစပ်ထဲသွင်းမယ့်ဟာ တော့ ချပေးပစ်ခဲ့တယ်၊ အိမ်မှာတော့ ငါးပြေမချက်တဲ့ဟာကို အရိုးများ လို့ မစားတတ်ဘူးတဲ့၊ လက်ဖက်သုပ်စား ဆိုပြီး ပိုက်ဆံ ပေးလိုက် တော့…"

"ပိုက်ဆံ ကျပျောက်သွားတာပါဆို၊ ဒေါ်လေးကလဲဗျာ"

ရိပ်က ဆံပင်ကိုဖွ လက်ပါခြောက်ခါရင်း မီးဖိုချောင်ထဲက ထွက် သွားသည်။ ဒေါ်မွေးက ဟင်းအိုးကို ဇီရိုထဲ သေချာထည့် သော့ပိတ်ပစ် လိုက်ပြီး နောက်ကနေ မျက်စောင်းထိုးသည်။

"ညာချင်လဲ ယုံအောင်ညာ လောင်းရိပ်ရ၊ နှစ်ရာတန်တစ်ရွက်လုံး ကျပျောက်ရအောင် မင်းက မြဲအောင်မကိုင်နိုင်ဘူးပေါ့နော်၊ အင်း ယုံရပါ့မလား၊ သွားဝယ်ရတဲ့ခရီးကလဲ ဝေးတာကိုး။ လမ်းထိပ်လေးမှာ ဆိုတော့…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မွေးက ပြောလေ အသံကျယ်လာလေ။ ဒီလိုတွေ အသံထွက်လာမှာစိုးလို့ ညာပြောလိုက်တာ ပိုဆိုးသွားသည့်အဖြစ်ကြောင့် အိမ်ရှေ့မှာ ခြေလက်ဆေးနေရင်း ရိပ် ကျွတ်ခနဲ စုတ်သပ်မိသည်။

မိထွေး နေရာယူလာသည့် မိန်းမ အတော်များများ ဘာဖြစ်လို့ မိထွေးပီသနေကြတာလဲ။ အဖေကလည်း သူ့ကို အလုပ်ထဲဆို မသွင်းဘဲ မိထွေးနှင့် စိတ်ချလက်ချ ထားခဲ့သည်။

“အဖေလုပ်ရတာ ဒရိုင်ဘာကွ၊ ပြောရရင် ဒါလဲ အိမ်ဖော်ပဲ၊ မင်းကို ဒီလိုနေရာမှာ မခိုင်းချင်လို့ မခေါ်တာ”

ဒီလိုပြောထားခဲ့တာလေးနှင့်ပဲ ရိပ် အိမ်မှာပဲနေခဲ့ရသည်။

ဒေါ်မွေးသည် အဖေ့ထက် ခုနစ်နှစ်လောက်ငယ်သလို လုံးကြီးပေါက်လှဖြစ်၏။ အဖေ့ကိုလည်း နိုင်သည်။

သူ့အပေါ်ကို ကျွေးသမျှ ပေးသမျှ ပါးစပ်ကလည်း မနား၊ ပေးပြီးကျွေးပြီးတိုင်း ဂုဏ်ဖော်သည်။

ပြောစရာတွေ့ပြီဆို စပီကာဖွင့်လိုက်တာထက်ဆိုး၏။ အားလုံးထဲမှာ ရိပ် သည်းမခံနိုင်ဆုံးကလည်း ဒါကိုပဲဖြစ်သည်။

ထိုအကြောင်းတရားများနှင့်ပတ်သက်၍ ကျောင်းအားတိုင်း သူ အဖေ့နောက်လိုက်သည်။ အခါအခွင့်သင့်တိုင်း ကားဝင်မောင်း၏။

အဖေကလည်း သူ့ကို ကားမောင်းသင်ပေးချင်သည်မို့ အခွင့်အရေးရလာသည်နှင့် ဘယ်ကိုလိုက်ခဲ့၊ ဘယ်ကိုလာ စသဖြင့် သားအဖတစ်နေရာမှာဆုံကာ ကားမောင်းသင်ခွင့်ရခဲ့သည်။

ရိပ် ကားမောင်းတတ်ပါသည်။

ကိုးတန်းကျောင်းသားအရွယ်ကတည်းက ကားမောင်းတတ်နေခဲ့၏။ အဖေကတော့ တတ်အောင်သင်ပေးထားတာမျိုးပဲဖြစ်ကာ ဒီနေ့ထိ အလုပ်နှင့်ပတ်သက်သမျှ သူ ဘာမှဝင်ကူတာ မကြိုက်။





ရိပ် ကျောင်းမတက်ချင်တော့ပါ။ ဒေါ်မွေးနှင့် နေနေရတာကို ပိုပြီးစိတ်ညစ်သည်။

ဒရိုင်ဘာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဝင်ငွေရှာရင်း ဒီထက်ကောင်းတာတစ်ခုခုကို နောက်ထပ် နည်းလမ်းရှာ၍ ကြိုးစားသွားလို့ရသည်။

ကိုယ်က ပညာတွေသင်နေတုန်းမှာ ကျန်သည့်လူတွေ ရှုန်းကန်ပင်ပန်းနေတာကို သဘာဝကျသည်လည်း မမြင်မိ။

စိတ်ပျက်လက်ပျက် လမ်းထိပ်ပြန်ထွက်ခဲ့ရင်း ထမင်းလည်းမစားဖြစ်တော့။ နေပါစေ မစားရတာထက် နားပူတာက ပိုဆိုးသည်။

ဒေါ်လေးတစ်ယောက်ဟာ သူနှင့် ရွယ်တူးကိုဆို ပိုပြီးတော့များများက်မုန်းကျိုးနေခဲ့သလားမသိ။

“အမယ်လေး သွားမပြောနဲ့ အဲဒီတစ်ယောက်ကို အဖေထက်လဲ ချစ်တယ်၊ အားလုံးထက်လဲပိုတယ်၊ ဘယ်လို သူငယ်ချင်းလဲတော့ မသိဘူး”

ဟုလည်း ပြောတတ်သည်။

“အဲဒီအိမ်က ကြည်ဖြူနေမှာပေါ့၊ လိုသမျှ ရနေတာကိုး။ ဒီကကောင်က အဲဒီမှာ လောင်းရိပ်သွားမိနေတာလေ။ အဖေကရှာ၊ သူက အဲဒီမှာ သွားပြေးပေး”

ပြောပြီဆို အတင်းလိုလို အဖျင်းလိုလို။ အမိကက သူကြားအောင်တမင်ပြောတတ်တာပဲဖြစ်သည်။

ရိပ်စိတ်ထဲမှာ မွန်းကျပ်လာတိုင်း ရပ်ကွက်ဖျားနှင့် သိပ်မဝေးသောထယ်ကွင်းများထဲ ဆင်းထွက်လာခဲ့မိသည်။

မပြေလည်ကြသည့်ဘဝတွေထဲမှာ သူလည်း ညပ်ပါနေရသောစိတ်ထဲမှာ မကျေနပ်။ အထူးသဖြင့် ‘ဖအေကရှာ၊ သူက ဖြုန်း’ဟု ပြောတတ်သည့် ဒေါ်မွေး ပြောတာကို မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း သူ့ယောကျ်ား၊ ကိုယ့်မှာလည်း ကိုယ့်အဖေပဲဖြစ်သည်။ ပြီးတော့ ရွှယ်စူးနှင့် တွဲသွားတွဲလာ မြင်တိုင်း...

ရွှယ်စူးတို့မောင်နှမတွေ ကျပ်တည်းနေကြတာကို သိလေတိုင်း သူက ပိုးကြေးပန်းကြေး ကူညီနေသည်၊ ပေးကမ်းနေသည်ဟု သတင်းဖြန့်၏။

"ကြာရင် ညားကြမှာ စောင့်ကြည့်၊ တစ်လုတ်စာရှိရင် တစ်ဝက်စီစားကြတာ၊ ဘယ်သူနဲ့မှမတည့်တဲ့ကောင် အဲဒီတစ်ယောက်နဲ့ဆို ရိပ်ရေဆိုတာနဲ့ ပါပြီသား"

ဒီလိုအပြောတွေခံရတိုင်း ရွှယ်စူးကို သနားမိသည်။

ထို့ကြောင့် နောက်ပိုင်းမှာ အသွားအလာ၊ အနေအထိုင် ဆင်ခြင်ဖို့ထိ သူ စဉ်းစားခဲ့မိ၏။ ဒါပေမယ့် အိမ်ရှေ့ထွက်လိုက်သည်နှင့် မြင်နေရသည့်အဖြစ်ကို ဘယ်လိုမှ မခေါ်မပြောဘဲ တိမ်းရှောင်မနေနိုင်။

ရွှယ်စူးကို သူ ခင်တွယ်ခဲ့တာ ငယ်ငယ်လေးကတည်းက။ ရွှယ်စူးမျက်နှာညှိုနေရင် သူ ရင်ပူသည်။

မျက်ရည်ကျနေတာမြင်တိုင်း သူ့မှာ တဲတွေးမျိုချမိ၊ လက်သီးဆုပ်မိ။ နိုင်မြဲသောသံယောဇဉ်တွေ အရောင်ပြောင်းနေခဲ့ပြီလို့ သူ့ကိုယ်သူ သိ၍လည်း၊ လူကဲ့ရဲ့ခံရာမှတွေကို ရင်မဆိုင်ရဲတော့သလို ဖြစ်ခဲ့မိ၏။

ရွှယ်စူးဟာ သိပ်လှသော သူငယ်ချင်းမလေးဖြစ်သည်။ ဘယ်လိုလူတွေထဲမှာ ရောက်နေနေ ဝင်းစက်ရှောမောနေအောင်လှ၏။ ဒါဟာ ကိုယ် သဘောကျသည့်စိတ်နှင့် ကြည့်ခဲ့မိ၍မဟုတ်ပါ။

သူငယ်ချင်းတွေ သူ့ကို လက်တို့ ပခုံးပုတ်၍ ဟနောက်လာကြတိုင်း...

"လောင်းရိပ် ရွှယ်စူးက မင်းနဲ့ချစ်သူလား"

"ရွှယ်စူးက တော်တော်လှတာနော်"





"သူငယ်ချင်းတွေ ဘာတွေလုပ်မနေစမ်းပါနဲ့ကွာ၊ ဒီနှစ်ပြီးရင် တက္ကသိုလ်တက်ကြရတော့မှာ၊ တော်ကြာ လိုက်မမီဘဲဖြစ်သွားဦးမယ်၊ လက်ဦးမှုယူထား"

စသော စကားတွေ ကြားလာရတိုင်း စိတ်လှုပ်ရှားခဲ့ရတာ သူ ရှောင်ရှား၍လည်းဖြစ်ချင်ဖြစ်မည်။

တကယ်တော့ ရွှယ်စူးကော သူ့မှာပါ တက္ကသိုလ်တက်နိုင်ကြသည့်အင်အား မရှိကြပါ။

ကံကောင်းသည့်သူ အဝေးသင်ဖြေနိုင်မည်၊ ဘွဲ့တစ်ခုတော့ရမည်၊ အဲပဲဖြစ်၏။ ဒီအချိန်တွေကို ဘွဲ့တစ်ခုအတွက် သူ မဖြုန်းချင်။

စိတ်တွေက ဟိုဒီ ပြေးလွှားနေခဲ့၏။ လက်ကန်သင်းပေါင်မှာ တစ်ယောက်တည်းထိုင်ရင်း ဆာတာတွေပါ ဘယ်ရောက်ကုန်သည် မသိတော့။

စိတ်တွေ လေနေတာလား...

ဟုတ်သည်၊ သူ တဲစ်နေရာရာကို သွားချင်နေခဲ့သည်။ ဒါဟာ ဘာကြောင့်လဲဆိုလျှင် သူ့မှာ အဖြေမရှိပါ။

သို့သော် ကိုယ်တိုင် တစ်ယောက်တည်းသာ သိနေသော ရင်ထဲမှ အကြောင်းများထဲမှာ ရွှယ်စူးကို ကူညီပေးမချင်မိသော..



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

စက်ရုံကအပြန်တိုင်းမှာ မြင်ရမြဲဖြစ်သည့် မမမျက်နှာက ဒီနေ့ ပို၍ပင် နွမ်းလျနေသေးသည်။

ကိုယ်ကပဲ အရိပ်တကြည့်ကြည့် ဖြစ်နေလို့လား။ ဆွဲခြင်းလေး ချထားခဲ့ပြီး နောက်ဖေးဘက်ကို တန်းဝင်သွားသည့်နောက်သို့ လိုက်ခဲ့ရင်း ရွှယ်စုးရင်ထဲမှာ လေးလံနေမိသည်။

ဒီနေ့ လခထုတ်ရက်ဖြစ်သည်။ ဘာဖြစ်ဖြစ် ဒီလိုနေ့မျိုးမှာတော့ ရွှင်ရွှင်လန်းလန်းရှိသင့်သည်သာ။

ဒီလိုနေ့မှာမှ စိတ်ညစ်ဖွယ်များနှင့်သာ ရစ်ပွဲနေရမည်ဆိုလျှင်...

"မမ ဘာဖြစ်လို့လဲဟင်"

ရုံးအင်္ကျီကိုချွတ်ပစ်၍ တန်းပေါ် လှမ်းတင်လိုက်ပြီး မမက ရွှယ်စုးကို တစ်ချက်ငဲ့ကြည့်သည်။

ဘာမှမဖြေဘဲ ရှန်သားအင်္ကျီပါးပါးလေးတစ်ထည်ကို ဆွဲဝတ်နေသည်။

"မမ နေမကောင်းဘူးလား၊ ခါမှမဟုတ် ပိုက်ဆံပါမလာတော့လို့လား ဟင်"





လခထုတ်ပြီးဆို လမ်းထိပ်ကကုန်ခြောက်ဆိုင်နှင့် ငါးသည်အိမ်ကို ဝင်လိုက်တာနှင့် ပြန်ထွက်လာလျှင် ပိုက်ဆံက တစ်ဝက်ပဲ့သွားပြီဖြစ်တတ်သည်။

ရုံးမှာ ဆွဲထားလွှဲထားသည့်အချင်းချင်းထံမှာ ချေးငွေတွေ ပိနေသည့်အခါ အိမ်ကို ပိုက်ဆံပါမလာတော့ပါ။

ဒီလိုဖြစ်တတ်တာတွေရှိသဖြင့် မေးလိုက်တော့...

"ဟုတ်တယ်၊ ငါ့မှာ ငွေလေးနှစ်ထောင်ကျော်ပဲ ကျန်တော့တယ်"

ဟု အသံထွက်ရုံလေးပြောပြီး မမက အင်္ကျီကြယ်သီးပင် စုံအောင် တပ်နိုင်ရှာဘဲ အိပ်ရာထဲမှာ ခွေခွေလေး လှဲချလိုက်ရှာသည်။

ရွှယ်စုး ဒါကိုထင်လို့ပဲ မေးလိုက်တာပါ။ ဒါပေမယ့် တကယ်တမ်း ဟုတ်တယ်ဆိုတာ သိလိုက်တော့ ရင်ထဲမှာ 'ဟာခနဲ'ပူလောင်သွား၏။ လည်း သိပ်မကျန်းမာသေးပါ။

နေမကောင်းဘဲ အလုပ်ဆင်းနေရတာဖြစ်သည်။ နောက်ထပ် အိမ် ရောက်လာကြဦးမည့် ကြွေးသမားတွေလည်း ရှိသေးသည်။ ဒါတွေ ဘယ်လိုလုပ်မလဲ။

"ငါ ဘာလုပ်ရမလဲ ညီမလေးရယ်၊ ကြွေးတွေ လည်ပင်းတက်ပြီး ရှက်တွေတော့ ကွဲကုန်ကြတော့မယ်"

"မမရယ် ကိုလေးလဲရှိနေတာပဲဟာ သူလဲ အိမ်အတွက် တစ်ဖက် လမ်းက ကူပေါ့။ ညကျ ကိုလေးပြန်လာရင် ရွှယ်စုးပြောမယ်"

သစ္စာ ပင့်သက်လေးရှိုက်၍ တစ်ဖက်လှည့်သွား၏။

ငွေမရှိ အသိုင်းအဝိုင်းမဲ့သော မိန်းမတစ်ယောက်၏ဘဝမှာ ကောင်မြင်သည့်လမ်းကြောင်းတစ်ခုရဖို့က စိတ်ကူးယဉ်သလောက် မလွယ်ပါ။

ကိုယ်ကပဲ ပျော့ညံ့နေ၍လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် အဆင်မပြေမှုအားလုံးဟာ ကိုယ့်အတွက်ချည်းဖြစ်နေခဲ့တာ။ ကိုယ်ပဲကံဆိုးနေသည်လား။

သစ္စာ မျက်နှာလေးလွှဲနေရင်း မျက်ရည်တွေ စိမ့်တက်လာသည်။ ဒီလိုပဲ ကူရာကယ်ရာ မဲ့လာသည့်အခါတိုင်း...

အခက်အခဲကို ဖြေရှင်းဖို့အတွက် ခွန်အားတွေ မဲ့လာတတ်တိုင်း သစ္စာ မျက်ရည်များနှင့် လုံးထွေး ဖြေသိမ့်ခဲ့ရသည်။

မောင်နှမသုံးယောက်၏ စားဝတ်နေရေး၊ ရွှယ်စုး ပညာရေး တွေးရင်း ရင်ထဲမှာမွန်းကျပ်လာခဲ့၏။ မျက်ရည်တွေ တစိမ့်စိမ့် တိုးဆင်းနေကြပေမယ့် ရင်ထဲမှာ ဖြေသာသွားသည်မရှိခဲ့ပါ။

သူမဘေးမှာ ရွှယ်စုး ဝင်ထိုင်လိုက်တာကိုသိသည်။ ခါတိုင်းလို မျက်ရည်တို့ကို အငယ်တွေမမြင်အောင် ဖုံးဖိသိမ်းဆည်းဖို့ ဘယ်လိုမှ ဟန်ဆောင်လို့မရဘဲ သစ္စာ အငိုမခဲနိုင်ရှိက်မိ၏။

"မမရယ်.ဒီလိုပဲ ဆင်းရဲနေခဲ့တဲ့ဥစ္စာ ဘာဖြစ်လို့ ငိုနေတာလဲ၊ မမ နေလဲမကောင်းဘဲနဲ့"

ရွှယ်စုးက မျက်ရည်တွေကို သုတ်ပေးသည်။

ဒါပေမယ့် သူမကိုယ်တိုင် မျက်ဝန်းမှာ မျက်ရည်တွေ ဝေလည်နေပြီဖြစ်၏။

"ရွှယ်စုး"

"ရှင် မမ"

ရွှယ်စုး လက်ကလေးကို ဆုပ်ကိုင်၍ သစ္စာက လှဲနေရာမှ ကျိုးထသည်။ မျက်ရည်တို့ကို သုတ်ပစ်ရင်း တစ်ခုခုကို ပြောပြတော့မို့ ဆုံးဖြတ်ပြီး မျက်နှာချင်းဆိုင်ထိုင်လိုက်၏။

သို့သော် မျက်လုံးချင်းဆုံကြည့်နေပြီး သစ္စာ ငိုင်တွေသွားပြန်သည်။





"မမ ပြောလေ"

"ပြောမလို့ဘဲ၊ ညီမလေးနဲ့ငါ တိုင်ပင်မလို့ အားယူနေခဲ့တာ ကြာပြီ ဒါပေမယ့် မမ ရှက်တယ်၊ ဒီကိစ္စက မင်္ဂလာရှိတဲ့ကိစ္စမှ မဟုတ်တာ"

"ဟင် ဘာကိစ္စလဲ၊ ဘာမို့လို့လဲ ပြောပါ မမရဲ့"

ပခုံးအောက်သာသာထိ ပြန့်ကျနေသည့် ရွှယ်စုးဆံနွယ်လေးတွေကို သပ်တင်ရင်း ငေးကြည့်ကာ သစ္စာ မျက်ရည်တွေ ဝေ့တက်နေပြန်သည်။

နောက်တော့မှ ဖြည်းလေးသောစကားသံများ ထွက်ကျလာခဲ့၏။

"မမကို မန်နေဂျာက လက်ထပ်ခွင့်တောင်းနေတာ"

"ဘာ... ဘာ..."

အသံတင်မကဘဲ ရွှယ်စုးကိုယ်လေးပါ ဈွေ့ခနဲပြင်ထိုင်လိုက်သည်အထိ ကြားလိုက်ရတာကို တအံ့တသြ။

မန်နေဂျာဆိုသည့် လူကြီးအကြောင်းဟာ ဟိုတစ်ခါကလည်း ပြောဖူးသည်။ နာမည်က ဦးရန်အောင်၊ အသက်က လေးဆယ်ကျော်။

သို့ပေမယ့် ရုပ်ချောသည်၊ အသက်အရွယ်နှင့်မလိုက်အောင်။ အသက်လေးဆယ် ဆိုတာပင် ယုံနိုင်စရာမရှိလောက်အောင် စတိုင်လ်ကျကျ ဝတ်စားတတ်သည်။ ချောသလောက်လည်း ခပ်ပွေပွေ။

"အဲဒီလူက ငါ့ကို ခပ်ရိရိစကားတွေ ပြောတယ် သိလား၊ သူ့မှာ မိန်းမရှိတယ်ဆိုတာလဲ စက်ရုံတစ်ရုံလုံး သိကြတာပဲ၊ ငါ ရှက်တယ်"

ဟု ပြောဖူးတာကို မှတ်မိသည်။

အခု လက်ထပ်ခွင့်တောင်းသည် ဆိုတော့...

"မမ ဟိုတစ်ခါပြောဖူးတဲ့ ဦးရန်အောင် ဆိုတာလားဟင်"

သေချာအောင် ထပ်မေးတော့ သစ္စာကလည်း ခေါင်းညိတ်လျှင် ရွှယ်စုး ဒေါသတွေ ချက်ချင်းကြီးထဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



“အံမာ လုပ်းဝါလို့၊ သူ့မှာ သားနဲ့မယားနဲ့ဟာကို၊ ဟွန်း ယောကျ်ား တွေကိုက ယောကျ်ားကောင်း မောင်းမတစ်ထောင် ဆိုတဲ့စကားပုံနဲ့ သူတို့ကိုယ်သူတို့ စည်းလွတ်နေကြတာ။ ဒါမျိုး ရမလား”

ဒေါသလည်းဖြစ်၊ သစ္စာကိုလည်း ပြန်ကြည့်၍…

“မမက ဘာတွေကြောက်နေတာလဲ၊ ပြောတယ်ဆို ပါးဆယ်ချက် လောက် ရိုက်ချလိုက်ရင် ရပြီ”

“ညီမလေးရယ် နင် ဘာမှမသိဘဲနဲ့”

“ဘာကိုသိရမှာလဲ”

သစ္စာက မျက်ရည်တွေကို မျက်တောင်များဖြင့် ပုတ်ခတ် သိမ်း ဆည်းကာ…

“မမ သူ့ဆီက ငွေတွေချေးထားတယ်”

“ဟင်…”

ဒီလိုလူမျိုးဆီကမှ မမရယ်ဟု စိတ်ထဲမှာ ကျယ်ကျယ်လောင် လောင်ကြီး အပြစ်တင်လိုက်မိ၏။

သို့သော် မမကို အံ့ဩစွာပဲ ငေးကြည့်ရင်း ဘာမှ မပြောဖြစ်ခဲ့။

အိမ်မှာ အခက်အခဲတွေကို ဖြေရှင်းနေရရှာသည့် နားလည်စိတ် က တစ်ဖက်နှင့် မမ ဘာဆက်ပြောမလဲဆိုတာကိုပဲ နားစွင့်ထားမိ သည်။

“သူက ငါ့ကိုလက်ထပ်မယ်၊ ဒီက အခက်အခဲအကျပ်အတည်း ဘာမှမဖြစ်ရအောင် သူ အားလုံးအတွက် တာဝန်ယူမယ်တဲ့”

“နေပါဦး မမက ဒီစကားတွေပြောတဲ့အထိ ဘာဖြစ်လို့နားထောင် ပေးခဲ့တာလဲ၊ မမကို သူက ဒါတွေ ဘာဖြစ်လို့ ပြောရဲနေတာလဲ”

မခံချင်စိတ်က မအောင့်အည်းနိုင်လောက်အောင် ဖြစ်လာခဲ့သည်။ ကိုယ့်အမ်မကိုကြည့်၍ နှမြောလို့မဆုံးနိုင်။





နှလုံး။ သွေးတိုးဆိုသည့် ရောဂါတွေ ရှိနေသော်လည်း မမက ဝိန်ဝိန်ခြောက်ခြောက်လူမမာရုပ်လေးနှင့်မဟုတ်။

အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်လေးနှင့်ဖြစ်ကာ ဖြူဖြူနွဲ့နွဲ့ လေးနှင့် လမ်းလျှောက်သွားတာလေးကစ လှသည်။

ဆံပင်တွေ တင်ပါးထိရှည်သည်က ယဉ်၏။ ပြီးတော့ ညီအစ်မ နှစ်ယောက်လုံး တူညီစွာ အကျိုးပေးကောင်းသည်က ထူထဲကော့ နက်သည့် မျက်တောင်ရှည်များ ရှိနေကြခြင်းပင်၊

မမက စိတ်လည်းမချမ်းသာရရှာ…

ရောဂါ ခံစားနေရသည်လည်းရှိကာ မျက်နှာလေးမှာ အမြဲတမ်း ပျော့ပျော့ဖြစ်နေတတ်ပေမယ့် မျက်တောင်ရှည်တို့ ဝန်းရံနေသော မျက်ဝန်းနက်နက်လေးများနှင့် အလွန်လှသောမျက်နှာလေးလည်း ရှိသည်

ဆင်းရဲတာလေးတစ်ခုနှင့်ပဲ မမအပေါ် တန်ဖိုးဖြတ်ရက်လွန်း သော ထိုလူကြီးကို ဘယ်လိုမှ မကျေနပ်နိုင်…

“မမလေ ပတ်ဝန်းကျင်ဆိုတာသာ မရှိဘူးဆိုရင် ထင်ရာလုပ်ပစ် ရာပဲ သိလား။ ဒါမှမဟုတ် မောင်ရယ်ညီမရယ်ဆိုတာ မရှိခဲ့ဘူးဆိုရင် ဝတ်ကြောင်စွန့်ပြီး သီလရှင်ဝတ်သွားချင်တယ်”

“မမကလဲ ဒါဟာ တရားနည်းလမ်းပဲ၊ ကောင်းတယ်လို့ ပြောရမှာ မယ့် မကောင်းပါဘူး၊ ကိုယ့်အသက်ကိုယ့်ခွန်အားနဲ့ ရှန်းကန်ဖို့ပဲ ကြိုးစားစမ်းပါ။ ရွှယ်စုးတို့ကို မငဲ့နဲ့၊ ကျောင်းမတက်တော့ဘူး”

“အို… မဟုတ်တာ”

ဒီစကားပြောသိုင်း မမထံမှ ဒီလိုပဲ အမြဲကြားရတတ်သည့်စကား ရွှယ်စုး ခေါင်းခါလိုက်သည်။

“မမ ဘာကိုမှမငဲ့နဲ့၊ ဒီလူကြီးကိုလဲ လက်ထပ်ဖို့မလိုဘူး၊ ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဂရန်ပေါင်ပြီး အကြွေးတွေကို ရှင်းလိုက်ပေါ့၊ အကြွေးတွေ ရှင်းသွားရင်း…”

“နောက်ထပ် အကြွေးတွေ ထပ်တက်မှ ဘဝပျက်ကုန်ကြမှာ”

“ဘာဖြစ်လို့တက်ရမှာလဲ၊ ရှယ်စုးလဲ အလုပ်လုပ်မှာပဲ”

“မဖြစ်နိုင်တာတွေ မပြောပါနဲ့ ညီမလေးရယ်၊ ငါ အားလုံးကို တွက်ထားပြီးပြီ”

“ဒီလူကြီးကို မမ လက်ထပ်တော့မယ်ပေါ့”

သစ္စာက အကြာကြီးနေပြီးမှ ခေါင်းကို ခပ်ဖြည်းဖြည်းခါလိုက်၏။

“ဒါက နောက်ဆုံးထွက်ပေါက်ပိတ်သွားခဲ့ရင် ဖြစ်ချင်ဖြစ်မယ်၊ လောလောဆယ် အိမ်ဂရန်ပေါင်ဖို့ကိစ္စကို…”

“လုံးဝပဲနော်၊ အိမ်ဂရံလို့ ကျွန်တော် ကြားလိုက်တာ၊ ဂရံကို လုံးဝ ထိလို့မရဘူး။ အိမ်မှာ မမ အကြီးဆုံးပဲဆိုပြီး ကျန်တာအားလုံး စိမ်ချေ့ခဲ့ လို့ရတယ်၊ ဂရန်ကိုထိဖို့ မကြိုးစားနဲ့”

ရုတ်တရက်ကြီး မေတ္တာ အခန်းထဲ ဝင်လာသည်။

အရွယ်လေးရရ၊ အပေါင်းအသင်းစုံစုံနှင့် အရက်ကလေးတမြမြ ဖြစ်လာသော မေတ္တာထံမှ မကောင်းသောအနံ့အသက်တစ်ချက် ဖေ့ လာ၏။

မျက်လုံးတွေနီလျက် မေတ္တာက သစ္စာနှင့်ရှယ်စုး နှစ်ယောက်လုံး ကို ခပ်တင်းတင်းကြည့်သည်။

“အိမ်ဂရန်က သုံးယောက်လုံး ပိုင်တယ်၊ မမ ထင်ရာလုပ်လို့ မရဘူး”

ဟု ထပ်ပြော၏။

“အခု သုံးယောက်လုံး ဖြေရှင်းရမယ့်ကိစ္စတွေကတော့ မမပဲ ပူနေ ရတာ၊ ကိုလေး ဘာဖြေရှင်းပေးနိုင်လို့လဲ”





ရှယ်စုးက ပက်ခနဲ ပြန်ပြောသည်။

မေတ္တာက ရှယ်စုးထံသို့ ဝင်းလက်သောမျက်လုံးကြီးများနှင့်ကြည့် တာ…

“မဖြေရှင်းဘူးလေ၊ ငါမှ ရှုပ်ထားတာမရှိဘဲ၊ အိမ်မှာချက်ရင်စား တယ်၊ မချက်ရင် မစားဘူး။ ငါ မစားရလို့ နားပူခဲ့ဖူးလား၊ ငါ့အတွက် ဝယ်ခြမ်းမပေးလို့ မကျေမနပ်ပြောခဲ့ဖူးတာရှိလား၊ ငါ့အတွက် အိမ်မှာ ဘာများတာဝန်ပိုခဲ့လို့လဲ”

“ဘာပဲဖြစ်ဖြစ် ကိုလေးက မမနဲ့အတူ အားလုံးကို ဖြေရှင်းပေးဖို့ တာဝန်ရှိတာပဲ၊ ဒီအိမ်ဂရန်ပေါင်ဖြစ်ရင်တောင် မမက သူ့အတွက်လုပ် မှာ မဟုတ်ဘူး”

“ငါ လုံးဝ သဘောမတူဘူး”

“တော်ကြပါတော့”

သစ္စာက နှစ်ဖက်စလုံးကို လက်ကာ၍ နေရာမှ ထရပ်လိုက်သည်။ ရှက်နှာမူလိုက်သည်က မေတ္တာရှိသည့်ဘက်ကို ဖြစ်၏။

“ဂရန်ကို ဘာမှမလုပ်ဘူး မေတ္တာ၊ စကားကို အစအဆုံး နား ထောင်ဘဲ ဘာဖြစ်လို့ ဝင်ပြောနေတာလဲ”

“ပြီးရောလေ၊ လုပ်ပြီးမှ ပြဿနာတက်ကုန်မှာစိုးလို့ သတိပေး တာ”

မေတ္တာက လေသံကော မျက်နှာကိုပါ လျှော့ချပြီး ဆံပင်တွေထဲ လက်ထည့်၍ ကုန်ဖွပစ်၏။

ပြီးတော့ နေရာမှ ချက်ချင်းပြန်ထွက်သွား၏။

“နေဦး”

သစ္စာက တားလိုက်ပေမယ့် မေတ္တာ လှည့်မကြည့်တော့။

ရှယ်စုး သစ္စာလက်ကိုဆွဲ၍ ဆုပ်ကိုင်ထားလိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"သွားပါစေ မမ၊ ကိုလေး ခုတစ်လောကျမှ ဘာဖြစ်နေမှန်းမသိဘူး။ အိမ်လဲမတက်ဘူး။ ပျာယာကိုခတ်နေတာပဲ။ စကားပြောသွားတာ ရင့်သီး လိုက်တာ အကြင်နာတရား တစ်စက်မှမရှိဘူး"

သစ္စာ မျက်ဝန်းတွေကိုမှိတ်ချကာ အိပ်ရာထက်မှာ ပြန်ထိုင်ချ လိုက်မိသည်။ တစ်ခါတစ်ခါကျတော့ ကိုယ်ပေးဆပ်သမျှကို ပိတ်ကား ပေါ်မှ အချိန်မရွေး ကြည့်လို့ရသည့် ရုပ်ရှင်တစ်ကားလို ပြသဖို့လိုလာ တိုင်း ပြလိုက်ချင်သည်။

ဒါဟာ တုံ့ပြန်မှုကို လိုချင်၍တော့ မဟုတ်ပါ။ ဂုဏ်ဖော်ကြွားဝါနေ ဖို့လည်း မဟုတ်...

ကိုယ် ပေးဆပ်ခဲ့သမျှ ဖြူစင်ခဲ့တာကို သိစေချင်၍ဖြစ်သည်။

ဒါပေမယ့်...

* * *





## အခန်း (၄)

လက်ထဲမှာ ကိုင်လာသည်က ကားသော့နှင့်တွဲသည်။ ဘောင်းဘီ ရှည်နှင့် အဝါနုရောင် ရှပ်လက်တို ဝတ်ထားကာ မတိုမရှည်ဆံပင်ကို ဟဲကရင်မ်လိမ်း၍ အကျအန ဖြီးထား၏။

ပုံစံကတော့ ရုပ်ရှင်မင်းသားရှုံးလောက်ပါသည်။ သို့သော် မင်းသား မဟုတ်...

ထိုသူကို ရွယ်စုး သိသည်။

ဦးရန်အောင်ပဲဖြစ်မှန်း မမြင်ဖူးဘဲ ခန့်မှန်းလိုက်သည်က တကယ် မှန်သွားခဲ့၏။

"ဒါ သစ္စာတို့အိမ် ဟုတ်တယ်နော်"

"ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ"

မကြည်လင်သည့်မျက်နှာကို တမင်သိသာအောင် တင်းပြီး ရွယ်စုးက ခပ်ရိုင်းရိုင်းပဲ ဆက်ဆံသည်။

ဦးရန်အောင်မျက်နှာက အံ့သြသလို တစ်ချက်ဖြစ်သွားတာ ရွယ်စုး ကို ခြေဆုံးခေါင်းဆုံး ပြန်ကြည့်သည်။

www.burmeseclassic.com



ကြည့်ပုံကလည်း ရဲတင်းစူးရှလွန်းသည်မို့ ရှယ်ရီး နှုတ်ခမ်းကလေးတွေ ပို၍ဖိပိတ်သွား၏။

“မင်းက သစ္စာရဲ့ညီမဆိုတာ ထင်တယ်၊ ဘာတဲ့ ရှယ်ရီး၊ ဟုတ်တယ် ရှယ်ရီး ဖြစ်မယ်”

“ဟုတ်တယ်လေ၊ ဘာလဲ ရှင်က သန်းခေါင်စာရင်းဌာနကလားဘာလုပ်ဖို့လဲ”

ရှယ်ရီး သူ့ကို ခန့်မှန်းသိရှိနေသော်လည်း သူက မသိ။ သူ့အမြင်မှာ ရှယ်ရီး သူ့ကို သိနေနိုင်မည်မဟုတ်ဟု တွက်ထားမှာမို့ တစ်ယောက်နှင့်တစ်ယောက် ဘယ်သူဘယ်ဝါဆိုတာ မဖော်ပြကြသေးမီ ရှယ်ရီးဘက်က လွတ်လပ်စွာ ပစ်ခတ်ဖို့ အခွင့်အရေးတွေ ရှိနေသည်။

ခုချိန်မှာ အစ်မရဲ့အထက်လူကြီးတစ်ယောက်အဖြစ် ရှိသေစွာဆက်ဆံပေးဖို့ မလိုသေး။

ထိုလူကြီး နှလုံးနာစရာအပြုံးကို ရှယ်ရီးက မျက်မှောင်ကြုတ်ကြည့်ကာ…

“အကြောင်းမရှိဘဲ မသိဘဲ ဒီအိမ်ကို လာချင်တိုင်း လာလို့မရဘူးဆိုတာတော့ သိထားဖို့လိုလိမ့်မယ်။ နာမည် သိနေရုံနဲ့ ဧည့်ခံနေရအောင် ဒီမှာ…”

“ဟော့… ဟော့ နေဦးလေ၊ တို့က အဲဒီလိုမျိုးမဟုတ်ဘူး”

“မဟုတ်ရင်လဲ ပြန်ပေါ့”

“ဟာ… လွန်လှချေလား၊ တို့က သစ္စာနဲ့…”

“အို… မမနဲ့မိတ်ဆွေတွေဆိုလဲ ရှယ်ရီးက မကြိုက်ဘူး။ မမကိုယောကျ်ားလေးမိတ်ဆွေထားတာကိုပဲ မကြိုက်တာ။ ဒီမှာ ကျွန်မတို့ကဆင်းရဲတယ်၊ လူပြောသူပြော မခံနိုင်ဘူး၊ လူတွေ အထင်အမြင်သေးတဲ့မျက်လုံးနဲ့ ကြည့်တာလဲ မခံနိုင်ဘူး၊ ဦးလေး ပြန်လို့ရပြီ”





ထိုသူမျက်နှာက ရှယ်ရီးအသံကျယ်ကျယ်ကြောင့် တစ်စတစ်စ နီရဲလာကာ ပြုံးတော့မလိုလို၊ ရှင်းပြတော့မလိုလို ဖြစ်နေရာမှ တည်တင်းသွား၏။

“အေး ပြန်မယ်၊ မင်းအစ်မကိုပြောလိုက်၊ ဦးရန်အောင် လာသွားတယ်လို့”

“ကြွ”

ဟွန်း… ရှင်ကြီးကို သိသားပဲ။

မမ သိလျှင်တော့ အကြီးအကျယ် ထိတ်လန့်သွားနိုင်သည်။ သူကလည်း သူ့နာမည်ပြောလိုက်တာနှင့် မမ ဖျားသွားမှာလို့ တွက်မိထားပုံရသည်။

ဘယ်သူက ပြန်ပြောမှာမို့လို့လဲ…

“ရှယ်ရီး”

“ဟာဝ်”

ရိုပီ အနားရောက်လာသည်။

သော့တရမ်းရမ်းနှင့် ခြေလှမ်းကျဲကျဲ လျှောက်ထွက်သွားသော ဦးရန်အောင်၏နောက်ကျောဆီ လည့်ပြန်လှမ်းကြည့်ပြီးမှ…

“ဘယ်သူလဲ”

“ဦးရန်အောင်တဲ့လေ၊ မမတို့စက်ရုံက မန်နေဂျာ”

“ဟင်…”

ရိုပ်က အံ့သြသွားသလိုကြည့်သည်။

သို့သော် သူ ဘာမှမပြောရသေးမီ ရှယ်ရီးက အိမ်ပေါ်တက်သွားသဖြင့် [illegible]ကလိုက်တက်လာရင်း ကပြင်မှာ အတူတူထိုင်ကြသည်။

သူ မမေးရသေးခင် ရှယ်ရီးကပဲ စပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"အေရဲ့ အထက်က လူကြီးမှန်း သိသားပဲ၊ ဒီလူကြီးက မရိုးသားဘူးတာ။ အဲဒါကြောင့် ကောလွှတ်လိုက်တာ"

"အဲဒါ ဘယ်ကောင်းမလဲ၊ သူ ရိုးသားတာ၊ မရိုးသားတာကို ခွဲခြားဆက်ဆံဖို့က မမသစ္စာ သိမှာပါ။ နင်က လူကြီးတွေ ရင်ဆိုင်ရခက်အောင် လုပ်ပစ်လိုက်တာ မမသစ္စာပဲ ဒုက္ခရောက်မှာ"

ရွှယ်စုးက ကျွတ်ခနဲ ခေါင်းခါပစ်လိုက်၏။

"နဝ်မသိတာတွေ အများကြီးပဲရှိပါသေးတယ် ရိပ်ရာ။ နင်ကော ဘာလာလုပ်တာလဲ၊ မနက်ကတော့ ကျောင်းမတက်ဘဲနဲ့ စာမေးပွဲက လေးရက်ပဲလိုတော့တာ သတိရရဲ့လား"

"ရသားပဲ"

ဟု ပြောပြီး ရိပ်မျက်နှာမှာ ချက်ချင်း ညှိုးလျော်သွားခဲ့သည်။ ကျောဘက်က နံရံဆီ နောက်ပြန်ဆုတ်ရွှေ့ရင်း အတက်အဆင်းဘက်သို့ မျက်နှာလှည့်လိုက်သည်။

ရွှယ်စုးက ရိပ်၏ တစောင်းမျက်နှာကိုပဲ လိုက်ကြည့်နေ၏။

"နင်က ဘာလဲ ဒေါ်မွေးဆိုတဲ့မိန်းမကြီးနဲ့ ပါးစပ်သေနတ်ပစ်ရင်း စာမေးပွဲကိုတောင် ဂရုမစိုက်ချင်တော့ဘူးလား။ ယောကျ်ားဖြစ်ပြီးတော့..."

ရိပ်က ဖျတ်ခနဲလှည့်ကြည့်၏။

"ယောကျ်ားမို့ ခက်နေတာပေါ့ဟာ၊ သူ ပြောနေသမျှ ဟုတ်တာတွေကော မဟုတ်တာတွေကော ဒီတိုင်း ခံနေရတယ်။ မျက်နှာမြင်တာနဲ့ သူ့မှာ စကားတွေက ဘယ်ချောင်ဘယ်ကြားက ရနေမှန်းကိုမသိဘူး။ လုံးဝကို မနားတာ၊ ကောင်းကောင်းလဲမစားရ၊ ကောင်းကောင်းလဲ မအိပ်ရ..."

"နင်က ဘာတွေလုပ်နေလို့လဲ၊ ဒီလောက်ပြောစရာတွေ ဖြစ်နေတာ..."





ရိပ် ထပ်ဆင့်၍ စိတ်ပျက်ခြင်းများဖြစ်ကာ ခေါင်းပါကုတ်လိုက်မိသည်။

ရွှယ်စုးကလည်း သူလုပ်သမျှကိုပဲ စူးစိုက်ကြည့်နေကာ...

"ကိုယ့်မှာ အပြစ်မရှိရင်လဲ သူ့ဟာသူ ဘာပြောပြော စိတ်ထဲမထားနဲ့ပေါ့။ ကိုယ့်အဖေလုပ်စာ ကိုယ်စားနေတာ သူ ရှာကျွေးတာလဲ မဟုတ်ဘူး"

"အဖေ့လုပ်စာ စားနေတာလဲပါတယ်၊ ကျောင်းတက်တာလဲပါတယ်၊ ဟိုလူနဲ့ခင်တာကော၊ ဒီလူနဲ့ပေါင်းတာကော၊ အိပ်ရင်အိပ်နေလို့၊ စားရင်စားနိုင်လွန်းတယ်။ မကုန်လို့ သွားသွန်ပစ်တော့ ဖြုန်းတီးတာလား။ ရွံ့တာလား စုံနေတာပဲ။ ငါ ကြာကြာနေရင် ထွက်ပြေးမိတော့မှာ"

"ဘာလို့ပြေးရမှာလဲ၊ စားစရာရှိ စားမှာပဲ၊ အိပ်ချင်ရင်အိပ်မှာပဲ။ ဘယ်သူနဲ့ပေါင်းပေါင်း၊ ဘယ်သူနဲ့ခင်ခင် ယောကျ်ားလေး ဘာဖြစ်လဲ၊ ကိုယ်က အရက်သမား၊ ဖဲသမားတွေနဲ့ ပေါင်းနေတာမှမဟုတ်တာ။ အဖေ့လုပ်စာ စားတာကော အပြစ်လား၊ ကိုယ်က ပညာသင်ရမယ့်အရွယ်၊ ဘယ်သူ့ကို ရှာကျွေးရဦးမှာလဲ၊ သူ့ကို နင့်အဖေ ယူထားလို့ ရှာကျွေးရတယ်၊ နင့်ကိုလဲ နင့်အဖေ မွေးထားတာပဲ၊ သူလဲစားနေတာပဲ၊ ကိုယ်စားတာကျမှ သဝန်တိုရင် လဲသေလိုက်လေ"

"အေး အဲဒါ နင်လာပြောလေ၊ ငါတော့ မပြောတတ်ဘူး"

"ပြောချင်တာမှ ဒီပါးစပ်က ယားနေတာပဲနော်၊ အဲဒါကြောင့် နင်တို့အိမ် ငါ မလာတာ။ ဒီမိန်းမကြီးကို စိတ်ကောင်းရှိဘဲ့ရုပ်မှမဟုတ်တာ။ ဒီမိန်းမမျိုးကြီးသာ ယောက္ခမတော်ရရင် သူနဲ့ ထသတ်နေရတာပဲ ဘာမှလုပ်နိုင်မှာမဟုတ်တော့ဘူး"

အယ်...



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသွားမှ ကိုယ့်စကားလုံးတွေက နားထဲ ပြန်ဝင်ကာ ရွှယ်စူး မျက်နှာလေး နီရဲသွား၏။

ရိပ် သတိထားမိလိုက်သလားဟု တွေးလိုက်မိသည်နှင့် မျက်နှာကို လှမ်းကြည့်လိုက်မိသည်။

နှစ်ယောက်သား အိုးတိုးအမ်းတမ်းကြီးတွေကြည့်မိကာ ရိပ်က ပြုံးစိစိနှင့် မျက်နှာလွှဲပစ်သည်။

"ခွေးကောင် ငါပြောတာက အဲဒါမဟုတ်ဘူး"

ဟု ရှက်ရယ်ရယ်၍ ရွှယ်စူးက မျက်စောင်းထိုးသည်။

ပြောလိုက်မှပဲ ရိပ်က ရယ်ချလိုက်၏။

"ဟွန်း... သိပ်သဘောကျသွားတယ် ဟုတ်လား"

"မဟုတ်ပါဘူး၊ ငါက သူ့သားမှမဟုတ်တာ"

ပြန်ဖြေလိုက်သည့်စကားက ပိုဆိုးသွားသည်။

နောက်ထပ် မျက်စောင်းလေးတစ်စင်း ထပ်ရောက်လာတော့ ရိပ် အမိအရ ဖမ်းဆုပ်ထားမိသည်။

ရင်တွေခုန်နေတာ ဘာသာမှဲ့မဟုတ်ဘူး ရွှယ်စူးရယ်။





အခန်း (၅)

"အဖေ"

တစ်ခွန်းခေါ်လိုက်တာ အဖေက မကြားသဖြင့် ခြံတံတိုင်းနားကို ထပ်၍တိုးကပ်ပြီး အသံကို မြှင့်လိုက်၏။

"အဖေ့..."

"ဟော..."

လူ မလှည့်သေးဘဲ ကျောကုန်းကြီး တောင့်ခနဲဖြစ်သွား၍ ထူ သံပါ ထွက်လာသည်။

နောက်မှ လူကောမျက်နှာပါ လှည့်လာ၏။

"ငါ့သား"

ရိပ်ကို ခြံရှေ့မှာမြင်လိုက်သောအခါ ဦးသန်းအောင် ကားဆေး နေရာကနေ ခပ်သုတ်သုတ်လျှောက်လာ၏။

"ဘာလဲ သား၊ ဘာလာလုပ်တာလဲ"

သားအဖနှစ်ယောက် သံပန်းတံခါးချပ်ကြီးနှစ်ချပ်ခြားလျက် ဟို ဘက်ဒီဘက် ရပ်ရင်း မျက်နှာချင်းဆိုင်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်မြင့်မားထည်ဝါသော တိုက်အိမ်ကြီးကို တစ်ချက် မော့ကြည့်၍...

"အဖေ ဒီနေ့ ခရီးထွက်ရမှာဆို"

"ဟုတ်တယ်"

"အဖေ မနေ့ကပဲ ဖျားထားတာ ဖြစ်ပါ့မလား။ ကျွန်တော် လိုက်ပေးချင်တယ်"

"အဓိပ္ပာယ်မရှိတာ သားရယ်၊ ကားမောင်းကျွမ်းကျင်တဲ့လူတွေတောင် နယ်ထွက်တဲ့အခါ နယ်မှာမောင်းဖူးတဲ့လူကို လွှဲကြရတာ၊ ကားမောင်းတာကို မင်းက တာမှတ်နေသလဲ"

"မဖေကလဲ အဲဒီလိုမှ လွတ်လွတ်လပ်လပ် မောင်းခွင့်မရရင် ကျွန်တော် ကားမောင်းတတ်ထားတာ ဘာလုပ်လို့ရတော့မှာလဲ၊ လိုက်မယ် အဖေရာ"

"မဟုတ်တာတွေ မပြောနဲ့ လောင်းရိပ်၊ ပြန်တော့ သွား"

အဖေက 'သား' 'လောင်းရိပ်' 'ငါ့သား' စသဖြင့် ရိပ်ကို အမျိုးမျိုးခေါ်ပါသည်။ အထူးသဖြင့် လောင်းရိပ်အပေါ် အဖေ ဘယ်သောအခါမှ ဒေါသ ကြာရှည်စွာ မထွက်ခဲ့ဖူးခြင်းပင်။

"ပြန်တော့ကွာ သွား။ အဖေ အလုပ်မအေးဘူး၊ တော်ကြာဆို ထွက်ရတော့မှာ"

ပြန်တော့ဆိုပေမယ့် သူလည်း နောက်လှည့်မသွားသေး။ ရိပ်က လည်း လှည့်မပြန်ဘဲ နှစ်ယောက် ရပ်နေဆဲရှိစဉ်...

"ဦးသန်း"

"ဗျာ.. လာပြီ"

ခေါ်သံနှင့်အတူ လူကပါ တိုက်ထဲကထွက်လာပြီမို့ သူတို့ နှစ်ယောက်ကို ထိုအမျိုးသမီးက လှမ်းမြင်သွား၏။





"ပြန်တော့ သား.. သွား"

ဒီတစ်ခါ ဦးသန်းအောင်ကပဲ ကျောခိုင်းသွားခဲ့၏။

ရိပ် ပေကပ်ကပ် ရပ်နေမိဆဲ...

"ဘယ်သူလဲ ဦးသန်း"

သား ထွက်သွားပြီထင်သည့် ဦးသန်းအောင်က နောက် လှည့်ကြည့်ဘဲ...

"ကျွန်တော့်သားပါ။ လောင်းရိပ်လို့ ခေါ်ပါတယ်"

"ဟုတ်လား၊ ခေါ်လိုက်စမ်းပါ"

"ဗျာ..."

သူမမျက်နှာကို အံ့သြသလို မော့ကြည့်လိုက်မိပြီးမှ သားဖြစ်သူ မှာ ရှိနေသေးတာကို သူ လှည့်မကြည့်ဘဲ သိလိုက်၏။

ဒီကောင်လေး တော်တော်ခက်ပါလား...

စိတ်မသက်မသာနှင့် နောက်ပြန်လှည့်ရသည်။ ဒီခြံကြီးထဲမှာ လူရှိသလောက် အလုပ်လုပ်နေကြရသည်။

အလုပ်သမားတွေ များသလောက် အလုပ်က ထောင့်မစေ့နိုင်။

အထူးသဖြင့် စိတ်မြန်လက်မြန်ရှိလွန်းကာ ဘယ်အလုပ်သမားကိုမှ စိတ်တိုင်းကျသည်မရှိတတ်သည့် မိုးကောင်းကင်ဆိုသော သည်အမျိုးသမီးမျက်လုံးထဲမှာဖြစ်သည်။

လက်လှမ်းမီသမျှ ဘယ်သူ့ကိုဖြစ်ဖြစ် ခိုင်းမည်။ စိတ်တိုင်းမကျလျှင် ဆူမည်။

ပြောစရာဖြစ်လာလျှင် ပက်စက်စွာ ရှုတ်ချပြောမည်။ ချမ်းသာသလောက် လက်ဖွာပါသည်။

ပေးတာကမ်းတာတော့ နှမြောတွန့်တိုတတ်သည်မရှိ။ ဒါပေမယ့် ရှုလွဲလျှင် အထင်ကြီးစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



လူအချင်းချင်း လေးစားသမှု ဆိုတာကို ယည့်မတွက်။ ဆင်း... သားတို့အပေါ် ငွေနှင့်ဆက်ဆံဖို့သာ သိတတ်ခဲ့သည့် သူမရှေ့မှာ ကိုယ့်... သားကို ဆွဲမသွင်းချင်ပေမယ့်...

"မင်းက ကျောင်းနေတုန်းပဲလား"

သားဖြစ်သူ၏မျက်နှာမှ ခြေဖျားထိ အထက်စီးဆန်သော မျက်ဝန်း... များက စုန်ချည်ဆန်ချည် နှစ်ခေါက်မျှ ပြေးလွှားသွားသည်။

"ဟုတ်ကဲ့ပါ။ အခု ဆယ်တန်းဖြေတော့မှာပါ"

"ဒေးတက်နေတာလား၊ အပြင်ဖြေလား"

"ဒီနှစ်မှ ဖြေမှာပါ"

"ဩ... ထင်တော့ထင်ပါတယ်၊ ရုပ်လေးက ငယ်ငယ်ပဲရှိသေး... တာ"

မိုးကောင်းကင်က ပြုံးနေသည်။

ရိပ်က အလုပ်နှင့်နေရာတစ်နေရာ ရယူဖို့အတွက် ဖခင်ဖြစ်... မတားဆီးနိုင်မီ ဆင်ကန်းတောတိုး ပစ်ဝင်ဖို့ ကြိုးစားနေသည်။

ဦးသန်းအောင် မပြောသာ မတားသာသည့် အကျပ်အတည်း... ပါးစပ်ပိတ်၍ ကြည့်နေရစဉ်...

"မင်း ကားမောင်းသင်ထားပါလား လောင်းရိပ်"

"ကျွန်တော် ကား ကောင်းကောင်းမောင်းတတ်ပါတယ်"

"အို...ဟုတ်လား။ တမင်သင်ထားတာလား၊ ကားနဲ့နီးစပ်လို့လား..."

"ဟို..."

ရိပ် အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ...

"သူငယ်ချင်းကားကို ဝင်မောင်းရင်းနဲ့ တတ်သွားတာပါ"

"ကောင်းတာပေါ့၊ စားမေးပွဲလဲ ဖြေပြီးတော့မှာပဲ၊ မင်း ... လာမောင်းလို့ရတယ်လေ။ အလုပ်ကိစ္စနဲ့ ခရီးဝေးတွေ ဘာတွေ ...





ရတဲ့အခါ ဦးသန်းသွားမှုဖြစ်တာ၊ ဒီမှာ ဦးသန်း မရှိတဲ့အခါ မင်း ဝင်မောင်းပေါ့"

"ဟုတ်ကဲ့"

"ဒါမှမဟုတ်ရင်လဲ ဦးသန်းကို နယ်ကားတွေမှာပဲ လွှဲလိုက်တော့မယ်၊ မင်းသာ ရိုးရိုးသားသား ကြိုးစားသွားမယ်ဆိုရင် မင်းအဖေလိုပဲ ဝင်ငွေတစ်ခု တိုးလာမှာပေါ့။ အလုပ်လုပ်ရင်းနဲ့ ဘွဲ့တစ်ခုယူလို့ ရတယ်လေ"

မိုးကောင်းကင်က ဦးသန်းအောင်ကိုပါ လှည့်ကြည့်ပြီး...

"မဟုတ်ဘူးလား ဦးသန်း..."

"ဟို... သူ ကားမောင်းတတ်ပေမယ့် အတွေ့အကြုံ မရှိသေးတော့..."

"ဒါက မလိုပါဘူး၊ ဟိုနားဒီနား ခေါ်သွားပြီး အလေ့အကျင့်လုပ်ပေးလိုက်ရင် ဘယ်လောက်ကြာမှာလဲ၊ တကယ်ဆို လူကြီးတွေထက် သူငယ်တွေက ပိုပြီး သိလွယ်၊ တတ်လွယ်တာ သဘာဝရှိတယ်၊ ဖျတ်လတ် ဝံ့ချင်းကွာတယ်။ ကဲ... ဒီနေ့ပဲ စမ်းကြည့်ရအောင်၊ မမကြီးကို မင်း ထားမောင်းပို့"

"ဗျာ..."

ရုတ်တရက်ကြီးဖြစ်ဖို့ ထင်မထားသဖြင့် ရိပ် အံ့ဩသွား၏။ သို့သော် ဝမ်းသာစိတ်လည်း ချက်ချင်းဖြစ်၏။

"ဟုတ်ကဲ့"

"သား... မင်း..."

ဦးသန်းအောင် ပါးစပ်ပြင်လိုက်သည်နှင့် မိုးကောင်းကင်က နောက်ထရပ်လိုက်ပြီး လက်ကနာရီကိုပါ ငုံ့ကြည့်သည်။

"ဦးသန်း သွားတော့လေ ကိုးနာရီခွဲနေပြီ၊ လမ်းမှာ သတိထားနော်၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်နေမကောင်းဘူးဆိုလို့ နည်းနည်းမူးရင် မောရင် နားလို့ရတယ်၊ သိပ်မှအရေးမကြီးတာ"

ဦးသန်းအောင် ဘာမှမတတ်နိုင်တော့ပါ။

ထွက်ခွာဖို့ ခြေလှမ်းပြင်၍ သားဘက်ကို ငဲ့ကြည့်သည်။

"လောင်းရိပ် မင်း သတိထားမောင်းနော်"

"ဟုတ်ကဲ့ပါ အဖေ"

ရိပ် အဖေ့မျက်နှာကို မကြည့်ဘဲ ဖြေ၏။

အဖေ့မျက်လုံးတွေထဲက တားမြစ်လိုသော ကရုဏာဒေါသတွေကို ရင်မဆိုင်ချင်တော့၍ဖြစ်သည်။

အလုပ်လုပ်တာ ဘာဖြစ်လဲ အဖေ။ ကိုယ့်ဘဝဟာ ဒီအဆင့် ဒီကြားထဲမှာပဲ ညပ်နေတုန်း...

ဒီထက်မြင့်တဲ့ဆီကို မော့ကြည့်ပြီး အချိန်တွေဖြုန်းပစ်ရမှာလား...

လက်လှမ်းမီရာကို လုပ်နေရင်းပဲ မြင့်သထက်မြင့်ဖို့ ကြိုးစားလို့ မရဘူးလား...

ကိုယ့်လုပ်ရပ် ကိုယ့်ဆုံးဖြတ်ချက်ကို ထပ်၍အတည်ပြုကာ အဖေ့ကို တောင်းပန်လိုက်မိသည်။

နိမ့်ကျနေခဲ့တဲ့ဘဝတစ်ခုမှာ နွမ်းပါးစွာ ရှာဖွေရတာ သဘာဝကျပါသည်။ သူဟာ အဖေ့ကို အန်တုခြင်းမဟုတ်။

ကူညီလိုခြင်းသာဖြစ်သည်။





အခန်း (၆)

စာမေးပွဲခန်းထဲက ထွက်လာကြတော့ ရွှယ်စူး ရိပ်ကို လိုက်ရှာမိ၏။ 'စာမေးပွဲဖြေလည်း အောင်ချင်မှအောင်မှာ၊ ငါ မဖြေချင်တော့ဘူး' ဟု ပြောထားဖူးသဖြင့် နှစ်ရက်၊ သုံးရက် မမြင်တာကြာပြီဖြစ်သော ရိပ်အတွက် စိတ်လည်းပူမိသည်။

သတိတရလည်းဖြစ်မိ၏။

တစ်လမ်းတည်းနေပေမယ့် သူ့အိမ်ကိုလည်း မသွားချင်။ ဒေါ်မွေးဆိုသည့် မိန်းမကြီး၏ ပါးစပ်ကို ကြောက်ရသည်။

ပြောသမျှ ငြိမ်နေနိုင်လျှင် ပြဿနာမရှိ။ စောင်းကပါး ရိကပါး စကားတွေကို မခံနိုင်လို့ကတော့ သတ်ပွဲတွေဖြစ်ကုန်ကြမှာမလွဲ။

ရိပ် စာမေးပွဲမဖြေတော့ဘူးလား၊ အိမ်မှာကော ရှိရဲ့လား။

စာမေးပွဲတွေ ဖြေကြကာမှ ရောက်လာခဲ့သည်အဖြစ်က ရင်ရှုရောဖြစ်နေသည်။

ဒီနေ့ဆို စာမေးပွဲတွေ ပြီးသွားပြီ။

"ဟိတ် ဖြေနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး နင်ကော…"

"သိပ်အားမရဘူး၊ ဒါပေမယ့် အောင်မယ်ထင်ပါတယ်"

သူငယ်ချင်းတွေနှင့် လှမ်းမေးကြ၊ နှုတ်ဆက်ကြဖြစ်ရင်း မျက်လုံးက ဟိုရောက်ဒီရောက် အပြန်လမ်းမှာ နေကာပူ၊ စိတ်ကပူနှင့် ဘယ်ကိုမှ ထပ်မကြည့်ဖြစ်တော့ဘဲ လျှောက်လာခဲ့မိသည်။

"တီ"

"ဟင်…"

အနားမှာ ခပ်တုံ့တုံ့ရပ်သွားသည့်ကားကြောင့် လှည့်ကြည့်လိုက်မိတော့ ရွှယ်စူး တအံ့တသြဖြစ်သွားသည်။

ရိပ်က စတီယာရင်ကိုကိုင်ရင်း ရယ်ပြနေ၏။

"ဘာကြည့်နေတာလဲ၊ ကားနဲ့ဘာနဲ့မို့လို့ ရုပ်ရှင်ထဲကလို နေ့ချင်းညချင်း သူဌေးက ကောက်မွေးစားလိုက်လို့ ကြီးပွားသွားပြီ မှတ်နေသလား၊ လုံးဝ မဟုတ်ဘူး၊ ဒရိုင်ဘာလုပ်မလို့ လေ့ကျင့်နေတာ"

"ရိပ် နင်…"

"ဘာလဲ ရဲရဲပြောစမ်းပါ"

"နင် စားမေးပွဲ မဖြေဘူးလား"

"ဖြေတယ်လေ"

"ကားနဲ့လာဖြေတာလား"

"ဒီနေ့တစ်နေ့တည်းပါ၊ အချိန်တွေတိုက်ဆိုင်နေလို့ ဒီကအပြန် သူဌေးကို ဝင်ခေါ်ဖို့ ကားပါလာတာ"

သြော်… နေ့တိုင်း ကျောင်းကိုလာရက်သားနဲ့ မတွေ့အောင် နေတာကိုး။ ရွှယ်စူး ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားသည်။

သူ့ဘက်ကို တအားငုံ့ပြောရင်း ငိုက်ကျနေသည့် ဆံပင်တွေကို မျက်နှာလေး ဆတ်ခနဲမော့၍ ခါထုတ်ပစ်လိုက်သည်။





ကိုယ်ကို ချက်ချင်းပဲ မတ်မတ်ပြင်လိုက်ပြီး…

"ဒါဆိုလဲ သွားပေါ့"

ကိုယ့်လမ်းကိုပဲ ဆက်လျှောက်လာခဲ့သည်။

"ဟာ… ရွှယ်စူး…"

ရွှယ်စူး ခပ်သွက်သွက်လျှောက်သလောက် ကားက ဘေးကနေ ကပ်လိုက်နေပြီး…

"ရွှယ်စူး ခဏနေပါဦး၊ ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ဘူး၊ ရိပ်နော် နင့်ကားကြီးနဲ့ ငါ့နောက်ကပ်လိုက်မနေရဲ့ လူတွေ တစ်မျိုးထင်ကုန်မယ်၊ ဟွန်း ကျက်သရေမရှိလိုက်တာ"

"ကျက်သရေမရှိရအောင် ကားက နိဗ္ဗာန်ယာဉ်မှမဟုတ်တာ၊ ပြဿနာရှာပြန်ပြီး"

ရိပ်က ကားကို လမ်းဘေး သစ်ပင်ရိပ်မှာ ထိုးပစ်ခဲ့ပြီး ရွှယ်စူး ဘက်ကို ပြေးလိုက်လာသည်။

"ဒေါ်သမမ ခဏနေပါဦး"

ဟု ပြောရင်း လက်ကိုဆွဲထားလိုက်၏။

"ရိပ် ဘယ်လိုဖြစ်နေတာလဲ"

"လက်ဆွဲတာလေ"

"ဆရာမတွေ မြင်ကုန်မယ်"

"မြင်တော့ ဘာဖြစ်လဲ၊ ဒီလိုပဲ သွားလာနေကျ၊ ပြီးတော့ ကျောင်းပိတ်ပြီ"

ပြောပြီးမှ လက်ကိုလွှတ်ပေးသည်။

အတူ ပခုံးချင်းယှဉ်၍ လျှောက်ခဲ့ကြရင်း ရိပ်က အကျႌအိတ်ထဲက [illegible]တစ်ခုကို နှိုက်ယူလိုက်၏။

"ရွှယ်စူး ရော့…၊ ငါ နင့်ကို လက်ဆောင်ဝယ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"မယူဘူး"

ရွှယ်စူးက လုံးဝလှည့်မကြည့်။

သူ့မှာ ရွှယ်စူး ဘာဖြစ်နေမှန်းလည်းမသိရ၊ ကားမှတ်တိုင်ကို လည်း ရောက်တော့မည်။

နောက်မှာလည်း ကားကျန်ခဲ့တာ စိတ်မချနိုင်။ ရွှယ်စူးဘေးမှာ ခလုတ်တိုက်မတတ် လျှောက်လိုက်နေရရင်း စိတ်မောလှမောနှင့် ရွှယ်စူးလက်ကလေးကို ဖမ်းဆုပ်၍ နေရာမှာတင် ရပ်ပစ်လိုက်သည်။

"ဟာ ဘာလုပ်တာလဲ၊ ဖယ်စမ်းပါ"

"မဖယ်ဘူး။ အဲဒါ ဘာဖြစ်နေတာလဲ"

"ဝါ့ဟာဝါ ဘာဖြစ်ဖြစ်..."

ကျောင်းသားတွေ အနားက ကပ်ဖြတ်သွားကြရင်း ငုံ့ကြည့်သွား ကြသည်။ တချို့ ရ,နောက်သွားကြ၏။

ကျောင်းသားမိဘတွေလည်းပါသည်မို့ ရွှယ်စူး မျက်နှာလေးနီကာ လက်ကိုရုန်းသော်လည်း မရ...

"ရိပ် နင် ဘာဖြစ်နေလဲ"

"အဲဒါ ငါကမေးရမှာ၊ နင့်မျက်နှာ ဘာဖြစ်နေတာလဲ"

"နင့်ကို ဒေါသဖြစ်နေတာလေ၊ စကားကို ပြောချင်စိတ်မရှိတာ ခေါ်ကိုမခေါ်ချင်တာ၊ နင် သွားတော့ သွား"

"ဘာဖြစ်လို့ မခေါ်ချင်တာလဲ"

မပြောသမျှ ဒီလက်က လွှတ်ပေးမှာမဟုတ်တာကို သိလိုက်သဖြင့် ရွှယ်စူးက ရိပ်ကို မျက်မှောင်ကြုတ်၍ စူးစူးရဲရဲ မော့ကြည့်သည်။

ပြောမလို့ သက်ပြင်းရှိုက်လိုက်ပေမယ့် မပြောချင်ဘဲ ဖြစ်နေသည်။ ဒါ ဖွင့်ပြောမှ သိမယ့်ကိစ္စလား။

သူ့ကိုက ကိုယ့်ကို အဖက်လုပ် အရေးယူခဲ့တာမရှိ၍ မလာဘဲ





နေတာ။ သို့သော် မျက်လုံးချင်းဆုံ၍ ဒေါသဖြစ်နေသည့် ရွှယ်စူးမျက်ဝန်း ထဲက စာတွေကို ရိပ် နားလည်သိရှိသွားခဲ့၏။

"ငါ နင့်ဆီမရောက်တာ အဲဒီကားပိုင်ရှင်ကြောင့်ပါ၊ ငါ အိမ်ပြန် မအိပ်တာ လေးရက်ရှိပြီ"

ရွှယ်စူး မျက်ခုံးတန်းလေးနှစ်ဖက် တွန့်ဆုတ်နေရာမှ အနည်းငယ် ပြေကျသွားခဲ့၏။

"စာမေးပွဲပြီးတာနဲ့ အလုပ်လုပ်မယ်လို့ ပြောလိုက်တော့ သူက ခုပဲ ပြောင်းခဲ့ပါလို့ ပြောတယ်လေ။ ငါလဲ ဒေါ်လေးနဲ့မနေချင်တာနဲ့ ချက်ချင်းပြောင်းသွားလိုက်တယ်။ အဲဒါ နင့်ကို မပြောဖြစ်ခဲ့တာပါ၊ ပြီး တော့ ကျောင်းရောက်တော့လဲ ဖြေပြီးတန်းလစ်ရတာ၊ ငါ တကယ် မလာနိုင်လို့ပါ။ နင့်ကို သတိရလို့ပဲ ပလာဇာရောက်တုန်းက တကူး တက ဝင်ဝယ်ခဲ့တာ ဒါကို..."

နောက်သပ် ရှေ့မှာထိုးပြတော့မှ လက်ဆောင်ဆိုသည့် ပစ္စည်း လေးကို ရွှယ်စူး ကြည့်မိ၏။

ဖန်စီလက်ပတ်ကွင်းလေးဖြစ်သည်။

နက်ပြာရောင်လက်လက်ဖိတ်ဖိတ်နေသည့် သားရေပျော့ကွင်း လေးက လက်နှစ်လုံးလောက်အပြားရှိသည်။

ပျော့ပျော့ပါးပါးလေးဖြစ်ကာ အနားလေးတွေမှာ ဇာပါးကလေး တွေ နှင့် ရစ်ထားသဖြင့် တော်တော်ကြီးလှနေ၏။

"ကြိုက်လား"

"အင်း"

"လက်ပတ်ကိုမေးတာပါ"

"အံမာ ငါကလဲ လက်ပတ်ကိုပဲ ပြောတာ"

ရွှယ်စူး မျက်စောင်းထိုးပြီးမှ လက်ပတ်ကွင်းလေးကိုယူသည်။ လှ



www.burmeseclassic.com

www.burmeseclassic.com



တာလေးကို သဘောကျပြီး လှည့်ပတ်ကြည့်နေရာမှ တိတ်ကျသွားသော ရိုပ်ကို သတိရကာ မော့ကြည့်လိုက်မိ၏။

သူမကို စူးစိုက်ငေးကြည့်နေသော မျက်ဝန်းများနှင့်ဆုံမိလျှက် ရွှယ်စူး ဒိတ်ခနဲရင်ခုန်ကာ ချက်ချင်း မျက်နှာပြန်ငုံ့လိုက်မိသည်။

တစ်စုံတစ်ခုကို စိတ်ထဲမှာ ခံစားမိကာ ရှက်လည်းရှက်သွားခဲ့၏။

"ရွှယ်စူး"

"ဟင်"

"ငါ သွားတော့မယ်"

ရွှယ်စူး မော့မကြည့်ဘဲ ခေါင်းညိတ်သည်။

ရိုပ်က ဟာကယ်ထွက်မသွားဖြစ်သေးဘဲ ရွှယ်စူးကို ကိုင်ထားသည့် လက်ကလေးကို ဆွဲယူပြီး ရွှယ်စူး၏ ဘယ်ဘယ်လက်ကောက်ဝတ်လေးမှာ သူ့ကိုယ်တိုင်ပဲ ဝတ်ပေးလိုက်သည်။

ရွှယ်စူးက အသားဖြူသူမို့ လက်ပေါ်မှာ လက်ပတ်ကွင်းလေးက ထင်းနေသည်။

"ရွှယ်စူး"

ထပ်ခေါ်တော့ ရွှယ်စူး မော့ကြည့်လိုက်မိ၏။

ဆယ်တန်းကျောင်းသား ဆိုပေမယ့် ခပ်သွယ်သွယ်နှင့်ရှည်သော ရိုပ်၏အရပ်က နှ ပ်စူးထက် ခေါင်းတစ်လုံး ပိုမြင့်နေသည်။

မျက်လုံးချင်းဆုံကြည့်မိကြပြီး...

"နောက်ထပ်တစ်ခါ ငါတို့ ပြန်ဆုံကြရင် သူငယ်ချင်း မဖြစ်ချင်တော့ဘူး"

"ဘာ..."

"အခုက စပြီး သူငယ်ချင်းအဖြစ်ကနေ ငါ့ကို နှုတ်ထွက်ခွင့်ပြုပါ"

ပြောပြီး ရွှယ်စူး ဘာမှမပြောရသေးခင် ရိုပ် လှည့်ထွက်သွားသည်။





သူလည်း ဘာမှမပြောခဲ့ဘဲ ရွှယ်စူး ရင်ခုန်သံတွေဆူညံနေသည်။

အမြဲတမ်း ရှိုးသားစွာ နေလာခဲ့ပြီးမှ...

ရွှယ်စူး ကိုယ့်စိတ်ကို မလုံမလဲဖြစ်ရရင်း လက်ပတ်လေးပေါ်က ထပ်အုပ်ဆုပ်ကိုင်ကာ ဆက်လျှောက်လာခဲ့မိသည်။

ထိုအခါ ငယ်စဉ်ကတည်းက ဒီနေ့ထိ အတူကြီးပြင်းလာခဲ့ကြသော ရိုပ်နှင့်သူမ၏ သံယောဇဉ် အပိုင်းအစလေးများကို တွေးမိထားခဲ့သည်။

ဒါတွေဟာ အချစ်၏ပုံသောင်ခဲ့တွေလား...

နှစ်ပေါင်းများစွာ သန့်စင်ခဲ့ကြသည့် ရင်ထဲမှာ ဓာကလေး ကျူး ကျော်စော်ကားသွားခဲ့သည့် ဝါကျလေးတစ်ကြောင်းတည်းနှင့် ကတိမ်း ထပါး လှုပ်ခါသွားခဲ့ခြင်းဟာ ဘယ်လိုဆွဲငင်အားတွေကြောင့်လဲ။

သူ မမေးသေးဘဲ ကိုယ့်ကိုယ်ကို အရင် တိတ်တိတ်လေး မေးကြည့်မိ၏။ သူက ချစ်တယ်လို့ပြောရင် ငါ ဘယ်လိုဖြေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"ရှယ်စူး မမ ပြန်လာပြီလား"

"မလာသေးဘူး"

မေတ္တာက အိမ်ပေါ်တက်လာသည်နှင့် ရှယ်စူးနှင့်မမ အိပ်ခန်းထဲကို တန်းဝင်သွား၏။

"ကိုလေး ဘာလဲဟင်..."

ထမင်းအိုးငုံ့နေတုန်းမို့ ထလို့လည်းမရ။ ကိုလေး ဘာဝင်လုပ်နေမှန်းလည်း မသိရဘဲ ရှယ်စူး ဖင်တကြွကြွဖြစ်နေမိသည်။

"ကိုလေး..."

"ဘာလဲ ဘာဖြစ်နေတာလဲ၊ ငါ့ဟာငါ ဘာလုပ်လုပ်"

နောက်ထပ်ခေါ်လိုက်မှ မေတ္တာ၏ ဒေါသသံထွက်လာသည်။ လူလည်း ပြန်ထွက်လာ၏

လှမ်းကြည့်လိုက်တော့ လက်ထဲမှာ ဘာမှပါမလာ...

တစ်ခုခု ဝင်ရှာတာတော့ သေချာပါသည်။

မတွေ့ခဲ့၍ မကျေမနပ်ဖြစ်သွားသည့်မျက်နှာကလည်း ဗုပ်သိုးသိုးနှင့်ဖြစ်၏။





နဖူးမှဆံပင်တွေကြားထဲ လက်ထိုးသွင်းကာ စိတ်ရှိလက်ရှိ ဆွဲဖွရင်း အခန်းရှေ့မှာပဲ ရပ်နေသေးသည်။

ဘာတွေ ကြံစည်အားထုတ်နေမှန်းမသိ။ ပြီးတော့ အိမ်ရှေ့နှင့်အိမ်နောက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြီးမှ ပြန်ဆင်းသွားခဲ့၏။

ထမင်းအိုး နှပ်ထားခဲ့ပြီး ရှယ်စူး အခန်းထဲ ပြေးဝင်ခဲ့မိသည်။ အိပ်ရာထဲက ခေါင်းအုံးတွေကို ဆွဲဖွထားတာ တွေ့လိုက်ရ၏။

စာကြည့်စားပွဲလေးပေါ်မှာလည်း ပွနေသည်။ စားပွဲအံဆွဲက ပြန်သွင်းထားပုံရပေမယ့် လက်သုံးလုံးခန့် ဟနေခဲ့သည်။

ကိုလေး ဘာရှာပါလိမ့်...။

အိပ်ရာနှင့်စားပွဲကြားထဲမှာ ဖစ်ပွင့်လျက်သားလေးကျနေသည့် မမ ထိုင်တတ်သော ပိုက်ဆံအိတ်အနီရောင်လေးကိုမြင်မှ သဘောပေါက်သွားသည်။

ကိုလေး ပိုက်ဆံလာရှာတာဖြစ်မှာပါ။

ဒါပေမယ့် ဘာမရသွားမှာလည်း မဟုတ်ပါ။

"ပိုက်ဆံအိတ်က ကြီးတယ် ညီမလေးရဲ့၊ တစ်ထောင်နှစ်ထောင်လောက် ထည့်နိုင်ရုံနဲ့ ဒါကြီး ကိုင်လို့မကောင်းဘူး"

ဟု မမ ပြောဖူးသည်။

ဒီအိတ်ကိုလည်း မမ မကိုင်ဖြစ်ရှာတာ ကြာပါပြီ။

ကိုလေးကတော့ မမ ပိုက်ဆံအိတ်မှန်း သိရုံသာရှိမည်၊ ဘာမှမတွေ့တော့ မကျေမနပ်ဖြစ်သွားခဲ့၏။

ရှယ်စူး သက်ပြင်းလေးချ၍ အိပ်ရာကို သေချာ ပြန်သိမ်းလိုက်သည်။

ကိုလေးကြောင့် ခက်ပါသည်။

ခုနောက်ပိုင်းမှာ နေတာထိုင်တာ ပြောဆိုဆက်ဆံပုံက အစ ဟို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ကလို နွေးထွေးမှု ကြင်နာမှုတွေ ဘာမှမရှိတော့။

ဘယ်လမ်းကြောင်းများနှင့် ဘယ်လိုလိမ့်နေသည်မှန်းမသိ။

ရွှယ်စူး တွေးနေတုန်းမှာပဲ ကိုလေး ပြန်ရောက်လာဖြစ်သည်။

"ရွှယ်စူး"

လှေကားပေါ် တက်လာရင်း ခေါ်သဖြင့် ရွှယ်စူး အခန်းထဲက ကပျာကယာထွက်၍ တံခါးဆီ ရောက်တော့ ကိုလေးနှင့်ဆုံ၏။

"ကိုလေး ဘာလဲ"

"မင် စားမေးပွဲ ပြီးပြီမဟုတ်လား"

"ဟုတ်"

"ဘာမှထွက်မလုပ်နဲ့နော်"

"ဟင်..."

ရွှယ်စူး အံ့သြသွား၏။

ကိုလေးမျက်နှာက စိုးရိမ်မှုများနှင့် ခပ်စူးစူး မှန်တေတေဖြစ်နေပြီး အိမ်ကိုလည်း ဝေ့ခနဲကြည့်၏။

"ပြောတာကို နားထောင်၊ မပြေလည်ဘူးဆိုပြီး သူများအိမ်မှာ အလုပ်တွေဘာတွေ လိုက်မလုပ်နဲ့"

သူများအိမ်ဆိုသည်က လမ်းထိပ်က မုန့်စုံလုပ်သော တိုက်ကလေးကိုရည်ရွယ်မှန်း ရွှယ်စူး သိသည်။

စက်မှုဇုန်ဝန်းထဲမှာလို ကြီးကြီးကျယ်ကျယ်မဟုတ်ပေမယ့် မုန့်မျိုးစုံလုပ်သည်၊ ရပ်ကွက်ထဲ လမ်းထဲက အလုပ်လက်မဲ့ မိန်းမငယ်လေးတွေ အလွယ်တကူ ပြေးလုပ်လို့ရသည်။ ထမင်း အိမ်ပြန်စားကြ၊ ပြန်ပြေးလုပ်ကြနှင့် ညနေစောင်း အိမ်ပြန်ချိန်မှာ တစ်နေ့တာ ကိုယ့်လုပ်အားခလေးကိုကိုင်၍ ပြန်နိုင်၏။

ထို့ပြင် တစ်ခုရှိသေးသည်။





ထိုမုန့်ရုံပိုင် သူဌေး၏ မောင်ဖြစ်သူက အသက်လေးဆယ်ကျော် လူပျိုကြီး။ မုန့်ရုံကို သူပဲဦးစီးကာ မိန်းမငယ်လေးများနှင့် တရင်းတနှီး နေတတ်၏။

ကြားရသည့် နာမည်အနံ့အသက်က မကောင်းတာတွေလည်း ရှိသည်။

"မိစူး"

"ရှင်"

"ပြောတာ ကြားလား"

"ကိုလေးကလဲ ကျောင်းပိတ်ရက်ကိုပဲ ရွှယ်စူး မျှော်နေခဲ့ရတာ၊ မမတစ်ယောက်တည်း ရုန်းကန်နေတာ လောက်မှမလောက်ဘဲဥစ္စာ"

"လောက်လောက် မလောက်လောက် အဲဒါ နင့်ကိစ္စမဟုတ်ဘူး၊ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့။ ငါလဲ အလုပ်လုပ်မှာပဲ၊ နောက်နေ့ကို အိမ်စရိတ်အတွက် ငါလဲပေးမှာ။ ပြောပြီးပြီနော်၊ ပြီးမှ ဘာသံညာသံ ကြားကြည့်..."

ကိုလေး ထွက်သွားတော့ ရွှယ်စူး ပခုံးလေးတွန့်၍ ပြုံးလိုက်မိသည်။

ဝမ်းလည်းဝမ်းသာပါသည်၊ ယုံတော့ သိပ်မယုံချင်၊ ဘာပဲဖြစ်ဖြစ် မမ ပြန်လာလို့ ပြောပြလိုက်ရင်တော့ မမ ဝမ်းသာသွားလိမ့်မည်။

တကယ်တမ်း သစ္စာ ရင်ဆိုင်ရှောင်ရှားရခက်နေသည့်အဖြစ်ကိုတော့ ရွှယ်စူးတို့ မသိခဲ့ကြပါ။

ဒီလူကို ရင်မဆိုင်ချင်တော့။ ဒါပေမယ့် ဒီလူနှင့် မပတ်သက်ချင်လို့လဲ မရဘဲဖြစ်နေသည်။

ဘဝကို အားနွဲ့စွာ လျှောက်လှမ်းဖြတ်သန်းနေရသော မိန်းမ တစ်ယောက်အတွက် ယောက်ျားတစ်ယောက်ထံမှ အကူအ[illegible] တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ရယူခဲ့ခြင်းဟာ ဘယ်လောက်အထိ အန္တရာယ်ကြီးမှန်းသိလာခဲ့သည့်အချိန်မှာ ဘာမှ ပြင်ဆင်လို့မရတော့။

စားစရာလား၊ ငါးစာလား ဘာမှ ခွဲခြားချင့်ချိန်နေခွင့်မရှိဘဲ မဖြစ်မနေ လိုအပ်နေခဲ့သော ဘဝအခက်အခဲများကို သူ့ထံမှ တစ်စုံတစ်ရာတို့ဖြင့် မကြာခဏ ဖြေရှင်းခဲ့ရသည်။

မသင့်မှန်းသိလျက်နှင့် ဖွတ်တိုးမိုက်မဲခဲ့မိခြင်းသည် ငါးမျှားချိတ်ကိုမမြင်ဘဲ အစာထင်၍ ဟပ်မိသောငါးတစ်ကောင်ထက်ပင် သူမမိုက်မဲမှန်း သိလာသောအချိန်ဟာ နောက်ကျခဲ့ပြီဖြစ်၏။

"ဒီမှာ လက်မှတ်ထိုးခဲ့ သစ္စာ။ စိတ်တော့မကောင်းပါဘူး၊ မင်းအတွက် ပတ်ဝန်းကျင်ကို ထည့်မတွက်လို့ မရသလို ကိုယ်လဲ ဒီလိုပဲပေါ့။ မင်းနဲ့ငါ တွဲခဲ့တယ်၊ မင်းရဲ့အခက်အခဲတွေကို ကိုယ် အများကြီးဖြေရှင်းပေးခဲ့တယ်၊ အားလုံးဟာ အစကတော့ သန့်ရှင်းခဲ့ကြတာ အမှန်ပဲ။ မင်းကို ကိုယ်က ဆင်းရဲတဲ့ဘဝကို စာနာပြီး ကူညီခဲ့တာပါ။ အခု လူတွေက ပြောနေကြပြီလေ၊ ဒီတော့ တစ်ခုမဖြစ်ရင် တစ်ခုတော့ ဖြစ်မှဖြစ်မယ်။ မင်းနဲ့ကိုယ် သန့်စင်ခဲ့ကြတာကို ကြေညာဖို့လိုမယ်။ အဲဒီအတွက် မင်းဘက်က ကိုယ့်ဆီက ယူထားသမျှကို ဆပ်ပေးလိုက်ရင် ပြီးပြီပေါ့"

တစ်ခုမဖြစ်ရင် တစ်ခုဖြစ်မှ ဖြစ်မယ်တဲ့လား။

ငါးမရ ရေချိုးပြန်တဲ့မျိုး…

လက်ထပ်ခွင့်မရတော့ ကြွေးပြန်ဆပ်ပါတဲ့၊ ဒါ ဖြစ်သင့်တာပဲ၊ သစ္စာ ခေါင်းညိတ်လိုက်သည်။

"သစ္စာ လက်မှတ်ထိုးပါ့မယ်။ ဒါပေမယ့် ဒီမှာ ကန့်သတ်ထားတဲ့ ရက်က သိပ်ကပ်လွန်းပါတယ် ဦးအောင်၊ တစ်လလောက်တော့ ထပ်ခွာပေးပါ"





"ဟာ ဘယ်ရမလဲ၊ ဒါ မင်းကိုညှာပြီး တမင် သတ်မှတ်ပေးထားတာ၊ ကိုယ် ဘာလုပ်လုပ် တိတိကျကျပဲလုပ်တတ်တာ မင်း သိပါတယ်"

ဦးရန်အောင်မျက်နှာကို တစ်ချက်တော့ ငေးကြည့်ဖြစ်ခဲ့သည်။ သူတွေအကြောင်းကို သိပ်မသိသေးဘဲ ရှိချင်ရှိမည်…

သူမရှေ့မှာရပ်နေသည့် ယောကျ်ားတစ်ယောက်နှင့် ပတ်သက်၍ ရှိသတို့အကြောင်းကိုတော့ အတော်လေး နားလည်သွားခဲ့ပြီဖြစ်၏။

လက်ထပ်ဖို့ အမျိုးမျိုး လှည့်ပတ်ပြောနေတိုင်း မရတော့ ငွေကို ပြန်ဆပ်ပါတဲ့။ ပြန်ဆပ်ဖို့ အချိန်ကန့်သတ်ထားသည်က ဘယ်လိုမှ ရှာနိုင်သာမလွန့်သာသည့် ကာလလေးတစ်ခုဖြင့်…

သစ္စာ နှုတ်ခမ်းလေး မသိမသာစေ့၍ အံကြိတ်လိုက်သည်။ သူ့ဟာသူ ဘယ်လိုနည်းနှင့်ပဲဖြစ်ဖြစ် ငါ့ဘက်က ခေါင်းညိတ်နိုင်မှုဟာ ရိုးသားမှုပဲ။ ဘောပင်နံကို ကောက်ကိုင်လိုက်မိ၏။

သူ့ရုံးခန်းထဲမှာ နှစ်ယောက်တည်း သေချာခေါ်ပြောခဲ့ရင်း မျက်နှာထားကိုသာ စူးစိုက်အကဲခတ်နေခဲ့သော ဦးရန်အောင်က သစ္စာ ဘောပင်နံကို ကိုင်လိုက်တော့ မျက်နှာပျက်သွားသည်။

"သစ္စာရယ်"

အလွန်သနားကြင်နာခဲ့သည့် လေသံဖြင့် ခပ်သဲ့သဲ့ခေါ်ကာ လက်မှတ်ထိုးလိုက်တော့မည့် သစ္စာလက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"အို…"

သစ္စာကိုယ်လေး တောင့်သွား၏။

အတင်းပြန်ရုန်းသော်လည်း ဦးရန်အောင်က တင်းကျပ်စွာ ဖိဆုပ်ထားပြီး…



www.burmeseclassic.com

"စဥ်းစဥ်းစားစားလုပ်ပါ ကလေးရယ်၊ လက်မှတ်တစ်ခုထိုးတယ်ဆိုတာ သိပ်အရေးကြီးတာနော်။ ဒီအချိန် ဒီကာလလေးနဲ့ မင်း ဒီငွေတွေကို ဘယ်လိုပြန်ဆပ်မှာလဲ၊ ဝန်ခံပြီးရင် ဖြစ်အောင်လုပ်ရတော့မှာ"

"သစ္စာကိုလွှတ်ပါ ဦးအောင်၊ တစ်ယောက်ယောက် မြင်သွားရင် မတော်ပါဘူး"

"ဒီထဲကို ကိုယ်မခေါ်ဘဲ ဘယ်သူမှ ဝင်မလာရဲဘူး"

"ဟင့်အင်း. သစ္စာ မကြိုက်ဘူး။ လွှတ်ပါ"

ဦးရန်အောင်က သစ္စာလက်ကလေးကို ဆွဲမြှောက်ကာ ကိုယ်လုံးလေးပါ ကြွပါလာအောင် ထူပစ်လိုက်၏။

ပြီးတော့ သစ္စာပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ မျက်နှာကို တပ်မက်သောမျက်ဝန်းများဖြင့် စိုက်ကြည့်၏။

"မင်းလေးကို ကိုယ် တကယ်ချစ်ခဲ့တာ၊ ကိုယ့်ကို ယုံစမ်းပါ၊ ကိုယ့်ကို လက်ထပ်ဖို့ပဲ စဥ်းစားပါ ကလေးရယ် ဟင်...၊ မနိုင်တဲ့ဝန်ကိုထမ်းပြီး ဘာဖြစ်လို့ မာနတွေထားချင်နေတာလဲ"

"ဟင့်အင်း၊ အို... လွှတ်"

အတင်းချုပ်ဖက် နမ်းရှိုက်ဖို့ ကြိုးစားနေသည့် လက်တွေကို ပုတ်ထုတ်ဖယ်ရှားပစ်ကာ သစ္စာ ခပ်လှမ်းလှမ်းထိ ဆုတ်ရပ်လိုက်သည်။

"ဘာဖြစ်ဖြစ် ဒီငွေကို သစ္စာ ပြန်ဆပ်နိုင်အောင် ကြိုးစားမယ်၊ ငွေနဲ့ပေါက်ပြီး သစ္စာဘဝပျက်အောင် မလုပ်ပါနဲ့ ဦးအောင်"

"မင်း ဘဝပျက်မှာစိုးလို့ ပြောနေတာ သစ္စာ၊ မင်း ကိုယ့်ကို ခေါင်းညိတ်လိုက်တာနဲ့ ဒီအိမ်ထက်ကောင်းတဲ့အိမ်၊ ဒါတွေထက်ကောင်းတဲ့ စားစရာ၊ အဆောင်အယောင် အားလုံး ပြည့်စုံကောင်းမွန်သွားမယ်။ ပြီးတော့ မင်းရဲ့မောင်နဲ့ညီမရဲ့ ပညာရေးတွေ၊ နေထိုင်မှုတွေ အကုန်





ပြင့်မားသွားမယ်။ ကိုယ့်မှာ အိမ်ထောင်ရှိခဲ့ပေမယ့် မင်းသာ ကိုယ့်တဲ့မိန်းကလေး၊ မင်း မျက်နှာမငယ်စေရပါဘူး"

"အို... မပြောပါနဲ့တော့"

ငွေရယ်၊ မရုန်းကန်နိုင်သော မွန်းကျပ်မှုရယ် နံရံနှစ်ခုကြားမှာ လှောင်မိနေဆဲ။ ငွေပေးပါ၊ လက်မှတ်ထိုးပါဟု တစ်ဖက်သားက သားစွာ တောင်းဆိုလာကာမှ ကိုယ်တိုင် ပြတ်သားသင့်သည်မှန်း ခြင်မှန် ရလာခဲ့သည်။

ဘာဖြစ်ဖြစ် ဒီလက်မှတ်ကို ထိုးလိုက်သည်နှင့် သစ္စာဘဝမှာ ကျပ်ပိတ်လှောင်ရခြင်းများမှ လွတ်မြောက်သွားမည်။

ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် သန့်စင်စွာ နေထိုင်နိုင်မည်။ မြေရှင်းဖို့က တ်ထပ် နာရီနေ့ရက်ပေါင်းများစွာတွင်း ကြိုးစည်လှုပ်ရှားနိုင်ဖို့တွေ နေသေးသည်။

အမြဲတမ်း အေးစက်စက်ငိုင်တိုင်တိုင်လေး ရှိနေတတ်သော သစ္စာ နှာလေးမှာ တင်းမာပြတ်သားမှုတွေ ရှိနေပြီကို တကယ် အကဲ မိသွားသော ဦးရန်အောင်၏ နောက်ထပ်တိုးမည့်ခြေလှမ်းတွေ တန့်သွားသည်။

မျက်နှာပြင်သည် စောစောကလို ဆွဲငင်ဖြားယောင်းရန် နူးညံ့နေခဲ့ သော ပြင်ဆင်ထားမှုတွေ ရုတ်ခြည်း ကွာကျသွားခဲ့၏။

"ကောင်းပြီလေ၊ ပေးနေတာကို မယူဘူးဆိုတော့လဲ မင်းထိုက်နဲ့ တံပေါ့။ လက်မှတ်ထိုးပြီးရင်တော့ ဖြစ်အောင်လုပ်ဖို့ လိုလိမ့်မယ်။ ကို ကိုယ် မရက်စက်ချင်ပါဘူး"

သစ္စာက မဲ့မဲ့လေးရယ်၍ စားပွဲနား ပြန်လျှောက်လာသည်။ လက်မှတ်ကို ရဲရဲတင်းတင်းထိုးချလိုက်ပြီးမှ ဘောပင်နှင့်ချ၍ တ်ပြန်ဆုတ်လိုက်၏။

www.burmeseclassic.com



ဆင်းရဲသော မိန်းမတစ်ယောက်၏ မာနဖြင့် သန့်စင်ခြင်းကို ကိုယ်မှာမြဲလွှားပစ်လိုက်နိုင်သည့် လုံ့မြဲမှုဖြင့် အားလုံးဟာ ပြည့်စုံသွားသလို အားအင်တွေ ပြည့်တက်လာခဲ့သည်။

ဂရုမစိုက်စွာကြည့်တတ်လာခဲ့သော မျက်ဝန်းလေးများက စူးရဲလာ၏။

"စိတ်ချပါ ဦးအောင်၊ သစ္စာဘက်က မပျက်ကွက်စေရပါဘူး"

ပြောပြီး ကျောခိုင်းပစ်လိုက်သည်။

ထောင်ချောက်တစ်ခုမှ ရုန်းထွက်လွတ်မြောက်ခဲ့သော ကျေနပ်ခြင်းက ရင်ကို တသိမ့်သိမ့် ကြည်နူးနေစေသည်။

ဒါမက မိန်းမတစ်ယောက်၏ မာနနှင့် သိက္ခာတရား…





အခန်း (၈)

"သဘာဝကျတာ မကျတာ မင်း စဉ်းစားလေ၊ မင်းနဲ့တို့ စီးပွားခွဲလုပ်ကြတယ်၊ နာမည်ကတော့ ရှိနေတာပဲ၊ တကယ်တမ်း မင်း ဘာမှ ခင်မပါဘူး၊ တို့လုပ်ငန်းမှာလဲ တို့ပဲ၊ မင်းစက်ရုံထဲမှာလဲ တို့ပဲ၊ မင်းနဲ့ဝိနှစ်ယောက် မရှိတဲ့အချိန်တွေ အများကြီးမှာ မန်နေဂျာက သူ့ဒွေးလုပ်သို့ လူကြားလို့ကောင်းသေးလား၊ အဲဒါ သဘာဝကျနေသလား"

"မကျရင်လဲ မမိုးအလုပ်တွေ မမိုးပဲ လုပ်ပေါ့"

"မင်းစက်ရာ…"

မိုးကောင်းကင်၏ဒေါသသံကို အပြင်ကနေ ကြားနေရသဖြင့် ရိပ်သိုယ် ရပ်နေမိသည့်နေရာကို မလှုံမလဲ ပြန်ငုံ့ကြည့်မိသည်။

သူများလင်မယား အရေးအခင်းကို နားစွင့်နေမိသလိုများ ဖြစ်နေသလား၊ ကိုယ် မဟုတ်ပေမယ့် မကြားရလောက်သောနေရာကို ရွှေ့ဆုတ်ဖို့ မျက်လုံးဖြင့် နေရာရှာလိုက်မိသည်။

သို့သော် တစ်ဖက်ခြမ်းမှာ ဘာတွေ သိုလှောင်ထားမှန်းမသိသော



www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်တွေရှိနေကာ တစ်ဖက်မှာ အပန်းဖြေခန်းနှင့်တူသည့် အလွန်လှပသော လုံးချင်းတိုက်ပုလေးတစ်လုံး...

ကြည်နူးသာယာဖွယ် ဖန်တီးထားသည့် အဖိုးတန်ပန်းများနှင့် ဥယျာဉ်ငယ်လေးလည်း ရှိနေသည်။

မျက်နှာစာမှာကျတော့ ကားသုံးစီးက လွတ်သာရုံလေး မေးလွှဲရပ်ထားတာဖြစ်၏။ ထို့ကြောင့်...

သူ့ဌေး၏ ဧရိယာတွင်းမှာ ကိုယ့်သဘောနှင့်ကိုယ် ဘယ်ဆီကိုမှ ခြေဦးမလှည့်ရဲတော့ဘဲ နေရာမှာပဲ ဒီတိုင်းရပ်နေခဲ့ရသည်။

ကားထဲ ပြန်ဝင်ထိုင်ရင်း ဆက်တိုက် ကြားနေရသည့်အသံတို့ကြောင့် ရိပ် ပင့်သက်ရှိုက်မိလေသည်။

"မင်းဘက်က မာနတွေ ဒီထက်မပိုသင့်တော့ဘူး၊ တို့ဘက်ထသည်းခံနိုင်မှုကလဲ ဒီထက် ပိုလို့ရမှာမဟုတ်တော့ဘူး။ ဒီတော့ မင်းဟာမိန်းမတစ်ယောက်နဲ့ မာနပြိုင်ပြီး စီးပွားမှန်းမသိ၊ ဦးဆောင်ဖို့ နားမလည်ဘဲ ဒီတိုင်း လေလွင့်နေတဲ့ ယောကျ်ားတစ်ယောက်အဖြစ် နေမှာလား၊ ဦးဆောင်ကြိုးစားဖို့ ဆုံးဖြတ်မှာလား"

စက်က မိုးကောင်းကင်မျက်နှာကို 'တော်ပြီလား'ဆိုသော အပြုံးမဲ့မဲ့နှင့် စိုက်ကြည့်၏။

မိုးကောင်ကင်းက သိသည်။

"မင်း မမေးချင်တာကို တို့ မတောင်းဆိုဘူး၊ အဲဒီလောက်ထိတို့ဘက် သိက္ခာမမဲ့ဘူး။ ဒါကြောင့် မင်း ကြိုက်သလို နေတဲ့အတိုင်းတို့ ဘာပြောခဲ့တာရှိသလဲ။ ခုပြောနေတာက စီးပွားရေးပိုင်း၊ အိမ်ထောင်ရေးနဲ့စီးပွားရေးကို တစ်ကန့်စီထားဖို့တော့ လိုတယ်၊ မင်းကို တို့ဘာအတွက်ပဲ မကျေနပ်တာရှိရှိ အိမ်ထောင်ဦးစီးဆိုတဲ့နေရာမှာထားပြီး ကိုးကွယ်ခဲ့တာ၊ နေရာပေးခဲ့တာ"





"တော်စမ်းပါ။ အဲဒီသချာတွေ ခင်ဗျားရဲ့ ကွန်ပျူတာထဲမှာပဲ သိမ်းထားလိုက်စမ်းပါ။ တစ်ကန့်စီ ကန့်ထားခိုင်းတာ ဘာလဲ၊ ဦးနှောက်ကခေါင်းထဲမှာ၊ နှလုံးသားက ရင်ဘတ်ထဲမှာ ဒီလိုလား"

"စက်..."

"ဟွန်း... ခင်ဗျား တော်ပါတယ်၊ ဒါပေမယ့် မက်သတ်ဟောင်းကြီးတွေပဲ ဖြစ်နေတယ် မမိုး၊ နည်းနည်း စိတ်ဝင်စားဖို့ကောင်းအောင်ဖွင့်ကြည့်လိုက်ပါဦး"

"စက် မင်းကို တို့က စည်းရုံးနေတာ မဟုတ်ဘူး"

"လိုမှမလိုတော့တာ ကျွန်တော့်ကို ခင်ဗျား ပိုင်နေပြီပဲ၊ ဒါပေမယ့် ခင်ဗျား ထင်သလောက် ကျွန်တော် မညံ့ဘူး ဆိုတာတော့ မမေ့ဖို့လိုမယ်"

"တို့က မိန်းမ၊ မင်းက ယောကျ်ား၊ မင်း တို့ပေါ် မာနတွေကြီးပြနေနိုင်တာ ဂုဏ်ယူစရာ ထင်သလား စက်၊ သဘာဝကိုက အားနွဲ့တဲ့မိန်းမသား..."

"ဟုတ်လား အံ့သြစရာပဲ၊ အဲဒီထဲမှာ ခင်ဗျားတော့ ပါမှာမဟုတ်ပါဘူး။ ခင်ဗျားက ယောကျ်ားတွေထက် တော်တယ်၊ လိုချင်တာကိုရအောင်ယူနိုင်တယ်၊ ဖြစ်ချင်တာကို မုန့်တစ်ခုလို ဖုံ့ချယူနိုင်တယ်"

"ဖုံ့ယူလို့မရခဲ့ပါဘူး။ မင်းဟာ မုန့်တစ်ချပ်ဖြစ်ခဲ့ရင်တောင် အဲဒီမုန့်ဟာ အဆိပ်တွေပါတဲ့မုန့်ပဲ"

"ဟား ဟား ဟား"

ထိုင်ရာမှ ဖျတ်ခနဲထကာ စက်က ဟားတိုက်ရယ်သည်။ အစအတည်းက မထိုင်ခဲ့သော မိုးကောင်းကင်၏ မျက်ဝန်းတို့က စက်ရွှေလျားသွားသမျှ စူးစိုက်ကြည့်နေသည်။

"အဲဒါကို ခင်ဗျား နားလည်နေတာ ကျေးဇူးတင်တယ်"



www.burmeseclassic.com

"ဒါပေမယ့် ကိုယ်စားလို့မရဘူးဆိုပြီး လွှင့်ပစ်လိုက်မှာတော့ မဟုတ်ဘူး စက်၊ စားလို့မရရင် ကိုယ်တိုင် နင်းချေဖျက်ဆီးပြီး မြေမြှုပ် ပစ်မယ်၊ သူများ ကောက်ယူသွားတာကို ထိုင်ကြည့် ကျေနပ်ဖို့ထိ စိတ် မရှည်ဘူး"

"ဒါပေါ့ ခင်ဗျားတစ်ကိုယ်လုံးမှာ အတ္တလောကတွေပဲရှိနေတာ မကြေညာပါနဲ့"

"တော်ပြီ စက်၊ ဒါတွေ မင်းနဲ့တို့ ဆက်ပြောနေလဲ အဆင်ပြေဖို့ မရှိတော့ဘူး၊ အခု တို့လာတာ မင်း ဘာလုပ်မလဲဆိုတာ သိချင်လို့"

"ညွှန်ကြားဖို့ မဟုတ်ဘူးလား"

"မင်း ခေါင်းခါခဲ့တာကို အားနာပါးနာ နောက်ပြန်ကြည့်ခဲ့ဖူးတာ ရှိလို့လား၊ မင်းနဲ့တို့ ရပ်နေကြတာ စစ်တလင်းတစ်ခုဆိုရင်တောင် တို့ က နိုင်ဖို့ကြိုးစားခဲ့တာ မှန်ပေမယ့် မင်းလဲ မရှုံးသေးဘူး စက်။ အရှုံးပေး ခဲ့ရတယ်လို့ မင်းကိုယ်မင်း ခေါင်းစဉ်တပ်ထားတဲ့ မင်းရဲ့ဘဝကို တို့ တကယ် ပိုင်ခဲ့နိုင်ခဲ့တာ မဟုတ်ဘူး။ မင်းဘက်က လက်နက်ပုန်းတွေ ကြောင့် တို့ အသက်ရှူမှားခဲ့ရတာတွေ မင်း သိရဲ့လား"

"မလိုပါဘူး၊ ခင်ဗျားကို အသက်ရှူမှားစေ ရပ်စေ ဆိုပြီး ပစ်လွှတ် ခဲ့တာ ဘာမှမရှိဘူး၊ ခင်ဗျား တကယ်ခံစားနေရတယ်ဆိုရင်တော့ သား ကောင်ကြောင့်သေရတဲ့မုဆိုးပေါ့။ သားကောင်က မုဆိုးနောက် လိုက် တာမှမဟုတ်ဘဲ၊ အနေသားကြီးပါ"

မိုးကောင်းကင် မျက်နှာတစ်ပြင်လုံးဟာ အဝတ်အနီတစ်ထည် ရဲတွတ်လာ၏။ မျိုသိပ်ဟန်ဆောင်တတ်လွန်းသူဟု ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့သမျှ ထိုယောကျ်ားရှေ့မှာ ဖိတ်စဉ်ကွဲပြိုခဲ့ပြီကိုသိ၏။

မာနကြောင့် မျက်ဝန်းမှာ ဝေ့တက်လာသော မျက်ရည်တို့ကို လည်း ထိန်းချုပ်မရနိုင်။





တရစ်ရစ် တအိအိ ပြည့်တက်လာရင်း အံကြိတ်နေရင်းနှင့်ပဲ လိမ့်ခနဲ နွေးခနဲ ခုန်ပေါက်ဆင်းကြ၏။

မင်းစက်ရာဆိုသော ယောကျ်ားသည် ထိုမျက်ဝန်း ထိုမျက်ရည် တို့ကို ပြုံးချင်ချင်မျက်နှာနှင့် ခနိုးခနဲ ကြည့်နေသည်။

မျက်ရည်ကြောင့် မပြိုလဲဘူးဆိုသော နှလုံးသားရင်ပြင်မှာ မာကျော မှုကို သိသာအောင် ပြခဲ့၏။

"မေးတာကိုပဲ မင်းဖြေပါ၊ အခု ဘာလုပ်မှာလဲ"

"စက်ရုံမှာ ပြန်ထိုင်မယ်၊ ဒါပေမယ့် ခင်ဗျား ခဏခဏ ရောက်လာ တာတော့ မလိုဘူး၊ ညွှန်ကြားဖို့မလိုသလို အကြံပေးတာမျိုးနဲ့ အချိုသတ် ဝင်ဖို့လဲ မလိုဘူး၊ သိအောင်ပြောထားတာ"

မိုးကောင်းကင်က မျက်ရည်မသုတ်ဘဲ ခေါင်းညိတ်လိုက်သည်။ မျက်ရည်ဟာ အသနားခံခြင်းဖြင့် ကျခဲ့သည်မဟုတ်၊ အရှုံးမပေးနိုင် သော မာနကြောင့်ပဲဖြစ်၏။ ထို့ကြောင့် သည်ယောကျ်ားရှေ့မှာ မျက်ရည်သုတ်ခေါင်းငုံ့သွား လို့ မဖြစ်။

"ကောင်းပြီ မင်း လုပ်ပါ၊ မင်းကိုင်တွယ်ထားတဲ့ စီးပွားရေးကို တို့ လုံးဝ မစွက်ဖက်ဘူး၊ မင်းလိုပဲ တစ်ခုတော့ သိအောင်ပြောချင် တယ်၊ အဲဒါဟာ မင်းကို တို့က ပိုင်တယ်ဆိုတာပဲ..."

စက်က မှုံ့ပစ်သည်။

မိုးကောင်းကင်ကလည်း ဂရုမစိုက်စွာ မတ်တတ်ရပ်လျက် စိုက် ကြည့်၏။

"တို့က စုဖုရားလတ်လို တော်ချင်မှတော်မယ်၊ ဒါပေမယ့် ရွှေဒိုး သုဘဒ္ဒါလို အံ့ဖွယ်ကခံစားပြီး နောင်ဘဝထိ အငြိုးကို သယ်သွားမှာ မဟုတ်ဘူး၊ မင်းကို တို့ပိုင်သလို မင်းရဲ့ဆုံးဖြတ်ခွင့်၊ မင်းရဲ့ခံစားမှု အားလုံး မင်းရင်ထဲမှာပဲ ထားတတ်အောင် ကြိုးစားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင် မျက်နှာကိုမော့၍ စက်ကို နောဝ ထဝ် သတိပေး သလို စိုက်ကြည့်သည်။ ပြီးမှ နောက်ပြန်လှည့်၏။

အရှုံးအနိုင်ဆိုတာ ဘာကိုသတ်မှတ်တာလဲ...

သူမဘဝမှာ ချစ်သောသူကို ပိုင်ဆိုင်ခဲ့ပေမယ့် အချိန်တိုင်း နာကျင် အံကြိတ်နေခဲ့ရသော မိုးတောက်များဟာ အားနည်းဖျော့ကျသွားသည် မရှိခဲ့သေး။

ကြာလာတော့လည်း အချစ်သည် အမုန်းတရားတွေ ဖြစ်ကုန်ပြီ လား မသိတော့ပါ။ မင်းစက်ရာ ဆိုသော ယောကျ်ားအပေါ် မျှော်လင့် ခြင်းထက် တုံ့ပြန်နိုင်ဖို့ကိုသာ ရင်ထဲမှာရှိတော့သည်။

"မင်း ခြေလှမ်းမမှားစေနဲ့ မင်းစက်ရာ၊ တစ်နေ့နေ့ဆိုတာ မင်း နောက်မှာရှိနေတာ"





အခန်း (၉)

"ခြေလှမ်းမမှားတဲ့သူ ဘယ်သူရှိလဲ၊ ကိုယ့်ကိုပြစမ်းပါ"

လူတိုင်းကတော့ ဦးတည်၍ ဦးရန်အောင်ဟု ခေါ်ကြသည်။ ဒါပေ မယ့် လူကလည်း အပြင်အဆင်တတ်သည်။ ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ် လတ်လတ်နေသည်။

သူ့ကိုယ်သူ ဘယ်သူနှင့်ပဲ စကားပြောပြော အထူးသဖြင့် ကြီးရင့် စေသောစကားအသုံးအနှုန်းတို့ကို ရှောင်ကြဉ်ကာ 'ဟို့"ကိုယ်'စသဖြင့် သုံးနှုန်းတတ်သည့် ဦးရန်အောင်ကို စက်က ကြည့်ရင်းပြုံး၏။

ဦးရန်အောင်က ဝတ်ထားသည့် ဖောရိန်းရှပ်အဖြူကို ကော်လာစ အသာဆွဲတင်ပြီးမှ စကားပြန်ဆက်၏။

"သူကတော့ မင်းကို ဘယ်နေ့ ခြေလှမ်းမှားမလဲ စောင့်ကြည့်နေ မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်သက် ဒီလောက်နှစ်တွေကြာ လာခဲ့ပြီးမှ မင်း သူ့ကို ဘယ်လိုမှ မဆက်ဆံ မပြစ်မှားတော့တဲ့ကိစ္စဟာ သူ့ခေါင်းထဲမှာမရှိဘဲနေမလား။ ဒီတော့ မင်းဘက်က ဘယ်လိုမှ မီးစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြလာဖို့မရှိတော့တာကို သူ တွက်တယ်၊ မင့်ရဲ့ မှားယွင်းကွက်ကို ရှာမယ်"

"အဲဒီတော့ ဘာဖြစ်နိုင်မလဲ ပြောပါဦး"

"ဟ မင်းက မှားလေ သူက ပိုင်လေပေါ့၊ မင်း သူ့ကို ချုပ်ကိုင်ဖို့ စိတ်ဝင်စားပေမယ့် သူကတော့ လက်လွတ်ရမှာစိုးတဲ့ လောဘတွေနဲ့ ငါလဲ မစားဘူး၊ သူများလဲ မစားစေရဘူးဆိုတာမျိုး"

စက်က လက်ကြားထဲက စီးကရက်ကို မသောက်ဖြစ်ဘဲ ဆေးလိပ် ခွက်ပြားလေးထဲ ထိုးထည့်ချေပစ်လိုက်သည်။

"အဲဒါကြောင့် ရန်ကုန်ကို ပြန်လာခါနီးတော့ တော်တော်လေး စဉ်းစားနေခဲ့သေးတာ၊ ဦးအောင်က ဘာမှမှ မျက်နှာလွှဲလို့မရတာ"

"မဆိုင်ပါဘူးကွာ"

ဟု ခပ်ဖော့ဖော့ပြော၍ ဦးရန်အောင်က မျက်နှာချိုသွေးသလို ရယ်သည်။ သူတို့စက်ရုံမှာ စီမံအုပ်ချုပ်စေကာ စက်က အဝေးမှာပဲ နေခဲ့သည်။

စက်ရုံမှာ သူထင်သလို အခွင့်အရေးတွေ ရနေခဲ့တာက မိုးကောင်း ကင်ကိုယ်တိုင် စက်ရုံကို တစ်ခေါက်မှ ဝင်မစစ်ခဲ့၍ဖြစ်သည်။

စက်ကို မိုးကောင်းကင်က အဲဒီလောက်ထိ အရေးပေးခဲ့၏။ စက်ရုံ ကို မင်းစက်ရာ ဦးစီးဖို့ဆိုသည့် ခွဲတမ်း၏နောက်မှာ စက် မကြည် မလင်ဖြစ်စေနိုင်တာ မှန်သမျှ သူမ ဘာမှ မလုပ်ခဲ့ဘဲနေသည်။

ဘာတစ်ခုမှ ဝင်မစွက်ဖက်။

တစ်ခါတလေ ဦးရန်အောင်ဘက်မှာ အမှားအယွင်းတစ်ခုခု ဖုံးဖိ ဖျောက်ကွယ်ရန် မရနိုင်အောင်ဖြစ်သွားခဲ့ရင်တောင် ဖုန်းဆက်၍အေး သည်။ စက်ကတစ်ဆင့် ပြုပြင်စေတာမျိုးဖြစ်အောင် သတိပေး၏။

"သူ့ကို ပြန်လာဖို့ ဦးရန်အောင် အမြန်ဆုံး အကြောင်းကြားလိုက်





တဲ့ ဒီစက်ရုံကို မိုးကောင်းကင် ပြန်ဝင်လိုက်ရပြီဆိုရင် သူ ဘာဖြစ်သွား မလဲ၊ အဲဒါ စဉ်းစားဖို့ပြော…"

ထို့ကြောင့် စက်ကို သူ အကြောင်းကြားပေးရသည်။

စက် ပြန်လာမှဖြစ်သည်။

ဒါမှမဟုတ် မိုးကောင်းကင် ဝင်လာလျှင် သူ မှားယွင်းခဲ့သမျှ အပြစ်တွေက နည်းတော့တာမဟုတ်။

စက်ကိုတော့ သူပိုင်သည်ဟုပင် ပြောနိုင်သေးသည်။

စက်ဟာ သူ့ခံစားချက် သူ့ဘဝတစ်ခုမှလွဲ၍ ဘာကိုမှ စိတ်မဝင်စား ခဲ့သူ။

အထူးသဖြင့် မိုးကောင်းကင်ကို ဂရုမစိုက်စွာနေဖို့ ဆုံးဖြတ်နေခဲ့သူ တစ်ယောက်မို့ မိုးကောင်းကင်နှင့်အတိုက်အခံဖြစ်စေနိုင်တာ မှန်သမျှ ထို သူပဲ ဒိုင်ခံဆုပ်ကိုင်ထားတတ်၏။

"ဦးအောင်လဲ သတိထားဦး၊ ငွေတွေ တော်တော်ကွာနေတာ"

ဟု သတိပေးတာမျိုးရှိသည်။

ဒါပေမယ့် အကြီးအကျယ် ပြဿနာရှာခဲ့တာမျိုး မရှိ။

"ဟုတ်ပါတယ်ကွာ၊ ကိုယ် တကယ်ထိန်းနေရင်း ဖြစ်သွားတာပါ။ ဆောင်မလေးက အရမ်းဆင်းရဲတော့ စေတနာပိုပြီး ကူညီလိုက်မိတာ"

ဘာညာ ဝန်ခံပေးလိုက်လျှင် ရသည်။

ဦးအောင် မိန်းကလေးတွေနှင့် အရောတဝင်နေတတ်တာကို စက် သိသည်။

ထိုကိစ္စနှင့်ပတ်သက်၍ လက်ဖွာတတ်တာကိုလည်း သိထား၏။ အထူးသဖြင့် ဦးရန်အောင်လည်း သူ့လိုပဲဖြစ်သည်မို့ ခွင့်လွှတ်ပေးခဲ့ တာဖြစ်သည်။

အသက်ခပ်ကြီးကြီး ခပ်ချောချော ချမ်းသာသည့် မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှောင်ဖွဲ့ခြင်းမှ ရုန်းမထွက်နိုင်ခဲ့ကြတာခြင်းတူလျှင် ဦးရန်အောင်က သူ့ထက်ဆိုးသေးသည်။

သူနှင့်ဦးရန်အောင်ကပဲ အသက်ချင်းကွာနေသည်။

ဦးရန်အောင်ထက် ဆယ်နှစ်ခန့်ကြီးသော အမျိုးသမီးကြီးဟာ သူ့ထက် ခုနစ်နှစ်မျှကြီးသော မိုးကောင်းကင်ထက်လည်း အများကြီး အိုစနေ၏။

မိုးကောင်းကင်က အရပ်မြင့်မြင့် ခပ်တောင့်တောင့်ဖြစ်ကာ ကိုယ်လုံးကိုယ်ပေါက်အားဖြင့် လက်ဖျားခါသွားအောင်လှတဲ့သူ။နှုတ်ခမ်းနည်းနည်းထူ၍ မျက်ဝန်းအိမ် ခပ်မှေးမှေးနှင့်ရှည်သည်။ မျက်ခုံးကျတော့ ရိတ်ထား၊ နုတ်ထားတာ ဘာမှမလုပ်ဘဲ ရှိကိုမရှိတာ ဖြစ်သည်။

ထို့ကြောင့် နီညိုရောင်မျက်ခုံးတန်းကို အမြဲဆွဲထားတက်၏။

ဆံပင်တိုတို ခပ်တွန့်တွန့်ကို ခပ်ဖွဖွနောက်မှာစည်း၍ ဒီပြင် ဘာညာ အနည်းငယ် ပြုပြင်ထားတာတွေ ပေါင်းရုံးကာ မိုးကောင်းကင်က လှပါသည်။

"စက်ရယ် ဒေါ်မိုးကောင်းကင်က ဒေါ်တပ်ခေါ်ရတာတောင် အားနာစရာ ရုပ်ရှည်နဲ့ပါ။ ပြောင့်စင်းတောင့်တင်းပြီး ရုပ်ကလဲ ခေတာမှမဟုတ်ဘဲ။ ကိုယ်က မင်းထက် အဆတစ်ရာလောက် ဆိုးတဲ့သူပါ။ ဘယ်အချိန်ထကြည့်ကြည့် အမောမပြေတဲ့မျက်နှာကြီးကို ဘယ်လို အောင့်ပြီးနမ်းရမလဲ၊ ဘယ်လိုလုပ် စိတ်ရှည်ရမှာလဲ၊ ကိုယ် အပျော်ရှာတာကိုတော့ နားလည်ပေးပါ။ နောက်ဆုံးကျွာ သူကိုယ်တိုင် ကိုယ့်ကို နားလည်ပေးတယ်။ အသောက်အစား၊ လောင်းကစားကိုပဲ ရှောင်ပါတဲ့၊ သူများသားပျိုသမီးပျိုကို မဖျက်ဆီးမိပါစေနဲ့တဲ့ ဟဲ ဟဲ"

အမှန်အတိုင်း ပြောပြရဲပေမယ့် အပြစ်မကင်းတာလည်းရှိတော့ သူ ရယ်မိသည်။





"ခင်ဗျားကကော တကယ်ရှောင်ရဲ့လား"

ဟု မေးတိုင်း စက်ကို သူ ကွေ့ရှောင်ဖြေခဲ့ရသည်။

"တကယ်တော့ မမိုးလို လောဘတကြီးလဲ မရှိဘူး၊ အသက်လဲ အများကြီးပိုကြီးနေတော့ သူ့ကိုယ်သူလဲ အားငယ်နေမှာပဲ၊ ဦးအောင်မိန်းမက သနားဖို့ကောင်းပါတယ်"

ဟု ပြောလာခဲ့တာမျိုး ရှိသေးသည်။

ထိုအခါ သူ့မှာ ကာရန်တွေ နဘေတွေ ထပ်အောင် ကွန့်ညွှန့်၍ ကိုယ့်ကိုယ်ကို သနားစရာသတ္တဝါလေး လုပ်ပြရသည်။

"မင်းနဲ့ကိုယ် အတူတူပါပဲ စက်ရာ၊ အကြောင်းတစ်မျိုးစီနဲ့ ဘဝထောင်မှာ ပိတ်မိခဲ့ကြတာ ဘာများထူးလို့လဲ"

ဟု ရောသောဖြေချရင်း ကိုယ့်အကြောင်းတွေထဲ စက် နောက်ထပ် စိတ်ဝင်တစား မျောပါလာအောင် ကာကွယ်ခဲ့ရင်း…

ထိုကိစ္စအကြောင်းများကြောင့် သူ အပျော်အပါးကြိုက်တာ၊ ငွေသုံးတာအပေါ် စက်က အမြဲခွင့်လွှတ်ခဲ့၏။

သူ့စိတ်ထဲမှာလည်း 'မင်းစက်ရာ ဆိုတဲ့ကောင် ငါ လိမ်တိုင်းခံတဲ့ကောင်'ပါဟု ဘယ်တုန်းကမှ မတွက်ခဲ့ဖူးပါ။

စက်က အရည်အချင်းရှိတဲ့ ယောက်ျားတစ်ယောက်ဖြစ်သည်။ လုပ်သမျှ စက်က ဖော်သည်။

သူ ဖြေရှင်းတာကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဟိုတန်တာမတန်တာကို မဆုံးဖြတ်တော့ဘဲ ခွင့်လွှတ်ပစ်ခဲ့တာတွေ တမင်တကာတွေပဲဖြစ်သည်။

မိုးကောင်းကင်၏ အပြစ်တင်ရိုက်ပုတ်မှုကို ဂရုမစိုက်လိုတာလည်း ထိုနည်း။

"ဦးအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြစ်တွေကို ငြိမ်ငြိမ်လေး တွေးနေမိဆဲ စက်၏ခေါ်သံကြောင့် ဦးရန်အောင် ဆတ်ခနဲ ခေါင်းထောင်သွားသည်။

"ခုကော ခင်ဗျား ဖယားတွေ ဘယ်လောက်ရှုပ်ထားပြီးပြီလဲ ပြောပါဦး"

"ဘာမှမရှိပါဘူး၊ ဒါပေမယ့်ကွာ ဟို..."

"ရပြီ မပြောနဲ့တော့"

စက်က စီးကရက်ဘူးကို တစ်ဖက်ကကိုင်၍ စီးကရက်တစ်လိပ်ထုတ်ယူရင်း ဖုန်းကိုင်လိုက်၏။

ဖုန်းပြောနေရင်း စီးကရက်ကို နှုတ်ခမ်းမှာ တပ်လိုက်သည်။ ဦးရန်အောင် မီးခြစ်ကောက်၍ ပျာပျာသလဲ ခြစ်ပေး၏။

"တင်နီလာဝင်းတဲ့၊ ဘယ်သူလဲ"

စီးကရက်ကို နှုတ်ခမ်းမှဖြုတ်၍ ဖုန်းကိုင်လျက် သူ့ကို မေးဆတ်မေး၏။ ဦးရန်အောင် ဟင်ခနဲဖြစ်သွားကာ..

"တင်နီလာဝင်းလား။ ပေး ပေး ကိုယ့်ကို"

ဦးရန်အောင်က ကိုယ်ကြီးကုန်းကွသွားသည်အထိ ဆန့်တွေစောကာ ဖုန်းကို လှမ်းတောင်း၏။

စက်က လှမ်းပေးရင်း ထိုင်နေရာမှ ထရပ်လိုက်သည်။

"ခင်ဗျား ဒီနေ့ ဘာအကြောင်းနဲ့မှ အပြင်ထွက်လို့မရဘူးနော်၊ ကြိုပြောထားတာ"

ဒါကို ပြောပြီးမှ စီးကရက်ကို ခွက်ထဲထည့်သည်။ ပြီးတော့ ထွက်သွား၏။

အသစ်ကြီးတိုင်းရှိသေးသည့် စီးကရက်ကို ငုံ့ကြည့်ကာ ဦးရန်အောင်မျက်နှာကြီး ရှုံ့မဲ့သွားသည်။

'ဒီနေ့မှ အဆင်ပြေမှာကွ'လို့ပဲ အော်လိုက်ချင်တော့သည်။





သွားပြီး အဝင်းလေးရယ်...

ဦးရန်အောင် ဖုန်းပြောဖို့လည်း နင်သွား၏။

စီးကရက်သောက်တာတောင် ပုံပန်းပျက်ကျ တို့ဝင်သွားအောင် သောက်ဘဲ တစ်ရှိုက်တစ်ငုံနှင့် ပစ်ချထားခဲ့တတ်သော မင်းစက်ရာ သည် သူ့အပေါ် ခွင့်လွှတ်နားလည်ပေးခဲ့သည်ရှိပေမယ့် တောင်းဆို ဆိုင်း လိုက်လျောခဲ့တာမျိုး ဘယ်တုန်းက ရှိဖူးလို့လဲ။

'မလုပ်နဲ့နော်'လို့ တားဆီးခဲ့တာကို လုပ်ပစ်လိုက်တာ မကြိုက်၊ သွားပါနဲ့ဟု ပြောပြီးလျှင် နောက်ထပ် ပြန်မကြည့်။ သူ့ ခွင့်လွှတ်တာ တစ်ခုတည်း...

အဲဒါက ခွင့်လွှတ်မှာပေါ့။ သူကမှ ငွေကို မက်မောရမှန်းမသိတာ။ အခြားသူဌေးတွေလို ချုပ်ချုပ်ချယ်ချယ် ပြင်းထန်စိုးမိုးတာမျိုးမဟုတ် ဘဲ ငွေကိုပါ သုံးခွင့်စွဲခွင့် ရနေသော်လည်း...

ဦးရန်အောင် ခေါင်းကုတ်ရှုံ့မဲ့ပြီး ဖုန်းပြန်ချလိုက်သည်။

လွဲပြီ...

နေဦး စက်...

ဒီလိုနေရာတွေမှာလည်း မင်း ကိုယ်ချင်းစာတတ်အောင် ကိုယ် ချော့ပြမယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ကားကို လှည့်ပတ်မောင်းနေရင်း ကိုယ့်လမ်းထိပ်ရောက်ေ ရပ်ပစ်လိုက်မိသည်။

"သား မင်း ဒီမှာပဲ ပြောင်းနေတော့မယ်ဆိုရင်လဲ အဖေ မ တော့ပါဘူး။ ဒါပေမယ့် ဘဝမြင့်မားဖို့ကို မမေ့ပါနဲ့ကွာ။ မင်းဒေါ် ရောက်ရင်လဲ ပိုက်ဆံလေးဘာလေး ဝင်ပေးလိုက်ပါဦး"

အဖေ မှာထားတာလည်းရှိသဖြင့် ဒေါ်မွေးကို ပိုက်ဆံပေးဖို့ စိတ်ကူးမိသည်။

ထို့ထက် အဓိကကျတာက ရွယ်စုးကို တွေ့ချင်သည်။ သို့ ရွယ်စုးတို့ခြံကလေးရှေ့က ဖြတ်ခဲ့စဉ် တံခါးတွေ ပိတ်ထားသည် သာ မြင်လိုက်ရ၏။

ရွယ်စုးတို့ ဘယ်သွားကြပါလိမ့်။

အချိန်က ည ခုနစ်နာရီခွဲပြီးရုံပဲရှိသေးသည်။ တစ်အိမ်လုံး ပိတ်နေသည်က အိပ်နေကြတာတော့ မဖြစ်နိုင်။





အိမ်ကိုရောက်တော့ ငွေပေးဖို့လာမှန်းသိနေသည့် ဒေါ်မွေးက ပြုံးပြုံးရယ်ရယ် ဖျာပျာသလဲနှင့်ကြို၏။

"လောင်းရိပ် မင်းအဖေကော၊ ငါ့ကိုများ မေ့နေပြီလား"

ပေးသည့်ငွေကို ရင်ဘတ်ထဲ ထိုးထည့်လိုက်ရင်း သူ့ရှေ့မှာ ဝင်ထိုင်၍မေးသည်။ ဒေါ်မွေးဟာ ပြောတာဆိုတာ သူ့အပေါ်မှာ အကြင်နာတရားမရှိဘတ်ပေမယ့် အဖေ့ကိုတော့ တကယ်ချစ်မှန်း သူသိသည်။

ဘေးလူတွေလည်း သိကြသည်။

ဒေါ်မွေးက အဖေ့ထက် အသက်ငယ်သည်။

နုပျို့အရွယ်တင်သလောက် သွက်လက်ထက်မြက်တာလည်းရှိ၏။ သို့သော် အဖေ့ကိုကျတော့ ချစ်တတ်နေပြန်သည်။

ငွေလေးပေးလို့ ကျေနပ်သွားတတ်သော်လည်း အဖေ မလာဘဲနေတာကိုလည်း မနှစ်မြို့ဖွာရှိတတ်တာက ဟန်ဆောင်တာမဟုတ်မှန်း သူ နားလည်နေခဲ့သည်။

ထို့ကြောင့်လည်း ဟိုအရင် အတူနေကြကတည်းက သူ့အပေါ် ပြောတာဆိုတာ လွန်လွန်ကျူးကျူးရှိခဲ့ရင်တောင် သူ့မှာ အဖေ့ကို ချစ်သောဇနီးတစ်ယောက်အဖြစ် သည်းခံနေနိုင်ခဲ့တာဖြစ်၏။

"ဒေါ်လေး ဘာလိုသေးလဲ မရှိတာပြောလေ၊ အဖေကတော့ ပြန်လာသေးဘူး။ ကျွန်တော့်မှာ နည်းနည်းပါးပါး ရှိပါတယ်"

သူ ပြန်ခါနီးတော့ ထပ်မေးလိုက်သည်။

ဒေါ်မွေးက သူ ထလိုက်သလို လိုက်ရပ်ပြီး ဆံပင်တွေကို ဖြေချ တာ ဘီးနှင့် သေချာပြန်ပတ်လိုက်သည်။

"မလိုသေးပါဘူး၊ ဒါပေမယ့် လကုန်ရင်တော့ ကြွေးပေးစရာ နည်း နည်းရှိတယ်။ မင်းတို့သားအဖနှစ်ယောက် ရှာနေတာဆိုတော့ ငွေက တော့ ပြေလည်လာပါတယ်၊ ဒါပေမယ့်…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှိသေးလို့လဲ"

"ဟဲ့ ဘာရှိရမှာလဲ ဟိုဝုန်းကလဲ ဝါယောကျ်ား မနားရဘူး၊ ခုလဲ ပြန်မလာရဘူး၊ မင်းလဲ လုပ်နေတာတောင် သူ့မှာ မနားရဘူး။ မင်းတို့ သူဌေးက ဘာလဲ အိမ်ရှိလူကုန် နိုင်းနေတာလား"

ဖိနပ်ချွတ်ဆီသို့ အတူထွက်ခဲ့ကြရင်း ရိပ်က ခေါင်းခါသည်။

"ကျွန်ဟော်က အဖေ့နေရာကို ဝင်ကူတာမှမဟုတ်တာ၊ အဖေက သပ်သပ် ကျွန်တော်ကသပ်သပ် ဆိုတော့ ဒီတိုင်းသွားနေမှာပဲ။ ဒါပေမယ့် အဖေ့ကျန်းမာရေးက ရှိသေးတယ်၊ ကျွန်တော် အလုပ်သေသေချာချာ ဝင်ပြီးရင်တော့ အဖေ့ကို ပြန်နားခိုင်းမှာပါ"

ဒီတော့မှ ဒေါ်မွှေး ကျေနပ်သွားသည်။

"ဒေါ်လေး"

"ဟင်"

"ရွယ်စုးတို့ ဘယ်သွားကြလဲ"

ရွယ်စုးတို့ကို ဘယ်တော့မှ အကောင်းမမြင်တတ်ခဲ့တာ သိပေမယ့် မမေးဘဲ ပြန်သွားဖို့ထိ စိတ်က တောင့်ခံမထားနိုင်သဖြင့်...

"တစ်အိမ်လုံး ဘယ်သူမှမတွေ့ဘူး၊ မှောင်မည်းနေတာပဲ"

ဟု ထပ်ပြောလိုက်တော့ ဒေါ်မွှေးမျက်နှာ ဟိုတုန်းကအတိုင်း ချက်ချင်းပဲ မှုံမှုံရှုံ့ရှုံ့ဖြစ်သွား၏။

"ပြဿနာတွေ ရှုပ်နေကြတာလေ၊ သူတို့ကတော့ ဖုံးဖုံးဖိဖိ လှု ရှားနေကြတာပဲ၊ သူတို့ကိစ္စတွေ ဘယ်သူမှမသိဘူးမှတ်လို့"

"ဟင်... ဘာတွေဖြစ်နေလို့လဲ"

"သစ္စာက သူ့သူဌေးဆီက ငွေတွေချေးထားတယ်လေ၊ အခု တော့ အဲဒီသူဌေးနဲ့ပဲ ယူတော့မလိုလို ဘာလိုလို၊ ဟိုတစ်လောက အိမ်ဂရန်ပေါင်နေတယ်တဲ့၊ ဘာတွေဖြစ်ကုန်ကြသလဲမသိဘူး။ မ





တတော့ မောင်နှမတွေ စကားများနေကြတာ အိမ်ဂရန်ကိစ္စတွေပဲ၊ မေတ္တာက အမွေခွဲနေတဲ့ပုံပဲ"

"အစိုးပွယ်မရှိတာ ဘယ်သူမှလဲ အိမ်ထောင်ကျသေးတာမဟုတ် ဘဲနဲ့၊ သူက ယောကျ်ားလေး အနေသာကြီး..."

ဖိနပ်စီးပြီးတော့လည်း အပြင်မထွက်ဖြစ်သေးဘဲ မခံချင်စိတ်နှင့် ပြောလိုက်မိသည်။

"ဒါကတော့ သူ့အစ်မ မဟာန်မှန်းသိလို့ပြောတာ နေမှာပေါ့။ မိမရှိ ဖမရှိနဲ့ ဘယ်လိုလုပ် စည်းလုံးညီညွတ်မှာလဲ၊ စာရိတ္တကောင်းဖို့က ဝေးရော။ မေတ္တာက လူကောင်းလေးမှမဟုတ်တာ၊ လမ်းပေါ်မှာ လူ ပေါင်းစုံနဲ့ပေါင်းပြီး ဖြစ်ချင်တိုင်းဖြစ်နေတာ၊ သစ္စာကလဲ..."

"ဒေါ်လေးကလဲဗျာ ကိုယ် သေသေချာချာသိတာလဲမဟုတ်ဘဲနဲ့ လျှောက်ပြောမနေပါနဲ့။ တော်ကြာ ပြဿနာတွေ ရှင်းနေရဦးမယ်"

"ဒါဆို တစ်လမ်းလုံးနဲ့ရှင်းလေ၊ အားလုံး ဒီတိုင်းပြောနေတာပဲ။ ခုလဲ ညီအစ်မနှစ်ယောက် လုံးလုံးထွေးထွေးနဲ့ ဘာပြဿနာတက်နေ ကြမှန်းမသိဘူး၊ ဟိုကောင် မေတ္တာ ကိစ္စပဲဖြစ်မှာပေါ့"

ဒေါ်မွှေး ပြောသည့်စကားတွေ နားထဲမှာ ပါလာသည်။ ဒီစကား တွေကို လက်မခံချင်ပေမယ့် အတွေးထဲကနေ ဖယ်ရှားချန်လှပ်ပစ်ခဲ့ မှုလည်းမရဘဲ ဖြစ်နေပြန်သည်။

ရွယ်စုး ဘယ်လိုသောကတွေ ဖြစ်နေရှာပြီလဲ။

ဒီမိသားစု ဒုက္ခရောက်ပြီဆိုတော့ ရွယ်စုးလည်း ဒုက္ခရောက်ပြီပေါ့။ သူ့ရင်ထဲမှာ စိုးရိမ်စိတ်များနှင့် မီးပွိုင့်မှာ ကားရပ်ထားရစဉ် လမ်းကူး နှင့် တစ်ဖက်က ပလက်ဖောင်းပေါ်မှာ ရပ်နေကြသည့်လူတွေဆီ မျက်လုံး ရောက်သွားမိသည်။

"ဟင်... ရွယ်စုးတို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သစ္စာနှင့်ရွှယ်စူး…

မေတ္တာကိုတော့ အနားမှာ မတွေ့ပါ။

သူ မီးပွိုင့်လွှတ်တော့ ကပျာကယာ မောင်းထွက်ကာ လမ်းတစ်ဖက်ကို ပြန်ရအောင် ပတ်မောင်းခဲ့သည်။

သူ ပြန်ရောက်လာတော့ ရွှယ်စူးတို့က ညီအစ်မနှစ်ယောက် လက်ချင်းချိတ်ကာ ဘုတာကြီးဘက်ကို သွားနေကြသည်။

"ရွှယ်စူး"

သူ့အသံကြားတော့ နှစ်ယောက်လုံး လှည့်ကြည့်ကြ၏။

"ဟင်… ရိပ်"

ဝမ်းသာအားရဖြစ်သွားကြပုံပေါ်ကာ သစ္စာကလည်း သူ့ဘက်ပြန်လျှောက်လာ၏။ ရိပ် ကားပေါ်က ဆင်းပြီး…

"ညကြီးမင်းကြီး မမသစ္စာတို့ ဘယ်သွားမလို့လဲ"

"မင်းကကော…"

သစ္စာက ပြန်မေးသည်။

"ကျွန်တော်က ကားလျှောက်မောင်းနေတာ၊ အန်တီမိုးက အလေ့အကျင့်ဖြစ်အောင် မောင်းခိုင်းထားတာလေ"

"ဒါဆို ခဏလောက် အချိန်ထပ်ယူလို့ ရသေးလားဟင်"

"ရပါတယ်၊ မမသစ္စာတို့ ဘယ်သွားမလို့လဲ"

သူမေးတာကို မဖြေသေးဘဲ သစ္စာက ရွှယ်စူးလက်ကလေးကိုဆွဲ၍ ကားထဲဝင်ထိုင်တော့သည်။

ရိပ်လည်း ဘာမှမသိဘဲ မောင်းသည့်နေရာမှာ ဝင်ထိုင်လိုက်ရတော့သည်။ ကားထွက်ပြီဆိုမှ…

"မောင်လေးရယ် ဘယ်ကိုသွားရမှန်းတော့ မသိဘူး။ ဒါပေမယ့် ထိုင်နေလို့လဲ ဘယ်လိုမှမရတာ…"





"ဘာဖြစ်လို့လဲ မမသစ္စာ"

"မေတ္တာလေ အိမ်ဂရုံကိုယူသွားတယ်၊ သူ ဘယ်သွားမှန်းတော့ မသိဘူး။ ဒါပေမယ့် သူ သွားမယ်ထင်တဲ့နေရာတွေတော့ ရောက်ခဲ့ပြီ။ ဒီ တစ်နေကုန် မလာဘူးတဲ့၊ ဘုတာကြီးနောက်ကျ သူ့သူငယ်ချင်း တစ်အိမ်ပဲ ရှိတော့တယ်"

"အခု အဲဒီကို မောင်းရမှာလား"

"အင်း ဟုတ်တယ်"

ရိပ်က ရွှယ်စူးမျက်နှာလေးကို လှမ်းကြည့်သည်။ ရွှယ်စူးသည် တိန်းမှာ မျက်ရည်တွေပြည့်သိပ်လျက် လမ်းဘေးနှစ်ဖက်သို့ ကတုန်ကင်လေး ငေးမောနေရှာ၏။

အိမ်ဂရန်က ပေါင်လိုက်ပြီမဟုတ်ဘူးလား…

မပေါင်ဖြစ်သေးဘဲ ကိုမေတ္တာက ယူသွားတာလား…

သူ ဒေါ်လေးပြောသည့်စကားများနှင့် ဆက်စပ်၍ စိတ်ထဲမှာ မှန်းတွေ ဖြစ်နေပေမယ့် ဘာမှ မမေးဖြစ်ခဲ့ပါ။

"ရပ်ပြီမောင်လေး၊ ဒီမှာပဲ ရပ်ပေး"

သစ္စာ ဆင်းတော့ ရွှယ်စူးကပါ နောက်ကလိုက်ဆင်းသည်။

"ရွှယ်စူး နေခဲ့ ညီမလေး၊ မမပဲ သွားမယ်"

ရထားလမ်း၏ တစ်ဖက်ခြမ်းမှာရှိနေသော အိမ်တန်းလေးတွေဆီ သစ္စာက ခပ်သုတ်သုတ် လျှောက်သွား၏။

နောက်ကနေလိုက်ဖို့ပြင်နေသည် ရွှယ်စူးနားကို ထွက်လျှောက်၍ ရိပ်က ရွှယ်စူးလက်ကလေးကို ဆွဲကိုင်လိုက်သည်။

"ပြင်နေရတာပဲဥစ္စာ စိတ်အေးအေးထားပါဟာ"

ရွှယ်စူးက ဖျတ်ခနဲလှည့်ကြည့်၏။

"ရိပ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါသံလေးက တုန်ယင်နေကာ ကိုင်ထားသည့် သူ့လက်ပေါ်မှ
ထပ်အုပ်ကိုင်၍...

"ကိုလေး တော်တော်ရက်စက်တယ် သိလား"

"ဘာဖြစ်လို့လဲ၊ သူ ယူသွားတာကော တကယ်သေချာလို့လား"

"သေချာတယ်၊ သူ အဲဒါကိုရှာနေတာ ကြာပြီ၊ ဒါပေမယ့် ဘာ
မှန်းမသိဘူး၊ ငါတို့မှာ ဖြေရှင်းလို့မရတဲ့ပြဿနာတွေဖြစ်နေတာ
သိရက်နဲ့ ဒါကိုလုပ်ရက်တယ်၊ ငါတို့ ဒုက္ခရောက်ပြီ သိလား"

ပြောနေရင်း ရှယ်စုးက ငိုပစ်လိုက်တော့မလိုဖြစ်လာသည်။
စိတ်မကောင်းဖြစ်သွားမိရင်း ရှယ်စုးပခုံးလေးနှစ်ဖက်ကို ဆုပ်
လိုက်မိ၏။

"ရှယ်စုးရယ် ဘာပြဿနာတွေလဲဆိုတာ ငါ မမေးရက်ပါ
အဖြစ်နိုင်ဆုံးက ခုချိန်မှာ ငါ့ဘက်က ဘာမှ တတ်နိုင်မှာမှမဟုတ်
ဒါတွေသိပြီး နှစ်သိမ့်လှည့်ပြန်သွားဖို့ပဲ တတ်နိုင်တဲ့အချိန်မှာ မမေး
တော့ဘူး။ နင် မငိုပါနဲ့"

သူ ရှယ်စုးမျက်ဝန်းလေးတွေမှာ နိုဝ်စက်နေကြသည့် မျက်ရည်
တို့ကို နာကျည်းစွာ ကြည့်မိသည်။

ဒီမျက်ရည်တို့ကို ခြိမ်းခြောက်မောင်းထုတ်ရန် သူ့မှာ ခွန်အား
"ရှယ်စုး"

ည၏ ကြယ်ရောင်မှုန်ဝါးဝါးအလင်းရောင်သည် ရှယ်စုးမျက်
လေးပေါ်မှာ ဇာပဝါပါးပါးလေး အုပ်ထားသလို မပီမပြင် ရေးရေး
မျှသာ..

အိမ်တန်းတို့ဆီမှ ခွန်အားနှင့် ခုန်ထွက်ပြာဆင်းလာကြသော
လျှပ်စစ်မီးရောင်တို့သည်လည်း သူတို့နှစ်ယောက်နားသို့ မရောက်
မှာပင် ခပ်ယိုင်ယိုင်ခြေဆင်းချလျက် အားနည်းဖျော့ကျသွားခဲ့၏





ဒါပေမယ့် ရှိပ်က ရှယ်စုးမျက်နှာလေးကို မေးဖျားလေးမှ မော့ယူ၍
မျက်နှာချင်းနီးအောင် အနည်းငယ် တိုးကပ်သည်။

မျှသိပ်ထားဖို့သာရှိသော ချစ်ခြင်းမေတ္တာတို့ကို နှုတ်ဖျားမှာပဲ ပိတ်
ကာ တားဆီးထားရရင်း မချင့်မရဲမျက်ဝန်းများဖြင့် စူးစိုက်ငေးကာနေ
မိ၏။

မျက်ဝန်းတို့၏ ဆုံစည်းမှုက သိပ်မကြာလိုက်ပါ။

ရှယ်စုး မျက်လွှာလေးချသွားကာ ပခုံးမှာ ကိုင်ထားသည့် ရှိပ်လက်
တွေကို ဖယ်ချပစ်သည်။

တစ်ဖက်က ဖယ်ကျသွားလျက် တစ်ဖက်မှာတော့ ရှိပ်က လွှတ်
မပေးဘဲ ဆုပ်ကိုင်ထားလိုက်သည်။

"ငါလေ... ငါ နင့်ကို..."

"ရှိပ်..."

"ငါ အခွင့်အရေးယူပြီး ပြောမှာမျိုးမဟုတ်ပါဘူး ရှယ်စုးရယ်။ နင့်
ကို သိထားစေချင်တာမျိုးပါ။ ငါ နင့်ကိုခင်တယ်၊ ငါ့ဘဝမှာ ငါ့မိဘနှစ်ပါး
ကလွဲပြီး သံယောဇဉ်ကြီးခဲ့တာ၊ ခင်တွယ်ခဲ့တာ နင်ပါပဲ။ နောင်တစ်ချိန်
မှာ ငါတို့ဘဝတွေ ခွေးချမ်းခဲ့ကြရင် နင်နဲ့ငါ နှစ်ယောက်တစ်ဘဝဖြစ်ရ
အောင် ငါ ကြိုးစားမယ်။ အဲဒီအခါကျမှ ငါ့ရင်ထဲကစကားတွေကို ငါ
ရဲရဲတင်းတင်းပြောမယ်၊ ငါ လိုချင်တာကို တောင်းဆိုမယ်။ မပြောဘဲ
သိနေကြတာတွေကို နင် ဘေးဖယ်မထားလိုက်ပါနဲ့၊ ကြာသွားရင်လဲ
မေ့မသွားလိုက်ပါနဲ့၊ ငါ နှင့်ကို မပြောခဲ့ဘဲ သိမ်းထားတဲ့စကားတွေဟာ
နောင်တစ်ချိန်အတွက် စုဆောင်းထားတဲ့ သယံဇာတတွေပါ"

ရှိပ်လက်တစ်ဖက်ကို ဖယ်ချဖို့ အုပ်ကိုင်ထားပြီးသည့် ရှယ်စုး
လက်ကလေးက ဖြည်းဖြည်းချင်း ပြုတ်ကျသွား၏။

ရှိပ် ပြောချင်နေတာကို သူမ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားခဲ့တာကိုလည်း နားလည်သည်။

သူ ကြိုးစားနေခဲ့သည့် အချိန်များမှာ သူ့ကို မမေ့ဖို့…

သူ့မှလွဲ၍ နောက်ထပ် မချစ်ဖို့…

"ငါသိပါတယ် ရိပ်ရယ်၊ ငါလဲ နင့်လိုပါပဲ၊ ထပ်တူထပ်မျှသော ခံစားချက်တွေနဲ့ပါ"

ရင်ထဲမှာပဲ ပြောနေမိရင်း ခဏလေးအတွင်းမှာ ပူပင်သောက အားလုံး မေ့လျော့နေခဲ့မိသည်။

ထိုစဉ် ရထားလမ်းကို ဖြတ်ကူးလာသော သစ္စာ၏ လှုပ်ရှားမှုလေး ဝင်ရောက်လာခဲ့သည်။

နှစ်ယောက်လုံးသည် တိမ်တစ်အုပ် ဖြတ်ပြေးသွားခဲ့သည့်နောက် ကွယ်က လမင်းလေးလို တစ်ခဏအတွင်းမှာပဲ ဖြူစင်ခြင်းသို့ ကူးပြောင်း ရုပ်တည်လိုက်ကြရပြီး…





အခန်း (၁၁)

"ကောင်းပြီလေ၊ ကိုယ်က မစောင့်နိုင်ဘူးဆိုရင် ရက်စက်ရာ ကျသွားဦးမယ်။ မင်းပြောသလိုပဲ နောက်ထပ် အချိန်ထပ်ပေးမယ်၊ မင်း ကြိုးစားကြည့်ဦးပေါ့။ ဒါပေမယ့် အဲဒီနောက် ဆယ်ရက်ပြည့်တာနဲ့ မင်း အဆင်သင့်ဖြစ်ဖို့ လိုတယ်နော်၊ ပျက်ကွက်ခဲ့ရင်တော့ မင်းရဲ့အိမ်ကို ကိုယ့်ဘက်က လူကြီးတွေနဲ့ ကိုယ်လာမယ်၊ ငွေ သို့မဟုတ် ထပ်တူ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုခုကို မင်း ပေးရမယ်။ မဟုတ်ခဲ့ရင်တော့ မင်းကို အချုပ်ထဲထည့်မှာပဲ၊ ကိုယ့်ငွေက ထောင်ဂဏန်းသောင်းဂဏန်း မဟုတ်ဘူး"

ဦးရန်အောင် ပြောခဲ့တာတွေကို သတိရနေခဲ့သမျှ မီးတွေတောက် နေတော့သည်။

မနက်ဖြန်ဆို သူမ တောင်းပန်ရယူထားခဲ့သည့် ဆယ်ရက်ဆိုသော အချိန်က ပြီးဆုံးသွားတော့မည်။

မေတ္တာကို ခုချိန်ထိ ရှာလို့မတွေ့သည့်အဖြစ်က ညီအစ်မနှစ်ယောက် အတွက် အားကိုးမဲ့နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာထဲကနေ ထည့်ခေါ်ထားတာလည်း အကြောင်းမထူး။ ဘယ်မှာမှလည်း စုံစမ်းလို့မရ။

တကယ်ဆို အိမ်ဂရန်ကို မောင်လေး ပေါင်နှံထားတယ် ဆိုရင်တောင် ခွင့်လွှတ်ရမှာပဲဖြစ်သည်။

နောက်ဆုံး ဦးရန်အောင်၏ပြဿနာရှင်းဖို့အတွက် အိမ်ကို ရောင်းပစ်သင့်ရင် ရောင်းရမည်။

မောင်လေးက မကျေနပ် ကန့်ကွက်မည်ဆိုလျှင် သူ ရသင့်တဲ့ အတိုင်းပေးလိုက်မည်။ ကိုယ့်လက်ထဲမှာ ကြွေးဆပ်ဖို့ပဲကျန်လျှင် တော်ပြီဟု ဆုံးဖြတ်ခဲ့မိသည်။

ညီမလေးနှင့်သူမအတွက် အားရှိသလောက် ရုန်းကန်သွားမည်သာ။

"မမ အဲဒီလူကြီးကို လုံးဝ အရှုံးမပေးနဲ့၊ မရှိရှိတာ ရောင်းချပစ်နော်၊ ရွှယ်စုးတို့ လမ်းဘေးမှာပဲ ဆင်းအိပ်ရအိပ်ရ..."

ညီမလေးကလည်း သူမ၏နစ်နာမှုအတွက် စာနာပေးခဲ့သည်။ ရန်သူမျိုးငါးပါးထဲမှာ အပါအဝင်ဖြစ်နေသော မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရခြင်းဒုက္ခကို သေချာမခံစားဖူးသော်လည်း မိန်းမသားချင်းမို့ စာနာပေးနိုင်ခဲ့၏။

မောင်လေး နားမလည်နိုင်တာကို သူမ အပြစ်မတင်ပါ။ ဒါပေမဲ့ ခုလို ပစ်ပစ်ခါခါကြီး လုပ်သွားရက်တာကိုတော့ ရင်နှင့်မဆံ့အောင် ကြေကွဲနေမိသည်။

မောင်လေး လုပ်ရက်တယ်ဟု တွေးမိတိုင်း...

ငါ ဘယ်လိုဖြေရှင်းရမလဲဟု နာရီနှင့်အမျှ ပူလောင်နေရတိုင်း သစ္စာရင်ထဲမှာ လောင်ကျွမ်းခြင်းက ပြင်းထန်လာ၏။

"မမ..."





တစ်ဖက်သို့ စောင်းလှဲရင်း မျက်ရည်တွေ တစိမ့်စိမ့်ကျနေမိသဲ့ အနားမှာ ရွှယ်စုး လာထိုင်ကာ သစ္စာလက်မောင်းလေးကို ဆုပ်ကိုင်လိုက်သည်။

"မမ... ထမင်းစားလေ"

ရွှယ်စုးအသံလေးကြားတော့ မျက်ရည်ဟာ တစိမ့်စိမ့်ကနေ ဒွေးခနဲ လိမ့်ခနဲ ပြေးဆင်းလာကြသည်။

ညီမလေးရယ်...

ရွှယ်စုးပခုံးလေးကို ပွေ့ဖိုက်ဖက်တွယ်ပြီး ငိုချစ်ပစ်လိုက်ချင်မိသည်။ ဒါ... ငါ့ကြောင့်ဟု အထပ်ထပ် တွေးဖြစ်ရင်း ရင်နာမိ၏။

ငါ ဒီအိမ်မှာ အကြီးဆုံး...

ငါ အသုံးမကျလို့၊ ခေါင်းဆောင်လုပ်တဲ့သူ အရည်အချင်းမရှိလို့ ဒီအိမ် ဒီမိသားစုဘဝ နိမ့်ကျခဲ့ရတာ။

"မမက မိန်းမသားပဲ မမရယ်၊ ပြီးတော့ မိန်းမကြီးတစ်ယောက်လဲ မဟုတ်သေးဘူး"

ဟု ရွှယ်စုး သူမကို အမြဲတမ်း နှစ်သိမ့်ခဲ့ရှာသည်။

ခုချိန်ထိလည်း စိတ်ပျက်အားငယ်သံနှင့် သူမအပေါ် ငြိုငြင်ခဲ့တာ ဘာမှမရှိခဲ့သေး။

အလုပ်လည်း မဆင်းနိုင်၊ ဖျားနာနေခဲ့သည့်ဆေးဖိုးနှင့် နေ့စဉ်ချိုချနေရသည့် စားစရိတ်တွေကို ရွှယ်စုး ဘယ်လိုဖန်တီးနေရသလဲဆိုတာ သူမ သိနေသည်။

ရပ်ကွက်ထဲမှာ ပစ္စည်းရှိလို့ ပေါင်နှံစားမယ်ဆိုတာတောင် လူမသိအောင် တိုးတိုးတိတ်တိတ် လုပ်လို့မရ...

ဘာပစ္စည်းပဲဖြစ်ဖြစ် ကိုယ်တိုင် ပြေးမပေါင်ရဲသည့်သူက ပေါင်နှံရဲသည့်သူကို ရှာရသည်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ခိုင်းသည့်အတွက် မုန့်ဖိုးလည်း ပေးရသေးသည်။ အဲဒီသူက ဒီအိမ်ကထွက်သည်နှင့် အတင်းပြောပြီ။

ရှက်တတ်လွန်းသည့် ညီမလေးတစ်ယောက် ဘယ်လိုရင်ဆိုင်နေရပြီလဲ။ ထို့ကြောင့် ဘာအစာမှလည်း မျိုမချချင်တော့။

အိမ်ရှေ့က လူမမာဝင်မေးတဲ့သူ ဘယ်သူပဲလာလာ ခေါင်းလည်း ထောင်မကြည့်ချင်။

တကယ်တမ်း လူမမာ လာမေးကြတာမဟုတ်ဘဲ ဒီအိမ်မှာ ဘာတွေဖြစ်နေကြသလဲဆိုသည့် သတင်းအချက်အလက် စုဆောင်းဖို့ ရောက်လာကြတာပဲဖြစ်သည်။

"မမ..."

"ဟင်"

ရွှယ်စုး အတင်းဆွဲထူတော့မှ သစ္စာ ထထိုင်ဖို့ ကြိုးစားရင်း ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားခဲ့သည်။

"အင်း...ကျွတ်...ကျွတ်..."

"မမ... မမ ဘာဖြစ်လို့လဲ"

ရွှယ်စုး ပျာပျာသလဲ ဖြစ်သွားသဖြင့် ခေါင်းခါပြလိုက်သော်လည်း မှိတ်ထားဆဲရှိသည့် မျက်လုံးတွေထဲမှာ မှောင်မိုက်နေဆဲ။

"မမ နေကောင်းရဲ့လား"

"အင်း..."

"မမရယ်... အစားမစားဘဲ ဆေးတွေချည်း သောက်နေတာ ထမင်းလေး နည်းနည်းစားလိုက်နော်"

ဆန်ပြုတ်တိုက်လို့မရ၊ လက်ဖက်ရည်ကော်ဖီ မသောက်၊ မုန့်ပေါင်မုန့်ဆို အနံ့တောင်မခံနိုင်ပါဘူးဆိုတော့ ထမင်းပဲ ရှိတော့သည်။

အဖျားမပြတ်လည်း မတတ်နိုင်။





ဒီတိုင်းအားပြတ်ပြီးလဲတော့မှာထက်စာလျှင် စားသောက်ပြီး ဆေးထပ်သောက်ဖို့ပဲ ရှိတော့သည်။

မမအတွက် ငါးကြော်လေးနဲ့ ကြာဆန်ဟင်းခါးလေး လုပ်ထားခဲ့သည်။ မမ စားကောင်းမှာပဲဟု တွေးရင်း မနက်ဖြန် သန်ဘက်ခါ ဘယ်လိုရင်ဆိုင်ကြမလဲဆိုတာကိုလည်း မေ့ထားခဲ့၏။

သစ္စာ ကောင်းကောင်းထိုင်လိုက်ပြီးသည်အထိ သေချာထိန်းပေးထားပြီးမှ...

"မမ ရွှယ်စုး ထမင်း သွားခူးမယ်နော်၊ ဒီမှာပဲ စားလိုက်"

သစ္စာက ရွှယ်စုး လက်ကလေးကို ဆွဲထားကာ...

"စောစောက ဒေါ်မူရာ လာသွားတယ်မဟုတ်လား"

"ဟုတ်"

"ဘာတွေပြောသွားလဲ"

"မမအတွက် ဆေး လာပေးတာပါ။ နှလုံးဆေးတဲ့၊ စိတ်ချမ်းသာအောင်ထားတဲ့"

သစ္စာ ယိုစကားတို့ကို ဆက်လက် စိတ်မဝင်စားတော့ဘဲ မှုံမိုက်တုန်ယင်လာသည်။

အိပ်ရာထဲမှာပဲ ခွေချပစ်လိုက်ချင်၏။

ငါ သက်ဆိုးရှည်ပါတော့မလား...

ကိုယ့်ဝေဒနာကို တွေးမိလာသည်။

သေမှာကြောက်၍မဟုတ်ပါ။ ဒီဒုက္ခသောကများနှင့် ဆက်သွားနေရမည့်အစား ကိုယ့်ကိုယ်ကို အဆုံးစီရင်စရာမလိုဘဲ ဒီရောဂါနှင့် သေသွားရမည်ဆို ဝမ်းသာဖွယ်ပဲဖြစ်သည်။

သူမ ပျပင်သွားသည်က ညီမလေးအတွက်...

မဖြစ်ဘူး။ ငါ သေလို့မဖြစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခွန်အားရှိရှိအတွက် အစားတစ်ခုခုတော့ မျိုချနိုင်မှဖြစ်မည်။ ထမင်းသွားရှာမည်ဆိုသော ရွှယ်စုးလက်ကလေးကို လွှတ်ပေးလိုက်မိ၏။

ရွှယ်စုးက ဝမ်းသာအားရ ထရပ်လိုက်၏။

"မမသစ္စာ"

နှစ်ခါသုံးခါ ဆက်တိုက်ခေါ်သံက လေကားထိပ်ထိ ချက်ချင်းရောက်လာ၏။

"ရှင်..."

ရွှယ်စုးကပဲထူးကာ အစ်မဖြစ်သူကို လှည့်ကြည့်၏။ ဒါ မောင်လေးသူငယ်ချင်း...

သစ္စာ မျက်နှာလေးမှာလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"မမ ဒီမှာပဲနေ၊ ရွှယ်စုး သွားမယ်"

ဟု ပြောပြီး ထွက်သွားတော့ သစ္စာ မနေနိုင်ပါ။ ကိုယ်ပေါ်ကစောင်ကို ဖယ်ချ၍ နေရာမှ ထရပ်လိုက်မိသည်။

"မမသစ္စာကော..."

"မမ နေမကောင်းဘူး ကိုထွဋ်၊ ဘာဖြစ်လို့လဲဟင်..."

"နင့်အစ်ကိုလေ..."

"ကိုလေး..."

"ဟုတ်တယ်၊ ဖဲဝိုင်းမှာ ရန်ဖြစ်ကြတာ ဓားထိုးမှုဖြစ်ပြီး ဆေးရုံတွေရဲစခန်းတွေ ရောက်ကုန်ပြီ"

"ဟင်..."

သစ္စာ မျက်လုံးထဲမှာ အပြာရောင်လွှင်ပြင်ကြီး ဖြစ်သွားသည်။ ဒူးနှစ်ဖက်က ဆတ်ဆတ်တုန်လျက် အိပ်ရာထက်သို့ ခွေခနဲပြိုကျသွား၏။

"ဘယ်သူတွေ ဘာဖြစ်ကုန်လို့လဲ သေချာရဲ့လား ကိုထွဋ်ရဲ့"





ရွှယ်စုး၏ တုန်ယင်လှိုက်ခါနေသံလေးသည် အဖျားမှာ ရှိုက်သံထွက်လျက်...

"နင့်အစ်ကိုက ဓားနဲ့ထိုးပစ်တာ၊ ဟိုကောင်ကတော့ ပွဲချင်းပြီးပဲ"

မိုက်လိုက်တာ မိုက်လိုက်တာ မေတ္တာရယ်...

မိုက်တယ်... နင် သိပ်ရက်စက်တယ်၊ ဘာကိုမှ မညှာတာဘူး...

ဘယ်မျက်နှာကိုမှ မငဲ့ဘူး... လုပ်ရက်လိုက်တာ...

သစ္စာ ခေါင်းအုံးကို လက်ပြန်ဆုပ်ဆွဲရင်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။

ရင်ဝမှာ ဆို့ကျပ်နာကျင်လာ၏။

အချိန်အနည်းငယ်အတွင်းမှာပဲ ဆုပ်ညှစ်ထားခဲ့သည့် ခေါင်းအုံးမှ လက်ကလေးနှစ်ဖက် ပြေကျသွားခဲ့သည်။

တဖြည်းဖြည်း စင်းကျသွားသော မျက်တောင်များတို့သည် အလွန်ခါးသီးခဲ့သော ဘဝတစ်ခုလုံးအား လှည့်မကြည့်စတမ်း လက်ပြ နှုတ်ဆက်သွားခဲ့ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"သာရေးနာရေးဆိုတာ ပြဿနာမရှိဘူး။ ရုံးမြေကနားတော့ မလိုက်ချင်ဘူးဟာ"

သူငယ်ချင်းတွေကလည်း ရှောင်ရှားကုန်ကြသည်။

ပတ်ဝန်းကျင်ကလည်း စိတ်မကောင်းဟန်များနှင့် လက်ပြု သည်။ သစ္စာ၏ အသုဘကိစ္စအားလုံးကိုလည်း အများကောင်းမှုနှ ပဲ ပြီးဆုံးစေခဲ့ရသည်။

ဒီကြားထဲ အသုဘကိစ္စကိုကော နောက်ရက်များမှာပါ ဝမိန့် မျက်နှာကြီးနှင့် ရောက်ရောက်လာတတ်သည့် သူဌေးဆိုသော လုတ ယောက်နှင့် သူ့အဖော်ကိုပါ လူတွေ သတိထားမိခဲ့ကြသည်။

"ဒီလူပေါ့ သစ္စာနဲ့ ဘာဝယားတွေ ရှုပ်ထားမှန်းမသိတာ၊ ကောင်း လေး ဆက်ရှင်းရမှာ သနားပါတယ်"

ဆိုသော တီးတိုးသံများလည်း ထွက်လာခဲ့၏။

"ကဲ ဒီလောက်ဆို ကိုယ်ပြောလို့ရပြီထင်တယ်။ မင်းအစ်မနဲ့ ကို ငွေရေးကြေးရေး ကန့်သတ်ထားတဲ့စာချုပ် ရှိနေတာ မင်း သိတ မဟုတ်လား"

ဦးရန်အောင်က စကားစလာခဲ့ပြီ။





ဒါ ဘယ်လိုလုပ်မလဲ…

အိမ်ပေါ်က ဆင်းပေးလိုက်ရုံနဲ့သာ ပြီးမယ်ဆိုလျှင် ရှုယ်စူး ကြာ ကြာစဉ်းစားမှာမဟုတ်ပါ။ ခုတော့ အိမ်ကလည်း ကိုယ်ပိုင်တော့တာ မဟုတ်။

"ဒါမိုက်တာ၊ ဒါမိုက်တာပါဟာ၊ အိမ်ဂရန်ကို သုံးလပြတ်နဲ့ စာချုပ် ပြီး ပေါင်ထားလိုက်ပြီးပြီ။ ဒါ ဒါကိုလုပ်ပြီးမှ မှားမှန်းသိတယ်။ အတိုး တွေ အဆမတန်နဲ့ ဆုံးသွားမှာစိုးလို့ တစ်ခါတည်း ငွေအမ်းပြီး ရောင်း ချင်ပါတယ် ပြောတော့ ဒီလူက လက်မခံဘူး။ သူလဲ ထပ်မပေးနိုင်ဘူး။ သူများနဲ့ အရောင်းအဝယ်စာချုပ်ဖို့လဲ ဂရန်ကိုထုတ်မပေးနိုင်ဘူးတဲ့၊ လိုချင်ရင် ငွေနဲ့ပဲလာရွေးတဲ့"

သံတိုင်တွေနောက်ကိုရောက်မှ ကိုလေး ငိုသည်။ သူ့လုပ်ရပ်ကို ဝန်ခံခဲ့၏။

"ဂရန်ကိုမမြင်ဘဲ ဘယ်သူက ဝယ်မှာလဲ၊ ဝယ်မယ့်သူကလဲ မိသားစု အားလုံး သဘောတူကြောင်း လက်မှတ်ထိုးမှ ဝယ်မှာတဲ့။ အခုရောင်း အဝယ်ဈေးစကားလဲ ပြောပြီးပြီ၊ ဒါ သူ့ဆီက ဂရန်ခဏယူပြီး မနက် နင့်ဆီ ပြန်လာမယ်။ အိမ်ရောင်းပစ်ပြီးရင် နင်တို့အတွက် တစ်ဝက် လောက် ကျန်ဦးမှာပဲလို့ သေချာတွက်ခဲ့တာ၊ မမလဲ ခွင့်လွှတ်မှာပဲ ဆိုတာ ငါ သိတယ်။ ဒါပေမယ့် ဒီလူက ညစ်ပတ်လွန်းတယ်၊ ဂရန်ကို သုံးဝ ပြန်မပေးဘူး၊ အဲဒါနဲ့ ဒေါသမထိန်းနိုင်ဘဲ ငါ ဓားနဲ့ထထိုးပစ် လိုက်တာ"

ကိုလေးရဲ့နောင်တတွေ ဝန်ခံတာတွေအားလုံး မနောက်ကျကုန်ပြီ။ ခုတော့ ရှုယ်စူးကိုယ်တိုင် ဘယ်သူ့ဆီ ပြေးကပ်ပြီး ဘယ်မှာနေရ မှန်းမသိ။

ကိုလေးကို နောက်ထပ် သွားတွေ့ဖို့လဲ လက်ထဲမှာ ပိုက်ဆံဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



မှုန်ရှုံရှုစရာပင် မရှိတော့ပါ။ ရိပ် ဘယ်ရောက်နေလဲ…

တမ်းတမ်းတတ မျှော်နေမိပေမယ့် ရိပ်လည်း ပေါ်မလာခဲ့ပါ။ နေ
ဆုံးသွားကတည်းက နာရေးမှာကော ဒီနောက်မှာကော ရိပ်ကို မျှော်နေ
ခဲ့မိသည်။

ဝိုင်းဝန်းကူညီနေကြသူတွေထဲမှ ရိပ်ထံမှ ဆုပ်ကိုင်အားပေး
မည့် လက်တစ်ဖက်ကိုပဲ တမ်းတနေခဲ့မိသည်။ ရိပ်ကိုဆို ရှိတာမရှိတာ
ပူပင်သောကအားလုံး ရွယ်စူး တိုင်ပင် ပြောဆိုရဲသည်။

ခုတော့ ရိပ်က လုံးဝ ပေါ်မလာခဲ့ပါ။

ဒေါ်မွှေးကြီးလည်း အိမ်မှာ ဝင်ထွက်သွားလာနေတာပဲဖြစ်သည်
ရိပ်အကြောင်းကိုတော့ အနည်းငယ်မျှပင် မဟာခဲ့။

သိချင်ပေမယ့် ကိုယ့်ဘက်က ဖွင့်ဟမေးဖို့ထိလည်း ဖြစ်နိုင်သ
ကိစ္စမဟုတ်။

ရိပ်နှင့်သူမကို ခင်မင်တာလေးတောင် မနှစ်မြို့ခဲ့သော ဒေါ်မွှေ
ကတော့ ရင်ထဲမှာ ကြိတ်ဝမ်းသာနေလိမ့်မည်ထင်သည်။ ထို့ပြင်

ရိပ်သာရှိလျှင် ဒီနေရာမှာ မားမားမတ်မတ် ရပ်ပေးမည့်အဖြစ်
တွေးပြီး 'ဟိုကောင်မရှိတာ တော်သေးတာပေါ့'ဟုလည်း တွေးမိ
လိမ့်မည်။

ရွယ်စူးအဖြစ်က အပြောကျယ်လှသည့် ပင်လယ်ပြင်ကြီးထဲ
ကူးခတ်နေရသူလို အားကိုးတကြီး လှမ်းဆွဲစရာ မြက်တစ်ပင်မှလည်း
မရှိ။ အမှိုက်တစ်စမှလည်းမပါ။

ညနေသုံးနာရီကတည်းက ထိုင်နေခဲ့မိသော နေရာမှာ ဒူးနှစ်
ကို ပြန်၍ပိုက်ရင်း ခြေလည်းမဆင်းမိ။

အညောင်းဆန့်ဖို့လည်း သတိမရဘဲ မှောင်စပျိုးလာတော့မှ ပြ
သတိရတော့ ရုတ်တရက် ထလို့ပင်မရ…





"အ…"

ခါးစပ်တွေက ချက်ချင်းဆန့်လို့မရဘဲ ကုလားထိုင်ကြီးလို ထောင့်
မှန်ကျနေတာ အတော်ကြာ၏။

မတ်တတ်ရပ်နိုင်သည်အထိ တဖျင်းဖျင်း ကျဉ်ကိုက်နေသော
ခြေထောက်တွေက ဒုက္ခပေး၏။

ကိုယ့်ရပ်ကွက်မဟုတ်ဘဲ သူများနယ်ပယ် ပန်းခြံလေးထဲမှာ
အကြောက်အရွံ့ကင်းစွာ တစ်ယောက်တည်း ထိုင်နေခဲ့မိသည်။

ခါတိုင်းအချိန်ဆို ထိုင်ရဲမှာမဟုတ်ပါ။

ခုတော့ သေမထူးနေမထူး ဖြစ်နေခဲ့သောစိတ်တို့ကြောင့် ပတ်ဝန်း
ကျင်ကိုလည်း မသိ၊ ယောကျ်ားမိန်းမ အနားမှာ ဘယ်သူဖြတ်သွားသွား၊
ဘယ်လိုပဲ ကြည့်သွားကြပါစေ ပါးပေါ်မှာ စိုစွတ်နေသည့် မျက်ရည်တွေ
ကို သုတ်ပစ်ဖို့လည်း သတိမရ။

မိုးချုပ်ရင် ဒီခရီးအဝေးကြီးကို လမ်းစရိတ်မရှိဘဲ ဘယ်လိုပြန်မလဲ
ဆို တာကိုလည်း ခေါင်းထဲမထည့်။

အိမ်ပြန်ဖို့မပူသလို ဘာကိုမှလည်း မကြောက်ဘဲ ဖြစ်နေခဲ့၏။

သူမအတွက် စားဖို့ အိပ်ဖို့ဆိုတာ ဂရုတစ်ခုပဲဖြစ်၏။ အိမ်ရာခြံဝန်း
ကလည်း မီးလောင်ပြင်ကြီးလို…

ပန်းခြံထဲက ထွက်ခဲ့သည်။ မိုးလင်းကတည်းက မဖြီးဖြစ်ခဲ့သည့်
ဆံပင်တွေက မေးအောက်မှာ ဖတ်ခနဲရစ်သွားလိုက်၊ မျက်နှာပေါ်မှာ
ဆန့်လန့်ဖြတ်ရိုက်ချသွားလိုက်။

လေပြင်းရိုက်ခတ်မှုမှာ ဆံပင်တွေက မျက်နှာနှင့်ပတ်ဝန်းကျင်ကို
ရှုပ်ကျော်စော်ကားနေကြပြန်သည်။

ပလက်ဖောင်းပေါ်မှာ ကပ်လျှောက်ရင်း ဆံပင်တွေကို နားကနေ
ညှိမ်းတင်ပစ်ရ၊ လည်ကုတ်ကနေ နောက်ကိုပို့ပစ်ရနှင့် လက်က ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ခနေရ၊ တစ်နေကုန် ဘာမှမစားရသေးသည့်ဗိုက်ထဲကလည်း အောင့်တက်လာသည်။

မနက်ဖြန်တွေအတွက် ဘယ်လိုရှေ့ဆက်မလဲ။

အတွေးတွေက အရောင်ဖျော့မသွားသလို ညကလည်း ရင့်သန်လာ၏။ အမှောင်ထုက အလင်းရောင်မစို့မပို့ကို အားကိုးလာသည်။ လမ်းဘေးမီတိုင်များ ရှိသော်လည်း မှောင်သည့်နေရာတွေမှာ မှောင်နေသည်။

ငါ မိန်းကလေးပါလား ဆိုသော သတိလေး ဝင်လာခဲ့ရင်း အမှောင်ကိုရှောင်ဖို့ သတိရလာ၏။

ဆက်မလျှောက်တော့ဘဲ မီးရောင်တွေအားကောင်းသော လမ်း၏ ဟိုဘက်ခြမ်းသို့ ကူးပြောင်းဖို့ ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်…

"ကျွီ…"

"အမေ့…"

မျက်လုံးထဲမှာ ရိပ်ခနဲမြင်လိုက်ပြီး ဘယ်လိုမှ မရှောင်နိုင်တော့။ ရွယ်စုး ပစ်ပစ်ခတ်ခတ်ကြီး လဲကျသွားလေသည်။





အခန်း (၁၃)

တစ်သက်နှင့်တစ်ကိုယ်မှာ မရိုးသားစွာ အမောတကောလှုပ်ရှားရခြင်းဟာ ဒါ ပထမဆုံးပဲဖြစ်သည်။

တော်ပါသေးသည်၊ လမ်းမပေါ်မှာ လူတွေကားတွေ ပြတ်တောက်သွားသည့်ခဏအတွင်း ဖြစ်သွားခဲ့၍…

"ဟော့ ချာတိတ် ချာတိတ်…"

ကားပေါ်ကိုပွေ့တင် တံခါးသေချာပိတ်ပြီး ပို၍လွတ်ကင်းသည့်နေရာထိ မောင်းထွက်ခဲ့ပြီးမှ ကားပြန်ရပ်သည်။

ဒီတော့မှ ဘာဖြစ်သွားမှန်းမသိဘဲ လူတွေ စုပြုံမလာမီ ကားပေါ် ပွေ့တင်လာခဲ့သည့် ကောင်မလေးကို သေချာကြည့်ဖြစ်သည်။

ပထမဆုံး ပခုံးကိုပုတ်၍ နှစ်ခွန်းသုံးခွန်း ခေါ်ကြည့်သည့်အခင်မှာတော့ မအောင်မြင်ခဲ့။

ကားထဲမီးကိုလည်း မဖွင့်ရဲဘဲ သူ ကောင်မလေးနားကို တိုးသည်။ ပခုံးလောက်သာသာ ဆံပင်တွေ ပြန့်ကျလျက် မျက်နှာပေါ်မှာ အချို့ထ ဖြတ်လဲအုပ်ကွယ်နေကြသည်။



www.burmeseclassic.com

သွယ်အိတ်တို့ လက်ကိုင်အိတ်တို့ ဘာမှမပါ..

ထက်ထဲမှာ ဘာတစ်ခုမှလည်း ကိုင်မထားတာသေချာသည်။

ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးကို ပွေ့လိုက်စဉ်က သူမနှင့် ဝတ်သက်သောပစ္စည်းတစ်စုံတစ်ရာ ကျန်ခဲ့မှာစိုး၍ သူ သေချာပြန်၍ ကြည့်ခဲ့သေးသည်။ သူမဘေးမှာကော အနီးတစ်ဝိုက်မှာပါ ဘာဆိုဘာမှ မရှိ။

ဒူးဖုံးရုံလေးရှိသော စကတ်အကွက်အညိုလေးနှင့် အဝါနု ခပ်ဖျော့ဖျော့စပို့ရှပ်လေးကို ဝတ်ထားသည်။

သူ ပွေ့ခေါ်တင်လာခဲ့သည်အထိ စီးလျက်ပါလာသော ကတ္တီပါ ဖိနပ်ပါးလေးထိ ငေးကြည့်ပြီးမှ မျက်နှာလေးဆီ ပြန်ရောက်သည်။

"ချာတိတ်"

နောက်ထပ်ခေါ်ဖို့ ပါးစပ်ပြင်ရင်း မခေါ်ဖြစ်တော့ဘဲ သူမကိုယ်မှာ ဒဏ်ရာ ရှိ၊ မရှိ သေချာစစ်ကြည့်ဖို့ သတိရလာသည်။

ခြေလက်အင်္ဂါ ဘာဖြစ်သွားတာက သူမ သတိရမှာ သိနိုင်မည်။ ပထမဆုံး ဦးခေါင်းက အရေးကြီးတာဖြစ်သည်။

သို့သော် ကားကို မှောင်ရိပ်ထဲကနေ မီးတိုင်တားထိ တိုးမောင်းလာလိုက်ရသည်။ အလင်းရောင်ရဖို့ရယ်၊ လူတွေ တစ်မျိုးမထင်ဖို့ အတွက်...

စက် ရွေးစို့လာသည့်နဖူးကို ဖြစ်သလို တစ်ချက်ပွတ်ပစ်ပြီး ကောင်မလေးမျက်နှာပေါ်က ဆံပင်တွေကို အသာလေး တွန်းချလိုက်သည်။

ပထမဆုံး ထင်းခနဲမြင်လိုက်ရသည်က ခပ်မော့မော့မျက်နှာဝင်း ဝင်းထက်က ကော့စင်းနေသည့် နှာတံလေးဖြစ်၏။

သွယ်ကျနေသော မျက်နှာလေးမှာ မေးဖျားလေးကလည်း လှ





သည်။ မျက်လုံးနေရာမှာ သွေးတွေလားဟု ထိတ်လန့်ကာ လှမ်းတို့ ဆိုက်တော့ ကော့နက်သော မျက်တောင်ရှည်များသာဖြစ်နေသည်။

စက် ဟူးခနဲ သက်ပြင်းချရင်း တော်တော်လှတဲ့ ကောင်မလေးဟု သည်း တွေးလိုက်မိသည်။

ပြီးတော့ သူမ ဦးခေါင်းလေးကို ဟိုဒီ လိုက်စမ်းကြည့်ရသည်။

"ဟင်..."

ဘယ်ဘက်ချိုင်းစောင်းနားမှာ ဒဏ်ရာပါလား။ လက်မှာ စွန်းထင် လာသည့် သွေးတို့ကြောင့် မျက်လုံးပြူးသွား၏။

ကားနဲ့တိုက်လိုက်မိတာ မှန်သည်။ ပြောရလျှင် ကိုယ်ကမှန်သည်၊ သူမက မှားတာ...

ဘယ်ကိုမှမကြည့်ဘဲ ကားလမ်းမကြီးပေါ်မှာ အပန်းဖြေ လမ်း လျှောက်သလို ခေါင်းငုံ့လျှောက်ရင်း လမ်းကွေ့ကို ရဲဝံ့စွာ ဖြတ်ကူး သည်။

သူလည်း အရမ်းမောင်းလာတာမဟုတ်ဘဲ ဖြစ်သွားပုံက မယုံနိုင် စရာဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် သူ မှားခဲ့တာ မဟုတ်သလို သူမကို သေလောက်အောင် မတိုက်မိခဲ့မှန်းလည်း ယုံကြည်သည်။

သူမကော ကိုယ်ကော ကံဆိုးစွာ သေကွင်းသေကွက်ကို ထိခိုက် မိသွားတာမျိုးဆိုလျှင်တော့ သွားပြီ။

သွေးစွန်းထားသည့်လက်ကို ဖိဆုပ်ချေပစ်ရင်း စက် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

သေသွားရင် ဘယ့်နှယ်လုပ်မလဲဟု တွေးမိကာ မိတ်ဆွေဆရာဝန် တစ်ယောက်ကို သတိရလိုက်မိ၏။

ဟုတ်သည်၊ ခုချိန်ဆို ဒီလူ အိမ်ပြန်ရောက်လောက်ပြီ။

ဆုံးဖြတ်ချက်မလာမီ ကားကို ထိုဆီသို့ မောင်းထွက်လာခဲ့၏။

www.burmeseclassic.com



ဒဏ်ရာကို နောက်ထပ်တစ်ခါ လှမ်း၍စမ်းကြည့်မိပြန်သည်။ ဆံပင်တွေထဲမှာပဲ သွေးတွေရှိနေကာ စီးကျဆင်းမှုများလာခြင်းတော့ မရှိသေး။

ဒါပေမယ့် ခေါင်းမှာ ဒဏ်ရာရသည့်အဖြစ်ကို လျှော့တွက်လို့မရ။ ကောင်မလေးကြည့်ရတာ ကျောင်းသူလေးပဲဖြစ်ဖို့ များနေသည်။

အာရုံကြောတွေ ဘာတွေ ထိခိုက်ကုန်လျှင် ခက်ပြီ။

စက်က ကားကို ဂရုစိုက်မောင်းရင်း ကူရှင်ပေါ်မှာ မျက်နှာလေးမှေးတင်ကာ သတိလစ်နေသည့် ကောင်မလေးကိုလည်း တကြည့်ကြည့်နှင့်...

စက်၏ကား ဆရာဝန်အိမ်သို့ မရောက်ခင် မှောင်ရိပ်တစ်ခုမှာ တုံ့ရပ်သွား၏။

ပြဿနာပဲ...

မိုးကောင်းကင်၏ကား...

သူနှင့်သိပ်မဝေးသော အလင်းရောင်အောက်မှာ ရပ်ထားသည်။ ကားပေါ်မှာ မိုးကောင်းကင် ရှိနေတာကိုလည်း မြင်နေရ၏။

သူမသည် ခုမှ ကားပေါ်တက်၍ စက်နှိုးနေတာဖြစ်သဖြင့် မျက်နှာမော့၍ ရှေ့ကိုကြည့်လိုက်တာနှင့် သူ့ကားကို မြင်သွားမည်။

သူမ ရှေ့ရှုမောင်းနှင်လာမှာကလည်း သူ့ကားရှိရာကိုပဲဆိုတာ ချက်ချင်း တွက်လိုက်မိပြီး စက်က ကောင်မလေးလက်မောင်းတစ်ဖက်ကို သူ့ဘက်ဆွဲလှဲချလိုက်သည်။

ကောင်မလေး သူ့ပေါင်တစ်ဖက်မှာ ခေါင်းလေးတင်ကာ ခွေခေါက်ပုံကျသွား၏။

"ဟူး..."

မိုးကောင်းကင်၏ကား ရှေ့ကို အနည်းငယ်တိုးသွားသည်။ ဒါပေမယ့် ရှေ့ဆက်ထွက်မလာဘဲ ရပ်နေ၏။





စက် သူမကားရှေ့မှာ ဖြတ်ထွက်လာခဲ့ရင်း သက်ပြင်းတစ်ချက် ရှုတ်ထုတ်လိုက်မိပြန်သည်။

ထပ်၍သေချာတာတစ်ခုက မသင်္ကာမျက်လုံးများနှင့် မိုးကောင်းကင် သူ့ကားနှင့် ခပ်လှမ်းလှမ်းကနေ လိုက်ပါလာမှာပဲဖြစ်၏။

ရည်ရွယ်ရာတွေ ပြောင်းလဲကုန်ကာ ကားကို ကိုယ့်ခြံဝန်းထဲကိုပဲ မောင်းဝင်လာခဲ့မိ၏။

မတတ်နိုင်တော့ပါ။

ဒေါက်တာသန်းဇော်ကို အိမ်လာဖို့ပဲ ဖုန်းဆက်ရတော့မည်။

မိုးကောင်းကင် ဆိုသည့် မိန်းမကို သူ ကြောက်၍မဟုတ်ပါ။ နေရာဒေသမှာ ဂရုစိုက်ဖို့ မလိုပေမယ့် 'မင်းစက်ရာ'ဆိုသောယောက်ျား၏ကိုယ်ပေါ်မှာ လိပ်ပြာနားတာတောင် မကြိုက်တတ်သည့်မိန်းမတစ်ယောက်အမြင်မှ ခုလိုမြင်ကွင်းမျိုးကို ဘယ်လိုမှ ကျေနပ်ရပ်ကျန်ခဲ့မှာမဟုတ်။

ကားနဲ့တိုက်မိတာဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် ဒီမိန်းကလေးကိစ္စထဲ သူမ ပါဝင်လာမှာပဲဖြစ်သည်။

ထိုအခါ သူနှင့်ကိုယ် လင်မယားတော်သည့်ကိစ္စကြီးက ရှုပ်ရှုပ်ယှက်ယှက်ဖြစ်လာရဦးမည်။

ဘာဖြစ်ဖြစ် ကိုယ့်ကိစ္စ ကိုယ်ပဲရှင်းမည်။ သူ ခြံတံခါး ပြန်ပိတ်လိုက်စဉ် မိုးကောင်းကင်၏ကား အသွားအပြန် နှစ်ခေါက်လောက်ကိုပဲ မြင်နေရသေးသည်။

"ဦးတိုး သူ့ကား ရပ်သွားသေးလား"

ခြံစောင့်ဦးတိုးက ခေါင်းခါပြပြီး ပြုံးလိုက်၏။

"ကားတောင်မရပ်ပါဘူး။ နှစ်ခေါက်လုံး လှည့်ပဲကြည့်သွားတယ်၊ ဆရာပါ။ သူ လူလေးကို ခွင့်မတောင်းဘဲ ဝင်လာရဲမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ဦးတိုး တံခါးနားမှာပဲ သွားနေလိုက်တော့၊ တော်ကြာ ဆရာဝန်လာမှာ"

သူ အခန်းထဲ နောက်တစ်ခေါက် ပြန်ဝင်လာခဲ့သည်။

ကောင်မလေး မေ့မြောနေဆဲ။ အိမ်မှာ ဦးတိုးနှင့်သူပဲ ရှိသည်။

အိမ်ဖော်မရှိ၊ လူပိုမရှိ…

ဒီကို ဝင်ထွက်ဖူးတာ ဦးအောင်တစ်ယောက်ပဲရှိ၏။ ရန်ကုန်ကို သူ ခဏတစ်ဖြုတ်ပဲရောက်လာတတ်တာဖြစ်ကာ ရောက်လာတိုင်း ဒီမှာပဲနေသည်။ အမြဲနေတော့ဖို့ ဖြစ်ခဲ့တာက ဘာကြာသေးလို့လဲ။

သူ့ဘဝမှာ အဖေတစ်ခု သားတစ်ခု ဘဝကနေ အဖေ့အတွက်နဲ့ အဖေ့အသက် အဖေ့မျှော်လင့်ချက်တွေပြည့်ဖို့ သူ့ဘဝကို ပေးဆပ်ခဲ့သည်။

"မိုးနဲ့သား လက်ထပ်မှဖြစ်မယ် သား၊ ဆရာကြီးဟာ အဖေတို့ရဲ့ ကျေးဇူးရှင်၊ အလုပ်ရှင်နဲ့ အလုပ်သမားလို နေခဲ့ကြတာမဟုတ်ဘူး။ ညီအစ်ကိုလို တိုင်ပင်ခဲ့ကြတာ၊ အားကိုးခဲ့ကြတာ။ သူတို့အဆင့်အတန်းနဲ့ သားကို သမီးဖြစ်သူနဲ့ လက်ထပ်ဖို့ ဖွင့်ပြောလာတာကိုက အဆင့်အတန်းမခွဲတတ်တာ နူးညံ့မြင့်မြတ်တာကို ပြတာပဲ"

အဖေက စပြောလာပြီဆိုကတည်းက အားလုံးကို ကတိပေး စီစဉ်ပြီးပြီဆိုမှ အသိပေးတာမျိုးဖြစ်သည်။

"သား ကျောင်းဆက်တက်ရမယ်"

ဟု ဆယ်တန်းမှာ ဂုဏ်ထူးတွေတစ်သီကြီးနှင့် အောင်တုန်းက လည်း အားတက်သရော ရှိခဲ့သည်။

ဘွဲ့ရပြီး နိုင်ငံခြားသို့ ပညာတော်သင်သွားဖို့ဖြစ်လာတော့လည်း…

"သား ပညာတော်တာပဲ ဘာလို့မသွားနိုင်ရမှာလဲ၊ သွားကိုသွားရမယ်"





အဖေ အားရိုပါးရို ပညာတွေ သင်ပေးခဲ့တာ အားလုံး မိုးကောင်းထင်တို့သားအဖ၏ ထောက်ပံ့ကူညီမှုတွေမှန်း သူ ရိပ်မိခဲ့သည်။

ဒါပေမယ့် ပညာလိုချင်သည့်စိတ်နှင့် သူ လမ်းအတိုင်းပဲ လျှောက်ခဲ့မိ၏။ လမ်းဆုံးတော့ သူ ပန်းဝင်ခဲ့ရသည်က မိုးကောင်းနှင့် လက်ထပ်ထိမ်းမြားခဲ့ရသော မင်္ဂလာဧည့်ခံပွဲကြီးဆီသို့…

အဖေက အတိုင်ပင်ခံအလုပ်သမားဆိုပေမယ့် စက်ကိုတော့ အဖေက ထိုတိုက်ကြီးခြံကြီးထဲသို့ တွဲသွင်းခိုင်းစေခဲ့တာ မရှိပါ။

ထို့ကြောင့် တစ်ခါတစ်ရံသာ ရောက်ဖူးခဲ့သည့် ထိုအိမ်ကြီးက မိုးကောင်းကင်ကိုလည်း သူ စိတ်မဝင်စားခဲ့၊ ရင်းလည်းမရင်းနှီး။

မိုးကောင်းကင်နှင့်ဆုံမိတိုင်း သူမ၏ အထက်စီးဆန်သည့်အကြည့်များကိုလည်း စိတ်ထဲမှာ ထည့်မရခဲ့ဖြစ်ခဲ့သည်။

ပြီးတော့ ကိုယ်နှင့်လည်း သက်တူရွယ်တူမဟုတ်။ တစ်နေ့ ကိုယ်လက်ထပ်ရနိုင်သည်ဟု အနည်းငယ်မျှပင် မတွေးမိခဲ့ပါ။

တကယ်ဖြစ်လာတော့ ဘယ်လိုမှ ကြိတ်မှိတ်မနေခဲ့နိုင်။ အရွယ်မတူ၊ အဆင့်အတန်းမတူဘဲ ပညာသင်ပေး ထောက်ပံ့ကြေးတွေနှင့် ဒါဟာ သက်သက် ကုပ်နှိပ် နိုင်စားခြင်းပဲဟု ယူဆ၏။

မိုးကောင်းကင်ကို သူ မလွှဲရှောင်သာသော ဆက်ဆံခြင်းများမှလွဲ၍ သာယာပျော်ဝင်ခဲ့သည်ဆိုတာ မရှိခဲ့။

အဖေ ဆုံးသွားသည်နှင့် သူ ထိုမိန်းမနှင့် အဝေးဆုံးသို့ ထွက်သွားခဲ့၏။ ကိုယ့်ပညာဖြင့် ရှာဖွေစုဆောင်းရင်း ဒီတိုက်နှင့်ခြံကို ဝယ်ခဲ့သည်။

"မင်းကို တို့က ချစ်လို့လက်ခံခဲ့တာ၊ ဂုဏ်တွေ ပကာသနတွေနဲ့ ဘာမှမဆိုင်ဘူး"

မိုးကောင်းကင်ကလည်း မာနကြီးသည်။

ချစ်တာကို ဝန်ခံခဲ့ပေမယ့် တောင်းပန်ခဲ့တာမဟုတ်…



www.burmeseclassic.com

www.burmeseclassic.com



သူသွားမှာကိုလည်း မတားး ပြန်လာလျှင်လည်း ကြည်ဖြူသည်။

"ကြိုက်သလို မင်းနေလိုက် ရတယ်၊ တို့ သည်းမခံနိုင်တာကိုတော့ မလုပ်နဲ့"

ခွင့်ပြုလိုက်ပုံက ကြိုးတုပ်ပြီးမှ လွှတ်ပေးလိုက်သလိုမျိုး။ သူ ဂရု မစိုက်ပါ။

အဖေနှင့်အတူတူ အလုပ်လုပ်ခဲ့သော၊ သူနှင့်လည်း ဦးလေးသားရင်းလို ခင်မင်ရင်းစွဲရှိခဲ့သည့် ဦးတိုးတစ်ယောက်ကိုပဲ အနားမှာထားကာ ထင်သလိုနေခဲ့သည်။

ကြာတော့လည်း လင်မယားတော်ခဲ့ကြတာကိုတောင် မေ့ချင်ချင် သူလည်း သပ်သပ်နေ၊ စက်ကလည်း ထင်ရာလွင့်နေခဲ့သည်။

ဒါပေမယ့် ဘယ်အချိန် ပြန်ဆုံပါစေ မိုးကောင်းကင်ကတော့ သူ့ဘက်က အုပ်ရုပ်စိုးမိုးဖို့ကိုသာ…

"အား…"

သူ မေးစေ့ အိပ်ပျော်လုလုဖြစ်နေစဉ် နားထဲမှာ ညည်းသံသဲ့သဲ့ကြောင့် မျက်လုံးတွေ ဖွင့်ကြည့်လိုက်မိသည်။

သူ လှမ်းကြည့်လိုက်ချိန်တွင် ကောင်မလေး မျက်လုံးတွေဖွင့်နေပြီဖြစ်ကာ ခေါင်းကပတ်တီးကို စမ်းကိုင်လိုက်မိရင်း ကိုယ်ကိုယ်တိုင်ဘာဖြစ်ခဲ့သည်ကို စဉ်းစားနေပုံလေးနှင့်…

"ဟင်…"

မျက်ဝန်းတွေမှာ ချောက်ချားဟန်တွေ ချက်ချင်းဖြစ်လျက် အခန်းကိုလည်း ဝေ့ကြည့်၏။

လှဲနေရာမှနေ အတင်း ကျုံးထလိုက်သည်။

"အား…"

"ဟေ့ မထနဲ့ဦးလေ၊ မင်း ခေါင်းမှာ ဒဏ်ရာရထားတာ"





"ဟင်… ရှင်… ရှင်…"

ခရင်းဘတ်ဒ်ပေါ်က ထလာတာပေမယ့် ဒီအခန်းထဲမှာ ဒီလူရှိနေတာ။ မိတ်ကပ်ရောင်ဖျော့ဖျော့နှင့် ပြောင်လက်နေသော ရွှေအိုရောင်ခေါင်းကြမ်းခင်းနံရံတွေက မှန်ချပ်များအတွင်းမှ ကာထားသည့် အဝါနုနု ကန့်လန့်ကာကြီးတွေ…

ဖိတ်ဖိတ်လက်နေသည့် တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်ပြီးမှ ကိုယ့်ထံလျှောက်လာသူဆီ အကြည့်တွေ ပြန်ရောက်လာ၏။

ဒီလူ ဘယ်သူလဲ၊ ငါ ဘယ်ရောက်နေတာလဲ…

ကားနှင့်တိုက်မိလိုက်မလို မှတ်မိသော်လည်း လက်ရှိအခြေအနေနှင့် ရုတ်တရက် ဆက်စပ်လို့မရ။

အစိမ်းပုပ်ရောင် ချည်ချောပုဆိုး ကွက်စိပ်နှင့် စွတ်ကျယ်ချိုင်းပြတ်အဖြူကို ဝတ်ထားသည့်လူ…

လှိုင်းတွန့်ရေးရေးနှင့် ဆံပင် မတိုမရှည်ရှိကာ နားသယ်ဆံစပ်မှနေရေးရိပ်ရိပ်ဆင်းကျလာသော စိမ်းပြာသည့်ပါးမြိုင်းမွေးက မီးရောင်အောက်မှာပင် ဒီတိုင်းမြင်နေရသည်။

မျက်ခုံးထူထူက နက်မှောင်နေတာမဟုတ်ဘဲ စိမ်းသည့်ကများ၏။ မျက်ဝန်းတို့က ခပ်တွန့်တွန့်မျက်ခုံးတို့အလယ်မှာ အကဲခတ်ဖို့ မလွယ်လောက်အောင် သိပ်သည်းမှုတွေ ဖြစ်နေ၏။

ချောမွေ့သန့်စင်နေသော ဤယောကျ်ားသည် သူမရှိနေသော အဝါရောင်အပွင့်ခက်ကြီးတွေပါသည့် မွေ့ရာ၏ဘေးမှာ ခုံပုလေးတစ်လုံး ဆွဲထိုင်လိုက်ပြီး…

"မင်းနာမည် ဘယ်သူလဲ"

ဟု မေး၏။

"ရွှယ်စုး"



www.burmeseclassic.com

www.burmeseclassic.com



"ရွှယ်စုးတဲ့လား"

နာမည်ကို လိုက်ခေါ်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ခေါင်းကဒဏ်ရာ ဘယ်လိုနေလဲ၊ နေသာထိုင်သာ ရှိရဲ့လား"

"နည်းနည်းနာတယ်"

"အင်း နည်းနည်းများတယ်လို့ ပြောတယ်၊ နာဦးမှာပေါ့"

သူက ဒူးနှစ်ဖက်ပေါ် တံတောင်နှစ်ဖက်ထောက်ထားပြီး လက်ဖဝါးချင်းဆုပ်ထားသည်။

ရွှယ်စုးကို မျက်မှောင်ကြုတ်၍ တစ်ကိုယ်လုံးကို ငေးကြည့်ပြီး—

"မင်း ကိုယ့်ကားနဲ့တိုက်မိတယ်၊ မှတ်မိတယ်နော်"

ရွှယ်စုး ခေါင်းညိတ်၏။

"အဲဒီကတည်းက မင်း သတိလစ်သွားတာ၊ အခု ဆယ့်နှစ်နာ ထိုးနေပြီ"

"ဟင်..."

"ကြားထဲမှာ ခဏခဏညည်းတယ်၊ ခေါ်တော့မရဘူး၊ ဆရာဝန် စိုးရိမ်စရာမရှိဘူး။ သူ့ဟာသူ သတိရလာမယ်ဆိုတော့ ကိုယ်လဲ ဒီတိုင်း ထိုင်ကြည့်နေခဲ့တာ"

စကားပြောနေရင်း ထိုသူက ရွှယ်စုးကိုလည်း အကဲခတ်သ ကြည့်၏။

"မင်းကို ဒီထိသယ်လာရတာက မင်း သတိမရတာရယ်၊ ကို ကားနဲ့တိုက်မိလို့ဒဏ်ရာဖြစ်ခဲ့ရတာရယ် ဒါပဲ၊ အဲဒီထိ ယုံရဲ့လား"

ရွှယ်စုး ခေါင်းညိတ်၏။

"အခု ဒီအချိန်ဖြစ်နေပြီ၊ ပြော ကိုယ် ဘာလုပ်ပေးရမလဲ"

ရွှယ်စုး ခေါင်းခါသည်။

မျက်ရည်တို့က တမင်ရိုက်ပုတ်ထုတ်သလို ချက်ချင်း ပြိုကျလာ





"ဟော့..."

ထိုသူ့မျက်နှာမှာ အံ့သြရိပ်ထင်သွားပြီးမှ တင်းမာသွားခဲ့၏။

"မင်း ဘာလို့ငိုတာလဲ၊ ဒဏ်ရာကြောင့်လား၊ ကိုယ်ပြောတာကို လား"

ရွှယ်စုး ခေါင်းကဒဏ်ရာက နာပါသည်။

အင့်ခနဲရှိုက်မိတာတောင် ကိုက်ခဲ့မူးဝေသွားသည်။ ဒါပေမယ့် မျက်ရည်ကျလာသည်က ဒါကြောင့်မဟုတ်။

"မင်းတို့ အဲ... ကိုယ့်နာမည်က 'မင်းစက်ရာ'၊ မင်းကို ဒီခေါ်လာ တာ အခြေအနေအရနော်၊ ကိုယ့်ဘက်က တမင်တကာ မရှိဘူး။ အခု အချိန်လွန်နေပြီ၊ မင်း ဘယ်ကိုပြန်မှာလဲ၊ ဘယ်ကို ကြောင်း ပြားပေးရမလဲ၊ အဲဒါပြော။ အဲဒါမေးဖို့ပဲ ကိုယ် ထိုင်စောင့်နေခဲ့တာ"

မင်းစက်ရာဆိုသည့်လူကို ရွှယ်စုး မော့ကြည့်မိသည်။

"ဦးမင်းစက်ရာကို ရွှယ်စုး ယုံပါတယ်၊ ဒါ တမင်တကာမဟုတ်မှန်း ရွှယ်စုး သိတယ်။ မှားခဲ့တာလဲ ရွှယ်စုးပဲ"

"ဟုတ်ပြီ၊ မင်း ဘာလုပ်မှာလဲ၊ ကိုယ် ဘာလုပ်ပေးရမလဲ ဆက် ပြော"

"ရွှယ်စုး..."

"ဟော့ အကြောင်းကြောင်းတွေ တွေးမနေနဲ့တော့၊ ဆယ်နှစ်နာရီ ကျော်နေပြီ၊ သွားနိုင်လာနိုင်ရင်လဲ ထ၊ ဒါမှမဟုတ် ဘယ်ကိုဖုန်းဆက် ပေး မင်းရဲ့လူကြီးမိဘတွေ ဒီကိုရောက်လာကြရင်တော့ နားလည် သွားမှာပါ။ ဒေါက်တာသန်းဇော်လဲ ရှိတယ်၊ သူ အခြေအနေကို ထောက် ခံပေးလိမ့်မယ်။ ခုချိန်မှာ ဘာလုပ်လုပ် အချိန်မီပါတယ်၊ မင်းပြော"

ရွှယ်စုး မျက်ရည်တွေ ထပ်ဝေ့လာသည်။ ပြန်စရာ အိမ်ရှိ မကြာတော့သည့်ရက်အနည်းငယ်အတွင်းမှာ ဆုံးတော့မည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ မနက်ဖြန်မပြောနဲ့ ဒီတစ်နေ့လုံး သူမ ဘာမှ မစားရသေး။ ဒါကို ဘယ်လိုပြောမလဲ။

ကြို့ကိမရှက်၊ ဝေ်မရှက် ဆိုသည့်စကားရှိပေမယ့် ရွှယ်စူး အရှက် အကြောက်တရားတွေ ရှိနေသေးသည်။

ဆာလို့သေသွားပါစေ အံကြိတ်နေနိုင်ပေမယ့် သွားစရာမရှိသည့် ကိစ္စကို ဟန်ဆောင်နေလို့မရနိုင်။

တစ်ရက်တည်း၊ တစ်ပတ်တည်းနေလို့ ရတော့မည့်အိမ်ခြံဝန်း ဟန်ဆောင်ပန်ဆောင် ပြန်သွားဖို့ထက် အကြောင်းတွေ တိုက်ဆိုင် တုန်း ကိုယ့်ဒုက္ခကို ဖွင့်ပြော အကူအညီတောင်းချင်သည့်စိတ်တို့ ပေါ်လာခဲ့သည်။

သို့သော် ပြောရမည့်သူက ယောကျ်ားတစ်ယောက်ဖြစ်နေသ စကားလုံးတို့က နှုတ်ခမ်းများကနေ ရှေ့ဆက် မထွက်နိုင်ဘဲဖြစ်နေ သည်။

ဒီတိုက်ကြီးထဲမှာ လူတွေ ဘယ်နှစ်ယောက်ရှိသလဲ၊ ခုချိန် တခြား တစ်စုံတစ်ယောက်ကို ရွှယ်စူး မမြင်ရသေးပါ။

"ရွှယ်စူး"

"ရှင်"

စက်အသံက တရားခံတစ်ယောက်ကို အမိကမေးခွန်း မေး မှာမို့ ပို၍လေးနက်စေလိုက်သလို အာဏာဆန်နေ၏။

"မင်း တစ်ခုခုကို ကြံစည်နေပြီထင်တယ်၊ နေဦး လောလော အနီးစပ်ဆုံးကိုမေးတာတောင် မင်း မဖြေသေးဘူး၊ တခြားထပ် လူးမှာမဟုတ်ဘူး။ အဲဒီတော့ မင်းကို ကိုယ်မေးမယ်၊ စိတ်တော့

သူက ရွှယ်စူးကို စူးစိုက်ကြည့်၍ ခဏငြိမ်သွား၏။

"မင်း ကိုယ့်ကားရှေ့ကို တမင်ဖြတ်ဝင်ပစ်လိုက်တာလို့ ကို





တွေးမိလာပြီ။ အဲဒီတော့ သေချင်လို့ အဆုံးစီရင်တာလား၊ နောက်ထပ် ဓာတ်လမ်းတွေ ထပ်လုပ်ချင်တာလား"

"ဟင်…"

မာနု…

ရွှယ်စူးကိုယ်လေး သိသာစွာ တောင့်မတ်သွားသည်။

စက်မျက်နှာကို မထင်မှတ်သော အင်အားများဖြင့် စူးစူးရဲရဲ ပြန်ကြည့်မိသည်။ စက်က ရွှယ်စူးမျက်ဝန်းကို ဂရုမစိုက်။

"ဘာပဲဖြစ်ဖြစ် မင်းမှာ ပြဿနာတစ်ခုခုရှိနေလို့ပဲ မဟုတ်လား၊ ကိုယ့်ကားနဲ့လဲ တိုက်မိထားတာမှန်တယ်၊ အဲဒီတော့ မင်းရဲ့ကျန်းမာရေးအတွက် ထိုက်သင့်သလောက် ကိုယ်ပေးလိုက်မယ်၊ မင်း ပြန်လို့ရပြီပေါ့"

"ဦးမင်းစက်ရာ"

"ဘာလဲ"

ရွှယ်စူး နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်လာတာ ဒေါသရော ရှက်တာရော ဆာလောင်ချည့်နဲ့ခြင်းများလည်း ပါ၏။

"ရွှယ်စူး အဲဒီလိုမိန်းကလေးမဟုတ်ဘူး"

"ဒါဆိုလဲ ရှင်းနေတာပဲ၊ မင်း ဘယ်ကိုပြန်မှာလဲ၊ မင်းမိဘ ဘယ်သူ ထဲ ပြော"

"ရွှယ်စူးမှာ မိဘတွေ မရှိတော့ဘူး"

စက်က နှုတ်ခမ်းစေ့လျှက်ပြုံးလိုက်၏။

ထိုမဲ့ပြုံးကို ရွှယ်စူး မြင်နေပါသည်။

သို့သော် ဒါဟာ အမှန်တရားပဲဖြစ်လေရာ…

"ရွှယ်စူးမှာ အုပ်ထိန်းမယ့် မိဘမောင်ဘွား အကြီးအကဲ ဘယ်သူမှ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း မွေ့ရာထက်မှ ဖြည်းလေးစွာ ထရပ်လိုက်သည်။ စက်ကလည်း နေရာမှ ထရပ်ကာ ခပ်နွဲ့နွဲ့ ခါးထောက်၍ ရွှယ်စူး လှုပ်ရှားသမျှကို လိုက်ကြည့်နေသည်။

ရွှယ်စူး ထိုမျက်လုံးတို့ကို ကျောခိုင်းနေပြီးမှ ဆက်ပြော၏။

"မမ ဆုံးသွားတယ်၊ ကိုလေးက ထောင်ကျသွားတယ်၊ အိမ်ထောင်ဦးစီး အပေါင်ဆုံးတော့မှာ၊ ဒါတွေဟာ ဒီလပိုင်းရက်ပိုင်းမှာပဲ ဇုန်ပြုဖြစ်သွားခဲ့တာတွေ။ တစ်နေ့လုံး ရွှယ်စူး ပန်းခြံထဲမှာ ထိုင်နေတာပါ၊ အဲဒီကထပြန်လာတော့ ဦးမင်းစက်ရာ ကားနဲ့ တိုက်မိတာ..."

ရွှယ်စူးက စက်ကို မျက်နှာအနည်းငယ်စောင်း၍ လှည့်ကြည့်ကာ...

"ပြောပြသင့်လို့ ပြောပြတာ၊ ယုံပါလို့ မပြောပါဘူး၊ ဒါပေမယ့် ရွှယ်စူး အခြေအနေမှဲ့နေတိုင်း သိက္ခာကတော့ မနည်းသေးဘူး၊ ဦးမင်းစက်ရာ ကျွန်မကို ငွေပေးဖို့လဲမလိုဘူး၊ လိုက်ပို့ဖို့လဲမလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ကြောင်းမှ ကျွန်မအတွက် ပူပင်သောက ထားပေးမယ့်သူ မရှိသလို ဆင်းရဲနေတဲ့သူ ငွေမရှိတာ ဆန်းတာမှမဟုတ်တာ"

ရွှယ်စူး နှုတ်မဆက်ပါ။

စက်ရှေ့ကနေ ထွက်လာခဲ့မိသည်။ ရိုက်ရုံပဲချိတ်ထားသည့် တံခါးကို ကိုယ်တိုင် ဖွင့်ထွက်ခဲ့သည်။

"မိန်းကလေး..."

ခြံဝကျတော့ ခေါင်းတွေ မူးဝေနေပြီဖြစ်၏။ ခြံစောင့်လူကြီးအား မျက်လုံးပြူးနှင့်ကြည့်ပြီး အံ့ဩသောအသံနှင့် ခေါ်၏။

"ရွှယ်စူး ပြန်မလို့ပါ၊ တံခါးဖွင့်ပေးပါ ဘာဘ"

လူကြီးက ရွှယ်စူး တစ်ကိုယ်လုံးကို စူးစူးစမ်းစမ်းကြည့်သည်။





ပြီးတော့ တိုက်ကြီးဆီသို့လည်း လှမ်းကြည့်၏။

ခြံတံခါးဖွင့်ပေးလိုက်သည်နှင့် ညဥ့်၏တိတ်ဆိတ်မှုက တစ်ကိုယ်လုံးကို ဆွဲညှစ်ပစ်လိုက်သလို...

ရွှယ်စူး လက်ကလေးပိုက်လိုက်သည်။ အမှောင်ထုကိုမကြည့်ဘဲ မြေပြင်ထိပ်ကိုသာ ငုံ့ကြည့်လျှောက်၏။

ရင်ထဲမှာ တလှပ်လှပ်တုန်နေသည်။

သစ်ရွက်လှုပ်သံ၊ ငှက်မြည်သံလေးမှ မကြားရတော့သည့် ညဥ့်၏ ကာလအောက်မှာ ခေါင်းနားပန်းကြီးနေခဲ့ခြင်းက ဘယ်လိုဖျောက်ဖျောက်လို့မှ မရခဲ့ပါ။

နီကျင်ကျင်မီးတိုင်တို့ကို အတော်ဝေးကွာစွာ ထားရှိသည့် လမ်းသွယ်လေးထဲမှာ အားလုံးဟာ မှောင်မိုက်လျက်ရှိ၏။

သေးအဖြူနှင့်ခြံတံတိုင်းအချို့ကို မြင်ရတာရှိသည်၊ မမြင်ရတာရှိသည်။ လမ်းသည် မြက်ခင်းသစ်ချုံကလေးများကြားထဲမှ အကောင်းတိုင်းမရှိတော့သော ကွန်ကရစ်ကျောက်သားတချို့ကို ကားဘီးရာလေးအတိုင်းပဲ မြင်နေရသည်။ ဤလမ်းသွယ်ထဲမှ လမ်းမပေါ်ရောက်သွားစေဦး မိန်းကလေးတစ်ယောက်အတွက် ဘေးအန္တရာယ်တွေ အများကြီးရှိသေးသည်။

မျက်ရည်စက်တို့ တသောသော ဆင်းကျနေရင်း ရွှယ်စူး ခြေလှမ်းတို့ အနည်းငယ်မျှ မရပ်ဘဲ ဆက်လျှောက်နေခဲ့သည်။

နောက်ပိုင်း ပြန်ဆုတ်ဖို့လည်း ဘယ်တော့မှ စိတ်ကူးမှာမဟုတ်။ ရှေ့ကို ကြောက်ကြောက်နှင့် ဖွတ်တိုးလျှောက်နေခဲ့သည့် ခြေလှမ်းတိုင်းမှာလည်း လွတ်မြောက်ရှင်သန်ဖို့အတွက် ခွန်အားများနှင့်မဟုတ်ပါ။

'ဘုရားတပည့်တော်မ သေပါရစေ'

'ဒီခြေလှမ်းများမဆုံးမီ သေပါရစေ အရှင်ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီထက်ဆိုးရွားသော ဒုက္ခများကို ရင်မဆိုင်ရမီ ဒီနေရာမှာပဲ ဖုံးဖုံးလဲကျသွားပါရစေ'

ညဥ့်လေတဖြူးဖြူးက မျက်နှာရှေ့ကနေ တဖျန်းဖျန်း ရိုက်ခတ်နေသည်။ သို့သော် ရွယ်စုးကိုယ်မှာ ချွေးစေးတို့ဖြင့် စိုရွှဲနေခဲ့၏။

ညဥ့်အမှောင်သည် ဝတ်ရုံမည်းကြီးနှင့် ကိုယ့်နောက်ကနေ တဖားဖားပြေးလိုက်လာနေသလို ဘုန်လှုပ်ချောက်ချားလာရင်း ကိုယ့် ခြေထောက်နှင့်ကိုယ် ခလုတ်တိုက်၏။

"အား..."

ရွယ်စုး ခွေခေါက်လဲကျသွား၏။

"အင်း... ကျွတ် ကျွတ်..."

ပြန်ထဖို့ လက်ထောက်လိုက်သည်။

လက်တို့က ခြောက်သွေ့နေသော ကျူရိုးတံများလို တဆတ်ဆတ်ပြန်ကျိုးကျကာ ဘယ်လိုမှမဟန်နိုင်။

ပတ်ဝန်းကျင်အမှောင်ကို အနည်းငယ်မှာ ဝေမကြည့်ရဲဘဲ မျက်လုံးတို့ကို မှိတ်ချပစ်လိုက်လျှင် ပိုရှုံမှောင်မိုက်ခြင်းထဲမှာ ရွယ်စုး တစ်ကိုယ်လုံး ချာချာလည်သွား၏။

သူမသည် အသိတရားအားလုံးတို့ကို ပျော်ပျော်ကြီး ကျော်နိုင်းစွန့်ခွာ၍...





အခန်း (၁၄)

"လူနာက ဒဏ်ရာကြောင့် မဟုတ်ပါဘူး။ ကိုယ်စိတ်အားကိုက တော်တော်နည်းနေတာ။ သူ သတိရအောင် မကြာမကြာ နှိုးပေးပါ။ သတိရလာရင် အစားတစ်ခုခုဝင်အောင် ကျွေး။ ဘာဖြစ်ဖြစ် ကျွေးလို့ရတယ်"

"ကောင်းပါပြီ၊ ဦးသန်းဇော်ကို တကယ်အားနာပါတယ်၊ ကျွန်တော် အာမှမလုပ်တတ်လို့ ထပ်ခေါ်လိုက်ရတာ"

"ရပါတယ်၊ ကျုပ်ကလဲ ညညဆို ကြက်အိပ်ကြက်နိုးပဲ အိပ်တတ်တာ အကျင့်ပါနေပြီ။ ဆေးပညာကို ဝါသနာကြီးခဲ့တော့ တစ်ရေးနိုးတာနဲ့ ဆေးကျမ်းတွေ ဆောင်းပါးတွေ ထထဖတ်တာလေ၊ အိပ်ရေးပျက်တယ်လို့ မရှိဘူး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒီပြင်ဆရာဝန်နဲ့ဆိုလဲ ဒီကိစ္စက ခြေစ်လို့ပါ။ ထပ်တောင်းပန်ပါတယ်"

ဒေါက်တာသန်းဇော်နှင့် စက် လက်ဆွဲနှုတ်ဆက်ရင်း အပြင်ထွက်လာခဲ့ကြသည်။

"ဂရုစိုက်ပေါ့ကွာ၊ ဒါမျိုးက ကာယကံရှင် ကျေနပ်သွားရင် အကြီးအကျယ် ဘာမှဖြစ်ဖို့မရှိပါဘူး။ သေလောက်တဲ့ဒဏ်ရာ မဟုတ်ပေမယ့် သူ ကျေနပ်အောင် ကိုယ့်ဘက်က ဖာထေးတတ်ဖို့လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ပြီးမှ ဒေါက်တာသန်းဇော်က အကြံပြုသွားသေးသည်။ နာရီကြည့်လိုက်တော့ ညဉ့်နှစ်နာရီခွဲနေပြီ။

အိပ်ချင်စိတ်လည်း မရှိ။ အိပ်လို့လည်းရမှာ မဟုတ်တော့။ ရွှယ်ရုး ထွက်သွားပြီး သူ ရပ်ကျန်နေခဲ့သည်။

ဦးတိုး ရေးကြီးသုတ်ပျာ ဝင်လာ၏။

"စက် လူလေး လွှတ်လိုက်တာလား"

"သူ့ဟာသူ ထွက်သွားတာ..."

"ဟာ.. အဲဒီလို မလုပ်သင့်ဘူး။ မိန်းကလေးကြည့်ရတာ မိကောင်းဖခင် သားသမီးလေးပါ။ ဘယ်လိုအကြောင်းပဲရှိရှိကွယ် ခေါင်းမှာလဲ ဒဏ်ရာကြီးနဲ့ ဒီအချိန်ကြီး မိန်းကလေးတစ်ယောက်တည်း မသွားလာသင့်ဘူး။ ဦးတိုးက စေတနာနဲ့ပြောတာ၊ လိုက်ခေါ်လိုက်ပါကွယ်"

အစကတည်းက သင့်တော်ပါ့မလားလို့ တွေးနေမိသည်မို့ သူ နောက်ကနေ ကားနှင့်လိုက်ခဲ့သည်။

လမ်းသွယ်ဆုံးခါနီးလောက်မှာ ရွှယ်ရုး ဆိုသည့် ကောင်မလေး ပုံပုံကလေး သတိလစ်လဲကျနေသည်။

ဒါကတော့ တမင်တကာ ဘယ်လိုမှမဖြစ်နိုင်တာ သေချာပါသည်။ သနားစိတ်လေး တကယ်ဖြစ်သွားမိကာ သူမ ပြောသွားသမျှစကားတို့ကိုပါ ခေါင်းထဲ ထည့်မိလာသည်။

ဒရင်းဘတ်ဒ်ပေါ်မှာပဲ ထိုင်ချလိုက်မိရင်း ရွှယ်ရုးကို ကြည့်နေမိသည်။





အခန်း (၁၅)

လင်ပန်းတွေဘာတွေ ခံထားတာမဟုတ်ဘဲ ကြီးမားသော ဖန်ခွက်ကြီးထဲမှာ ကော်ဖီတွေ အပြည့်။

ပြီးတော့ ဒီတိုင်းပဲဖွင့်၍ ချပေးထားသည့် မုန့်ဘူးကြီးတစ်ဘူး ဘေးမှာ ပါကင်မဖွင့်ရသေးသည့် ချောကလက်ဘူးလည်းရှိနေသည်။

"အဲဒီမှာ စားချင်တာ ယူစား၊ စားချင်စိတ်မရှိလဲ မျိုချကွာ၊ မဟုတ်ရင် မင်း အဲဒီခုတင်ပေါ်က ဆင်းနိုင်တော့မှာမဟုတ်ဘူး"

ရွှယ်ရုး သတိရလာသည်နှင့် ဒီနေရာကို ပြန်ရောက်နေသည့်အဖြစ်ကြောင့် အံ့ဩမဆုံးနိုင်ဘဲရှိစဉ် ပက်လက်ကလေးအတိုင်း ရှိနေသော သူမ မြင်ကွင်းထဲသို့ စက်အရိပ်ကြီး ပေါ်လာခဲ့တာဖြစ်၏။

ပြီးတော့ ရွှယ်ရုးကို သူပဲ ဆွဲထူပေးပြီး အဆင်သင့်လုပ်ထားပုံရသည့် စားစရာတွေကို မေးဆတ်ပြခဲ့သည်။

"ကိုယ်က သိပ်ဖျားတတ်တာမရှိဘူး။ ဖျားလဲ လူမမာစာ ဘယ်တော့မှစားတော့ အိမ်မှာ ဘာမှ ဆောင်မထားဘူး။ အချိန်ကလဲမရှိတော့ ရှိတာပဲလုပ်ထားရတာ။ မိုးလင်းမှ မင်းစားချင်တာ ဝယ်ကျွေးမယ် ဖြစ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်စုးက ခေါင်းမညိတ် ခေါင်းမခါဘဲ စက်ကိုသာ ကြည့်နေ၏။ စက်က အူကြောင်ကြောင် မေးသတ်၍…

"ဘာလဲ ဘာကြည့်နေတာလဲ၊ စားလေ"

"ရွှယ်စုးကို ဦးမင်းစက်ရာ ခေါ်လာတာလား"

"ဩော်… ခေါ်မလာဘဲ မဟာဓနကမင်းသားကို မေခလာ နတ်သမီး ပွေ့သလို ဒီအိမ်ရာပေါ် အလိုလိုရောက်လာတယ်များ ထင်နေသလား"

ရွှယ်စုးက ခေါင်းလေးခါပြသည်။

"မထင်ပါဘူး အဲ့ဒါလို့ ရွှယ်စုး သေပါစေလို့ ဆုတောင်းရင်း လဲကျသွားတော့ ဆုတောင်းပြည့်ပြီဆိုပြီး ပျော်သွားလိုက်တာ"

ဖြစ်ရလေဟု တွေးမိ၍ စိတ်မကောင်းလည်းဖြစ်မိသည်။ ပြုံးချင်ချင်လည်းဖြစ်၏။

"ရွှယ်စုးကို ဘာဖြစ်လို့ ပြန်ခေါ်လာတာလဲ"

ဟု ထပ်မေးတော့ ဘယ်လိုဖြေရမှန်းမသိ…

"အချိန်မတော်ကြီးမို့လို့ မနက်ကျမှ မင်းသွားပေါ့"

"အခု ဘယ်နှစ်နာရီထိုးပြီလဲဟင်"

"လေးနာရီ"

ရွှယ်စုးမျက်နှာလေး ငိုင်ကျသွားတာကို စက်က ကြည့်နေ၏။

"ဟော့ စားလေ"

ရွှယ်စုး စားစရာတွေဆီ အကြည့်ရောက်သွားသည်။

အသားတွေတုန်နေသော်လည်း စားချင်စိတ်တွေမရှိတော့တာ အဆာလွန်သွားတာလား မသိ။

"ချော့ကလက် ကြိုက်လား"

ဟု ပြောကာ ရွှယ်စုး စကားမပြန်မီ သူကိုယ်တိုင် ဖောက်ထုတ်ပြီး နှစ်ခုလှမ်းပေးသည်။





"ကော်ဖီနဲ့မျှောချလိုက်"

သူ့နိုင်းတာကို ဘာမှမလုပ်ဖြစ်ဘဲ ချော့ကလက်တို့ကို ကိုင်ထား၍ ရွှယ်စုး တောင့်တောင့်လေးထိုင်နေဆဲ။

"ရွှယ်စုး မင်း ဒီတိုင်းနေရင် ဘာမှရှေ့ဆက်လို့မရတော့ဘူးနော်"

ရွှယ်စုး မျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွားပြီး ချော့ကလက်တွေကို စားပွဲပေါ် လှမ်းတင်လိုက်၏။

"ဘာလုပ်တာလဲ"

"ဟင့်အင်း"

"ဟာ… ဘာလဲ၊ မင်းက ကိုယ့်ကို ပြန်ရွဲ့နေတာလား။ ရွှယ်စုး မင်းနဲ့ ကိုယ်က အနေသာကြီးနော်၊ ဝတ္တရားရှိလို့ စားခိုင်းနေတာ"

"နေသာသလိုပဲနေလိုက်ပါ။ စားချင်စိတ်မရှိဘဲ ဝတ္တရားအရ မျိုချလို့မရဘူးဆိုတာ ဦးမင်းစက်ရာ အဲဒီလိုဖြစ်တဲ့အခါ စာနာလာလိမ့်မယ်"

ရွှယ်စုး ခေါင်းကို ခါးပေါ်ပြန်ဆွဲတင်၍ မွေ့ရာထက်မှာ ပြန်လှဲချ၏။

"ခက်ပါလား"

စက် မွေ့ရာအစပ်မှာ ပြောင်းထိုင်ကာ ရွှယ်စုး လက်မောင်းလေးကို ဆွဲထူပစ်လိုက်သည်။

"မင်း ဒီနေရာမှာ တစ်ခုခုဖြစ်သွားမှ ပိုရှုပ်ကုန်မှာ၊ ထ… ကော်ဖီ သောက်"

"ဟင့်အင်း မသောက်ဘူး၊ မသောက်ချင်ဘူး"

"ဒါဆို မုန့်စား"

"မစားဘူး"

"မင်း…"

ရွှယ်စုး ပျော့နွဲ့စွာရှုန်းဖယ်ရင်း မျက်ရည်တွေကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်... ရှင် ဖယ်လေ၊ လွှတ် မစားဘူး၊ သေချင်လို့မစားတာ လုံးဝ မစားဘူး"

"ဘာဖြစ်လို့ သေချင်ရတာလဲ"

"ရွှယ်စုးမှာ..."

ခေါင်းထဲက တဒိုင်းဒိုင်း ဆောင့်ကိုက်လာရင်း မျက်လုံးတွေ ပြာလာသည်။ ထိုသူကို ပြောပြချင်စိတ်လည်း မရှိတော့ပါ။

နောက်ထပ်တစ်ခါ ချိုးဖဲ့နှိမ့်ချသည့် အပြောတွေကိုလည်း မကြားချင်။

"ရွှယ်စုး ငြိမ်ငြိမ်လေးလှဲနေပါရစေ"

ဟု တိုးသဲ့သဲ့လေးပြောရင်း သူ့ပခုံးတစ်ခြမ်းပေါ်မှာ ရွှယ်စုး မျက်ဝန်းလေးတွေ မှေးစင်းငိုက်ကျလာ၏။

"ရွှယ်စုး... ရွှယ်စုး "

"အင်း..."

ရွှယ်စုး ပခုံးလေးကို အမှတ်တမဲ့ ပွေ့ဖက်ထားမိကာ ကောင်မလေး တကယ်ဖြစ်နေရှာတာပါလားဟု စိုးရိမ်စိတ်တို့ဖြစ်လာခဲ့၏။

"ကိုယ် တောင်းပန်တယ် ကော်ဖီသောက်လိုက်ပါ၊ မင်း အကော်အခဲတွေကို နောက်ကော့ ပြောကွာ၊ ကိုယ် တတ်နိုင်သမျှ ဖြေရှင်းပေးမယ်"

မျက်ဝန်းတွေ မှိတ်ထားရင်း ကြားနေရသည်။ ဘာဖြေရှင်းပေးမှာလဲ၊ ငွေပေးပြီး ပြန်လွှတ်မှာပဲမဟုတ်လား။

ဒီနေရာမှာ သေသွားမှာစိုးလို့ ပျာယာခတ်နေတာ...

"ခုနေ ရွှယ်စုးကို ရှင် ပြန်ပို့ပေးရင် အချိန်မီပါတယ်၊ တောင်ဥက္ကလာ (၂)ရပ်ကွက်မှာ ရွှယ်စုးအိမ်..."

"နေဦး အဲဒါက နောက်မှ... မင်း... ကျွတ်..."





သူ ရွှယ်စုးမျက်နှာလေးကို မြင်ရအောင် ပက်လက်ကလေး ဖြစ်အောင် ဆွဲပွေ့ယူလိုက်ကာ...

"မင်းကို ကိုယ် ကူညီမယ်လို့ ကတိပေးတယ်၊ မုန့်ထစား၊ ခေါင်းတာမနေနဲ့ကွာ၊ မင်းသေမှာစိုးတာ စေတနာနဲ့ပြောနေတာပါ၊ အမှုပတ်မှာ စိုးလို့သက်သက် မဟုတ်ဘူး။ အစကတည်းက ဒီစိတ်ရှိနေရင် မင်း ထွက်သွားတာကို လိုက်ခေါ်ပါ့မလား"

ချော့လိုက်ရတာ၊ ပွေ့ပိုက်၍ တယုတယ၊ ကော်ဖီသောက်သည့် သက်လေးတွေ တုန်နေတော့ ကိုယ်တိုင် တစ်ဖက်နဲ့ ပွေ့ထားပြီး သေချာတိုက်နေသည်။

ငယ်စဉ်ကတည်းက အမိမဲ့ခဲ့သော...

အစ်မနှမလည်းမရှိ၊ ချစ်သူလည်းမရှိခဲ့ဖူးသော...

ကိုယ့်စနီးဆိုသည့် မိုးကောင်းကင်ကိုတောင် လက်ပွန်းတတီး ထယခဲ့ဖူးသည်မရှိသော...

စက် ခုမှ သက်ပြင်းတောင်မချအားဘဲ ချော့မော့ပြုစုနေရသည်။ ထိုယ့်အဖြစ်ကိုလည်း ရယ်လည်းရယ်ချင်၊ စိတ်လည်း ဗျက်မိပါရဲ့။

စားသောက်ပြီးမှ သူ လွှတ်ပေးလိုက်တော့ ရွှယ်စုး အိပ်ရာထဲမှာ ခွေခွေလေး ပြန်ကျသွား၏။

ခေါင်းကဒဏ်ရာကြောင့် ဒီလောက်ဖြစ်တာမဟုတ်လျှင် ရွှယ်စုး ဆိုသည့် ကောင်မလေး မစားမသောက်ဘဲ အသေခံဖို့ထိ သောကတွေ ရှိနေခဲ့တာ သေချာပါပြီ။

မေးမြန်းကြည့်ဖို့ထိ စက် စိတ်ဝင်စားလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဘာ… ဦးရန်အောင်"

နားကြားမှားသွားတာလား။ ဒီလောက် တိုက်တိုက်ဆိုင်ဆိုင်။

ပန်းရောင်စုံတွေ ဝေဆာနေသော မြို့တစ်ခုလုံးကို ငေးငဲ့လိုက်
ရင်း ရွှယ်စုးကတော့ သူ့ကိုမကြည့်ပါ။

ခုဆိုလျှင် အနီးဆုံးက စတိုးဆိုင်မှာ ပြေးဝယ်လိုက်ရသော အ
ရောင်တီရှပ်အကျီလေးနှင့် အဖြူအနက်ကျားပါသော စကတ်ပွပွ
က ရွှယ်စုးကိုယ်ပေါ်မှာ။

မျက်ကွင်းလေးတွေ ခပ်ညိုညိုနှင့် ချောင်ကျနေပေမယ့် မျက်တော
ကော့တို့က ပို၍ပေါ်လွင်နေကာ ရွှယ်စုး၏ ပါးမို့မို့ရဲရဲလေးတွေ
မြင်နေရသည်။

မမြင်မစမ်းနှင့် ကြည့်ရတုန်းကလည်း လှသည်။ မိုးလင်း
လည်း ဝင်းဝင်းစက်စက်လေးနှင့် လှနေ၏။

စက်က ရွှယ်စုးဘေးမှာ ရပ်နေရင်း မျက်တောင်ဖျားလေးတွေ
ငုံ့မိုးကြည့်နေခဲ့၏။





"ပြောပါဦး။ အဲဒီ ဦးရန်အောင်ဆိုတဲ့လူကို ဘယ်လောက်တောင်
ကြွေးတွေပေးဖို့ ရှိနေလို့လဲ"

"မသိဘူး။ မမက အဲဒါကို သေချာမပြောဘူး။ သူ့ကိစ္စ သူရှင်းမယ်
လို့ ဆုံးဖြတ်ထားရှာတာ"

ရွှယ်စုးပါးပြင်လေးများပေါ်သို့ မျက်ရည်ကြောင်းတွေ ဖြတ်ပြေး
လာသောအခါ စိတ်မကောင်းဖြစ်သွားမိ၏။

ဒီလောက်ထိ ဒုက္ခရောက်နေခဲ့သည့် မိန်းကလေးတစ်ယောက်
အပေါ် သူ မစုံစမ်းဘဲ ရိုင်းဖွဲ့နှိမ်ချပြောခဲ့မိသည်ကို နောင်တရ၏။

ရွှယ်စုး မျက်ရည်တွေကို လက်ခုံလေးနှင့် သုတ်ပစ်ပြီး ဆက်ပြော
သည်။

"ငွေများလို့ အိမ်ပေါင်ပြီးဆပ်ဖို့ ဆုံးဖြတ်တာနေမှာပေါ့၊ အဲဒီမှာ
တိုလေးက ဂရန်ကို ယူသွားတာ"

အဖြစ်တွေအားလုံးကို မခြွင်းမချန် ပြောပြခဲ့ပါပြီး…

"အဲဒီလူကြီးကို ရွှယ်စုး သေလောက်အောင်မုန်းတယ်။ သူက စခဲ့
တဲ့ပြဿနာ၊ မမကိုမရလို့ အကြွေးကို လည်ပင်းညှစ်တောင်းတာ၊ သူ့
ကြောင့် မမ သေရတာ"

ရွှယ်စုး ငိုပြန်သည်။

ပြီးတော့ ဖျတ်ခနဲမော့ကြည့်လာပြီး သူ့လက်မောင်းကို ဆုပ်ကိုင်
သည်။

"သူ့ကြွေးတွေကို ရွှယ်စုး ပြန်ဆပ်မှဖြစ်မှာ၊ မဟုတ်ရင် မမကို
သူ ခြိမ်းပြီး ကျိန်ဆဲနေတာနဲ့ မမ မကျွတ်လွတ်ရဘဲ သူ့အိမ်မှာ မြေခံနေ
ရလိမ့်မယ်"

"မြေခံရတယ်ဆိုတာ ဘာလဲ"

"သူ့ဆီမှာ ခွေးတို့၊ ကြောင်တို့ သွားဖြစ်ရတာမျိုးပေါ့၊ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ရှိတာ သိလား။ ဦးမင်းစက်ရာ ရွှယ်စူးကို တကယ်ကူညီမယ်ဆိုရင် ဒီမှာ အလုပ်တစ်ခုခုပေးပါနော်၊ ဘာဖြစ်ဖြစ် သိမ်းကျုံးလုပ်ပါ့မယ်။ လခကိုစုပြီး ဒီလူကြီးကို ဆပ်ချင်လို့ပါ”

စက် ကိုယ့်လည်ကုပ်ကို ပြန်၍အုပ်ကိုင်ထားရင်း ပင့်သက်ရှိုက်မိသည်။

“ကိုယ်က ဒီမှာ တစ်ယောက်တည်းနေတာ၊ မင်းကိုထားလို့ ဘယ်ဖြစ်မလဲ”

ဟု ပြောလိုက်တော့ ရွှယ်စူး၏ တက်ကြွမှုလေးတွေ ချက်ချင်းရပ်တန့်ငြိမ်သက်သွား၏။

“ဒါဆို ရွှယ်စူးကို ဦးစက် ဘယ်လိုကူညီမှာလဲဟင်”

စက် ရွှယ်စူးကို ကျော်နိုင်းလျှောက်ထွက်သွားရင်း စဉ်းစားနေမိသည်။ ဒီမိန်းကလေးကို ဒီတိုင်း လွှတ်ချပေးလိုက်ဖို့ စိတ်ကူးတွေ မရှိတော့ပါ။ ဒါပေမယ့် ဘယ်လမ်းကြောင်းက ဘယ်လို ဝင်ပါရမှန်းမသိ။

“ဖြည်းဖြည်းပေါ့ကွာ၊ ကိုယ် ကူညီမှာပါ၊ မင်း လောလောဆယ် ဒီတိုင်း ငြိမ်ငြိမ်လေးပဲနေ”





အခန်း (၁၇)

ဦးရန်အောင် ‘ဟင်’ခနဲ အသံထွက်လျက် စက်၏မျက်နှာကို အကြာကြီး ငေးကြည့်နေသည်။

ဘယ်လိုမှ မယုံနိုင်သော မျက်ဝန်းများနှင့်အတူ နှုတ်ခမ်းအစုံကိုပါ ခပ်ဟဟပွင့်နေခဲ့သည်။

စက်ရုံထဲထိ ရောက်မလာစဖူးလာကာ စက် ပြောသမျှကို သူ ဘာမှ မဖြေနိုင်သေး။

တစ်အောင့်ကြာမှ စက်ရုံတွင်းမှ ဆူညံသံများကိုကော ကိုယ့်အတွက်ပါ လုံခြုံသွားအောင် တစ်ခန်းလုံးက မှန်ချပ်တွေကို လိုက်ပိတ်ပစ်လိုက်သည်။

ပြီးမှ ပြန်ထိုင်၍…

“ပြောပါဦး စက်ရယ်၊ အခု ရွှယ်စူးဆိုတဲ့ကောင်မလေးက မင်းဆီမှာပေါ့”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့သွားသည့် လည်ချောင်းက တံတွေးမျိုချတာတောင် နင်နေခဲ့၏။

စက်က ဘယ်တုန်းကနှင့်မှမတူသော မျက်ဝန်းစိမ်းများနှင့် ဦးရန်အောင်မျက်နှာကို စိုက်ကြည့်နေ၏။

"ဦးအောင် ခင်ဗျား ဒီလိုကိစ္စမျိုးတွေ ကျူးလွန်နေတာ ဘယ်လောက်ကြာပြီလဲ။ အပျော်ရှာတယ်ဆိုတာ တစ်ပါးသူ ဘဝပျက် ထိခိုက်လောက်အောင် ဖြစ်လာရင် ဒါဟာ တစ်ကိုယ်ကောင်းဆန်တာ၊ ယုတ်မာတာ"

"ဟာ... ဒီလိုပါ... နေပါဦး စက်ရယ်၊ အဲဒါ ကိုယ် တကယ်လုပ်ဖို့ မရည်ရွယ်ပါဘူး။ ကိုယ့်ဘက်က ကောက်ကျစ်ခဲ့မိတာ တစ်ခုရှိတယ်၊ အဲဒါက သစ္စာ ဆိုတဲ့ မိန်းကလေးကို တကယ်လိုချင်ခဲ့မိလို့"

"ဟာ..."

"ကောင်မလေးက တော်တော်ကိုလှတာ၊ တစ်နေ့ကုန် တစိမ့်စိမ့် ထိုင်ကြည့်၊ မရိုးအောင် လှတာ"

စက် ရှယ်ရူး မျက်တောင်ကော့ကော့လေးတွေကို သတိရလိုက်မိသည်။

ပြီးတော့ ပန်းနုရောင်နှင်းဆီပွင့်ဖတ်လေးလို မှုန်ညက်ဝင်းစက်နေသည့် ပါးပြင်လေးတွေ။ သစ္စာ ဘယ်လောက်လှတာကို သူ မသိပါ။

ရှယ်ရူး လှတာကိုတော့ မြင်ဖူးကတည်းက သူ လက်ခံထားခဲ့တာဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားက လွတ်လပ်တဲ့ယောကျ်ားမှမဟုတ်တာ"

"ဒါပေမယ့် ကိုယ့်မှာ ချစ်ခွင့်ရှိတာပဲ၊ သူ့မှာ ဆင်းရဲတယ်၊ တစ်ယောက်လိုအပ်တာ တစ်ယောက် ယူကြမယ်ဆိုရင် ပြေလည်သွားမှာ။ ဒါကို သစ္စာက ဘယ်လိုမှ စည်းရုံးလို့မရဘူး။ ပြီးတော့ သူ့မှာ နှလုံးရောဂါရှိနေမှန်းကို တကယ် မသိခဲ့တာပါ။ အကျပ်အတည်းဖြစ်လာမှ





ကိုယ့်ကိုလိုက်လျှော့မှာပဲလို့တွက်ပြီး ချောင်ပိတ်ဖမ်းဖို့ ကြိုးစားခဲ့တာ၊ ခုလိုတွေဖြစ်ကုန်တာ တကယ်ကို မထင်မှတ်ဘဲ ဖြစ်တာတွေပါ"

"ရှယ်ရူးကတော့ ခင်ဗျားကို သတ်ပစ်ချင်လောက်အောင် မုန်းနေတယ်၊ ဒီကြွေးကို ပြန်ဆပ်ဖို့လဲ ကြိုးစားနေတယ်၊ ဘယ်လောက်တောင် ရှိလို့လဲ"

"ဟာ... လာနောက်နေပြန်ပြီ စက်ရာ၊ ဒါ မင်းရဲ့ငွေတွေပါ။ အဲဒီအတွက် ကိုယ်ကတောင် ပြန်တောင်းပန်ရဦးမှာ၊ အခု ရှယ်ရူးက မင်းအရိပ်အောက် ရောက်နေပြီဆိုတော့ ရှယ်ရူးကိုကော မင်းကိုကော ကိုယ်က တောင်းပန်ရမှာပါ၊ ကိုယ် ဘာလုပ်ပေးရမလဲ ပြောပါ"

စက်က အပြင်ဘက်ကိုမြင်ရသည့် တံခါးနားထိလျှောက်သွားကာ အတွင်းက ခန်းဆီးစကိုပဲ ဆွဲဖယ်၍ စက်ရုံအဆောက်အအုံဆီ လှမ်းကြည့်လိုက်သည်။

ဦးရန်အောင်က သူ့နောက်နားထိ လာရပ်ကာ ဘာမှမပြောဘဲ သူ့စကားကိုသာ စောင့်နေ၏။

"ခင်ဗျား သူ့ကိုတောင်းပန်ဖို့ လွယ်မှာမဟုတ်ဘူး။ ကြွေးကိစ္စသာ ရှင်းရင်ရှင်းသွားမယ်၊ သူ့အစ်မ သေရတဲ့ကိစ္စကိုတော့ ကျေနပ်မှာ မဟုတ်တာ သေချာတယ်"

"မင်းပဲပြောပါ။ မင်းရဲ့ငွေကို ကိုယ့်ငွေလိုသဘောထားပြီး သုံးခွင့်ပြုခဲ့တဲ့အထိ မင်းဘက်က သဘောကောင်းခဲ့တာကို ကိုယ်က မရပ်မနား အသုံးချနေခဲ့မိတာ။ သစ္စာ ဆုံးသွားကတည်းက ကိုယ်လဲ တကယ်စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အဲဒါကြောင့် မင်းအတွက် ကိုယ် ဘာလုပ်ပေးရမလဲ၊ ဖြစ်ရပါစေ့မယ်"

စက်က ဖျတ်ခနဲလှည့်လာပြီး ဦးရန်အောင် မျက်ဝန်းတွေကို စူးစိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ခင်ဗျား အဲဒီကိစ္စတွေကို လျှော့သွားဖို့ပဲ ကျွန်တော် ပြောချင်တာ၊ ကိုယ်ရေးကိုယ်တာအတွက် မဖြစ်မနေ သုံးစွဲဖို့ဖြစ်လာရင်တော့ ခင်ဗျားနဲ့ကျွန်တော် အလုပ်ရှင်နဲ့အလုပ်သမား မဟုတ်ဘူးလို့ သဘောထားနိုင်တယ်။ ဒါမျိုး နောက်ထပ်ကြားရရင် ကျွန်တော် ထပ်ပြီး သဘောကောင်းပေးမှာမဟုတ်ဘူးဆိုတာတော့ မှတ်ထားပါ။ အခု ခင်ဗျား ချုပ်ထားတယ်ဆိုတဲ့စာချုပ် ကျွန်တော့်ကိုပေးပါ"

ဦးရန်အောင်က ခေါင်းညိတ်၍ မျက်လွှာချထားရင်းမှ...

"ပေးပါ့မယ်၊ ရှယ်စူးနဲ့တွေ့ဖို့ လိုအပ်လာရင်လဲ ကိုယ် လာပါ့မယ်"

စာချုပ်ကိစ္စ အကြွေးကိစ္စ ရှင်းသွားတော့ နောက်ထပ် မရှင်းနိုင်သည့်ကိစ္စတွေကို ပြောဖြစ်ကြပြန်သည်။

စိတ်ရှုပ်ထွေးနေခြင်းကြောင့် စက်မျက်နှာက မကြည်။ နဖူးကနေ ဆံပင်ကို ထိုးဖွပစ်လိုက်၊ ပြန်သပ်လိုက်နှင့် သက်ပြင်းနှစ်ကြိမ်ခန့် ချပြီး [illegible]မှုစွန်းမှာ တင်ပါးလွှဲဖေးတင်၍ရပ်သည်။

"သူ့ကို ကျွန်တော် မကူညီလို့မဖြစ်ဘူး"

ဦးရန်အောင် ငိုင်နေပြီးမှ ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ကိုယ့်အာက်က ကျေအေးလိုက်တာ သပ်သပ်၊ အိမ်ဂရုက ဆုံးနေပြီဆိုတော့ သွားပြီ၊ အစ်ကိုကလဲ ထောင်ကျဖို့ သေချာနေတာ"

"ဒါပေမယ့် ကျွန်တော့်မှာ အခက်အခဲတွေရှိနေတယ်"

"ဒါကတော့ စက်ရယ်..."

"မဟုတ်ဘူး အိမ်မှာတော့ မဖြစ်ပါဘူး။ သူ့ကို အဆောင်မှာဖြစ်ဖြစ် သိက္ခာရှိရှိ နေထိုင်နိုင်ဖို့ စီစဉ်ပေးရင်..."

"အဆောင်မှာ ဆိုကတည်းက သိက္ခာရှိမလား စက်ရယ်၊ မိဘနဲ့ ဝေးသွားရှိပြီး အကြောင်းတစ်မျိုးမျိုးကြောင့် လာနေကြရတဲ့ မိန်း





ကလေးတွေတောင် ဘယ်လိုပဲကောင်းအောင်နေနေ ရောသော အပြော ခံရတာပဲ။ တို့တွေကိုယ်တိုင် ဒီလိုပဲကြည့်ခဲ့မြင်ခဲ့ဖူးတာ၊ မင်း တကယ် စေတနာထားရင် အဆောင်ကိုတော့ မပို့ပါနဲ့"

ဦးရန်အောင် ပြောချင်သေးသည့် တစ်စုံတစ်ရာကို ပြောသင့် မပြောသင့် ခဏ မျိုသိပ်ထားလိုက်ပြီး စက်ကို အကဲခတ်၏။

စက်က မျက်လွှာပင့်ကြည့်တော့ မျက်လုံးချင်းဆုံကာ...

"စိတ်တော့မဆိုးနဲ့ စက်၊ အဆင်ပြေဆုံးနည်းတစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"မင်း ယူလိုက်"

"ဟာ အဓိပ္ပာယ်မရှိ..."

"အဲဒါပဲလုပ်ဖို့ရှိတယ်လေ"

စက် ခေါင်းတခါခါ ဖြစ်သွားခဲ့သည်။

ဒီလိုစိတ်ကူးမျိုး သူ့ခေါင်းထဲမှာ တစ်ချက်လေးမှ မဝင်ခဲ့ဖူးပါ။

ဒါဟာ စိတ်ထားမြင့်မြတ်လွန်းလို့တော့ မဟုတ်ပေ။ ရှယ်စူး တော်တော်လှတာကို သူ လက်ခံသည်။ မိုးကိုးရာမဲ့နေချိန်မှာ ကိုယ့်ရင်ခွင်ထဲ ရောက်နေသည့် မိန်းကလေးတစ်ယောက်ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လက်ထပ်ယူနိုင်ဖို့ အကြောင်းတွေလည်း ရှိနေတာပဲ။

ဒါပေမယ့် ဒီလိုဖြစ်ကြဖို့ သူ အနည်းငယ်မျှပင် မတွေးမိခဲ့တာ အမှန်ဖြစ်သည်။

"ကိုယ်ပြောတာ မင်းကို စေတနာနဲ့ပါ"

"စေတနာပေမယ့် တစ်ဖက်သားအပေါ် မတရားပြုသလို ဖြစ်နေတယ် ဦးအောင်၊ ခင်ဗျား တွေးကြည့်ဦး၊ ကောင်မလေးက..."

"နောက်လှန်ပြန်သွားစရာ သူ့မှာ မြေမရှိတော့ဘူး စက်၊ ဒါက ထည့်မတွက်လို့ မဖြစ်တဲ့အချက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားမဆုံးမီ ဦးရန်အောင်က ဖြတ်ပြောသည်။

"ဒီမိန်းကလေးအကြောင်းကို ကိုယ့်ထက် မင်းက ပိုမသိပါဘူး။ ဆင်းရဲသလောက် မာနရှိတယ်၊ သန့်စင်တယ်၊ စိတ်မကောင်းစရာကိုပဲ ထည့်ပြောရမယ်ဆိုရင် သူ့အစ်မကိုပဲကြည့်ပါ၊ သိက္ခာနဲ့ဘဝနဲ့ လဲသွားတာ၊ အသေသာခံသွားတယ် ဒီလိုမဖြစ်ဘူး"

"အဲဒါသိလျက်နဲ့ ခင်ဗျားက ကျွန်တော့်ကို လူယုတ်မာဖြစ်အောင် လုပ်နေတာလား"

"ဘယ် ဒီလိုဟုတ်မလဲ၊ မင်းနဲ့ကိုယ် မတူတာတွေ အများကြီးရှိတယ်၊ ကိုယ့်မှာ မိန်းမလက်ရှိ ရှိနေတယ်၊ မင်းကတော့ လူလွတ်လေ"

"အခုလွှတ်နေပေမယ့် ဟိုမိန်းမ ဘယ်လိုလိုက်ရှုပ်နေတယ်ဆိုတာ ခင်ဗျား မသိဘူးလား"

"စက်ရယ်..."

ဦးရန်အောင်က 'အလိုက်တာ'ဆိုသည့် မျက်ဝန်းများနှင့်ကြည့်၍ ရယ်သည်။

"ရှုပ်တော့ ဘာဖြစ်လဲ၊ သူ ဘာမှလုပ်လို့မရဘူး၊ မင်းနဲ့သူ စီးပွားညှာ ချင်းကော၊ လူချင်းကော ပြတ်စဲခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ၊ တရားဝင်ဆိုတာ မလုပ်နိုင်ခဲ့ပေမယ့် ဒီလောက် ကာလတွေကြာနေ ကာမှ မင်းကို သူ ဘယ်လိုဥပဒေနဲ့ တားဆီးနိုင်မှာလဲ"

စက်က မတ်မတ်ပြန်ရပ်ကာ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် ထည့်၍ မျက်နှာကြက်ကို မော့ငေးနေသည်။

ပြီးတော့ ဦးရန်အောင်ကို လှည့်မကြည့်ဘဲပြောသည်။

"သူကလဲ တရားဥပဒေအတွင်းကနေ ချုပ်ကိုင်ဖို့ ကြိုးစားနေတာ မှမဟုတ်တာ၊ လူမှုရေးနယ်ပယ်ထဲမှာ ကျွန်တော် ခေါင်းမထူနိုင်အောင်





လှိုးဖြတ်ချဖို့ ကြံစည်ခဲ့တာ။ သူ မရရင်နေ၊ သူများကို မပေးရဘူး ဆိုတာ မျိုး။ ကျွန်တော့်ခြေလှမ်းတွေကို စောင့်နေတာပဲ"

"စောင့်တော့ ဘာဖြစ်လဲကွ၊ မင်းဘက်က လိပ်ပြာမသန့်စရာ မရှိပါဘူး။ ဒါ ဖောက်ပြန်တာမှမဟုတ်တာ၊ စောစောက ကိုယ်ပြောခဲ့တဲ့ ရှယ်ရူးတို့ညီအစ်မရဲ့ ကိုယ်ကျင့်သိက္ခာဆိုတာက မင်းကို စိတ်မကူးရဲ အောင်ပြောတာမဟုတ်ဘူး၊ ဆင်းရဲပေမယ့် မာနရှိတဲ့မိန်းကလေး ဆို တာကို မင်း သိစေချင်တာ။ မင်း ပိုပြီး မြတ်နိုးထိုက်တာကို ဆိုလိုတာ၊ မင်း ပြောသလိုကွာ အမွှေပြုသလို မဖြစ်ရအောင် သူ့ကို ဆွေးနွေး ကြည့်လိုက်ပါ"

ဦးရန်အောင်က အပြောလည်းကောင်းပါသည်။ သူ့စိတ်ထဲမှာ ချောမောတင့်တယ်သောရုပ်ရည်နှင့် မက်မောလောက်စရာ အရည် အချင်း ဂုဏ်သိမ်တွေလည်း ရှိနေပါလျက် အချစ်ကိုလည်း စိတ်မဝင် စား၊ အပျော်ကိုလည်း မကြိုက်နှင့် အထီးကျန်ဆန်လွန်းသော စက် အတွက်သာ အမိကဖြစ်သည်။

အချစ်ဆိုသော သာယာစိုပြည်ခြင်းနှင့် စက် ပေါ့ပါးပျော်ရွှင်စေချင် သည်။ ဒါဟာ အချစ်မရှိလို့ ဖြစ်ကိုမဖြစ်သည့် အချက်တစ်ချက် မဟုတ် ဘူးလား...

"သိပ်ကိုချစ်စရာကောင်းပြီး သန့်စင်တဲ့မိန်းကလေးတစ်ယောက် မင်းကို ပိုင်ဆိုင်စေချင်တယ်။ အတွေးမမှားနဲ့ စက်၊ အဲဒီ ကောင်မလေး ဟာ မင်းကို ချမ်းမြေ့ပျော်ရွှင်စေမယ့် မိန်းကလေးပါ။ မင်းလဲ ကူညီ မယ်လို့ ဆုံးဖြတ်ထားခဲ့တယ်၊ ကူညီဖို့က ဒီလမ်းပဲရှိတာ မဟုတ်ဘူး လား။ ပြီးတော့ မင်းက ထင်နေလို့ပါ၊ မင်းရုပ်၊ မင်းအရည်အချင်းနဲ့ သဘောကျနေတဲ့မိန်းကလေးတွေ ဝိုင်းနေတဲ့ဟာ၊ ရှယ်ရူး ဆိုတဲ့ ကောင်မလေးက ပျော်ဝင်မလာနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



စက် ဘာမှ ပြန်မပြောဖြစ်ခဲ့ပါ။

သို့သော် အိမ်ပြန်ရောက်လာခဲ့သည်အထိ ဦးရန်အောင် တိုက်တွန်းလိုက်သည့်စကားသံတွေက နားထဲမှာ စွဲပါလာသည်။

အချစ်ဆိုတာ ရင်ထဲမှာ မရှိခဲ့ပေမယ့် ရွှယ်စူးမျက်နှာလေးကို မြင်လိုက်ရသည့်ခဏမှာ သူ့စိတ်တွေ တစ်မျိုးတစ်မည် ဖြစ်သွားခဲ့တာတော့ ရှိခဲ့သည်။

သူမနှင့်ပတ်သက်သည့် ဒုက္ခ သောကတွေကို 'ဟုတ်ပါလား'လို့ ယုံကြည်လက်ခံပေးလိုက်မိသည့် နောက်ပိုင်းမှာ ကူညီချင်စိတ်တွေ ဖြစ်ခဲ့၏။

သူမကို နောက်ထပ် ဒီလို သောက ဒုက္ခတွေလည်း မခံစားစေချင်လို့လည်း၊ စာချုပ်ပြန်ပေးဖို့ သူ ကြိုးစားခဲ့ပြီးပြီ။

"ဦးစက်..."

ရွှယ်စူးကို ညှော်ခန်းမှာ မြင်လိုက်ရသဖြင့် သူ့စိတ်ထဲမှာ ထင့်သွား၏။

စိတ်မချရတာတွေက အဲဒါပဲ။

မကြောက်ဘူးဆိုပေမယ့် ဂရုစိုက်ဖို့ လိုနေသေးသည်။ မိုးကောင်းကင် ဆိုသည့် မိန်းမတစ်ယောက်ဟာ မာနကြီးသလောက် အတ္တလွန်အဆိပ်တွေ ပြည့်နှက်နေခဲ့သည့်သူ။

သူ ဘာလုပ်လုပ် ဘယ်လိုနေနေ ခပ်မဲ့မဲ့အပြုံးနှင့် နှစ်သိမ့်နေတတ်သော်လည်း ဒီလိုပြဿနာမျိုးကိုတော့ နှစ်သိမ့်ကျွန်ခဲ့မည့်သူ မဟုတ်ပေ။

သူ ဘာလုပ်သလဲ၊ ဘယ်သွားသလဲ တကောက်ကောက် မပြတ်လိုက်စုံစမ်း ကြည့်ရှုနေတာဟာ စည်းစိမ်ဥစ္စာကြောင့်လည်း မဟုတ်၊ အပေါင်းအသင်းများမှာစိုးတာလည်းမပါ။ သူမ မရရှိခဲ့သည့် 'မင်းစက်ရာ'





ဆိုသော သူ့ရင်ထဲက တစ်စုံတစ်ရာကို တစ်စုံတစ်ယောက်တဲ ဘယ်လိုမှ ကမ်းလင့်ခွင့်မပြုနိုင်သည့် အတ္တများပဲဖြစ်၏။

ရွှယ်စူး သူ့အရိပ်ထဲမှာ ရှိနေတာကို မိုးကောင်းကင် သိလို့မဖြစ်သေး။

သိသွားသည့်အချိန်မှာ တကယ်ဒုက္ခဖြစ်နိုင်သူက ရွှယ်စူး ဖြစ်နေသည်မို့ သူ ပိုစိုးရိမ်မိ၏။

"မင်း ဘာလုပ်နေတာလဲ ရွှယ်စူး"

"ဟင်..."

မြင်မြင်ချင်း အလိုမကျသံနှင့် မေးလိုက်တော့ ရွှယ်စူး နားမလည်အလိုလေး ဖြစ်သွားရှာသည်။ ထိုအခါကျမှ သူ့မျက်နှာ ပြင်ဆင်ဖို့ စက်သတိရသည်။

ညှော်ခန်းထဲမှာ ထိုင်နေသည့် သူ့ကို ဒီလိုမမေးသင့်မှန်း တွေးမိပြီး အပြုံးတုတစ်ခု ဖန်ဆင်းလိုက်ရ၏။ သူ့မျက်နှာ ဘယ်လိုပုံစံ ဖြစ်နေပြီ မသိတော့ပါ။

"မင်း နေရေးထိုင်ရေးအတွက် ကိုယ် သွားကြည့်တာ"

ဟု လိုရင်းကိုပဲ ပြောလိုက်ပြီး တံခါးကို သေချာပြန်ပိတ်သည်။ နောက် ပြန်လှည့်လိုက်တော့ ရွှယ်စူးသည် အလွန်အမင်း သိချင်နေသောမျက်ဝန်းလေးတွေနှင့် လှုပ်ရှားလျက်...

"ရွှယ်စူး... ရွှယ်စူးကို ဘယ်မှာထားမှာလဲဟင်"

မျက်နှာချင်းဆိုင်မှာ သူ ထိုင်လိုက်သည်အထိ ရွှယ်စူးက မျက်လုံးမှိတ်ဘဲ ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာမှမထားဘူး၊ မင်း ဒီမှာပဲနေရမှာ"

"တကယ်လား"

ရွှယ်ရှူး ပျော်သွားသည့်ပုံစံလေးဖြစ်လေသည်။ ထိုမျက်နှာလေး ကိုကြည့်၍ သူ သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် မသင့်တော်တာတွေ ရှိတယ်၊ မင်း ထင်သလို သွားလာ နေလိုင်လို့တော့ မရဘူး၊ ကိုယ်ပြောတာကို နာခံရမယ်၊ ဒီလိုနေ နေရမယ်၊ ချုပ်ချယ်တယ်တို့၊ ကြီးကျယ်တယ်တို့ မထင်ရဘူး"

ရွှယ်ရှူး ချက်ချင်းခေါင်းညိတ်ကာ မျက်နှာလေးလည်း ကြည်သွား၏။





အခန်း (၁၈)

နေရာမကျသည့်ပန်းအိုးတွေကို ရွှေ့ပြောင်းနေရာချနေရင်း မြေ ပေါ်မှာ ရှိနေသော ပန်းပင်တချို့၏ အောက်ခြေမှ ပေါင်းပင်တို့ကို ရှင်းပစ်လိုက်၏။ ပြီးတော့ အောက်ဖျားက ဝါကြန့်ကြန့် အရွက်တွေကို ညှပ်ချ၍ ပန်းပင်လေးတွေကို သန့်စင်ပေးမိသည်။

ထိုစဉ် အနားမှာ ရေမွှေးနံ့တစ်ချက်နှင့်အတူ အရိပ်တစ်ခု၏ ခြေ အစုံက ရပ်လာသည်။

ပြောင်အိနေသော ရွှေအိုရောင်ပိုးထဘီနှင့် ရွှေရောင်ကြိုးသိုင်း ဖိနပ်မြင့်ကို မြင်သည်နှင့် မိုးကောင်းကင်မှန်း ရိပ် သိလိုက်သည်။

"ခုပဲပြန်ရောက်တာ နားပါဦးလားကွ၊ ဒါတွေက အရေးမကြီးပါဘူး"

"ရပါတယ်"

မော့ကြည့်လိုက်သည်။

သို့သော် အကြည့်က သူမထံရောက်မလာဘဲ လမ်းတစ်ဝေးမှာပဲ ငြိသံနှင့်အတူ ပြန်ရပ်သိမ်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



'လောင်းရိပ်'ဆိုသည့်ကောင်လေးဟာ အလွန်ရိုးစင်းအေးဆေးမှန်း မြင်ကတည်းကလည်း အကဲခတ်မိသည်။

ခုလို အနားမှာ ခေါ်ထားတော့ ပိုသိလာသည်။

ရိပ်ပုံစံက ထုံထိုင်းရိုးအတာမျိုးမဟုတ်ဘဲ စည်းကမ်းရှိရှိ နေတတ်စားတတ်တာမျိုးဖြစ်သည်။

ပေးတိုင်းလည်းမယူ၊ ကျွေးတိုင်းလည်း မစားတတ်။ အိမ်ဖော်မိန်းကလေးများနှင့် တစ်ကိုယ်တည်းနေခဲ့ရသည့် မိုးအတွက်ကတော့ အထူးတလည် ကြပ်မတ်စောင့်ထိန်းစေဖို့မလိုဘဲ စည်းကမ်းရှိရှိ နေတတ်သော ရိပ်ကို သဘောကျသည်။

ထို့ကြောင့်လည်း အမြဲတမ်း မကျေနပ် အလိုမကျမှုများနှင့် တင်းမာနေတတ်သည့် သူမမျက်နှာမှာ ကောက်ကြောင်းတွေ ပြေခဲ့ရသည်။

မပြုံးမရယ်ဖြစ်ခဲ့သော၊ ဘယ်လိုလူမျိုးကိုမှလည်း ဂရုစိုက် အရေးယူခဲ့ဖူးသည် မရှိခဲ့သော...

သူမအတွက် အရေးပေး အရောဝင်ခဲ့တာ ဒီကောင်လေးပဲ ရှိသည်။ ရိပ်ကို မိုး သံယောဇဉ်ဖြစ်လာခဲ့တာ ကိုယ့်မောင်လေး ဒါမှမဟုတ် တူသားနောင်မယ်လို သန့်စင်စွာပဲဖြစ်၏။

"ကဲ ကဲ နေလဲမြင့်နေပြီ နားပါတော့၊ မင်းနဲ့ မမမိုး စကားပြောချင်လို့"

မိုးကောင်းကင်က မြက်ခင်းစိမ်းစိမ်းပေါ်မှာရှိနေသည့် စားပွဲဝိုင်းကလေးဆီ လျှောက်ထွက်သွားသည်။

မြက်ခင်းနှင့် စားပွဲကုလားထိုင် အနီရဲရဲတို့၏အရောင်များအား အလွန်လှသော တိုက်မြင့်ကြီးနောက်ခံနှင့် ပန်းချီကားတစ်ချပ်လို မြင်နေသည်။





"ထိုင်"

ရိပ် အနားရောက်လာတော့ ခုံတစ်လုံးကို မေးဆတ်ပြကာ အဆင်သင့်ရှိနေခဲ့သည့် အအေးတစ်လုံးကို ရိပ်ဘက် တိုးပေး၏။

"မင်း အခုပြန်ရင် တစ်နေကုန်နားပေါ့။ ဒီမှာဖြစ်ဖြစ် မင်းအိမ်မှာဖြစ်ဖြစ်လေ၊ ခရီးထွက်နေရတာ ကြာပြီဆိုတော့ မင်းသွားဖို့လာဖို့ ရှိရင်လဲ သွား၊ မနက်ဖြန် နေ့လယ်လောက်မှ အလုပ်ပြန်လုပ်"

ရိပ်က အအေးပုလင်းကိုလည်း မထိဘဲ မျက်လွှာချ၍ ခေါင်းခါသည်။

"ကျွန်တော် မပင်ပန်းပါဘူး၊ နားလဲမနားချင်ဘူး၊ ဘယ်မှာမှလဲ သွားမနေချင်ဘူး။ မမမိုး ခိုင်းစရာရှိတာ ခိုင်းပါ"

"ဟင်..."

မိုး မျက်ခုံးနှစ်ဖက် မသိမသာ မြင့်သွားကာ ရိပ်ကိုကြည့်၏။

ရိပ်က မျက်နှာကို မော့လာသည်မရှိဘဲ မြက်ခင်းတို့ကို ငေးနေသည်။

အံကြိတ်ထားသဖြင့် မေးကြောများထောင်နေတာကိုလည်း မြင်နေရသည်။

"ကားမှောက်လို့ ခြေထောက်တွေ ထိခိုက်သွားတယ်ဆိုပေမယ့် အချိန်ယူပြီး ကုသလိုက်ရင် ပျောက်သွားမှာပဲလို့ ဆရာဝန်တွေ ပြောထားတာပဲကွယ်။ ဦးသန်းအတွက် မင်း မပူပါနဲ့၊ မမမိုးတို့က ကိုယ့်အလုပ်သမားကို ဘယ်တော့မှ ပစ်မထားဘူး၊ တစ်စုံတစ်ခုဖြစ်လာရင် သူ့ရဲ့နောက်ကြောင်းက မိသားစုအရေးကိုပါ ဖြေရှင်းပေးတဲ့လူတွေပါ။ အခု မင်းလဲ မမမိုးရဲ့အလုပ်သမားပဲ၊ ဒါ ဘာပူစရာရှိလဲ။ မင်းရဲ့လုပ်သားတွေရှိတယ်၊ မမမိုးက ကူညီတော့လဲ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးတွေ အထွေးတင်ဖို့ မလိုဘူး၊ မဟုတ်ဘူးလား"



www.burmeseclassic.com

ရိပ်က မိုးမျက်နှာကို လှမ်းကြည့်၍ မှုန်ကုတ်ကုတ် ဖြစ်နေနိုင်သည့် ကိုယ့်ကိုယ်ကို ပြုပြင်လိုက်သည်။

ရင်ထဲမှာ ပူလောင်နေတာက အဖေ့အတွက် မဟုတ်ပါ။ အဖေ နယ်ဘက်မှာ ကားမှောက်သည်ဆို၍ သူ လိုက်သွားခဲ့သည်။ မမိုး လည်းပါသည်။

ဟိုမှာ ပြဿနာတွေရှင်းပြီး မမိုး ပြန်လာခဲ့ပေမယ့် သူ နေခဲ့ရ၏။ အဖေ့ ကျန်းမာရေးအခြေအနေ စိတ်ချရပြီဆိုတာတောင် ခြေထောက် တွေ ဒုက္ခဖြစ်သွားသဖြင့် အဘော်ကြီးကြာမှ ရန်ကုန်ပြန်ခေါ်လာခဲ့ ရသည်။

ဒါတွေအားလုံးဟာ လွန်ဆန်လို့မရခဲ့သော ကံကြမ္မာ၏ သဘော အတိုင်းပဲ ဖြစ်သည်။ ဒါကို သူ နားလည်ပါသည်။

အဖေ့အတွက် အကောင်းဆုံးဖြစ်အောင် သူ ကြိုးစားပေးနိုင် သည်။ အဖေ လဲသွားပေမယ့် မိသားစုအတွက်ကော ကျန်းမာရေး အတွက်ပါ သူ ကြိုးစားသွားဖို့ ခွန်အားတွေရှိ၏။ ဘာမှမတတ်နိုင်။

တားဆီးခွင့်လည်းမရခဲ့သော ရွယ်စူးနှင့်ပတ်သက်သော သတင်း ဆိုးများကျတော့ ဆုံးအောင်နားထောင်ဖို့တောင် သူ့မှာ ခွန်အားမရှိ။

"သူ့အစ်မ ဆုံးသွားတာတော့ သနားစရာလေးပါ၊ ငါတောင် သေချာသွားကူလိုက်သေးတယ်။ သူ့အစ်ကိုမေတ္တာလဲ ထောင်ကျဖို့ ကျိန်းသေနေတာကိုး။ သစ္စာ ဆုံးသွားပြီး ဘယ်လောက်မှမကြာဘူး ရှိတာလေးရောင်းချပြီး သူ့အစ်ကိုကို နှစ်ခါသုံးခါ သွားတွေ့သေးတယ် ထင်တယ်။ နောက်တော့ လုံးဝကို ပြန်မလာတော့ဘူး။ ရေထဲဘာထဲ များ ခုန်ချသေသလား မသိဘူး။ ဒါပေမယ့် ဟိုနေရာ ဒီနေရာ အလောင်း တွေ့တယ် ဘာညာလဲ အသံမကြားမိပါဘူး၊ လင်နောက် လိုက်သွား သလိုလို ဘာလိုလိုလဲ ပြောနေကြတာပဲ၊ ဘယ်မှာမှ သတင်းမကြား





တော့တာ။ အဲဒီမှာလေ မေတ္တာ ဂရန်ဆုံးသွားတဲ့လူတွေ အိမ်ကို ခြံခတ် သော့ပိတ်သွားကြတာ ဘာကြာသေးလို့လဲ"

ဒေါ်မွေး ပြောသမျှ သူ နားထောင်ရင်း အံကြိတ်ထားလို့မရ…

လက်သီးဆုပ်ထားမိသည်လည်းရှိကာ စကားမဆုံးခင် ထထွက် လာခဲ့မိသည်အထိ ရင်ထဲမှာ ဖြောင်းဆန်နေခဲ့သည်။

"မိဘမဲ့လေးတွေကိုး၊ စိတ်မကောင်းစရာပဲ"

အဖေ့စကားသံကို ကျောနောက်က ကြားလိုက်ရသည်။

ရိပ် နောက်ပြန်မကြည့်စတမ်း ကားမောင်းထွက်ခဲ့ရင်း ဟိုတစ်ချိန် က သူ ဝင်ထွက်ရင်းနှီးနေခဲ့သည့် ရွယ်စူးတို့ခြံကလေးရှေ့ရောက်တော့ မျက်ရည်တွေ မျက်ဝန်းမှာ ပြည့်ဝင်လာခဲ့၏။

ယောကျ်ားတန်မဲ့ သူ ငိုလိုက်မိ၏။

"ငါ့ကို ခွင့်လွှတ်ပါ ရွယ်စူးရယ်၊ နင် ဒုက္ခရောက်နေချိန်မှာ ငါ့ကို အမ်းတနေမယ်၊ စိတ်နာချင်နာမယ်၊ ငါ့မှာ ရှင်းပြတောင်းပန်ခွင့်လဲ မရှိခဲ့ပါဘူး"

စတီယာရင်ကို ဖိဆုပ်ရင်း ကားမောင်းနေရလျှင် ကားကရပ်တော့ မလိုဖြစ်သွားလိုက်၊ မြန်မြန်ဆန်ဆန် ဦးမော့ထွက်သွားလိုက်…

သေချာခဲ့တာတစ်ခုတော့ ရှိပါသည်။ ရွယ်စူး ဘယ်လိုနည်းနဲ့မှ သေဆုံးသွားတာမဖြစ်နိုင်။

သို့သော် သူမဘဝ အကောင်းတိုင်းရှိနေဖို့ဆိုတာလည်း မသေချာ သည့်ဘက်မှာ ကိုးဆယ်ရာနှုန်းလောက် ရှိနေသည်။

ဘယ်မှာလဲ ရွယ်စူးရယ်။ ချစ်ခွင့်ပန်ဖို့ အခါခါ ကြိုးစားခဲ့ရင်း လွဲခဲ့ရ သည်။

သူသာပြောလိုက်လျှင် သူငယ်ချင်းလိုပဲ ခင်နိုင်သည်ဟု ပြော၍ ခင်းခါဖို့လည်းရှိသည်။

www.burmeseclassic.com



ဒါမှမဟုတ် သူပြောလာလျှင် ခေါင်းညိတ်လက်ခံဖို့ မျှော်လင့်နေ
တာမျိုးလည်း ဖြစ်နိုင်သည်။

ဘာဖြစ်ဖြစ် ဖွင့်ပြောဖို့လည်း သူ ကြိုးစားဖူးပါသည်။ နှုတ်မှ
ဟာဖို့ ကြိုးစားတိုင်း မျိုသိပ်ခဲ့ရခြင်းများသည် မပြည့်စုံကြသေးသော
ဘ၀နှစ်ခုကို တွေး၍ ချင့်ချိန်နေမိခြင်းသာ...

သူ ကြိုးစားချင်သည်။

ပညာတွေ တစ်ပိုင်းတစ်စနှင့် လက်ထပ်ကြ၊ ဆင်းရဲပင်ပန်း
ရုန်းကန်ကြနှင့် ဘ၀တစ်လျှောက်လုံး အညွန့်ကျိုးသွားကြမှာကို
သည်။

အဓိကသည် ရှယ်စူးကို သူ တင့်တင့်တယ်တယ် ထားချင်ခဲ့
ဖြစ်၏။ ရှယ်စူးက လှသည်။

သူ့လက်ထဲမှာ ဒီထက်လှဖို့၊ ရှယ်စူးဘ၀ကော အလှ
အားလုံးကို သူ့ရင်ခွင်ထဲမှာ နေမလောင် မိုးမလောင်အောင်ထား
သည်။

ကံကြမ္မာဟာ ဒီလိုရိုက်ချက်များနှင့် ရက်စက်တော့မည်ဆိုတာ
ကြိုတင် သိမြင်နိုင်ခဲ့လျှင်...

"ရိုပ်"

"ဟင်... ဗျာ..."

ငုတ်တုတ်ထိုင်နေရင်း သူ့စိတ်တွေ လွတ်ထွက်သွား၏။
ရုတ်တရက်ခေါ်သံကြောင့် မော့ကြည့်လိုက်မိသော မျက်ဝန်းများ
မျက်ရည်တွေ စွန်ထင်းပါသွားခဲ့တာကိုလည်း ကိုယ့်ကိုယ်ကို
မထားမိလိုက်။

"ရိုပ်... မင်း... ဘာဖြစ်လို့လဲ"

မိုး တအံ့တသြမေးတော့မှ ဖျတ်ခနဲ မျက်နှာလွှဲပစ်မိရင်း...





"ဘာမှမဟုတ်ပါဘူး မမမိုး၊ အဖေ့ကြောင့်လဲမဟုတ်ဘူး၊ ဘာ
ကြောင့်မှ မဟုတ်ဘူး၊ ကျွန်တော့်ရင်ထဲက သပ်သပ်ခံစားချက်ပါ"

"ဩော်..."

နည်းနည်းဖွင့်ပြောလိုက်သည်နှင့် မိုး နားလည်သွားခဲ့သည်။ ဒီ
ကောင်လေးမှာလည်း ဓာတ်လမ်းနဲ့ပဲကိုး...

ဟုတ်မှာပါလေ...၊ ဒီအသက်အရွယ် ရှိနေပြီပဲ။

လူမှုရေးရှုထောင့်အရ တစ်ဖက်သား၏ရင်ထဲကို စူးစမ်းဖို့ မရည်
ရွယ်သော်လည်း ခံစားချက်တွေ ရှိနေကြတာချင်းတူတော့ မိုး ပြုံးလိုက်
မိ၏။

"ကိုယ်က ပေးတိုင်းမရတာ မေတ္တာပဲကွ၊ အချစ်နဲ့မေတ္တာဘယ်လို
ကွာဟမှုတွေရှိသလဲ တို့တော့မသိဘူး။ ဒါပေမယ့် မချစ်တတ်တာ
အကောင်းဆုံးပဲ၊ မေတ္တာ အကြင်နာတရား ဘာမှမထားတတ်ရင်
ကောင်းမယ်၊ ပေးပြီးရင် ပြန်လိုချင်တာလေ၊ မရခဲ့ရင် ဘာတွေဖြစ်
လာမလဲ၊ အဲဒီ ပူလောင်မှုလောက် ဆိုးရွားတာ ဘာမှမရှိဘူး၊ ဆုပ်ဖမ်း
ကိုင်ပေါက်ပစ်လို့လဲမရ၊ ချုပ်နှောင်ထိန်းကွပ်ပြီး အခန်းထဲထည့်ပိတ်
ထားလို့လဲမဖြစ်။ အဲဒါ မမြင်ရတဲ့ရန်သူပဲ၊ ဘာလက်နက်နဲ့မှ နိုင်ချင်လို့
မရဘူး။ အဲဒါ ကိုယ်က ချစ်နေရလို့..."

မိုးကောင်းကင်၏ရင်တွင်စကားများကို စတင် နားထောင်ခွင့် ရ
လာ၏။ သူမဟာ အိမ်ထောင်နှင့်ကွဲနေသော မိန်းမတစ်ယောက်
အဖြစ်...

အလွန်စည်းကမ်းရှိ၍ မာနကြီးသော အလုပ်ရှင်အဖြစ်မှလွဲပြီး
အဖေကလည်း ဘာမှမပြောခဲ့ပါ။

ဤသို့ဖြစ်ရခြင်းမှာလည်း သူမဘက်က အလိုမကျမှုများကြောင့်
သာ ဖြစ်နိုင်သည်ဟု သူ တွေးမိခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မေတ္တာပေး၍ မေတ္တာမရခဲ့ပါဆိုသည့်အဖြစ်ကို ထူးဆန်းစွာ ကြားရပြီး...

"တို့အမျိုးသားကို တို့ သိပ်ချစ်ခဲ့တာ၊ သူကတော့ မချစ်ဘူး။ သူတို့နားမှာရှိတုန်းကတည်းက သူနဲ့တို့ မျက်နှာချင်းဆိုင်လို့ မရခဲ့ဘူး။ တို့ကလဲ ဒူးမထောက်နိုင်ဘူးလေ၊ တို့ချစ်တာကို သူသိတယ်၊ ပြန်ချစ်ဖို့ကျတော့ တွန့်တိုတယ်။ အဲဒီလိုနဲ့ အဆင်မပြေခဲ့ကြတာပါ"

ပြောနေရင်း ခပ်လှမ်းလှမ်းက ပန်းကလေးတွေကို ငေး၍ မိုးကမဲ့သည်။

"သူနဲ့တို့ ကွဲနေတာမဟုတ်ဘူး၊ သူက ခွဲထွက်နေတာ၊ အမြဲတမ်းတို့ယောက်ျားပဲပေါ့။ ဒါပေမယ့် တို့ သူ့ကို ဒီတိုင်း နေခွင့်ပေးခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက တို့ကိုတင်မဟုတ်ဘူး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတတ်တဲ့သူ ဖြစ်နေလို့ နေပါစေလေ ကိုယ်မရပေမယ့် သူ ဘယ်သူ့ကိုမှမပေးရင် ကျေနပ်နိုင်တယ်"

နောင်တစ်ချိန်မှာ တစ်ယောက်ယောက်နဲ့ ဆုံစည်းမသွားနိုင်ဘူးလား...

ဘယ်လိုလုပ်မလဲ။

ကိုယ့်ခံစားချက်များနှင့် ရောထွေးပါလာသော မိုးကောင်းကင်၏ စကားများအပေါ် စိတ်ဝင်စားဝေဖန်နေမိပေမယ့် ဘာမှတော့ ဖွင့်မမေးမိပါ။

သို့သော် သူမက ဆက်ပြောလာ၏။

"ဒါပေမယ့် ရင်ထဲမှာ အုံ့ဖွဲ့လာခဲ့တဲ့ နာကြည်းမှုတွေကတော့ အိုင်ထည်နဲ့ဖြစ်နေခဲ့တာ အမှန်ပဲ။ အမိုက်သရိုက် ရှုံ့နှံ့တွေတောင် အနည်ကျကျောက် ဖြစ်သွားသေးတာ အချစ်တွေကနေ ဘာတွေပြောင်းလဲကုန်မလဲ ဆိုတာ တို့ကိုယ်တို့တောင်မသိဘူး။ သူနဲ့ပတ်သက်ပြီး ရှိနိုင်





ထိ ခွန့်လွှတ်နိုင်ခဲ့တဲ့စိတ်ဟာ ချစ်လွန်းလို့ ရယူပိုင်ဆိုင်ချင်နေတာမျိုးပဲလား။ ဒါမှမဟုတ် အလစ်ငိုက်စောင့်ပြီး ကျောနောက်ကနေ ဓားနဲ့ထိုးဖို့ ချောင်းနေတဲ့ ရန်သူတစ်ယောက်လိုလား အဲဒါလဲ မသိဘူး။ ဒါပေမယ့် သူ့ရဲ့ဥပေက္ခာကို ရင်ထဲမှာ ခံနိုင်ရည်ရှိနေတယ်။ သူ့ဆီက ယုယတဲ့ တုံ့ပြန်မှုကို မျှော်လင့်နေတာမျိုး ရင်ထဲမှာ ရှိမနေဘူး။ ဒါပေမယ့် သူ့ကို လွှတ်ထွက်မခံနိုင်အောင် အမိအရ ချုပ်ကိုင်ထားဖို့ကတော့ သေချာတယ်"

'ဒါပေမယ့်'တွေနဲ့ ဝါကျရှည်တွေ ရွတ်ပြနေသည့် မိုးကောင်းကင်ကို ရိပ် ထိုင်ကြည့်နေမိသည်။

သူမဟာ မြန်မာဆန်ဆန်မျက်နှာကျမျိုးနှင့်မဟုတ်ဘဲ မျက်ဝန်းတွေ မှေး၍ နှုတ်ခမ်းထူကာ မျက်နှာအနည်းငယ်ရှည်ချင်သည်။

သို့သော် အရပ်မြင့်ကာ လှပတောင့်တင်းသော ကိုယ်လုံးနှင့် အလွန်လိုက်ဖက်၍ မြင်ငုံကြည့်တော့ လှလှပပပုံမျိုးပဲဖြစ်၏။

တစ်ခုပြောစရာရှိသည်က သူမ၏ ဒေါသ လောဘ မာန အားလုံးကို သူမမျက်နှာထက်မှာ အလွယ်တကူ ဖတ်ရှုလို့ရသည်။

ငြိမ်းချမ်းအေးမြသောမျက်နှာမျိုး မဟုတ်ပါ။

မိုးကောင်းက မျက်ဝန်းတွေကို ရိပ်မျက်နှာပေါ်သို့ ပြောင်းလဲလိုက်လာပြီး...

"မင်း နားလည်ရဲ့လား၊ ပြောင်းလဲတတ်တဲ့သဘောတွေထဲမှာ အားထဲက အဆင့်ဆင့်ကို တို့ မသိဘူး၊ ဒါပေမယ့် တို့ရင်ထဲမှာ အဆိပ်သင့်ခံလိုက်ရတာ အချစ်ဆိုတာတော့ သေချာတယ်ကွ။ အဲဒီယောက်ျားကနေ တစ်စုံတစ်ရာ အမှားအယွင်းလုပ်ခဲ့မယ်ဆိုရင် တို့ရင်ထဲက အဆိပ်တွေက လက်နက်ပဲ။ သူ့ကို တုံ့ပြန်ပစ်ခတ်ဖို့ ဘယ်နည်း ဘယ်လက်နက်ကိုဖြစ်ဖြစ် တို့ သုံးမယ်။ ချစ်တာမဟုတ်တော့ဘူး။ နာကြည်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ သတ်ပစ်ချင်တဲ့အထိ မုန်းနေခဲ့သလား၊ ဒါမှမဟုတ် အချစ်...
မရမက ချုပ်နှောင်ဖမ်းဆီးယူချင်ဘာလား တို့ မသိဘူး၊ တို့သိနေ...
တစ်ခုပဲ၊ အဲဒါဟာဘာလဲဆိုတော့ သူ့ဘက်က မှားယွင်းမှုတစ်...
အပေါ် တို့ ပေးခဲ့ရသမျှအတွက် အဆပေါင်းများစွာ ပြန်ရအောင်ယူ...

နာကြည်းမှုက မသေးပါလား...

အချစ်ကြီးလို့ အမျက်ကြီးသည်ဆိုသော မိန်းမတစ်ယောက်...
သေချာမြင်နေရရင်း အံ့ဩနေမိသည်။

ကြောက်စရာကောင်းသည့် အပြုံးလေးတစ်ခုဆိုတာလည်း ...
မိ၏။ ချစ်ရင်ချစ်၊ မချစ်ရင်သတ်မယ်ဆိုသည့် ပိုင်ဆိုင်လို၍ ပိုင်ဆိုင်...
မရခဲ့သော အရှုံးသမားတစ်ယောက်၏ အဆိပ်သင့်ရန်ငြိုးများ...

ရိပ် လူမသိအောင် ပင့်သက်ရှိုက်ရင်း မျက်နှာလွှဲပစ်မိသည်။

မိုးကောင်းကင်က ရိပ်ကိုကြည့်၍ ပြုံးလိုက်သည်။

"အဟွန်း ရင်ထဲမှာ တော်တော်တောင် ပေါ့သွားတယ်။ ဒီစ...
တွေ တို့ ဘယ်သူကိုမှ မပြောခဲ့ဖူးဘူး၊ မင်းကိုပြောချင်တာက အ...
အတွက် မင်း သိပ်ခံစားနေရတယ်ထင်လို့ မင်းရင်ထဲမှာ ...
သက်တမ်းနုနေသေးတယ်ဆိုရင် မေ့ဖျောက်ပစ်လိုက်ပါကွာ။ နောင်...
မချစ်မိအောင်နေ၊ အချစ်ဆိုတာ စတင်မွေးမြူမိတဲ့လူက အရှုံး...
တို့ကတော့ အရှုံးမပေးနိုင်ပါဘူး။ ဒီနေ့ထိ သူ့ရဲ့ဥပေက္ခာကြောင့် ...
မျက်ရည်မကျခဲ့ဖူးဘူး။ မင်း ယောက်ျားပဲ"

'သူက ဥပေက္ခာထားခဲ့တာမဟုတ်ပါဘူး မမမိုးရယ်'

ဒီစကားကိုလည်း သူ မပြောဖြစ်ခဲ့ပါ။

မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့်ပွတ်တိုက်ပစ်မိရင်း မမမိုး ...
အောင် သူ တစ်ခုခုပြောနိုင်ဖို့ ကြိုးစားမိသည်။

ဒါပေမယ့် မရပါ...





ရှယ်စုးနဲ့သူဟာ အသည်းနင့်အောင် ခင်တွယ်ခဲ့ကြပေမယ့် ချစ်သူတွေမဟုတ်။ သူက ထားရစ်ခဲ့တာမဟုတ်သလို ရှယ်စုးက ဥပေက္ခာနှင့် ကျောခိုင်းသွားတာလည်း မဟုတ်ခဲ့ပါ။

ချစ်ဖို့ပဲဖြစ်ဖြစ်၊ မေ့ပစ်လိုက်ဖို့ပဲဖြစ်ဖြစ်...

ရှယ်စုးကို လိုက်ရှာ ယုယဖို့ မဖြစ်နိုင်။

မုန်းမေ့နိုင်ဖို့က ပိုလို့ဝေးပါသေးသည်။

မမြင်မစမ်းနှင့် ရှုပ်ထွေးပွေလီနေသော သံယောဇဉ် ချစ်ခြင်းအထွေးကြီးတို့ကို ဘယ်ကစ၍ ဖြေချဝန်ခံရမှန်းလည်း မသိတော့...

သူသည် မိုးကောင်းကင်ရှေ့မှာ ကျောက်ရုပ်တစ်ရုပ်လိုသာ...

www.burmeseclassic.com



## အခန်း (၁၉)

ကားသံကြားသည်နှင့် လှေကားထိပ်ကနေ အသာလေးငုံ့၍ ချောင်းကြည့်လိုက်မိသည်။

ခိုပြာရောင် ရှပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီနက်ပြာကို ဝတ်ထားသည့် စက်က တံခါးဖွင့်နေပြီဖြစ်၏။

တစ်နေကုန်မှာ တစ်ခါတလေသော နေ့လယ်နေ့ခင်း ပြန်လာတတ်တာရှိသော်လည်း ဘယ်အချိန်ပဲပြန်လာလာ စက်လက်ထဲမှာ ရုံးသွား ရုံးပြန်ဆိုတာမျိုး အိတ်ဆွဲတာ ဘာညာ ဘယ်တော့မှ မမြင်ခဲ့ဖူးပါ။

သူတက်လာလျှင် သူ့လက်ထဲမှာ ကားသော့ သို့မဟုတ် တစ်ခုံ တစ်ခု ဝယ်ခြမ်းလာတာဆိုလျှင် ပစ္စည်းတစ်မျိုးမျိုး ပါပဲပါသည်။

ထူးခြားသည်တစ်ခုက ချောမွန်နေတတ်သော စက်မျက်နှာ ပုံစံ အမူအရာအားလုံးဟာ ဘယ်ကပြန်လာတာပဲဖြစ်ဖြစ် ဝင်ပန်းနွမ်းနယ် လာတာမျိုး မရှိ။





ညစ်ထေးနွမ်းလျတယ်ဆိုတာ ဘယ်တုန်းကမှ မမြင်ဖူးခဲ့။ ခြေဖဝါး လက်ဖဝါးတို့အစ နဖူးကနီရဲကာ တစ်ကိုယ်လုံးဟာ အချိန်ပြည့် သန့်စင် ချောမွေ့နေသူဖြစ်၏။

ကိုယ့်ကို ချာတိတ်ဟု ခေါ်တတ်သည်လည်းရှိကာ ကိုယ့်ထက် အသက်ကြီးမှန်းလည်း သိနေသည်မို့ ဦးစက်ဟု ခေါ်နေရတာတောင် အားနာဖို့ကောင်းပါသည်။

စက်သည် ကိုလေး နေထိုင်တတ်သလောက်တောင် ညစ်နွမ်းရင့် ရော်မှုမရှိ။ အထဲကိုဝင်ပြီး တံခါးပြန်ပိတ်၍ ညှော်ခန်းထဲမှာပဲထားသည့် ကွန်ပျူတာရှေ့မှာ ရပ်လိုက်သည်။

ထိုင်ပင်မထိုင်နိုင်ဘဲ ပရိဂရမ်ထဲမှာ ဘာတွေရှာဖွေနေမှန်းမသိ။ မော်နီတာပေါ်မှာ စက် အာရုံဝင်စားနေတုန်း ရွှယ်စူး ဆင်းသွားချင် သည့်စိတ်တွေ ဖြစ်နေခဲ့မိသည်။

တစ်နေကုန် တစ်ယောက်တည်း နေရသမျှ စကားပြောဖို့က စက် ရောက်လာမှဖြစ်မှာမို့ ပြန်လာတာမြင်တော့ ဝမ်းသာသွားသည်။

ဆင်းသွားမိပြန်ရင်လည်း၊ ဘာလို့ဆင်းလာတာလဲမှာ မေးဦးမှာကို နိုးမိသည်။ ပြီးတော့ စက် ဘာတွေ အရေးကြီးလာမှန်းမသိ။

ကွန်ပျူတာကို ပိတ်ပစ်ပြီး ပြန်လှည့်လာတော့ ဆင်းသွားချင်ပြီ မို့ ရွှယ်စူး ကိုယ်ယောင်လေးတော့ ပြမိ၏။

"ချာတိတ် လာဦး"

"ဟုတ်"

ဒီအသံကိုပဲ ကြားချင်နေသည့် ရွှယ်စူးက လှေကားပေါ်ကနေ သွက်သွက်လေး ဆင်းသွားသည်။

စက်က ရွှယ်စူး ဆင်းလာတာကို ရပ်ကြည့်နေသည်။ အနားရောက် မှ တစ်ဖက်က ညှော်ခန်းကျဉ်းလေးထဲ လှည့်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းကျယ်ကြီးက အဝင်တံခါးနှင့် ဆက်နေသဖြင့် ရွှယ်စိုးနှင့် စကားပြောကြတိုင်း အတွင်းညှော်ခန်းလေးထဲမှာပဲ ပြောဖြစ်ကြ၏။

အပြင်က ညှော်သည်လာလျှင်လည်း စားကြည့်ခန်းထဲ ဝင်နေလိုက်ရုံပဲဖြစ်သည်။ တစ်ခါတစ်ခါကျတော့လည်း ဒီလောက်ထိ မိုးချောင်မိုးဝှက် နေရတာကြီးကို ဝမ်းနည်းမိသလိုလို နားမလည်နိုင်သလိုလို...

"ဘာဖြစ်လဲ ဦးစက်ရယ်၊ ကျွန်တော့်ညီမဝမ်းကွဲ၊ ဒါမှမဟုတ် ဆွေမျိုးတစ်ယောက်ယောက်ပေါ့"

"ကိုယ်က တစ်ကောင်ကြွက်မှန်း အားလုံးသိတယ်"

"ဒါဆိုလဲ အိမ်ဖော်လို့ ပြောလေ"

ဒီလိုပြောလိုက်တုန်းက စက်က ရွှယ်စိုးကိုစိုက်ကြည့်ပြီး ပြုံးသေးသည်။

"မင်း ဒီလောက်လှနေတာ အိမ်ဖော်လို့ ဘယ်လိုလုပ်ပြောမလဲ၊ ပြောတော့ရော နှစ်ယောက်တည်းနေကြတဲ့အဖြစ်ကို ဘယ်သူက ရိုးသားပါတယ်လို့ ပြောမလဲ"

ဘယ်ဘက်ကမှ အစွန်းမလွတ်တော့လည်း ရွှယ်စိုး ဒီတိုင်းပဲ ပုန်းနေရတော့သည်။

"ဦးစက် ဘာလဲဟာဝ"

"အဲဒီမှာထိုင်"

ရှေ့ကဆိုဖာမှာ ရွှယ်စိုး ထိုင်လိုက်တော့ သူ့ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ပြာလေးကို နှိုက်ယူသည်။

ပြီးတော့ အိတ်ထဲမှစာရွက်ခေါက်လေးတစ်ခုကို ယူပြီး လှမ်းပေး၏။

"ရော့..."

"ဘာလဲဟင်"





"ဖတ်ကြည့်"

ရွှယ်စိုး ဖြန့်ကြည့်လိုက်တော့ စာချုပ်တစ်စောင်ဖြစ်သည်။ ဖတ်ကြည့်လိုက်တော့ မမကို အဆမတန် အကျဉ်းအကျပ်ကျစေအောင် ဖိတီးချုပ်နှောင်ခဲ့သော အချက်အလက်တွေနှင့် ကြွေးတောင်းထားသော ဦးရန်အောင်ဆိုသူ၏ မတရားမှုတွေ...

အားလုံး သူ့ဘက်က ခြိမ်းခြောက်မှုများနှင့်သာဖြစ်ကာ အရှက်အကြောက်ကြီးသော မိန်းကလေးတစ်ယောက်အတွက် သေလောက်အောင် ဆင်းရဲထိခိုက်စေမည့်စာချုပ်ဖြစ်၏။

"မမ ဘာလို့ ဒီလောက် စိတ်ဆင်းရဲခံနေတာလဲ၊ စာချုပ်က ဘာတွေပါနေလို့လဲ၊ အဲဒီစာချုပ် ရွှယ်စိုးကို ပြစမ်းပါ"

ဟု တောင်းတော့ မမ ခေါင်းခါသည်။

"သူ လက်မှတ်ထိုးရမယ်ဆိုလို့ ထိုးပေးခဲ့တာပဲ၊ ငါ မတောင်းခဲ့မိဘူး သူကလဲ တစ်စောင်ပဲလုပ်ထားတာ၊ စာချုပ် ဘာလုပ်တော့မှာလဲ ရွှယ်စိုးရယ်၊ ဒီကြွေး ကိုယ်ယူခဲ့တာ အမှန်ပဲဟာ၊ သူက ပေးပို့မယ်ဆိုတဲ့အတိ လိုချင်လို့ လက်မှတ်ထိုးခိုင်းတာ၊ ဒါ ထိုးပေးရမှာပဲမဟုတ်လား"

"မဟုတ်ဘူးလေ မမရဲ့၊ ရေနစ်သေရတော့မယ်ဆိုလဲ နစ်ပါစေပေါ့ လည်ပင်းကိုပါ ခဲဆွဲချမယ်ဆိုတာ ရက်စက်လွန်းတာပေါ့။ ဒါ မစားရတဲ့အခဲ သဲနဲ့ပက်တာ၊ ဆင်းရဲတဲ့လူကို မယူယူအောင် ယုံကြည်ထိုက်အောင် သူပဲ သိမ်းသွင်းပြီး မချိမဆံ့ပုံပေးတာ။ ရွှယ်စိုးတို့အင်အားနဲ့ ဘယ်လိုမှ အလွယ်တကူ မဖြစ်နိုင်မှန်းသိလို့ ဘောင်တစ်ခုခတ်ပြီး ချောင်ပိတ်ဖမ်းတာ"

ဟိုတုန်းကတည်းက ဒါ မတရားမှုဆိုတာ ရွှယ်စိုး သိသည်။ မမကို အငိုငို တရယ်ရယ် ဗုန်းဗုန်းလဲသွားသည်အထိ နှိပ်စက်ခဲ့သောစာချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကြီးကိုလည်း မမြင်ရဘဲ မှန်းရမ်းပြီး ဒေါသဖြစ်ခဲ့ရတာ အံတကြိ
ကြိတ်နှင့်။

ခုတော့ ဒီစာချုပ်ကြီး သူမလက်ထဲရောက်လာခဲ့ပြီ။

ပေးဆပ်ရန်ဆိုသည့် ငွေတွေကိုကြည့်၍ ဒါဟာ မမကို သေစေ
တဲ့ ကိန်းဂဏန်းတွေပါလားဟု တွေးမိသည်။

မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာ၏။ အောက်မှာထိုးထ
သည့် မမရဲ့လက်မှတ်လေး။

ရွှယ်စုး လက်တွေ တဆတ်ဆတ်တုန်ကာ ဟီးခနဲ ငိုချလိုက်သေ
သည်။

"လူယုတ်မာကြီး"

တောက်ခေါက်၍လည်းပြောသည်၊ ရှိုက်၍လည်းငို၏။ စက်က
ဆိုဖာမှာ ခပ်လျော့လျော့မှီရင်း ငြိမ်သက်စွာကြည့်နေ၏။

တစ်အောင့်ကြာမှ...

"မင်း မငိုနဲ့တော့လေ၊ သူ့ဘက်က အလျှော့ပေးလိုက်ပြီဆိုတော့
မင်းအစ်မလဲ ဘာမှဖြစ်ဖို့ မရှိတော့ဘူး။ မင်းပြောသလို သူ့အိမ်မှာ ငွေ
တွေကြောင်တွေ ဖြစ်မယ့်ကိစ္စကို ပြောတာ။ ပြီးတော့ မင်း ဒီငွေတွေကို
ပြန်ဆပ်ဖို့အတွက် ပူစရာမလိုတော့ဘူး။ သေတဲ့လူကို ပြန်မရနိုင်တော့
ဘူး ဆိုပေမယ့် မင်းအတွက် တာဝန်တွေ အတော်ပေါ့သွားပြီ၊ ဟုတ်
ဝယ်မဟုတ်လား၊ မငိုနဲ့တော့"

"ဒီလူကြီးကို ဦးစက် သိလို့လားဟင်၊ ငွေကို ဦးစက် ဆပ်ပေးခဲ့
တာလား"

စက်က ထိုမေးခွန်းအတွက် အကောင်းဆုံးဖြစ်မည့်အဖြေကို စဉ်း
စား၍...

"ကိုယ်နဲ့ပတ်သက်မှုရှိတဲ့လူတစ်ယောက် ဆိုပါတော့၊ မင်းပြောတဲ့
ဦးရန်အောင်ဆိုတာ သူဖြစ်မယ်လို့ ကိုယ် တွက်လိုက်တာနဲ့ ရှင်းပေး
တာပါ။ ဘာမှ ဆပ်ပေးခဲ့တာမဟုတ်ဘူး။ စာချုပ်ကို သူ ကျေကျေနပ်
နပ်ပဲ ပြန်ပေးလိုက်တာ။ မင်း သူ့ကို ဘယ်လိုပဲ သဘောထားထား
ဒါတွေကိုတော့ မေ့နိုင်အောင်ကြိုးစားပါ"

ရွှယ်စုး မျက်ရည်သုတ်၍ စာချုပ်ကို စက်ကို ပြန်ပေးသည်။

"ဘာလုပ်ရမှာလဲ ဖြုပစ်လိုက်"

ရွှယ်စုး စာချုပ်ကို အံကြိတ်၍ စိုက်ကြည့်သည်။

ထို့နောက် အစိပ်စိပ်အမွှာမွှာဖြစ်သွားအောင် ဆွဲဆုတ်ပစ်
လိုက်၏။

ဒါကိုကြည့်ရင်း စက်က ဖုန်းထုတ်၍ နံပါတ်တစ်ခုကို ခေါ်သည်။
သူ အသာပဲနားထောင်၍ စောင့်နေလိုက်စဉ်...

"စက်လား..."

"အင်း... ဟိုကိစ္စ ဘယ်လိုလဲ"

"လုံးဝ အိုခေတယ် စက်၊ ဒီမနက်ပဲ လေဆိပ်ကိုဆင်းသွားကြတာ၊
သူ့ဒရိုင်ဘာကောင်လေး လေဆိပ်က ပြန်ထွက်လာမှ ကိုယ် ပြန်လာ
တာ။ စိတ်ချလက်ချ ထွက်"

"ပြီးရော..."

သူ ဖုန်းပိတ်လိုက်သည်။ မိုးကောင်းကင် ခရီးထွက်မှာကို သိထား
သည်။

သေချာအောင် ဦးရန်အောင်ကို စုံစမ်းခိုင်းထားတာဖြစ်၏။ ရွှယ်စုး
ကို အပြင်ခေါ်၍ သူ လိုအပ်တာလေးတွေ ဝယ်ခြမ်းပေးချင်သည်။

ထိုကိစ္စဟာ မိုးကောင်းကင် မရှိမှ အဆင်ပြေမည်။ မလိုလားအပ်
သည့် အချေအတင် စကားများရဖို့တွေ၊ ရှင်းဖို့လင်းဖို့တွေ ဖြစ်မလာ
စေချင်။







www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရွှယ်စုးကို ပုတ်ခတ်ခော်ကားလာလျှင် ဒီကိစ္စမျိုးမှာ သူ့ဘက်က ဘယ်လိုမှ ကာကွယ်ပေးလို့မရသည့် အနေအထား...

"ရွှယ်စုး"

"ရှင်"

"စိတ်ပြေလက်ပျောက် ရှော့ပင်ထွက်မယ်၊ သွား ရေချိုး အဝတ်အစားလဲခဲ့"

"ဟင်..."

ရွှယ်စုးမျက်နှာလေး ချက်ချင်း ဝင်းပသွား၏။

ပါးပြင်ထက်မှာ ခြောက်သွေ့သွားပြီပေမယ့် မျက်တောင်ဖျားလေးတွေမှာ မျက်ရည်တို့ စိုလူးနေဆဲပါ။

မျက်ရည်ရောင်တို့ လက်နေဆဲနှင့် ပြုံးယောင်သမ်းသွားသော မျက်နှာလေးကို စိုက်ကြည့်၍ စက် ပြုံးလိုက်သည်။

သိပ်လှတဲ့ ကောင်မလေး...





အခန်း (၂၀)

သူ လှေကားရင်းမှာ ရပ်စောင့်နေစဉ် ရွှယ်စုး အပေါ်ထပ်ကနေ ဆင်းလာသည်။ အနည်းအကျဉ်းသာ သူ ဝယ်ပေးထားခဲ့သည့် ဝတ်စုံလေးများထဲမှ ခြေသလုံးတစ်ဝက်ထိရှည်သော စတီးကွင်းလေးတွေ ရှုပ်ယှက်ခတ်အောင်ပါသည့် ဂျင်းစကတ်လေးကို အပြာနုရောင်တီရှပ်လေးနှင့် တွဲဝတ်ထား၏။

လှပပျော့နွဲ့သောဆံပင်တွေက လှေကားပေါ်မှဆင်းလာစဉ် မျက်နှာပေါ်အုပ်ကျလာသဖြင့် လက်တစ်ဖက်ကနေ နားရွက်နောက်ကို ဖြစ်သလို ထိုးညှပ်ပစ်လိုက်တာလည်း ရှိသည်။

သူ့ကိုကြည့်လိုက်၊ အောက်ကိုငုံ့ကြည့်လိုက်နှင့် ခြေလှမ်းတို့က အပြေးတစ်ပိုင်း ဖြစ်လာစဉ် ရွှယ်စုး သူ့အနားရောက်မှ ခြေချော်ကျတော့သည်။

"အား"

"ဟာ..."

ရွှယ်စုး သူ့ကိုယ်ပေါ်သို့ အရှိန်နှင့် ပြုတ်ကျလာသည်။

ကိုင်ထားသည့် ကားသော့က ရွှယ်စုး ခေါင်းတိုက်လိုက်သည့် အရှိန်နှင့် လွင့်ခနဲ မြောက်တက်သွားပြီး ချွမ်ခနဲ ပြုတ်ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



စက် ခြေလှမ်းများစွာ နောက်ဆုတ်ယိမ်းထိုးသွားပြီးမှ မတ်မတ် ပြန်ရပ်နိုင်ခဲ့သည်။

"ဘာဖြစ်တာလဲ ချာတိတ်ရာ"

"ဟို... ကန်တော့နော် ဦးစက်... ကန်တော့"

နဖူးနှင့်မေးဖျား တိုက်လိုက်မိသည်လည်းရှိကာ သူလည်း ပြင်းထန်စွာ နာကျင်သွား၏။

ရှယ်စုးခမျာလည်း သူ့ကိုတောင်းပန်နေရှာသော်လည်း နဖူးလေးကိုပွတ်ကာ မျက်ရည်တွေ ဝဲနေသည်။ နဖူးလေးကိုလည်းပွတ်ကာ သူ ဖက်ထားတာကို ရှယ်စုးက ကိုယ်လေးလိမ်၍ ရုန်း၏။

"နာသွားလား"

"အင်း... ရ...ရပါတယ်"

ရပါတယ်ဆိုပြီး မျက်ရည်တွေ ပြည့်နေပြီ။ နဖူးလေးမှာလည်း နီရဲနေ၏။ သူ့လက်တို့ကို ဖယ်ချနေသော ရှယ်စုး လက်ကလေးတွေကိုပါ သူ ဆွဲချုပ်၍ ဖက်ထားလိုက်သည်။

"ရှယ်စုး"

"အို..."

ပြောင်းလဲသွားသည် စက်၏အကြည့်တို့ကို ချက်ချင်း နားလည်သွားကာ ရှယ်စုး ပါးပြင်လေးတွေ နီရဲလာသည်။

မျက်ဝန်းလေးတွေ ဝိုင်းသွား၏။

"မင်းကို ကိုယ် လက်ထပ်ချင်တယ်"

"ရှင်..."

ရှယ်စုး အံ့သြလွန်းသဖြင့် အသံလေးလည်း ကျယ်သွားသည်။

ရင်ခုန်သံတွေပါ မြန်လာကာ ဘယ်လိုမှ မတူညီသော အဆင့် အတန်းနှစ်ခုအဖြစ်ကို သတိရရင်း ခေါင်းခါနေမိ၏။





"ချာတိတ်... မင်းကို ကိုယ်..."

"ဟင့်အင်း မဖြစ်နိုင်ပါဘူး ဦးစက်ရယ်၊ ရှယ်စုးက အခြေအနေမရှိတဲ့ မိဘမဲ့ တစ်ကောင်ကြွက်ပါ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အဲဒါတွေ မပြောပါနဲ့"

ရှယ်စုး ရုန်းလေ စက်က အတင်းအကျပ်ဖက်လေနှင့် ရှယ်စုး ကိုယ်လေး ရင်ခွင်လှောင်ထဲမှာ နစ်မြုပ်သွားခဲ့၏။

"မင်းကို ကိုယ် ချစ်တယ် ချာတိတ်ရယ်၊ ကိုယ့်ထက် အသက် အများကြီးငယ်မှန်း သိတယ်၊ ကိုယ့်ကို ယုံကြည်အားကိုးမှန်းလဲ နားလည်တယ်။ ဒါပေမယ့် ကိုယ့်စိတ် အဲဒီလောက်ထိ မသန့်စင်ဘူး။ သိပ်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း အတူရှိနေတဲ့ အဖြစ်မှာ ကိုယ့်ရင်ခုန်သံတွေ ဆုံးမမရတော့ဘူး"

"ဦးစက်ရယ် ဟို... ရှယ်စုး..."

"မငြင်းပါနဲ့ ကလေးရယ်၊ ကိုယ့်ကို လက်ထပ်ခွင့်ပြုပါ၊ ဒီတိုင်း ဆက်နေသွားကြရင်း ကိုယ် လူယုတ်မာဖြစ်သွားနိုင်တယ်။ မင်းကိုလဲ ဒီက ထွက်သွားခွင့်မပြုနိုင်တော့ဘူး နော်..."

"ဦး... ဦးစက်ကလဲ..."

အရှယ်ရိုင်းကလေး၏ ရင်ခုန်သံတွေ ဖောက်ထိုးမိုးမျှော် ခုန်ပေါက်ဆူညံသွား၏။ စက်သည် အလွန်ညင်သာနူးညံ့သော အနမ်းတို့ဖြင့် နှစ်သိမ့်ခဲ့သည် မှန်သော်လည်း သူမမှာတော့ သတိလစ် လဲကျသွားတော့မတတ် ထိတ်လန့်တုန်လှုပ်ခဲ့သည်ဖြစ်ရာ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ကျွန်တော် လူယုတ်မာဖြစ်သွားပြီမှန်း သိတယ်၊ ဒါပေမယ့်..."

"ဘာလဲ ဘာမှမဆိုင်ဘူး၊ မင်း သူ့ကို တကယ်မြတ်နိုးခဲ့ မင်းရင်ထဲ မှာ အမှန်တကယ်ဖြစ်နေဖို့ပဲ။ ကိုယ်ခန္ဓာနဲ့နှလုံးသားက တကယ်တော့ တခြားစီတွေ။ မင်းနဲ့ကိုယ်တို့ဘဝတွေက နှလုံးမဲ့စက်ရုပ်တွေလို ရှု ရှားနေခဲ့ကြတာ၊ တကယ် နှလုံးသားရှိနေတဲ့ကိစ္စတစ်ခုကို တစ်သ လုံး ဘယ်သူက မခံစားဘဲ နေနိုင်မှာလဲ၊ မင်းဆိုရင် ကိုယ့်ထက် အ ကြီး သန့်စင်ပါတယ်။ ကိုယ် အပျော်ရှာခဲ့တာတွေ အများကြီးပဲ၊ အ စစ်မှာ တရားတာ မတရားတာ မရှိဘူးဆိုတဲ့ ကာကွယ်စိတ်နဲ့ တ တလေ ကိုယ်လုပ်ခဲ့တာ မသင့်တော်တာတွေဖြစ်ခဲ့မှန်း သိခဲ့မှန်း တယ်၊ ဒါပေမယ့် ဂရုကိုမစိုက်ခဲ့တာ။ မင်း ဘာမှ ကျူးလွန်ခဲ့တာ သေးဘူး၊ မင်းကိုယ့်ထက် အသက်ငယ်ပြီး ကိုယ့်ထက် အများကြီ ထိန်းချုပ်နိုင်တယ်"

စကားတွေ အများကြီးပြောပြီးမှ ဦးရန်အောင်က စီးကရက် မီးညှိသည်။ မသောက်ဖြစ်သေးဘဲ စားပွဲပေါ်မှာ တံတောင်နှစ်ဖက် ထောက်၍ စက် မျက်နှာကို သေချာကြည့်၏။





"ဘာဖြစ်လဲ စက်ရာ ယောကျ်ားပဲကွ၊ ကိုယ် စိတ်ချမ်းသာတာ ကိုယ်လုပ်နိုင်ဖို့ပဲ လိုတယ်"

"အဲဒါကိုပဲ စိတ်ထဲမှာ မလုံတာ၊ ရှယ်ရူးက ခုချိန်မှာ အားကိုးမဲ့နေ တဲ့ မိန်းကလေး၊ ပြီးတော့ သိပ်ချစ်စရာကောင်းတာ"

"ဒါကြောင့်လဲ ချစ်လို့ လက်ထပ်တာပေါ့ကွ၊ မင်းကလဲ..."

"ကျွန်တော်က အိမ်ထောင်..."

"တော်ပါကွာ ဒါကြီးကိုပဲ၊ ကိုယ့်မှာဆို ခုချိန်ထိ တစ်အိမ်တည်း အတူတူနေတာ၊ နီးနီးကပ်ကပ် လင်မယားတော်နေတာတောင် ကိုယ် မစိုက်ဘူး"

"ဒါကတော့ ခင်ဗျားကို ဟိုက ခွင့်လွှတ်တာကိုး"

"ဒါက ဒီလိုရှိတယ်လေ၊ သူကလဲ အရွယ်လွန်အိုမင်းနေပြီ၊ သူ့ ကိုယ်သူသိတယ်၊ ဒါပေမယ့် ကိုယ်က သူ့စည်းစိမ်ဥစ္စာတွေကို သုံးဖြုန်း တာ။ ဒီကြားထဲ မင်းဆီကလဲ ပါသေးတယ်။ မင်းကျတော့ ပညာ တော်၊ နိုင်ငံခြားမှာ ဘွဲ့ယူလာတာပဲ ဘယ်နှစ်ခုလဲ။ အခု မင်းပိုင်တဲ့ အိမ်မှာ မင်းနေတယ်၊ ကိုယ်စီးပွားနဲ့ကိုယ်၊ လင်မယားဆိုတာကလဲ ကြည့်ဦး၊ မင်း လက်ထပ်ယူပြီး သူနဲ့ အတူရှိနေခဲ့တာ လပိုင်းလေးပဲ ရှိတာလား။ အတူမနေကြတာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲ၊ ကျွရှင်းကြတာနဲ့ မိုးကောင်းကင်ကိုယ်တိုင်က မင်းကို လက်လွှတ် နိုင်လို့ တစ်ခါတလေ ခေါ်ဖြစ်ပြောဖြစ်ကြတာပဲရှိတယ်"

စက်က အနည်းငယ်ကျန်နေသေးသည့် ဖန်ခွက်ထဲက ဝီစကီတွေ ငုံ့ကြည့်နေရင်း ဆံပင်တစ်ချက်သပ်၏။

"မမိုးကြောင့် ရှယ်ရူး သိက္ခာကျ အရှက်ရမှာစိုးတာပဲ၊ ကျွန်တော် အလိုလိုက်မိတာ မှားပြီထင်တယ်"

"စက်ရယ် မင်း ခုပဲ လက်ထပ်ပြီးခဲ့ပြီ ကိုယ် ယုံကြည်ရတဲ့မိတ်ဆွေ



www.burmeseclassic.com

သူငယ်ချင်းတွေ သက်သေနဲ့ မင်း သူ့ကို တင့်တင့်တယ်တယ် လက်မှတ်
ထိုးခဲ့တာဆို"

"ဟုတ်တယ်"

ကိုယ့်ကိုယ်ကို တရားပါ့မလားဟု တွေးရင်းနှင့်ပဲ အခု လက်ထပ်
ယူခဲ့မိပြီဖြစ်၏။ ရွှယ်စူးကတော့ သူ့မှာ အိမ်ထောင်ရှိခဲ့တာကို သေ
ရှာပါ။

"ဦးစက်က ဒီလောကချောတာ လိုချင်တဲ့ ချောချောလှလှ သူ့
သမီးလေးတွေ ပိုင်နေမှာပဲနော်။ ရွှယ်စူးနဲ့ဆို အဆင့်အတန်းချင်း
အများကြီး ကွာပါတယ်"တဲ့။

သူ ဘယ်လိုမှ စိတ်မကောင်းနိုင်ပေ။

တကယ်က လက်ထပ်ဖို့လည်း ကြံစည်ထားခဲ့တာ မဟုတ်
ကိုယ့်အဖြစ်တွေကို ဖုံးဖိသိုဝှက်ထားဖို့လည်း မပါ။

ဖြစ်လာပြီဆိုတော့ ရွှယ်စူးကို သူ တကယ်ရင်ခုန်ခဲ့မိသည်။ တကယ်
မက်မောခဲ့သည်။

လက်ထပ်ပါရစေလို့ ဖွင့်ပြောခဲ့မိတာကလည်း မြတ်နိုးယုယ
စိတ်များနှင့်ဖြစ်သည်။ အဖြစ်မှန်တွေကို ဖွင့်ပြောလိုက်ဖို့ သင့်ပေ
မပြောဖြစ်ခဲ့ပေ။

ဦးရန်အောင် ပြောခိုင်းသလို ဆွေးနွေးလိုက်ဆိုတဲ့ အထဲမှာ
ဘဝ သူ့အကြောင်းတွေ ဖွင့်ပြောဖို့ ပါခဲ့သည်လား။ မပါခဲ့ဘူးလား

သူ ဖွင့်ပြောမိခဲ့တာကတော့ လက်ထပ်ခွင့်ပြုပါဆိုတာပဲ ဖြစ်သည်
တကယ်တမ်းကျတော့ ရွှယ်စူးက ငြင်းလိုက်မှာကို သူ စိုးရိမ်ခဲ့
အချစ်ဆိုတာ ဘာမှန်းမသိခဲ့ဖူးသော်လည်း ရွှယ်စူးကို သူ တပ်
စိတ်တွေထဲမှာ ဘယ်လိုမှ ဆုံးရှုံးမခံနိုင်တော့သည့် လောဘတွေ ပါ
ခဲ့တာ သေချာပါသည်။





ထို့ကြောင့် သူ လက်ထပ်ဖြစ်ဖို့ကိုပဲ ကြိုးစားခဲ့သည်။

အမြဲတမ်း ပြတ်သားဘာဘ်ခဲ့သည့် ရင်ထဲမှာ မိုးကောင်းကင်ကြောင့်
ဆင်းရဲကြီးစွာ ဖြစ်နေခဲ့ရပြီ။ ဒါကို ဦးရန်အောင်ကလည်း နားလည်
နေ၏။

"စက်ရယ် ပျော်စရာအကောင်းဆုံးအချိန်မှာ မင်း ဘာတွေဖြစ်နေ
တာလဲ၊ ချစ်ကြတဲ့သူကိုင်း အခက်အခဲတွေရှိကြပါတယ်ကွာ။ ရှေ့
ဒါလေ လက်ကျန်မော့လိုက်၊ မိုးကောင်းကင်နဲ့ မနက်ဖြန်တွေကိုပါ
မေ့လိုက်ကွာ။ မင်း ဒီည စိတ်ချမ်းသာဖို့ပဲ မေ့မြူလိုက်ပါ။ မင်းရဲ့ဘေး
မှာ ကိုယ်ရှိတယ်၊ ဘာမှမပူနဲ့၊ တကယ်ပါ ရင်ဆိုင်လာကြပြီဆိုရင် မင်း
ရဲ့ ရဲဘော်ရဲဖက်လို ကိုယ်ရှိနေမှာ ယုံစမ်းပါ"

ဦးရန်အောင်က စက် ဘယ်လိုမှ ကြည်လင်ပေါ့ပါးလာမှာ မဟုတ်
တာကို သိနေလျက်နှင့် သူ့မှာလည်း မျိုလို့မကျတော့သလို ဖြစ်နေ
သည်မို့ တွင်တွင်အားပေးနေခဲ့၏။

ဘာပဲဖြစ်ဖြစ် သူ့အတွက်ကတော့ ကြီးကြီးမားမား အခက်အခဲ
မျိုး ရှိခဲ့တာမှမဟုတ်ဘဲ။ စက်မျက်နှာက တစ်ကျိုက်ဝင်သွားတိုင်း တစ်ခါ
မှုံ့မှဲ့နေသည်။ ရွှယ်စူး ဆိုသော မိန်းကလေး၏ ဖြူစင်ရိုးသားလွန်း
သည့် နုငယ်ဟန်လေးတွေကို မြင်နေရတိုင်းလည်း ရင်ထဲမှာ မကောင်း။

ဘာမှမသိခဲ့သော မိန်းကလေးတစ်ယောက်ကို သူ လိမ်ညာလှည့်
ဖြားခဲ့မိပြီ။ ဖြေရာရှာ၍တွေးနေရင်း ရင်ထဲမှာ မွန်းကျပ်လာသည်။

ချစ်သည့်စိတ်တွေ မစွန့်လွှတ်နိုင်ဘဲလည်း မယူရက်ဘဲရှိကာ
ဝိစကိကို ကုန်စင်သွားအောင် မော့ပစ်လိုက်ပြီး ဖန်ခွက်ကို ပြန်ချ၏။

"ကျွန်တော် ပြန်တော့မယ်"

သူ စားပွဲကို လက်နှစ်ဖက်ထောက်၍ ထရပ်လိုက်တော့ ဦးရန်
အောင်က လက်ကနာရီကို ကြည့်၏။

www.burmeseclassic.com



"ဟုတ်သားပဲ ကိုးနာရီကျော်နေပြီ၊ ပြန်လေ၊ ခုလို ကျွေးမွေးပြုစု ရတဲ့အတွက် အပူအပင် အခက်အခဲအားလုံးက ကျော်လွှားလွတ်မြောက်ပြီး ချစ်ပွဲကြီး နိုင်နိုင်နင်းနင်းနိုင်ပါစေ၊ ဒီနေ့ မင်္ဂလာဦးညမှာလဲ ရင်ခုန်သံများနဲ့ ပျော်ရွှင်ပါစေ"

သူ ကားထဲကို ငုံ့အဝင်မှာ မိုက်ခနဲ ယိုင်ဆင်းသွား၏။ ခါတိုင်းလည်း အနည်းအကျဉ်းတော့ သောက်တတ်တာ ရှိမှုးသည်။

ခုတော့ တွေးနေရင်း စိတ်ရှုပ်ရင်းနှင့် သတိလက်လွတ် မော့နေခဲ့မိတာ များသွားပြီထင်သည်။

ခေါင်းထဲမှာလည်း ရီဝေဝေ...

"စက်... မင်း ဖြစ်ရဲ့လား၊ ကိုယ် လိုက်ပို့ရမလား၊ မြဝကနေ လှည့်ပြန်မှာပါ"

"ရတယ်"

သူ သတိကြီးစွာထား၍ အိမ်အရောက် မောင်းလာနိုင်ခဲ့သည်။ ပေါ်တီကိုအောက် ကားရပ်လိုက်တော့ စိတ်ကို လျှော့ချပစ်လိုက်သဖြင့် စတီယာရင်ပေါ် ခေါင်းစိုက်သွားခဲ့၏။

"ရွှယ်စူး... ချာတိတ်ရယ်..."

သူ တမ်းတညည်းညူရင်း စတီယာရင်ကို ဖိဆုပ်ထားမိ၏။ မျက်လုံးထဲမှာ မိုးကောင်းကင်သည် ရွှယ်စူးရှိရာသို့ တစ်လှမ်းချင်း တိုးရွေ့သွားနေ၏။

ရွှယ်စူးသည် ကြောက်ကြောက်ရွံ့ရွံ့လေး နောက်ဆုတ်နေတာ သနားစဖွယ်။

"ခွေးကောက် မိုးကောင်းကင်၊ မင်း... မင်း သွားစမ်း သွား "

"ဦးစက်... ဦးစက် ဘာဖြစ်လို့လဲဟင် ဦးစက်"

"ဟင်..."





နားထဲမှာ ခေါ်သံလေးကို ကြားယောင်လာ၏။ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တော့ အလင်းရောင်တန်းနှင့်အတူ ပုံရိပ်လေးတစ်ခု။

"ဦးစက်"

"ဟင်... ရွှယ်စူး"

ရွှယ်စူး သူ့ကိုခေါ်နေတာပဲ။

သို့သော် ဘာကျာတံခါးနောက်မှာ ရွှယ်စူး ရပ်နေလျက် သူ့ဆီကို လာလို့မရ။ သော့က ကိုယ့်ဆီမှာ...

သူ ကုတ်အင်္ကျီထဲက သော့ကို စမ်းသည်။ ထူမတ်နေဆဲမှာ ခေါင်းက တရိပ်ရိပ် မူးဝေနေ၏။ ကားပေါ်က ဆင်းလိုက်ပြီး တံခါးကို နောက်ပြန်မှီတစ်ဉ် လူလည်း ယိုင်သွားသည်။ ကိုင်ထားသည့်သော့က ချွင်ခနဲ ပြုတ်ကျ၏။

"ဦးစက်..."

ရွှယ်စူးအသံလေးက စိုးရိမ်ချောက်ချားနေ၏။

"ရွှယ်စူး နောက်ကနေ ဆင်းလာခဲ့မယ်နော်၊ ကားကိုမှီပြီ ငြိမ်ငြိမ်လေးနေလိုက်"

ပြောပြီး ရွှယ်စူး ချာခနဲနောက်လှည့်၏။

"ဟေ့... ဟေ့..."

ဒါကျတော့ သူ ပျာပျာသလဲ လက်ဆန့်တား၏။

"ရွှယ်စူး မလာနဲ့၊ ကိုယ် ရတယ် နေ... နေ"

သူ သော့ကိုကောက်ယူပြီး ကိုယ်ကို မယိုင်နဲ့အောင်ထိန်း၍ တံခါးနားရောက်အောင်သွားသည်။

တံခါးပွင့်သွားတော့ ရွှယ်စူး သူ့လက်မောင်းကို ဆွဲလိုက်၏။ သူ ဘာဖြစ်လာမှန်းပင် သိပုံမပေါ်သော ရွှယ်စူး မျက်နှာလေးက အရက်နံ့ကြောင့် ပို၍ ပျက်ယွင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစက်... ဦးစက် အရက်တွေသောက်လာတယ်"

"အင်း သိပ်မများပါဘူး ချာတိတ်ရယ်၊ အရက်ကြောင့်မဟုတ်ဘူး ကိုယ်... ကိုယ်မူးနေတာ အချစ်ကြောင့်"

သူ ရွှယ်စူး တွဲခေါ်သည့်အတိုင်း လိုက်ပါလာရင်း လှေကားရင်း ရောက်တော့ ခြေလှမ်းတုံ့သွား၏။

ပြန်ငုံ့ကြည့်လိုက်တော့ ရီဝေဝေမျက်လုံးထဲမှာ ပန်းနုရောင်ဝတ်စုံ လေးနှင့် လှချင်တိုင်းလှနေသော ရွှယ်စူးကို မြင်ရသည်။

စက်က လှေကားလက်ရန်းကို ကျော၍ ဘယ်မှိကာ ရွှယ်စူးပန်း လေးနှစ်ဖက်ကို ဆွဲယူလိုက်သည်။ မျက်နှာလေးကို စေ့စေ့စပ်စပ် ငေးကြည့်ရင်း နှုတ်ခမ်းလေးနားကို နမ်း၏။

"လှလိုက်တာ ချာတိတ်ရယ်၊ မင်း... မင်း သိပ်ကိုသနားခင်ပါတယ်"

သူ့လက်တွေ တဖြည်းဖြည်း ပြေကျသွား၏။ နောက်မှာ ကျော်၍ ရင်း ရွှယ်စူး မျက်နှာလေးနှင့် လွဲသွားအောင် တမ်းဖက်ကို လွှဲရပ်ခဲ့ လိုက်ပြီး...

"ရွှယ်စူး သွားအိပ်တော့နော်၊ ကိုယ်... ကိုယ် မူးလာလို့ အောက်မှာ ပဲ အိပ်လိုက်တော့မယ်"

ရွှယ်စူး တွေတွေလေးကြည့်နေပြီးမှ ခေါင်းညိတ်၏။

"မင်း ကြောက်မှာစိုးလို့ပါ၊ ကိုယ် အောက်က ကိုယ့်အိပ်ခန်းမှာပဲ အိပ်လိုက်တော့မယ်"

မင်းကို ကိုယ် တကယ်တမ်း မထိရက် မခြွေရက်ဘူး ကလေး ရယ်...

ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ညည်းညူပြောမိရင်း ခြေလှမ်းအရှေ့ မှာ လူက ယိမ်းထိုးသွားခဲ့၏။

"ဦးစက်..."





ရွှယ်စူး အမှီအရ ဖမ်းထိန်းရှာသည်။

မနိုင်မနင်း ဒယိမ်းဒယိုင်နှင့် နှစ်ယောက်လုံး မထိန်းနိုင်ကြဘဲ လှေကားမှာပဲ ပြန်ကပ်မိကြတော့ ရွှယ်စူး မျက်နှာလေး မဲ့သွား၏။

"ရွှယ်စူး ချာတိတ် နိုက်မိသွားလားဟင်...၊ ဆောရီး"

"ရ... ရပါတယ်၊ ဦးစက်ကို ရွှယ်စူး လိုက်ပို့မယ်နော်..."

"အင်း"

စေ့ထားသည့်အခန်းတံခါးကို ကိုယ်နဲ့ပဲ တိုက်ဖွင့်ကာ အတဲရောက် လာကြတော့ ခုတင်နားရောက်သည်နှင့် စက်က ပစ်လှဲချလိုက်သဖြင့် မွေ့ရာထက်သို့ ဝုန်းခနဲ လဲကျသွား၏။

"အို..."

"အား... ကျွတ်... ကျွတ်"

သူ့ဟာသူ ခေါင်းကိုဖိနှိပ်၍ ညည်းနေသဖြင့် ရွှယ်စူး ဘာလုပ်ပေး ရမှန်းမသိ ဖြစ်နေမိသည်။

"ရွှယ်စူး"

"ရှင်"

"ရွှယ်စူးရယ်... မင်းကို ကိုယ် သိပ်ချစ်တယ်"

ကိုယ့်ကိုခေါ်သည်မှတ်၍ ထူးရင်း ကပျာကယာ ရှေ့တိုးရပ်၍ မျက်နှာကို ငုံ့ကြည့်လိုက်မိသည်။

သို့သော် စက်က သူမကိုခေါ်တာမဟုတ်ဘဲ သူ့ဟာသူပြော၍ အိပ်ရာထဲမှာ တစ်ပတ်လှိမ့်ပစ်သည်။

ယက်က ဘာကိုစမ်း၍ ဘာကိုရှာဖွေနေမှန်းမသိ။

"ရွှယ်စူး ချာတိတ် မင်း ဘယ်မှမသွားနဲ့နော်၊ ကိုယ့်ကိုထားပြီး ဘယ်မှထွက်မသွားပါနဲ့ ကလေးရယ်၊ ကိုယ့်မှာ အပြစ်ရှိပါတယ်၊ ကိုယ့် ကို ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးစက်... ဦးစက် ဘာဖြစ်နေလဲဟင်"

ရွှယ်စူး ဘာမှနားမလည်ပေမယ့် စက် ဝေဒနာတစ်ခုခုကို ခံ

နေရသည်မှန်း သိကာ ဘယ်လိုမှ မကြည့်ရက်တော့ဘဲဖြစ်လာ၏။

အိပ်ရာဘေးမှာ တင်ပါးလွှဲလေးထိုင်ကာ စက် ပခုံးကို ဒီဘ

ဆွဲလှုပ်လိုက်မိသည်။

"ဦးစက်..."

"ဟင် ရေ... ရေသောက်ချင်တယ်"

"ဟုတ်"

ရွှယ်စူး ရေပြေးခပ်၍ ကပျာကယာ ပြန်လာသည်။

"ဦးစက် ရေရပြီ"

"ဟင်"

မျက်ခုံးတွေတွန့်ကုပ်ထားရင်း ငြိမ်သက်သွားသည့် စက်က

ရေခွက်ကို လှမ်းယူသည်။

လက်က ရေခွက်ကိုမဟုတ်ဘဲ ရွှယ်စူးလက်ကို ပုတ်ချလိုက်သ

ဖြစ်သွားပြီး...

"အို..."

"ဟာ..."

ရေခွက်က သူ့ရင်ဘတ်ပေါ် ပြုတ်ကျသွားသည်။

အေးစက်နေသောရေ၏ အထိအတွေ့ လည်တိုင်မှ မျက်နှာ

ဖျန်းခနဲရိုက်ပုတ်သွားသည်။

ရွှယ်စူး လန့်ဖျပ်ကာ လက်ခုံနုနုလေးနှင့် နှုတ်ခမ်းမှာ ပိတ်

ထားလိုက်မိသည်။

စက် မျက်လုံးတွေ ပွင့်လာပြီး အိပ်ရာထဲကနေ တံတောင်နှ

ထောက်၍ ထသည်။ မျက်နှာကရေတွေကို သပ်ချပစ်၏။





"ဦးစက် ရွှယ်စူးလေ..."

စက် မျက်နှာမော့လာတော့ ရွှယ်စူး ဖျတ်ခနဲ ထရပ်လိုက်၏။

"ချာတိတ်"

စက်က လက်ကလေးကို လှမ်းဆွဲထားလိုက်ပြီး...

"ဘာလုပ်မလို့လဲ"

"ဦးစက် အကျီလဲဖို့..."

"ရတယ်"

သူ ရွှယ်စူးလက်ကလေးကိုဆွဲ၍ ဖိချလိုက်လျှင် ရွှယ်စူး သူ့ဘေး သို့ ထိုင်လျက်လေး ပုံကျလာ၏။

"မင်း ဘာဖြစ်လို့ ဒီထဲထိ ပါလာတာလဲ ချာတိတ်ရယ်၊ ကိုယ်... ကိုယ်လေ..."

"အို..."

သူဟာ ကိုယ့်ခင်ပွန်းဖြစ်နေပြီမှန်း လက်ခံထားခဲ့သော်လည်း တကယ်တမ်း နွေးထွေးသောအနမ်းများ ဖွဲ့တည်လာသောအခါ ရွှယ်စူး ကတုန်ကယင် ငြင်းဆန်ရင်း...

အချစ်သည် ညဥ့်ဖျယ်ထဲသို့ မည်းနက်သောဝတ်ရုံကို ခြုံကာ ခြေသံ ဖွဖွနှင့် ဝင်လာပြီး မတိမ်းရှောင်သာသော ပွေ့ဖက်ကျီစယ်မှုများနှင့် ချော့သိပ်သွားခဲ့သည်။

ရွှယ်စူးဟာ စက်၏ရင်ခွင်မှာ အချစ်၏အလင်္ကာတစ်ပုဒ်ကို သူ ဆိုသွားသည့်အတိုင်းမဟုတ်ခဲ့ဘဲ မညီမညာ အမှားမှားအယွင်းယွင်းနှင့် လက်ကလေးပိုက် ခေါင်းငုံ့၍ လိုက်ဆိုနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

သူ ခါတိုင်းလိုပဲ အပြင်ထွက်တော့ တံခါးကို ပြန်လှည့်ပိတ်သည်။

"ဦးစက်"

ရွှယ်စုးက မပြေးရုံတစ်မယ် မြေလှမ်းမျိုးနှင့် လျှောက်လာကာ စေ့ထားပြီးသည့်တံခါးကို ပြန်ဆွဲဖွင့်လိုက်၏။

"တံခါးပိတ်ခဲ့ဖို့ လိုသေးလို့လား ဦးစက်၊ ဒီမှာ မိန်းကလေး တစ်ယောက်ရှိနေတာ မသင့်တော်ဘူးဆိုတဲ့ အချိန်က ရွှယ်စုး ပုန်းနေခဲ့ရတယ်။ အခု ရွှယ်စုးက ဦးစက်ရဲ့ဇနီး ဖြစ်နေပြီပဲ၊ ရွှယ်စုး ပုန်းနေရဦးမှာလား။ ခေသာ့ခတ်ထားခဲ့တဲ့အိမ်ကြီးထဲမှာ အရင်လိုပဲ နေခဲ့ရဦးမှာလား"

"ကိုယ်..."

"ဟင့်အင်း"

ရွှယ်စုးက ခေါင်းခါယမ်းကာ သူ့လက်ထဲကသော့ကိုပါ ဆွဲလုဝင်လိုက်သည်။

"သဘာဝမကျတာကို မလုပ်ပါနဲ့ ဦးစက်ရယ်၊ ရွှယ်စုး ခေါင်းညိတ်





ခဲ့တဲ့ထဲမှာ ဦးစက်ကို လက်ခံနိုင်လို့လဲ ပါတယ်၊ ဒီအခြေအနေတွေက ၁၅နှစ် ရှန်းထွက်လွတ်မြောက်ချင်တာရော အကုန်လုံးပါတယ်။ ရွှယ်စုး ၁၀မှာ အရိုင်းကောင်းတစ်ခု ရပြီဆိုတဲ့ ကြည်နူးမှုနဲ့ ရွှယ်စုး ဘာကိုမှ ထည့်မတွက်ဘဲ လက်ထပ်ခဲ့တာပါ။ အဲဒါ မှလုံခြုံသေးဘူးလား။ ဘယ်လို မသင့်တော်တာတွေ ရှိသေးလို့လဲ"

"ရွှယ်စုး"

ဝမ်းနည်းကြေကွဲနေသံလေးလည်းပါသည်။

အံ့သြနေတာ၊ မယုံနိုင်တာတွေပါ ရောပါနေသည့် ရွှယ်စုးမျက်ဝန်းလေးတွေကို ငေးကြည့်ကာ စက် ရင်ထဲမှာ နင့်သွားသည်။

မှသားထက်ပြင်းထန်သော လိမ်လည်မိခြင်း၏ ဆင်းရဲမှုကို ပထမဆုံး ရင်ဆိုင်လိုက်ရပြီမှန်း သူ သိသည်။

ရွှယ်စုးဘက်က ဒီလိုမြင်သင့်သည်၊ ဒီလိုပဲ မေးသင့်သည်။

မှားနေတာက သူ...

ဒါပေမယ့် သန့်စင်နေခဲ့သည့် နှလုံးသားတစ်ခုကို အားကိုး၍ မှားခဲ့တာ အချစ်ကြောင့်ပဲဖြစ်သည်။

ချစ်လွန်းလို့ပါ ရွှယ်စုးရယ်လို့ အထပ်ထပ်ပြောနေတော့ရော ယုံမှာတဲ့လား။

မှန်တာပြောနေသည့် ရွှယ်စုးကို သူ ဘယ်လိုအကြောင်းပြချက်နှင့် ရှောင်ထွက်ရမှန်းမသိ။

"တံခါးတော့ ပိတ်ထားနော်"

ဟု ခပ်သဲ့သဲ့ပြောရင်း သူ ကားဆီ လျှောက်လာခဲ့သည်။

"ဦးစက်"

ရွှယ်စုးက လှေကားထစ်လေးတွေကို ပြေးဆင်းလာပြီး သူ့ဘက် လှည့်လိုက်တော့ ရင်ဘတ်ချင်းထိလုကျမှ ကိုယ်ရှိန်သတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ထဲမှ သော့တွဲကလေးကို သူ့လက်ကိုဆွဲ၍ ထည့်ပေးလိုက်၏။

"ဦးစက် ရှယ်စုးကို စိတ်မချလို့ဆိုရင် ခေါ်ပစ်ခဲ့ပါ"

ကြည့်စမ်း...၊ စက်ရင်ထဲမှာ တုန်ခါသွားသည်။

ထပ်၍မှားယွင်းခြင်းကို နင့်နေအောင်ခံစားလိုက်ရရင်း ရှယ်စုး ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိသည်။

ပြီးတော့ ရှယ်စုးမျက်နှာလေးကို မြတ်နိုးစွာ နမ်းရှိုက်နေပြီးမှ

"မခေါ်တော့ပါဘူး ချာတိတ်ရယ်၊ ဒါပေမယ့်လေ ဟိုဟိုဒီဒီ လျှောက် မထွက်နဲ့နော်၊ အပြင်တစ်ခုခုသွားချင်ရင် ကိုယ် လိုက်ပို့မယ်"

"အင်း"

မြို့ရှေ့မှာချည်း သွားလာမနေနဲ့ဟု မမှာဖြစ်ခဲ့ဘဲ သူ ကားပေါ်တက် သည်။

မြို့ဝရောက်မှ ဦးတိုးကို အနားခေါ်ကာ...

"ဦးတိုး မြို့တခါးနှစ်ချပ်ကို ကျွန်တော် အသစ်လဲမယ်၊ ပစ္စည်းတော အလုပ်သမားတွေကော ရောက်လာကြရင်း ဒီနေ့ အားချင်းပြီးအောင် ဦးတိုး ညွှန်ကြားပေးပါ"

ဦးတိုးက တစ်ခုခုကို နားမလည်ဖြစ်သွားပုံနှင့် မေးမည်ပြင်ပြီး မြို့ဝမှ အထဲကို လှမ်းမြင်နိုင်သော လှပသည့် သံပန်းတံခါးကြီးနှစ် ကို ကြည့်မိပြီး သဘောပေါက်သွား၏။

"စိတ်ချ၊ ဦးတိုး သေချာကြပ်မတ်ပေးလိုက်မယ်"

သူ ကားကို အနည်းငယ်မောင်းထွက်လိုက်ပြီးမှ ပြန်ရပ်ပစ်သည်။ ပြောစရာကျန်သေးမှန်းသိ၍ ဦးတိုးက အလိုက်တသိ ကမန်းကတန်း ပြေးလိုက်လာ၏။

သူ တံခါးမှာ လက်တင်၍ ဦးတိုးကို မော့ကြည့်ကာ...





"ရှယ်စုးကိုလဲ စောင့်ရှောက်ထားပေးပါဦး၊ ဘာမှတော့ သွားမပြော နဲ့ သွားတာလာတာလေး နည်းနည်းပါးပါး ကြည့်ပြီး တည့်မတ်ပေးဖို့"

"စိတ်ချ လူလေး ဦးတိုး နားလည်တယ်၊ စိတ်ဖြောင့်ဖြောင့်သွား"

သူ ခေါင်းညိတ်၍ ကားဆက်မောင်းလာခဲ့သည်။

ခုချစ် ခုယူ...

ချစ်ခဲ့ လက်ထပ်ခဲ့တာ အတိတ်နဲ့ပစ္စုပ္ပန်က မနက်နဲ့ညပဲဖြစ်သည်။ ဒါပေမယ့် ရင်ထဲက အချစ်က ခိုင်မာနေသည်။

သူများတွေ ချစ်တယ်ဆိုတာထက် ချစ်သည်။ သူများတွေ ယုယ တယ်ဆိုတာထက် ပိုချင်၏။

သူ့အဖြစ်က မိုက်ကလည်းဆာနေပြီ၊ စားစရာတွေလည်း ရှိနေ သည်။

သို့သော် စိတ်လောကြီး၍ ပါးစပ်ထဲကောက်ထည့်သမျှ မျိုချမရဘဲ ထည်နင်နေသူလို...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၃)

ပန်းချီကို ကိုယ်တိုင် မဆွဲတတ်ပေမယ့် ကြည့်ရှုခံစားဖို့တော့ ဝါသနာပါသည်။ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှု မြန်မာ့လက်ရာ ပန်းချီကားများကိုပဲ ဖြစ်၏။

နာမည်ကြီးအဆိုတော်တစ်ယောက်၏ ပန်းချီပြခန်းဆိုတော့ ပို၍ စိတ်ဝင်စားမိကာ ဦးစက်ကို ကားရပ်နိုင်းပြီး မျက်နှာမကြည်တာကို သိရက်နှင့်ပဲ ဖွင့်ဝင်လာခဲ့မိသည်။

ပန်းချီခန်းက သိပ်မကျယ်ပေမယ့် သပ်ရပ်ခမ်းနားမှုရှိသည်။ ပန်းချီကားတိုင်းကို ကနုတ်ပေါင်များနှင့် ခတ်သဖြင့် ပို၍ ခံ့ညားနေ၏။

အခန်းနှစ်ခန်းကို တံခါးတိုလေးနှင့် ကန့်ထားကာ မော်ဒယ်ပန်းချီတွေနှင့် အတွင်းဘက်ခန်းမှာ မြန်မာ့ယဉ်ကျေးမှုလက်ရာ ပန်းချီကားတွေ ထား၏။

ရွှယ်ရှူး ထိုအခန်းသို့ ကူးလာခဲ့ရင်း နှစ်ယောက်သုံးယောက် စုရုံးပြီး ဝိုင်းကြည့်နေကြသည့် ပန်းချီကားဆီ တန်းလျှောက်သွားခဲ့သည်။





"ဒီပန်းချီကားကိုကြည့်ပါဦး။ ဟသ်ာတထွန်းရင် သီချင်းထဲကလို 'ငှက်မောင်နှံ ကောင်ပံချင်းယှက်' ဆိုတဲ့ စာစလေးနဲ့လေ၊ ဘယ်လောက်လှမ်းစရာကောင်းလိုက်သလဲ၊ ဒီမှာ တောင်သမန်အင်းနဲ့ ငှက်မောင်နှံလေး"

"ဟုတ်တယ်နော်၊ သီချင်းအတိုင်း လိုက်ရေးထားသလိုပဲ၊ ဒါမှမဟုတ် ပန်းချီကိုခံစားပြီး သီချင်းဖြစ်လာတာလား"

ကြည့်နေသူတို့ထံမှ စကားသံတချို့ကို ကြားလိုက်ရသည်။ ရွှယ်ရှူး နောက်မှာ သွားရပ်လိုက်တော့ သူတို့က ငဲ့ကြည့်ပြီး တခြားပန်းချီကားဆီ ထွက်သွားကြ၏။

ပန်းချီပြခန်းထဲမှာ ဝင်လာသူ အနည်းငယ်ပဲရှိသည်။ ရွှယ်ရှူးကတော့ ဘယ်ကိုမှ မကြည့်ဖြစ်တော့ဘဲ ပန်းချီကားကိုငေးနေရင်း အားလုံးကို မေ့လျော့သွားခဲ့၏။

တစ်ချိန်သောအခါက ဗလာစာရွက်ဖွေးဖွေးလေးပေါ်မှာ ဒီပုံမျိုးလေးဆွဲ၍ လောင်းရိပ် သူမကို ပေးခဲ့ဖူးသည်။

လောင်းရိပ်သည် ဘယ်ပုံမျိုးကိုပဲဖြစ်ဖြစ် စာရွက်ပေါ်မှာဖြစ်စေ၊ ပုံပေါ်အောင် ကူးခြစ်နိုင်သည့် ဘယ်လိုအပေါ်မှာဖြစ်ဖြစ် စက္ကန့်မိနစ်အနည်းငယ်အတွင်း ခေါက်ခနဲ ဖောက်ခနဲ ရေးလိုက်တာနှင့်…

လိုချင်သည့်ပုံကို ချက်ချင်း သရုပ်ဖော်နိုင်တဲ့သူ…

"ဟယ် အဲဒီပုံမျိုးလေး ရောင်စုံခြယ်ပြီး ချောချောမောမောလေး ပြန်ဆွဲပေးပါလား"

'ဟု တောင်းဆိုလျှင်တော့ ဘယ်တော့မှ မရခဲ့ပါ။

"မလုပ်နဲ့၊ တကယ်လို့ဆွဲကာမဟုတ်ဘူး၊ ကိုက်ဆိုင်ပြီး အရောင်သွားတာ။ ဒါကို ထပ်တွန့်ရင် လွင့်ပစ်လိုက်ရလိမ့်မယ်"

ရယ်ကျဲကျဲနှင့် လျှော်ပစ်တတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်ရှူးကို သူ ဒီလိုငှက်မောင်နှံနှင့် တောင်သမန်အင်း ဆွဲပေးခဲ့တုန်းက မှတ်မှတ်ရရ ဟာသံာတထွန်းရင် ဆိုထားသည့် သီချင်းကို *နားထောင်ရင်းနဲ့ပဲဖြစ်သည်။*

လမ်းထဲက ဘုံကထိန်မဏ္ဍပ်မှာ ထိုသီချင်းကို ဖွင့်လိုက်စဉ် ရွှယ်ရှူးနှင့်ရိပ် အိမ်ကပြင်မှာ ခေါင်းချင်းဆိုင်၍ အိမ်စာတွေတွက်ပြီး အဖြေတိုက်ကြည့်နေကြတာဖြစ်၏။

.....ငှက်မောင်နှံ တောင်ပံချင်းယှက် မိုးထက်သို့ပျံ.....

.....တောင်သမန်အင်းရဲ့.....

.....တစ်ရံရောအခါက အဖြစ်ဆိုး... တောင်သမန်နယ်စားလေးနဲ့မောင်ဖေငယ်လို အဖြစ်မျိုး... မြတ်နိုးယုယ ချစ်သူအလှ ဒိုင်းခင်ခင်ရယ်... ငယ်ပေါင်းတွေမို့ နှမလိုတစ်မျိုး ချစ်သူလိုတစ်သွယ် ရင်ဝယ်မျိုးသိပ် ချစ်စိတ်တွေလည်း ဖွင့်မပြောရက်ခဲ့တယ်.....

သီချင်းသံကို နားစွင့်လိုက်မိကြရင်း နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲကြည့်မိကြ၏။

ပြီးတော့ မျက်နှာတွေ ပြန်လွှဲကာ ရိပ်က စာရွက်တွေကို လျှောက်လှန်နေ၏။

ရွှယ်ရှူး ဘော်ပင်ကိုကိုင်လိုက်သော်လည်း ဘာမှမရေးဖြစ်ဘဲ သီချင်းကိုပဲ နားစွင့်နေခဲ့မိသည်။

သီချင်းဆုံးတော့ ကိုယ်နှင့်လည်းမဆိုင်ဘဲ မျက်ရည်တွေက မျက်ဝန်းမှာ တိတ်တိတ်ဆိတ်ဆိတ် ပြည့်သိပ်စွာ နေရာယူပြီးကြပြီဖြစ်၏။

..... ပွင့်သောပန်းတိုင်းကိုကြွယ်... ဥယျာဉ်မှူး ခြေခူးခက်လှတယ်... ချစ်သူအတွက် အနှစ်နာခံမယ်.....

"ဟာ ရွှယ်ရှူး ဘာဖြစ်တာလဲ"





စာအုပ်ပေါ်က ပေတံကို လှမ်းယူလိုက်သည့် ရိပ်၏လက်ခုံပေါ်သို့ ရွှယ်ရှူး မျက်ဝန်းမှ မျက်ရည်တစ်စက်က မမြင်မြင်အောင် ကိုယ်ယောင်ပြ၍ အသိပေးလိုက်သည်။

ရွှယ်ရှူး ရှက်ရှက်နှင့် မျက်ရည်သုတ်ပစ်ကာ ရယ်ချလိုက်၏။

"ဘာဖြစ်သွားမှန်းမသိဘူးဟ၊ မငိုဘဲနဲ့ မျက်ရည်ကျသွားတာ၊ ရိပ်..."

"ဟင်"

"အဲဒီနှစ်ယောက် သနားပါတယ်နော်"

"မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်လား"

"အင်း..၊ နင် အဲဒီအကြောင်းတွေ သိလားဟင်"

တကယ်တော့ ရွှယ်ရှူး အဲဒါတွေ မေးနေကတည်းက စကားပြောရင်း ရိပ်က သီချင်းထဲကအတိုင်း သရုပ်ဖော်ပုံလေးတစ်ပုံကို ကောက်ဆွဲနေပြီဖြစ်၏။

"သေချာတော့ မသိပါဘူး၊ မောင်ဖေငယ်နဲ့ဒိုင်းခင်ခင်က သူငယ်ချင်းချစ်သူပေါ့"

"ဘယ်လို..."

"သူငယ်ချင်း၊ ဒါပေမယ့် ချစ်နေကြတာပဲ၊ ဒါပေမယ့် ဖွင့်မပြောဖြစ်ကြဘူး"

"ဒါပေမယ့်တွေက များလိုက်တာ"

"သိသလို ပြောတာလေ"

"အင်းပါ ပြောပါ"

"အဲဒါနဲ့ပဲ ဒိုင်းခင်ခင်ကို ဘုရင်က တော်ကောက်လိုက်ရော"

"ဟင်... ဘယ်လိုတွေ့သွားတာလဲ"

"မောင်မောင်တုတ်က ဆောင်ကြဉ်းပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ်၊ နိုင်းခင်ခင်က ငိုနေမှာပေါ့နော်"

"အင်း...၊ ရုပ်ရှင်ထဲမှာတော့ ငိုနေတာ တွေ့တာပဲ"

ရိပ်က တစ်ချက်မှ မော့မကြည့်ဘဲ မေးသမျှ ပြန်ဖြေသည်။

"နင် ရုပ်ရှင်ကြည့်ရတယ်"

"အင်း"

"ငါကျတော့ မကြည့်ဖူးဘူး"

"ဆက်ပြောမှာလား၊ ရပ်နေရမှာလား"

"အင်း အင်း ဆက်ပြော၊ မောင်ဖေငယ်ကတော့ ဘာမှမကြိုး... ဘူးလား"

"ဘယ်ကြိုးစားလို့ရမလဲ၊ သူက တောင်သမန်လယ်စား... အဆင့်ပဲရှိတာ"

"နောက်တော့ ဘာဖြစ်သွားလဲ"

"နှစ်ယောက်လုံး သေသွားတယ်"

"ဟင်... နှစ်ယောက်လုံး"

"အင်း"

"ဘာဖြစ်လို့ သေတာလဲ"

"မမှတ်မိတော့ဘူး"

"ဘုရင်က သတ်တာလား"

"မဟုတ်ဘူးထင်တာပဲ"

ရွှယ်စုး မယုံသင်္ကာမျက်လုံးနှင့် ရိပ်မျက်နှာကို လိုက်ငုံကြည့်... ရိပ်က စာအုပ်ဆီမှာ စူးစိုက်နေရာမှ မျက်လွှာပင့်ကြည့်ကာ...

"ဘာကြည့်တာလဲ"

"နင့်ဖြေပုံကြီးက သိရက်သားနဲ့ ညာပြောနေသလိုပဲ"

ရိပ်က ပို၍ မသင်္ကာစရာအပြုံးမျိုးနှင့်...





"တကယ် အဲဒီလောက်ပဲသိတာ"

"သူတို့နှစ်ယောက်က စည်းခြားသွားပြီပဲ၊ ဒီထက်ပိုသိချင်ရင် သမိုင်းဌာနမှာ သွားမေးပါလား"

"ဟွန်း"

"ရော့... လောလောဆယ် ဒါလေးယူ၊ ညကျတော့ ထုတ်ကြည့်ပြီး ငိုချင်ရင်လဲ လွတ်လွတ်လပ်လပ် ငိုလို့ရတာပေါ့"

"ဘာလဲ"

သူ လှမ်းပေးသည့်စာရွက်ကိုကြည့်တော့ ရွှယ်စုး နှုတ်ခမ်းလေး ပင် ဝိုင်းသွားခဲ့သည်။

သူ့ကိုခနဲ့ဖို့ ရွဲ့ဖို့လည်း မေ့သွား၏။ နားထောင်လိုက်ရသည့် သီချင်းလေးတိုင်းပါပဲ။

စိတ်တို့သည် အတိတ်ကာလများဆီသို့ ပျံသန်းကူးခတ်ရင်း ရွှယ်စုး မျက်ရည်တွေ ဝေ့သီလာ၏။

ဟောဒီပန်းချီကားကြီးဟာ ဆေးရောင်စုံနဲ့ တခမ်းတနားပါပဲ။ ဒါပေမယ့် ဟိုစဉ်က ရွှယ်စုး စာအုပ်ကြားထဲမှာ တယုတယ ညှပ်၍ သိမ်းဆည်းထားခဲ့ဖူးသော ဗလာစာရွက်လေးပေါ်က ပန်းချီလေးတစ်ချပ်ကိုတော့ မမီဘူးထင်သည်။

ထိုပုံလေးကို ရွှယ်စုး မြတ်နိုးခဲ့သည်။

ခဏခဏ ထုတ်ကြည့်ဖြစ်ရင်း သီချင်းလေးကိုပါ ဟိုတစ်စ ဒီတစ်စ ညည်းမိတတ်သေးသည်။

အဖြစ်တို့က ကိုယ်နှင့် လုံးဝတူညီသည်မဟုတ်သော်လည်း ဖွင့်ဟခွင့်မရခဲ့ကြသည့် အချစ်များနှင့် ဘဝနှစ်ခု စည်းခြားခဲ့ကြတာကတော့ တူနေပါပြီ။

ရွှယ်စုး ပန်းချီကားကိုပဲ မမှိတ်မသုန် ငေးနေမိဆဲ...



www.burmeseclassic.com

www.burmeseclassic.com



'မြန်မြန် ပြန်ထွက်ခဲ့နော်'ဟု မှာလိုက်သည့် စက်ကိုလည်း သတိမရတော့။

ကိုယ့်ကိုယ်ကို ပြခန်းထဲက ပန်းချီကားတစ်ချပ်ရှေ့မှာ ရောက်နေခဲ့သည့်အဖြစ်ကိုပါ မေ့သွား၏။

ဘယ်ရောက်နေလို့လဲ ရိပ်ရယ်...

ငါ့ဘဝမှာ ရေစုန်မှာကော ရေဆန်မှာကော မျောနေရတဲ့အချိန်မှာ နင် ရှိမနေလို့ ငါ့ဆီ ရောက်မလာခဲ့တာမှန်း ငါ သိတယ်။

ဘယ်ကိုသွားနေခဲ့သလဲ၊ ခုကော ငါ့အဖြစ်တွေကို နင် သိပါ့မလား

ခုတော့ တကယ်ပဲ ဝေးကြပါပြီ ရိပ်ရယ်...

ကိုယ့်ကိုပဲ သံယောဇဉ်အရှိဆုံးဆိုတဲ့...

နှစ်ယောက်တစ်ဘဝဖြစ်အောင် ကြိုးစားမယ်တဲ့...

မပြောဖြစ်ဘဲ သိမ်းဆည်းထားခဲ့တဲ့ စကားတွေဟာ နောင်တစ်ချိန်အတွက် သယ်ဓာတတွေပါတဲ့...

အဲဒီ သယ်ဓာတတွေ နင့်ရင်ထဲမှာ ရှိနေပြီလား...

သိမ်းထားလိုက်ပါတော့ ရိပ်ရယ်...

ဒါမှမဟုတ်ရင်လည်း နောက်တစ်ယောက်အတွက်ပဲ ထားလိုက်ပါတော့၊ ရွယ်စွး စက်ကို လက်ထပ်ခဲ့သည်။

မထိမကိုင်ဖူးသော စည်းစိမ်ဥစ္စာတွေ၊ ပြီးတော့ ယုယအလိုလိုက်တတ်ပြီး ချောမောသန့်စင်နေသည့် မင်းစက်ရာ ဆိုသော ယောကျ်ား ဆွဲဆောင်မှု၊

ဒါတွေကြောင့် ရုန်းမထွက်နိုင်ခဲ့သော လက်တွေ့ရှောင်လွှဲမရသော ရင်ဆိုင်နေရသည့် ဘဝအခက်အခဲများကြောင့် ဆုံးဖြတ်ခဲ့မိသည်။

ဒီပန်းချီကားရှေ့ မရောက်မီအထိ ရင်ထဲမှာ အတိတ်က ငြိမ်သက် မှေးမှိန်နေခဲ့သည်။





ခုတော့ ရွယ်စွး နှလုံးသားက ဆတ်ဆတ်တုန်ယင်လျက် ပန့်ပွန်ကို ခါးသီးလာခဲ့မိသည်။

နိုင်မာခဲ့သော သံယောဇဉ်နှင့် သာယာမှုနှင့် နှယ်ခဲ့သော ဘဝတစ်ခုကို နှိုင်းယှဉ်ကြည့်ကာ တကယ် အေးမြနိုင်သည့် အရပ်မျက်နှာကို မြင်ခဲ့ပြီ။

သူမရင်ထဲမှာ အချစ်တွေ ရှိနေခဲ့သည်။ ထိုအချစ်တို့ဟာ ရိပ်အတွက်ပဲ ဖြစ်ခဲ့လေသည်။ ရိပ်နှင့် စည်းခြားခဲ့ပြီ ဆိုသောအဖြစ်ကို နှလုံးသားက တွေးနိုင်စွမ်းပင် မရှိခဲ့။

"ဒီပန်းချီကားကိုပြောတာ အန်ကယ်၊ ရောင်းမယ်ဆိုရင် ဈေးလေးတော့ တစ်ဆိတ်လောက် ပြောပြပေးပါ၊ ကျွန်တော့်သူငယ်ချင်းကို လက်ဆောင်ပေးချင်လို့ပါ"

ဟင်...

အသံကြောင့် ရွယ်စွးကိုယ်လေး မတ်ခနဲဖြစ်သွား၏။ အသံရှင်သည် သူမ အလွန်အမင်း တမ်းတနေခဲ့သော လောင်းရိပ်ပဲဖြစ်ကာ သူမရှေ့မှာ ကျောခိုင်းရပ်လာပြီး ပန်းချီကားကို တယုတယ လှမ်းကိုင်နေသည်။

ပါဝါမျက်မှန်ထူထူနှင့် ထိပ်ပြောင်ပြောင်နှင့်လူကြီးက ပန်းချီကားတိုကြည့်၍ အားနာနှစ်သိမ့်သောအပြုံးနှင့် ခေါင်းခါလိုက်၏။

"စိတ်မကောင်းပါဘူးကွယ်၊ အနုပညာကို မြတ်နိုးလို့ ဝယ်ယူချင်တဲ့ လူတိုင်းကို အန်ကယ်တို့က ရောင်းပေးချင်ပါတယ်၊ ပိုင်ရှင်က ဒီဘက်နံရံက ပန်းချီကားအားလုံးကို မရောင်းဘူးလို့ သတ်မှတ်ထားလို့ပါ"

လူကြီးက ရိပ်၏လက်မောင်းတစ်ဖက်ကို ဖျစ်ဆုပ်ပြုံးပြပြီး လှည့်ထွက်သွားသည်။

www.burmeseclassic.com



ရိပ်သည် ပန်းချီကားကို အကြာကြီး မော့ငေးနေပြီး ခေါင်းငိုက်စိုက်ကျသွားခဲ့၏။

ပြီးတော့ ပြန်မော့ကြည့်ကာ ပန်းချီကားကို ယုယမြတ်နိုးစွာ ထိကိုင်ကြည့်နေပြန်သည်။

"ရွယ်စူးရယ်"

ဟု တိုးတိုးဖွဖွလေးညည်းရင်း နောက်ထပ် ခေါင်းစိုက်ကျသွားကာ လေးကန်စွာ လှည့်ထွက်သွား၏။

"ရိပ်"

စိတ်လှုပ်ရှားစွာခေါ်ရင်း ရွယ်စူး ရိပ်လက်မောင်းကို လှမ်းဆွဲလိုက်သည်။ ရိပ် ဖျတ်ခနဲ လှည့်ကြည့်၏။

"ဟင်…"

ရွယ်စူးဟု ခေါ်သံပင်မထွက်တော့အောင် မျက်လုံးအစုံရော နှုတ်ခမ်းများပါ ဝိုင်းစက်ပွင့်ဟလျက်…

"နင်…"

ရွယ်စူး မျက်ဝန်းလေးတွေကို ငေးကြည့်သည်။ ပြီးတော့ ပါးပြင်ထက်က မျက်ရည်တွေ…

ရိပ်သည် ရွယ်စူး တစ်ကိုယ်လုံးကို မယုံနိုင်စွာ ဝေ့ခနဲကြည့်လိုက်ပြီး တစ်ကိုယ်လုံး လှည့်ရပ်၏။

"ရွယ်စူး… နင်… နင် ဒီမှာ…"

"ငါလဲ ဒီပန်းချီကားကိုကြည့်ပြီး သတိရနေတာ"

"နင် ခုမှတွေ့တာလား၊ ငါက မနေ့ကတည်းက မြင်ထားတာ အချိန်မရလို့ သေချာမကြည့်ရဘူး၊ အခု တမင်ဝင်ကြည့်ပြီး ဒီပုံမျိုးလေး ရောင်စုံဆွဲပေးပါလားလို့ ပြောဖူးတဲ့ နင့်ကို သတိရလို့…"

စကားက မဆုံးသေးဘဲ အသံတိမ်ဝင်သွားတော့ ဒီနားမှာပဲ ဖြတ်





တောက်သွား၏။ နှစ်ယောက်သား မျက်လုံးချင်းဆုံကာ အရေးကြီးသော အကြောင်းအရာအတွေ ပြောဖို့ကို မေ့နေခဲ့ကြသည်။

အမိကာမေးခွန်းတွေကိုလည်း မမေးဖြစ်ကြ။

ထို့နောက် ပတ်ဝန်းကျင်ကိုလည်း မေ့လျော့ကာ…

ရိပ်က လက်ဖဝါးလေးနှစ်ဖက်ကို ဆုပ်ဆွဲလိုက်၏။

အနည်းငယ်ရှည်ကျနေပြီဖြစ်သည့် ဆံပင်တွေကို နောက်ဘက်မှာ ခပ်မြင့်မြင့်လေး စုဟင်စည်းထားလျက် နားသယ်စပ် ဆံစလေးအချို့ ကပိုကရို ပြန်ကျနေသည်။

ဟိုးအရင် မြင်နေကျကို ဘာမှ မလိမ်းခြယ်ဘဲ ချွေးကလေးစို့စို့ ကြွက်ကျားလေးမပြယ့်တပြယ်နှင့် မျက်နှာမျိုး မဟုတ်တော့။

မိတ်ကပ်ပြေပြေပါးပါးလေး လိမ်းထားသည်။ လည်တိုင်မှာ စိန်လော့ကက်တပ်ထားသည့် ရွှေကြိုးနှင့် တခြားလက်ဝတ်ရတနာတွေသည်း ပြည့်စုံနေသည်။

အဖြူရောင်ကိုယ်ကျပ်ပိုးပျော့ဝတ်စုံလေးကို လက်နားဖျားလေးနားမှာ ဇာနားတပ်၍ လည်ဟိုက်တွန့်တွန့်လေး ဝတ်ထားသည်။

အရင်ကနှင့် ဘယ်လိုမှ ဆက်စပ်ယှဉ်မရနိုင်လောက်အောင် ပြုပြင်သန့်စင်နေအောင် အလှကြီးလှနေသည့် ရွယ်စူးကို ငေးလို့မဝ၊ ကြည့်လို့မဝနိုင်ဘဲ ကြာမြင့်စွာ ငေးနေမိခဲ့သည်။

သူ့ရင်ထဲမှာတော့ အကြည့်များထဲမှာပါ ရွယ်စူးတစ်ယောက် ကျော်းတစ်ခုခြားနေသော ဘဝထဲမှာ ရပ်တည်နေခဲ့လေပြီလားဆိုသည့် အတွေးမျိုးလည်း စိုးစိမျှပင် မဝင်ခဲ့ပါ။

ဒါပေမယ့် ရွယ်စူးက သတိရလာသည်။

တမ်းတမိခဲ့သော ရိပ်၏ လက်ဖဝါးထဲမှာ ကြည်ဖြူနစ်လိုစွာ ပြီးသက်ပေးအပ်ထားခဲ့မိသည့် လက်တို့ကို ပြန်ရုန်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာချလိုက်မိပြီး လက်ကလေးကို ဖွဖွပိုက်ကာ ကိုယ့်ကိုရို

"ရွှယ်စူး... နင်... နင် ဘယ်မှာနေတာလဲဟင်၊ ငါ..."

"တီ တီ"

ခပ်ဆောင့်ဆောင့်ကားဟွန်းသံက အခန်းထဲထိ စူးရှစွာဝင်လာသည်။ ရိုပ် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

အပြင်ကို လှမ်းကြည့်လိုက်ပြီး ပစ္စုပ္ပန်နဲ့စိတ်တို့ ဆက်စပ်မိသွားကာ ပြောချင်တာ ဖြစ်ချင်တာတွေများနေသည်။

ဘာကို အရေးကြီးဆုံးအဖြစ် ဘာစကားပြောရမှန်းမသိဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"ရွှယ်စူး နင့်ကို ငါ လာရှာမယ်၊ ဘယ်မှာနေလဲဟင်"

"ငါ..."

ရွှယ်စူးလည်း ဘာဖြေရမှန်းမသိပါ။

ကိုယ်နေသည့်လိပ်စာကိုလည်း အပြည့်အစုံ မသိသလို ရောက်စက ဖုန်းထားတာဖြစ်ပေမယ့် နောက်တော့ ဖုန်းလည်းမရှိတော့။

စက်က ဟန်းဖုန်းတစ်လုံးပဲ ဆောင်ထားခဲ့သည်။ ဒါဟာ ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံတာကို မနှစ်မြို့လို့ပဲဆိုတာ တွက်မိပြီး သူ့ဘာမှလည်း မပြောဖြစ်ခဲ့ပါ။

ရိုပ်ကို လိပ်စာပေးဖို့က...

"တီ တီ တီ"

ကားသံက ဆက်တိုက်ကြီး ဆောင့်ထွက်လာပြန်သည်။

"ရွှယ်စူး ငါ..."

ရိုပ် ဘယ်လိုမှ မတတ်သာတော့ဘဲ ဘာမှလည်း မဖြေဘဲ နှုတ်ခမ်းလေးကိုက်၍ ပြူးကြောင်ကြောင်ကြည့်နေသည့် ရွှယ်စူးကို ကျောခိုင်းခဲ့ရတော့သည်။





"သွားမယ်နော်၊ ငါတို့ ပြန်ဆုံကြမယ်"

ရိုပ်ရယ်...

ရွှယ်စူး မျက်ရည်တွေ ချက်ချင်း စိမ့်တက်လာကြသည်။ ဟွန်းသံပေးနေသော ကား၏နောက်မြီးစွန်းလေးက ရိုပ် ပြေးထွက်သွားပြီးသည်နှင့် သိမ့်ခနဲထွက်ခွာပျောက်ကွယ်သွား၏။

ရင်ထဲမှာ လှိုက်ဟာသွားသည်။

ဘယ်တော့မှ ပြန်လည်အစားထိုး၍ရနိုင်တော့မှာမဟုတ်သော လစ်ဟာဆုံးရှုံးသွားခြင်းမျိုးမှန်း ကိုယ်တိုင် နားလည်နေခဲ့၏။

ရိုပ်ရယ် နင် ငါ့ကို မေ့လိုက်ပါတော့။

ပန်းချီကားကို မရမကဝယ်ယူနေရင်း သတိတရ လွမ်းဆွတ်နေခဲ့သော ရိုပ်ရင်ထဲက ချစ်ခြင်းမေတ္တာတို့ကို ရွှယ်စူး အရှုံးပေးခဲ့ပါပြီ။

ငါ နင့်ကိုရှုံးပါတယ်၊ နင့်လောက် မချစ်တတ်ခဲ့တဲ့ ငါပါ ရိုပ်ရယ်...

နှုတ်ခမ်းကို ဖိပိတ်၍ လက်သီးလေးဆုပ်ပစ်လိုက်မိလျှင် လက်ချောင်းများမှာ ရှိနေသော လက်စွပ်တို့ကြောင့် တင်းခနဲဖြစ်သွား၏။

ထိုအခါ လက်ဖဝါးလေးကို မျက်နှာရှေ့မှာထောင်ကာ လက်ဖမိုးလေးကို မှောက်ကြည့်မိ၏။

စိန်၊ ပတ္တမြား၊ နီလာ ရတနာမျိုးစုံ တဖျပ်ဖျပ်လက်နေသော လက်စွပ်တို့က လက်ချောင်းများမှာ ထပ်ညပ်နေကြ၏။

ပြေးဝင်ခိုနားစရာမဲ့ခဲ့တဲ့ ဘဝတစ်ခုအတွက် အရိပ်ရှာခဲ့တဲ့ ငါ့ဆုံးဖြတ်ချက်တွေထဲမှာ အချစ်ကြောင့်မဟုတ်ဘူး...

ဦးနှောက်နဲ့ဆုံးဖြတ်ခဲ့တာ၊ မဆုံးဖြတ်လို့မှမရတာပဲ ရိုပ်ရယ်...

အဲဒါ ငါ မှားသွားလား...

ရွှယ်စူး လက်ကလေးနှစ်ဖက်ကို တင်ပါးလေးနားမှာ အနုံ့ချဆုပ်ထား၍ ကျောက်ရုပ်လေးတစ်ရုပ်လို ထွက်လာခဲ့မိသည်။

www.burmeseclassic.com



စက် ကားရပ်၍စောင့်နေသည့်နေရာကို ဆင်းလာခဲ့ပေမယ့် စက်က မရှိတော့။

ရွှယ်စူး ကြာနေသည်ကို ဒေါသဖြစ်၍ ပြန်သွားပြီလား။ မတတ်နိုင်ပါ။

ရွှယ်စူး ပတ်ဝန်းကျင်ကို ဝေ့ခနဲတစ်ချက်ကြည့်ပြီး ပြန်ရမည့်လမ်းအတိုင်း ခေါင်းလေးငုံ့၍ လျှောက်လာခဲ့၏။

"သွားမယ်နော်၊ ငါတို့ ပြန်ဆုံကြမယ်"

ရိပ် အားမလိုအားမရ နှုတ်ဆက်သွားခဲ့သောအသံကိုပဲ ကြားနေမိ၏။ အချိန်မရ၍ မချင့်မရဲ မျှိုသိပ်လှည့်ပြန်သွားခဲ့သည့် မျက်ဝန်းတွေကို မေ့မရ။

မျက်ဝန်းတို့ကို ခြေဦးထိပ်မှာပဲ စူးနစ်လျက် ရွှယ်စူးစိတ်တွေ ပျံ့လွင့်နေဆဲ မလှမ်းမကမ်းမှာ ကားတစ်စီး ထိုးရပ်သွား၏။

"ရွှယ်စူး"

ခေါ်သံနှင့်အတူ ကားတံခါးပွင့်သွားပြီ…

"လာ တက်"

စက်မျက်နှာကို မမြင်ဖူးသူတစ်ယောက်လို ငေးခနဲလှမ်းကြည့်၏။ ပြီးတော့ ခပ်ဖြည်းဖြည်းပဲ လျှောက်သွားပြီး တံခါးဖွင့်ထားသည့်အထဲ ဝင်ထိုင်လိုက်သည်။

ရွှယ်စူး တံခါးပိတ်ပြီးမှ စက်က ကားဆက်မောင်း၏။

သူ့ မှန်ထဲကနေ လှမ်းကြည့်တော့ မျက်လွှာလေးချ၍ ငြိမ်သက်ငေးငိုင်နေသော ရွှယ်စူးက တုတ်တုတ်မျှမလှုပ်။

"ချာတိတ်"

"ဟင်"





ဖျတ်ခနဲ ပင့်တက်လာသည့် မျက်ဝန်းလေးတွေကို ကားမောင်းရင်းနှင့်ပဲ သူ သေချာ အကဲခတ်မိသည်။

"ကိုယ် စောင့်မနေလို့ စိတ်ကောက်သွားတာလား"

"ဟင့်အင်း"

"မင်း ကြာဦးမှာပဲဆိုတာသိလို့ ကိုယ် ကိစ္စလေးတစ်ခု သွားလုပ်တာ၊ တိုင်ပင်နည်းနည်းလွဲသွားတယ် ဆောရီးနော်"

"ရပါတယ်"

ရွှယ်စူး စိတ်ကောက်ပြီဟု သေချာပေါက်တွက်ထား စက် ရင်မောသွားခဲ့၏။ တကယ်တော့ မရိုးသားခဲ့သည့် သူ့အခက်အခဲကိုလည်း ဘယ်သူ့ကိုမှ ဖွင့်ပြော၍မဖြစ်ပါ။

ရွှယ်စူးကို စောင့်နေတုန်း မိုးကောင်းကင်၏ကားလေး ဝင်လာတော့ သူ့မှာ ရင်တွေပူသွားခဲ့သည်။

မိုးကောင်းကင် အထဲကိုဝင်သွားလျှင် တော်ဦးမည်။ ဒရိုင်ဘာကပဲ ဝင်သွားပြီး သူမက ကားထဲမှာကျန်ခဲ့၏။

နောက်ကြည့်မှန်ထဲမှ သူ့ကားကို လှမ်းကြည့်နေတာလည်း သူ သိသည်။ အကယ်၍များ သူမ ကားမထွက်မီ ရွှယ်စူး ထွက်လာခဲ့လျှင်…

သူ့မှာ ရွှယ်စူးကိုလည်း မထားခဲ့နိုင်၊ နေလို့ ဘယ်လိုမှမဖြစ်ဘူးဆိုသည့် အဖြေကိုလည်း တွက်လိုက်မိသည်မို့ နောက်ဆုံး ကားပေါ်က ဆင်းပြီး ပြခန်းတာဝန်ခံနှင့် စကားခဏရပ်ပြောသလို အယောင်ပြ၍ ပြန်မောင်းထွက်ခဲ့ရသည်။

ရွှယ်စူး ပြန်ချိန်လောက်ကို မှန်း၍ ပြီးမှပဲ နောက်ကလိုက်တော့ ညည်ဟု စိတ်ကို တုံးတုံးချလိုက်၏။

ခုတော့ ရွှယ်စူး သူ့ကို အထင်လွဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်မှပင် သေချာ ချော့ရပါတော့မည်။

ရှယ်စူးကို သူချစ်သည်။ ရှယ်စူးလက်လေးကိုဆွဲ၍ လွတ်လပ်ပျော်ရွှင်စရာ ဘဝလေးတစ်ခုမှာ သက်ဆုံးတိုင် နေထိုင်သွားလိုသည်။

ထိုဘဝ ထိုပျော်ရွှင်မှုတွေကို ဒီအခက်အခဲ ဒီအဖြစ်တွေထဲကနေ ဘယ်လိုရအောင် ဆုပ်ဖမ်းရမလဲ။

မနက်ဖြန်တိုင်း အရုဏ်ဦးဟာ သာယာလှပနေပါ့မလား…

ရင်ထဲမှာ ပင့်ကူမျှင်များလို နှောင်ဖွဲ့မှုတွေ ရှုပ်ထွေးနေခဲ့ပါ၏





အခန်း (၂၄)

ခြံထဲ လျှောက်ပတ်ကြည့်ရင်း ရှေ့မျက်နှာစာနားရောက်တော့ သံပန်းတံခါးမဟုတ်တော့ဘဲ လုံးဝ အလုံပိတ်ပစ်လိုက်ပြီဖြစ်သည့် သံမဏိတံခါးချပ်ကြီးနှစ်ခုကို သတိတရ ရပ်ကြည့်လိုက်မိသည်။

ဒီတံခါးတွေဖြစ်ခဲ့တာ သိပ်မကြာသေးပါ။ သံပန်းတံခါးတွေ မဟုတ်တော့ပေမယ့် လှပါသည်။ ပို၍ထည်ဝါသွားသလိုလည်းဖြစ်၏။

ဒါပေမယ့် အထဲက လှပခမ်းနားမှုများကို အပြင်ကနေ ဘယ်လိုမြင်တာ မမြင်တာ မသိ၊ အထဲကနေတော့ အပြင်ကို လက်တစ်လုံးစာကြက်တစ်ဝပ်စာမျှပင် မမြင်ရတော့ပါ။

နေ့စဉ် ရှယ်စူးဟာ ဒီတိုက်ဒီခြံကြီးထဲမှာ စားချင်တာစား၊ သွားချင်သလိုသွား၊ လိုချင်တာရှိလို့ ဝယ်ခြမ်းပေးမယ်ဆို ဦးစက်ကိုပြော၊ ဦးစက်က လိုက်ပို့သည်။

ပြီးတော့ အတူပြန်လာပြီး ဒီမှာပဲ ရှယ်စူးကနေခဲ့၊ ဦးစက်ကတော့ ကားနဲ့ပြန်ထွက်သွား ဒါပါပဲ။

ဦးစက်၏ကား ခြံဝသို့ ဦးတိုက်ဆိုက်ကပ်ချိန် အထွက်နဲ့အဝင်မှာပဲ ဒီတံခါးက အဖွင့်အပိတ်ရှိကာ ဒါပြင်အချိန်တွေမှာ ဒီတိုင်း တင်းတင်းပိတ်မြဲလျှင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ရွှယ်စူး ခြံထဲမှာရှိတုန်း ခြံဝကိုလှမ်းမြင်ရသည့် အချိန်မျိုးမှာ ဦးတိုး တံခါးနားမှာရပ်နေတာ ရှိဖူးသည်။

ထိုအခါ အပြင်က ညှို့သည်ရောက်နေလို့ပဲ ထွက်ပြီး သိချင်စိတ်နှင့် ကြည့်နေခဲ့ဖူး၏။ သို့သော် ဦးတိုးက ညှို့သည်တစ်စုံတစ်ယောက်ကိုမှ တံခါးဖွင့်ခေါ်၍ ကြိုဆိုခဲ့သည်မဟုတ်ဘဲ လက်တစ်ဝါးစာခန့်ရှိသော ချောင်းကြည့်ပေါက်ပြားလေးကိုသာ ဆွဲဟပြီး စကားပြောခဲ့သည်။ ပြီးတော့ ပြန်ပိတ်လိုက်၏။

ရွှယ်စူး ဒီမှာရှိနေခဲ့တာ ကြာခဲ့ပြီဟု မဆိုသာသော်လည်း ဒီခြံဝန်းနှင့် ရွှယ်စူးဟာ နေခဲ့သည့်ကာလအတွင်းမှာ အတော်ကြီး ရင်းနှီးနေခဲ့ပြီ ဖြစ်သည်။

ထိုရင်းနှီးမှုတွေထဲမှာ တိုက်ကြီးရယ်၊ ခြံကြီးရယ်၊ ပြီးတော့ တိုက်ကြီးထဲက ဦးစက်နဲ့ ဦးတိုးရယ်၊ ပန်းပင်သစ်ပင်တွေရယ်။

ဒီပြင် မိတ်ဆွေလည်းမရှိ၊ ကိုယ့်ရဲ့မိတ်ဆွေလည်းမပါ၊ ကိုယ့်ဘဝက ဘာလဲ...

တစ်ခါတစ်ခါတော့လည်း ထိုပြဿနာက ရင်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတတ်ခဲ့ကာ တစ်ခါတစ်ခါကျတော့လည်း ဟိုဖြေဒီဖြေနှင့် နှစ်သိမ့်ရင်း ပြေပျောက်သွားတတ်ပြန်သည်။

ဦးစက်က ကိုယ့်ထက်အသက်ကြီးသည်၊ ကိုယ်က ငယ်ရွယ်သူ ကြီးမှဝက်သက်ပေါက်တာမျိုး ငယ်တဲ့သူကိုယူပြီး ဘယ်သူကြည့်တာမှမကြိုက်၊ ဘယ်သူစတာနောက်တာမှလည်း မနှစ်မြို့နိုင်ဘဲ ဒီခြံကြီးထဲမှာ ထည့်ပိတ်ထားခဲ့လေသလား။

ရွှေဆိုတာလည်း မဝတ်ခဲ့ဘူး။ ငွေအထပ်လိုက်လည်း မကိုင်ခဲ့ဖူးသော အဲဒီမှူ့ရာ ကော်ဇောနုနုကိုမှ မနင်းခဲ့ မထိခဲ့ဖူးသည့် ရွှယ်စူး ရင်ထဲမှာ ဒီကိုရောက်စက သာယာနေခဲ့သည်။





ဦးစက်ကို လက်ထပ်ဖို့အတွက်လည်း 'ငါဟာ အားကိုးထိုက်သူကို ရှာတာပဲ'ဟူသော ခံယူချက်ဖြင့် ဆုံးဖြတ်ချက်တစ်ခုကို လွယ်လွယ်မြန်မြန်ပဲ ချပစ်ခဲ့သည်။ တကယ်တမ်းကျတော့ ကိုယ့်ဘဝဟာ ရွှေလှောင်ချိုင့်စံ ဘဝမျိုးပါလားဟု မြင်လာခဲ့သည်။

ဘယ်ကိုမှမမြင်ရ၊ ဘယ်သူနဲ့မှ ထိတွေ့ဆက်ဆံခွင့်မရသော အထီးကျန်ဆန်ခြင်းကို လက်မခံနိုင်ခြင်းတို့ စတင် ဖြစ်ထွန်းလာခဲ့၏။

ရွှေငွေ ရှိနေခဲ့မယ့် ပျော်စရာမမြင်။ ငွေတွေ ကိုင်ထားခွင့်ရသော်လည်း လှပသော ကိုယ့်ရဲ့လက်ကိုင်အိတ်လေးတစ်ခုထဲမှာထည့်ပြီး ထင်ရာသွား၊ ကြိုက်တာဝယ်ခွင့်မရ။

ဦးစက်နဲ့ အပြင်သွားရတော့မယ်ဆို မီးခံသေတ္တာထဲက ငွေတွေကို အိတ်ထဲမှာ အကျပ်အသိပ်ထည့်သည်။

လေးလေးတစ်တစ်ရှိနေသာအိတ်ကို လွယ်၍ထွက်၏။ ဝယ်ချင်တာလည်း ဝယ်ရသည်၊ လိုချင်သမျှလည်း လက်ညှိုးထိုးတိုင်းရ၏။

ဒါပေမယ့် ရွှယ်စူး ထုတ်ဝယ်လိုက်ရတာ ဘာမှမရှိ။ အားလုံး ဦးစက်ကချည်း ဝယ်ပေးသည်။

ပြန်လာကြတော့ ဖွင့်ပင်မဖွင့်လိုက်ရသည့်အိတ်က ဒီတိုင်း စားပွဲပေါ်မှာ။ ဒါဟာ တစ်ခေါက်လည်းမဟုတ်၊ နှစ်ခေါက်လည်းမဟုတ်။

ကြာတော့လည်း ငွေတွေကို စက္ကူတွေလို့ပဲ မြင်လာမိသည်။ ခြောက်သွေ့ခြင်းက ကာလတွေတွေရွေ့လျားသွားသည်နှင့်အမျှ တစ်စတစ်စ ပို၍ ဆိုးရွားလာခဲ့သည်။

နိုင်ငံခြားမျိုးတွေချည်းပဲဟု ဦးစက် ပြောဖူးသော ဘာပန်းတွေမှန်းလည်း မသိဘဲ လှချင်ကိုင်းလှနေကြသည့် ပန်းအိုးတွေအလယ်မှာ ရပ်ရင်း ရွှယ်စူး ငေးငိုင်နေမိသည်။

"မိန်းကလေး ပန်းခူးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

နောက်ကအသံထွက်လာသဖြင့် ရွှယ်စူး အမှတ်တမဲ့ လန့်သွားမိသည်။ ဦးတိုးက ပန်းခူးဖို့ ကတ်ကြေးကလေးကို ရှေ့တိုးပေးနေကာ...

"ရော့... ဘဘ ကတ်ကြေးလာပေးတာ"

"ဟင့်အင်း၊ ဩော်... ဟုတ်"

ခေါင်းခါလိုက်ပြီးမှ ကတ်ကြေးကို ဆွဲယူလိုက်မိသည်။

"ဘဘ"

ထွက်ခွာအံ့ဆဲဆဲ ဦးတိုးက ပြန်လှည့်ကြည့်၏။

"သမီး တစ်ခုလောက်မေးချင်လို့"

"ဘာလဲ မေးလေ"

ရွှယ်စူးမျက်ဝန်းလေးတွေက ခြံတံခါးဝဆီ ဝေ့ခနဲရောက်သွားပြီးမှ ဦးတိုးကို ပြန်ကြည့်လာကာ...

"တံခါးတွေ ဘာလို့ အလုံပိတ်ထားတာလဲဟင်"

ဦးတိုး တွေခနဲဖြစ်သွားသည်။ ခဏလေးပဲဖြစ်ကာ ခပ်ပြုံးပြုံးဖြင့် ပြန်ကြည့်သည်။

"ဒါက မိန်းကလေးရောက်လာမှ ပြောင်းလဲတာမို့လို့ မိန်းကလေးက ထူးဆန်းနေတာပါ။ လူလေးက ဒီလိုပဲ၊ သူ့စိတ်ကိုက သီးခြားဆန်ချင်တယ်၊ ဒီခြံကြီးထဲမှာ သူနဲ့ဘဘ နှစ်ယောက်တည်းနေလာတာ ကြာပြီ၊ ဘယ်ဧည့်သည်မှ မှတ်မှတ်ရရ လာလည်တာ မရှိဖူးဘူး၊ သူလဲ ဘယ်မှမသွားဘူး။ သူ့အလုပ်တွေကိုတောင် ပစ်ထားတာ၊ တစ်ချက်ကလေးမှ သွားမကြည့်ဘူး၊ အခု အိမ်ထောင်ကျပြီးမှ သွားတာလာတာရှိခဲ့တာ"

"အဲ့ဒါကော ဘာဖြစ်လို့လဲဟင်"

"ဘာမှမဟုတ်ဘူး၊ သူက ဒီလိုပဲနေတတ်တာလေ၊ အပေါင်းအသင်းလဲ သိပ်ရှိတာမှမဟုတ်ဘဲ။ အခု လက်ထပ်ထားပြီးတော့ ပိုဆိုးသွားတာပေ့ါ၊ စပ်စပ်စုစုတွေ သူ မပြောချင်ဘူး၊ ပြီးတော့ လူစုံစရိုက်စုံကြောင့် မိန်းကလေး စိတ်များရမှာလဲ စိုးတာဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် လူလေးက မိန်းကလေးကို သိပ်ကို ဂရုစိုက်တဲ့သူပါ"

ရွှယ်စူး ပင့်သက်လေးရှိုက်မိသည်။ ဒါဟာ ကိုယ်လိုချင်သည့်အဖြေ မဟုတ်သေး။

ဦးစက်၏အချစ်တွေ၊ ယုယမှုတွေ ဘယ်လိုပဲပေးပေး ရင်ထဲမှာ နွေးထွေးသည့်ကြည်နူးသာယာခြင်းတွေ ဖြစ်မလာခဲ့။

အားလုံးကို မေ့မူးသွားအောင် သူ့အချစ်များထဲမှာ ရွှယ်စူး ပျော်ဝင်သွားခဲ့ခြင်း မရှိသောအခါ အထီးကျန်ခြင်းကိုသာ ခံစားမိနေခဲ့သည်။

ပြီးတော့ ရင်ထဲမှာ အမြဲရှိနေခဲ့သည့် ရိုပ်...

ဘဝနှစ်ခုဟာ စည်းခြားနေခဲ့ပြီ ဆိုပေမယ့် ရိုပ်နှင့် နောက်ထပ်ဆုံချင်သေးသည်။

အရင်တုန်းကလိုပဲ ခင်မင်လှိုက်လှဲသော ရင်ဖွင့်တိုင်ပင်ခြင်းများနှင့် ကိုယ် ကြုံတွေ့ခဲ့ရသမျှ ဒုက္ခသောကတို့ကို ပြောပြချင်သည်။

ဒီခြံကြီးထဲမှာ အေးအေးဆေးဆေး တွေ့ဆုံပြောဆိုဖို့ မဖြစ်နိုင်ရင်တောင် အပြင်မှာ သွားလာလည်ပတ်ခွင့်ရနေမည်ဆိုလျှင် ရိုပ်နှင့် တစ်ခါမဟုတ် တစ်ခါတော့ တွေ့ဖြစ်ပြောဖြစ်ကြမည်။

ခုတော့ သူ ဘယ်မှာ ဘာလုပ်နေမှန်းမသိ။

ကိုယ် ဘယ်လို ရင်ဆိုင်ကြုံတွေ့နေရပြီမှန်းလည်း ပြောလို့မရ။ ရိုပ်ကော သူမလိုဘဝမျိုးနှင့် အနှောင်အဖွဲ့တစ်ခုခုမှာ ငြိတွယ်နေပြီလား...

ရည်ရွယ်ချက်မရှိဘဲ ခူးယူလာခဲ့သည့် ပန်းတွေကို စားပွဲပေါ်ပန်းအိုးလေးမှာပဲ ထိုးစိုက်ထားလိုက်သည်။




ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် မျက်လုံးက ဘယ်လိုပဲရောက်ရောက် အဓိပ္ပာယ်ရှိသလို ဖြစ်နေခဲ့၏။ ပြတင်းတံခါးတစ်ချပ်ကို လှပ်လိုက်တော့ လေ အေးလေး သုတ်ခနဲ ဝင်လာသည်။ ပန်းတို့၏ရနံ့က ဖွဲ့ဖွဲ့သင်းသင်းလေး ဝင်လာ၏။

စောစောက ခြံထဲမှာ ရပ်နေတုန်းကတော့ ပန်းတို့၏လယ်မှာ ဒီလိုမွှေးရနံ့မျိုးကို ထူးကဲခံစားမိခဲ့ခြင်းမရှိ။

ခုကျတော့ လှစ်ခနဲ သုတ်ခနဲ ခဏလေး ပြေးဆော့သွားတာလေးကို နှစ်ခြိုက်မြတ်နိုးသွားခဲ့မိသည်။

သူမနှင့်ရိပ်၏ ကြာရှည်စွာ လက်တွဲဖြစ်ခဲ့ကြသော ကာလများ ကော ဒီတိုင်းပဲလား…

ရင်းနှီးခဲ့ကြသည်၊ ခင်မင်ခဲ့ကြသည်။ ရောင်စဉ်တွေ ရောထွေးနေသော သံယောဇဉ်ချစ်ခြင်းမေတ္တာများဖြင့် အတူနေကြစဉ်များမှာ ဘာဆိုတာလည်း မခွဲခြားမိခဲ့။

ဒါဟာ အရေးပါလှသည်ဟုလည်း မထင်။ ခုကျတော့ တွေ့ကြ လည်း မလွယ်။

တွေ့ဖို့ရှိလာတော့ရော နီးစပ်ကြဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့၊ ဘဝတွေမှာ ရိပ်နှင့်ဆုံခဲ့ရသည့် ခဏလေးအချိန်ကို သတိရတမ်းတနေမိ ထပ်မံတွေ့ဆုံခွင့်ကို မမြင်မစမ်း မှန်းဆ၍ ရင်မောနေမိသည်။

ဒါတွေကို ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးလား…

အချစ်နှင့်ဘဝကို ရောထွေးပုံချခဲ့ရသောဘဝမှာ ရွှယ်စုး ဘာ ဆုံးဖြတ်ရွေးချယ်ခွင့် မရှိတော့ပါ။

ခြံထဲကိုငေးနေဆဲ နှာခေါင်းထဲမှာ ရင်းနှီးသည့် ရေမွှေးနံ့တစ်ချက် ဝင်လာ၏။ နောက်လှည့်မကြည့်ရသေးမီ လူရိပ်က ဘေးမှာရောက် လာ၏။





"ဦးစက်"

စက်က ရွှယ်စုးမျက်နှာလေးကို အဓိပ္ပာယ်ရှာသလို စူးစိုက်ငုံ့ကြည့်၏။ ပြီးတော့ ပခုံးလေးကို ဖက်လိုက်ပြီး…

"ဘာတွေ ဒီလောက်ထိ တွေးငေးနေတာလဲ ချာတိတ်၊ မင်းနောက်မှာ ကိုယ် ရောက်နေတာ ကြာလှပြီ"

ရွှယ်စုးက ဂရုမစိုက်သည့်အပြုံးလေးနှင့် ပြန်မော့ကြည့်၏။

"ဘာတွေငေးနေတာလဲ ဟုတ်လား ဦးစက်၊ ရွှယ်စုးမှာ ငေးနေတွေးနေခွင့်ပဲ ရှိတာမဟုတ်ဘူးလား။ ဘာတွေ ပြောနေခွင့်ရှိလဲ၊ ဘယ်သူ့မျက်နှာကို ကြည့်နေခွင့်ရှိသလဲ"

"ဩော်… ချာတိတ်က ဒါကို ခံစားနေတာကိုး"

"ဦးစက်"

"ပြော…"

"ရွှယ်စုးကို ဒီခြံထဲမှာ ဘာဖြစ်လို့ ထည့်ပိတ်ထားတာလဲ"

"ချစ်လို့"

ရွှယ်စုး ခေါင်းခါမိသည်။

အချစ်တစ်ခုတည်း တင်ပြထားသည့် သူ့လုပ်ရပ်တွေ၊ ချုပ်နှောင်မှုတွေဟာ အဆမတန် များနေခဲ့ပြီမို့ လက်ခံပေးဖို့ မလွယ်တော့ပါ။

ဒီထက်ပို၍ ကိုယ့်ဘက်က ဘာမှတင်ပြနိုင်မှာမဟုတ်သည့် စက်မျက်နှာမှာလည်း မချိတရိအပြုံးနှင့် တည်ငြိမ်နေ၏။

ရွှယ်စုးကို သူ ချစ်သည်။

ဘယ်လိုနည်းနှင့်မှ ဘယ်သူ ကြားဝင်ဖျက်ဆီးတာကိုမှလည်း မခံနိုင်။ ထို့ကြောင့် အနှောင့်အယှက် ဖြစ်လာဖွယ်ရှိနေသော…

တကယ်ဖြစ်လာခဲ့လျှင် ကိုယ့်ဘက်က ကာကွယ်နိုင်စွမ်းတစ်ခုတည်းနှင့် ရွှယ်စုး၏ သိက္ခာမာန အရေးကြီးဆုံး အချိန်…



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သူ ဘယ်လိုမှ ဆုပ်ဖမ်းထားနိုင်ဖို့ မလွယ်သော အဖြစ်များစွာကြောင့် ရွှယ်စူးကို သူ သိမ်းထားခဲ့ရသည်။

ဘာကြောင့် သိမ်းဆည်းထားရသည်ကို ရွှယ်စူးကို ဘယ်တော့မှ သူ ရှင်းပြဖို့ စိတ်ကူးမှာမဟုတ်။

ဒါဟာ တစ်ကိုယ်ကောင်းဆန်မိတာလား၊ အနိုင်ကျင့်ထားသလို ဖြစ်ခဲ့သလား၊ ဒါလည်း သူ မတတ်နိုင်ပါ။

မိုးကောင်းကင်ဟာ သူ့ဇနီးအဖြစ် ရှိနေသည်။

ရင်ထဲမှာတော့ ဘာမှမရှိခဲ့တာ နှစ်များစွာ ကြာခဲ့ပြီဖြစ်၏။

ရွှယ်စူးကို သူ့အချစ်၊ သူ့ဘဝတစ်ခုလုံး ပုံပေး၍ သူ သိမ်းပိုက်ထားခဲ့သည်။ ဒါပေမယ့် ဇနီးတစ်ယောက်အဖြစ် ကြေညာခွင့်မရှိ။

အဘက်ဘက်က မလွတ်မကင်းဖြစ်နေခဲ့သည် သူ့ဘဝ သူ့နှလုံးသားဟာ ကြိမ်မီးအုံးသလို တငွေ့ငွေ့ ပူလောင်ကျွမ်းနေခဲ့သည်။

ရွှယ်စူး၏ တစ်မျက်နှာလေးကြောင့် ဘဝမှာ သာယာကြည်နူးမှုကို ခံစားခဲ့ရသည်။ ထိုကာလများကိုသာ ဆုပ်ဖမ်းထားဖို့ သူ ဆုံးဖြတ်ခဲ့၏။ ချစ်သူနှင့်ကြည်နူးစွာ တစ်ရက်၊ တစ်နာရီ၊ တစ်စက္ကန့်လေးပဲဖြစ်ဖြစ်...

"ချစ်လို့ဆိုတဲ့ စကားတစ်ခွန်းတည်းပဲ ပြောနိုင်သလား ဦးစက်ရယ်၊ အဲဒီအချစ်တစ်ခုကို ရွှယ်စူး ခံစားနိုင်ဖို့တော့ အခွင့်အရေးရှိတော့ဘူးလား။ ဦးစက်ဘက်က ရွှယ်စူးကို အလိုလိုက်မှုတွေ၊ သာယာမှုတွေ ရွှယ်စူး ကြည်နူးလက်ခံလာအောင် ဆွဲဆောင်မှုတွေ ဒါတွေ ဘာမှမခံစားခဲ့ရဘဲ ဦးစက် ပြောနေတဲ့အချစ်ကို ရွှယ်စူးက ဘာနဲ့ တုံ့ပြန်ရမှာလဲ၊ ဘယ်လိုအမှတ်တရ သိမ်းထားရမှာလဲ"

"ရွှယ်စူးရယ်"

သူ ရွှယ်စူးကို ရင်ခွင်ထဲမှာ ထွေးပွေ့ထားလိုက်မိသည်။ ရွှယ်စူးက အတင်းပြန်ရုန်း၏။





စက် မလွှတ်ဘဲ အတင်းအကျပ် ဆွဲပွေ့ထားလိုက်သည်။ ထိုအခါ ရွှယ်စူးဟာ သူ့ရင်ခွင်ထဲမှာ ပြန်လည်ငြိမ်သက်သွားခဲ့ပြီး မျက်ရည်တွေ တပေါက်ပေါက်ကျလာခဲ့၏။

"ဦးစက် ရက်စက်တယ်၊ ရွှယ်စူးကို ဒီခြံဝန်းကြီးထဲမှာ ပိတ်ထားပြီး..."

"ချာတိတ် တော်တော့ကွာ"

သူ ရွှယ်စူးမျက်နှာလေးကို မော့ယူပြီး ပါးချင်းကပ်တိုက်ပစ်လိုက်မိသည်။ မျက်ရည်တွေ သွေ့ခြောက်သွားသည်အထိ ဖိကပ် နမ်းရှိုက်နေမိ၏။

"မင်းကို ကိုယ် သိပ်ချစ်တယ်၊ အဲဒါကို ယုံပါ၊ မင်းရဲ့ကိုယ်မှာ လေပြင်းရိုက်ခတ်သွားမှာ ကိုယ် စိုးခဲ့တယ်၊ ကိုယ့်ကြောင့် မင်း ဘာမှ မထိခိုက်စေချင်ဘူး၊ အားလုံးဟာ ကိုယ့်ရဲ့အချစ်တွေပါ။ ယုံပါ ကလေးရယ်"



www.burmeseclassic.com

အခန်း (၂၅)

"ဦးစက်… ဦးစက်ရေ လာပါဦး"

"ရွှယ်စူး…"

သူ ရေချိုးခန်းထဲ ဝင်နေပြီးမှ ကမန်းကတန်း ပြန်ထွက်လိုက်ရသည်။ ရွှယ်စူးအသံလေးက စူးစူးဝါးဝါးမို့ တစ်ခုခုဖြစ်နေပြီဆိုသောအသိနှင့် အသံကြားတဲ့ဆီ ပြေးထွက်ခဲ့ရင်း ခြံထဲရောက်သွား၏။

"ရွှယ်စူး"

"ဦးစက် ရွှယ်စူး ဒီမှာ၊ မြန်မြန်လာပါ"

ခြံထဲက ရေစင်ကြီးအောက်ကနေ ရွှယ်စူး ပြေးထွက်ခေါ်ပြီး မြန်မြန်ပျောက်သွား၏။ သူ ရောက်သွားတော့ သူ့လက်ကိုဆွဲခေါ်ကာ တစ်နေရာကို လက်ညှိုးထိုးပြသည်။

"ဟိုမှာ… ဟိုမှာ ကြည့်ပါဦး"

"ဘာလဲ"

"မြွေ… မြွေ ဖားကိုမျိုနေတာ"





"ဟင်…"

သူကြည့်လိုက်တော့ ရေစပ်စပ်ရှိသော မြေသားပက်ကြားအက်ထဲမှာ မတ်စေ့ဝိုင်းလောက်ရှိသော မြွေတစ်ကောင်သည် ဖားလေးတစ်ကောင်ကို မျိုနေတာဖြစ်၏။

"ကယ်လိုက်ပါ ဦးစက်ရယ် ဖားလေး သနားပါတယ်၊ အော်ရတာမောနေရှာပြီ၊ ရုန်းတာလဲ မလွတ်နိုင်ဘူး"

ဖားက မော့မမောတော့ မသိ…

ရွှယ်စူးမျက်လုံးမျက်ဆန်ပြူးလေးနှင့် နှုတ်ခမ်းပျားလေးတွေ ဆံစပ်လေးတွေမှာ ချွေးတို့ဖြင့် စိုလက်နေတာကို မြင်နေရ၏။

"ဦးစက် ရွှယ်စူးကို ဘာကြည့်နေတာလဲ၊ ဟိုမှာ ဖားလေးကို ကယ်ပေးပါဆို"

စက်က ရယ်လိုက်ပြီး ရွှယ်စူးနဖူးလေးကို လှမ်းထု၏။

"မြွေပါးစပ်ထဲ ရောက်နေတာကို ကိုယ် ဘယ်လိုလုပ်ရမှာလဲ ပြော"

"ဦးစက်ရယ် ဟိုမှာ ကိုယ်တစ်ခြမ်းပဲဝင်နေတဲ့ဟာ မြွေကိုရိုက်ပြီး လွှန့်လိုက်ပေါ့"

"အဲဒီတော့လဲ မြွေက သေဦးမှာ၊ သက်သက် ကုသိုလ်မရဘဲ ငရဲဦးမှာကွာ"

"မြွေကို မသတ်နဲ့ပေါ့၊ လန့်ဖျပ်ပြီး ပါးစပ်ပြသွားအောင်လုပ်လေ၊ နည်းနည်းနာသွားအောင် ရိုက်ပေးလိုက်ရင် ပြီးပြီ"

နှစ်ယောက်သား ငြင်းခုံနေရင်းမှာပဲ ဖားလေးလည်း မျက်လုံးပြူးနေပြီဖြစ်၏။

အော်သံလေးလည်း တိတ်လုလုဖြစ်ကာ ခေါင်းနဲ့ လက်လေးဖက်သာ အပြင်မှာ ကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ရှယ်စူးက သူ့ကို ပြောမနေတော့ဘဲ ခပ်လှမ်းလှမ်းမှာ လဲကျနေသည့် သစ်သားချောင်းတစ်ချောင်းကို ပြေးကောက်၏။

"ဟော့ အဲဒါ ဘာလုပ်မလို့လဲ"

"ဦးစက်ကမှ မလုပ်တာ ရှယ်စူးဘာသာ လုပ်မယ်"

"မလုပ်နဲ့ မလုပ်နဲ့ ဖယ်"

စက်က ရှယ်စူးလက်ထဲကတုတ်ကို ဆွဲယူလိုက်သည်။ မြွေက ကိုယ်တစ်ပိုင်းကို ကွယ်ရာမှာထားပြီး ခေါင်းပိုင်းသာသာပဲ ဒီဘက်မှာ ထွက်နေတာဖြစ်သည်။

တုတ်နဲ့ အနားကပ်သွားတော့ နောက်ကို အနည်းငယ်တွန့်သွားသည်။ အစာကိုတော့ မလွှတ်။

"ဦးစက် သိပ်မကပ်နဲ့လေ"

"မကပ်လို့ရမလားကွ၊ တုတ်က တိုတိုလေးဥစ္စာ"

"နေဦး နေဦး၊ ဒါဆို တုတ်ရှည်ရှည် ရှယ်စူး ရှာပေးမယ်"

"နေပါစေ ရတယ်"

"အို..."

တုတ်ရှာမလို့ လှည့်ကြည့်လိုက်ပြီးမှာ ပြန်ငဲ့ကြည့်တော့ စက်က တုတ်ဖျားနှင့် မြွေလည်ပင်းကို ဖိထောက်လိုက်ပြီဖြစ်၏။

မလုပ်နဲ့လို့ တားချိန်မရလိုက်။ ရှယ်စူး မျက်လုံးပြူးသွားစဉ် ပျော့နေသည့်မြွေ၏အမြီးပိုင်းက စက်၏လက်ကို ဖတ်ခနဲ ထပတ်တော့သည်။

"ဟာ..."

"အမယ်လေး"

ယောက်ျားပေမယ့်လည်း လက်မှာ အေးစက်စက် ပျော့စိစိကြီး ပတ်ခံလိုက်ရတော့ ရုတ်တရက် လန့်သွားမိ၏။





ပါးစပ်ပြဲသွားသည့် မြွေပါးစပ်ထဲက ဖားကတော့ ခုန်ထွက်သွားနိုင်သည်။ ဒါပေမယ့် ဖတ်ခနဲ ခုန်ချပြီး ဆက်မပြေးနိုင်ဘဲရှိ၏။

မြွေကလည်း အစာကိုမဟုတ်တော့ဘဲ ရန်သူကို ဒေါသတကြီး ရင်ဆိုင်လိုသော ပါးစပ်ကြီးက နာနေတာရော၊ ကိုက်ဖို့ချင်တာရော ရောပြွမ်းကာ ခေါင်းထောင်ဖို့ ရုန်းကန်နေ၏။

သူ လွှတ်လို့မဖြစ်။

သူ့များအသက်ကို သေသည်အထိ ဖိချေသတ်ပစ်ဖို့လည်း မရဲ။ တင်းဘဲဖြစ်ကာ လက်မှာ အပတ်ခံရခြင်းကို ရုတ်တရက် ဘယ်လို ဖြေရှင်းရမှန်းမသိ။

ထိုအချိန်တွင် ရှယ်စူးက တုတ်ပြေးရှာလာကာ မြွေခေါင်းကို အတင်းဂင်ရိုက်တော့သည်။

"ဖယ်... ဖယ်... ဖျန်း"

"ဟာ..."

"အမယ်လေး"

မြွေခေါင်းတော့ ဘာဖြစ်သွားသည်မသိ၊ နှစ်ယောက်လုံးမျက်နှာတွေမှာ ရွှံ့ဗွက်တွေ မိုးသီးမိုးပေါက်တွေလို ပြေးဝင်ကုန်ကြသည်။

မျက်လုံးထဲဝင်ကုန်မှာစိုးလျက် ရုတ်တရက် မျက်လုံးတွေကို မှိတ်ပစ်လိုက်မိကြ၏။

မထင်မှတ်ဘဲ စက်လက်ထဲကတုတ်ကို ဖိထားသည့်အားက ပျော့သွား၏။

"ရှူး"

"ဟာ..."

စက် မြွေကို သတိရကာ လက်ကို အားရှိသမျှ ခါထုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာနှင့်မြွေက အဝေးကို လွင့်ထွက်သွား၏။ သို့သော် ဒေါသကြီးနေပြီဖြစ်သည့်မြွေက အတော်ဝေးဝေးကို ကျသွားပြီးမှ ချက်ချင်းပြန်လှည့်လာ၏။

"ဟယ် ဦးစက် ဟိုမှ ပြန်လာပြီ"

ရွှယ်စုးက လှမ်းမြင်သည်။

စက်၏ခါးကို တအားဖက်၍ ပြေးဖို့ဆွဲခေါ်၏။

"လာ ဦးစက်... လာလေ"

"မလာနိုင်တော့ဘူး ရွှယ်စုးရယ်၊ ဟိုမှာ ကြည့်ပါဦး"

"ဟင်..."

ကြောက်ကြောက်လန့်လန့်နှင့် မြွေ ရှေ့ဆက်မတိုးနိုင်တော့တာကို သတိမထားမိခဲ့ပါ။

ရွှယ်စုး စက်ခါးကို ဖက်လျက်နှင့် ကြောက်ရှိန်က မပြေသေး။ နီမြန်းသော ပါးမို့လေးတွေပေါ်မှာ သွေးစလေးများနှင့် စိုလက်နေတာကို ငုံ့ကြည့်၍ သူ ပြုံးလိုက်သည်။

"ဘယ့်နှယ်လဲ သူများအသက်ကယ်လိုက်ရတော့ အရသာတွေ့သွားပြီလား"

ခမ်းရိုင်း ရွှယ်စုးနမူးနှင့်ပါးပြင် မေးဖျားလေးတွေမှာ ပေကျံနေသည့် သွေးစက်တွေကို သူ့လက်နှင့် ဖိသုတ်ပေးလိုက်၏။

ဒီတော့မှ ရွှယ်စုး သတိထားမိသည်။

စက်ကိုယ်မှာ အဝတ်စား မပါဘဲ မွေးပွတဘက်ကြီးကို ခါးမှာ ပတ်ချည်ထားသည်ပဲ။

ဖြူဝင်းနေသည့် စက်၏ကိုယ်ပေါ်မှာ ကြမ်းရှသော မွေးညှင်းတချို့ပေါ်ထိ သွေးစက်တွေ ရှိနေ၏။

ဦးစက် ရေချိုးခန်းထဲက ပြေးထွက်လာမှန်း ခုမှ တွေးမိသည်။





"ဘာကြည့်တာလဲ၊ ကိုယ် ရေချိုးမလို့ လုပ်နေတာလေ၊ ခင်ဗျားလေး အလန့်တကြားထအော်လို့ ပြေးလာရတာ"

"ရွှယ်စုးလဲ ဖားလေး မြွေပါးစပ်ထဲ ရောက်သွားမှာစိုးလို့"

မွှန့်ဟန်လေးနှင့်ရယ်၍ စက်ကိုယ်ပေါ်က သွေးစက်တွေကို လက်ဖဝါးလေးနှင့်ဖိပွတ်ပစ်၏။

"ဟာ မလုပ်နဲ့လေ ပေကုန်မယ်၊ ကိုယ်က ရေချိုးမှာ"

"ရပါတယ်၊ ရွှယ်စုးလဲ လက်ဆေးမှာပဲဟာ"

ကြည့်လိုက်တော့ မြွေလည်းသေနေပြီ၊ ဖားလေးလဲ ဘယ်ရောက်သွားမှန်းမသိ။ အသက်ရှင် လွတ်မြောက်သွားတာကတော့ သေချာပါသည်။

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ပြုံးမိကြသည်။

စက်က ရွှယ်စုးခါးလေးကိုဖက်၍ ရွှယ်စုးက ရင်ခွင် တစ်ဖက်မှာ မှီ့လာသည်။

"ရွှယ်စုး ကိုယ့်ကို စိတ်ပူတယ်နော်"

တိုက်ပေါ်ပြန်ရောက်လာကြရင်း မေးတော့ မော့မကြည့်ဘဲ ရွှယ်စုးက ပြုံးလိုက်သည်။

"ဒါကတော့ ဖားလေးကိုတောင် မထိခိုက်စေချင်တဲ့ဟာ ကိုယ်တော်ချားကို ပူတာပေါ့"

"မဟုတ်ဘူးကွာ အဲဒီထက်ပိုတယ်၊ ဝန်ခံစမ်းပါ"

ရေချိုးခန်းရှေ့ရောက်တော့ စက်က ရွှယ်စုးမျက်နှာလေးကို မော့ထူပြီး သေချာစိုက်ကြည့်သည်။

"ကိုယ့်ကို ချစ်လားဟင် ချာတိတ်"

"ဦးစက်ကလဲ ကိုယ့်မိန်းမကို..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မိန်းမမို့ ကိုယ့်ကိုချစ်စေချင်လို့ မေးတာပေါ့၊ ပြီးတော့ ကိုယ်သိပ်ချစ်တဲ့မိန်းလေးမို့လို့၊ ကိုယ်က မချစ်ဘဲ ကိုယ့်ကိုချစ်တော့ကော ဘာလုပ်ရမှာလဲ"

ခံစားချက်နဲ့မို့ လေသံက ပြတ်သားစွာထွက်၏။ ရွှယ်စုးက စက် မျက်နှာကို ငေးကြည့်လာကာ…

"ဦးစက်က မချစ်ဘဲ ဦးစက်ကိုချစ်နေတဲ့သူတွေ ရှိဖူးလားဟင် ရှိမှာပဲနော်"

ရွှယ်စုး ချက်ချင်း ကောက်မေး၏။ စက် မျက်ခုံးနှစ်ဖက် တွန့်ခဲ့ ကွေးကျသွား၏။

"မဆိုင်တာတွေကွာ၊ ကိုယ် စိတ်မဝင်စားတဲ့ကိစ္စတွေ ကိုယ်ဘယ်သိမလဲ၊ ရွှယ်စုးကိုပဲ ကိုယ်ချစ်ခဲ့တာ။ မင်းဟာ ကိုယ့်ရဲ့အချစ်ဦး၊ ကိုယ် သာယာပျော်ရွှင်ခဲ့တဲ့ အိမ်ထောင်ရေးဟာ မင်းဘဝနဲ့ ကိုယ်ပေါင်းစပ်မှ ရခဲ့တာ"

"ဦးစက်"

ရွှယ်စုးရင်ထဲမှ တစ်စုံတစ်ရာကို ခံစားမိလိုက်သလိုလိုရှိကာ မေးဖို့ ပါးစပ်ပြင်လိုက်မိတော့ စက်၏ ဖွတ်တရွတ်ဆန်သော အနမ်းများက တပ်မက်စွာလား၊ ဒါမှမဟုတ် ဘာမှမမေးဖြစ်အောင်လား။

ရွှယ်စုး ထိုမေးခွန်းကို လက်လွှတ်မခံနိုင်။ စက်၏ စကားများထဲမှာ ရောထွေးအန်ကျလာသည့် ဝါကျတစ်ကြောင်း၏ နက်နဲမှုထို မေးကိုမေးရမှဖြစ်မည်။

သို့သော်…

"မင်း လက်တွေဆေးမယ်မဟုတ်လား"

စက်က ရေချိုးခန်းတံခါးကို ကိုယ်နဲ့ တိုက်ဖွင့်၏။

"အို… ဦးစက်ဘာသာ ရေချိုးပါ၊ ရွှယ်စုး…"





"လာပါကွာ"

"အို…"

ရွှယ်စုးကိုပါ အခန်းထဲဆွဲသွင်းပြီး တံခါးပိတ်ပစ်လိုက်၏။ ရေချိုးမည့်ယောကျ်ားတစ်ယောက်နှင့်အတူ အခန်းထဲ ရောပါလာသည့် အဖြစ်ကြောင့် ရှက်လန့်တကြား ရုန်းဖယ်ရင်း ရွှယ်စုး ဘာမေးဖို့မှ သတိမရတော့ပါ။

ပြတ်တောက်သွားခဲ့သော ပုတီးလုံးလေးတစ်ခုလို လွင့်ထွက်ဖိတ်စဉ်ကုန်သည့် ရင်ခုန်သံများက ဆုံးမရနိုင်ခက်ခဲလှစွာဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

ဝင်လာသူကို မော့ကြည့်လိုက်တော့ ဦးရန်အောင်ဖြစ်နေသဖြင့် သူ ကိုယ့်အလုပ်ကို ဆက်လုပ်နေလိုက်သည်။

"စက် မင်း အဆင်ပြေလား"

"ဒီလိုပါပဲ"

ဘာမေးမှန်းမသိသောကြောင့် မော့မကြည့်ဘဲ ဖြေသည်။

ဦးရန်အောင်က လက်ထဲမှာကိုင်လာသည့် ပစ္စည်းကို စက်ရှေ့မှာ ချပေးလိုက်ပြီး...

"မနေ့က မိုးကောင်းကင် လာသွားတာ"

မျက်လွှာပင့်ကြည့်လိုက်တော့ ရှေ့မှာ ဖဲကြိုးနှင့်လှလှပပ ချည်နှောင်ထားသော လက်ဆောင်ဘူးကြီးတစ်ဘူး။

ပြီးတော့ မာကြွပ်သော ပလတ်စတစ်အကြည်သားဖြင့် ကျကျနန ထုပ်ပိုးထားသည့် မွေးနေ့ကိတ်ကြီးတစ်ခု။

"ဒါတွေ ဘာလုပ်ဖို့လဲ"

"မင်းအတွက်လေ၊ ဒီနေ့ မင်းမွေးနေ့ မဟုတ်ဘူးလား"





"အဲဒါ သူနဲ့ ဘာဆိုင်လဲ"

ဦးရန်အောင်က သက်ပြင်းမှုဉ်းမှုဉ်းချ၍ ကုလားထိုင်မှာ ဖြည်းလေးစွာထိုင်ချလိုက်၏။

"သူကတော့ ဆိုင်နေခဲ့တာကိုး စက်ရဲ့၊ ယူထားလိုက်ပါ၊ ပုံပါသွားတာမှတ်လို့"

"ဟား ပုံတာထက်ဆိုးတာပေါ့၊ ဒီမိန်းမ အဲဒီလိုတွေ လိုက်ဇယားရှုပ်နေလို့ ဒီမှာ စိတ်တွေညစ်နေတာ ဆံပင်ဖြူတော့မယ်"

"မဖြူပါဘူး စက်ရာ၊ ရုပ်ရှင်မင်းသားထဲက ဘယ်မင်းသားနဲ့ယှဉ်မလဲ၊ မင်းလောက် ဘယ်သူမှ မချောဘူး၊ လုံးဝ မြောက်ပင့်တာမပါဘူး တကယ်ပြောတာ"

စက်က ကျေနပ်သွားတာမျိုးမရှိသည့်ပြင် သူ့ကို မှုန်ကုတ်ကုတ်နှင့် မျက်လုံးလှန်ကြည့်သည်။

ဦးရန်အောင်က မျက်လွှာချပစ်ပြီး စားပွဲပေါ်က ပစ္စည်းတချို့ကို ဟိုရွှေ့ဒီပို့ အလုပ်ရှာသည်။

ပြောမည့်စကားကိုလည်း ဆက်ပြောသည်။

"သူ ပြောသွားသေးတယ်၊ မွေးနေ့မို့လို့ မနက်ဖြန် သူ အလုပ်မဆင်းရင် မနက်ကိုးနာရီမကျော်ခင် ဒါတွေ သွားပို့ပေးပါတဲ့။ ပြီးတော့ ဒီညအတွက် ဒင်နာကို…"

"တော်ပါတော့ဗျာ"

သူ ရှေ့ဆံပင်ကို ခပ်ဆောင့်ဆောင့်သပ်ပစ်ပြီး အော်လိုက်မိစဉ် ဖုန်းဆဲမြည်လာ၏။

စားပွဲပေါ်က ဖုန်းသုံးလုံးဆီမှမဟုတ်ဘဲ ကုတ်အင်္ကျီထဲ၌ရှိနေသော ဟန်းဖုန်းက မြည်နေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စက်မျက်နှာ ပို၍တည်တင်းသွားကာ တော်တော်နှင့် ထုတ်မကိုင်ဘဲနေသည်။ ဖုန်းကလည်း မကိုင်မချင်း မြည်နေ၏။

ခါတိုင်းဆို စက် မကိုင်ချင်သည့်ဖုန်းကို ဦးရန်အောင် ထကိုင်နေကျပါ။ ခုတော့ ဘယ်သူ့ဖုန်းဖြစ်နိုင်သည်ကို ခန့်မှန်းမိနေသဖြင့် ငြိမ်ငြိမ်လေးပဲ ထိုင်နေမိ၏။

စက်က ဖုန်းကိုင်၍ ကုလားထိုင်ကျောမှီမှာ ခပ်တောင့်တောင့် မှီလိုက်သည်။

"ပြော"

"စက် တို့ ဒီမှာ အားလုံး စီစဉ်ပြီးပြီနော်၊ လူ သိပ်မများဘူး မိတ်ဆွေလေး ငါးယောက်နဲ့ပဲ..."

"ဘာလုပ်ဖို့လဲ"

"ဟာကွာ မင်းရဲ့မွေးနေ့ အထိမ်းအမှတ်လေ"

"မလိုပါဘူး၊ ကိုယ့်မွေးနေ့ကိုတောင် သတိမရဘူး၊ ခင်ဗျား အလုပ်ရှုပ်ခံပြီး ဘာမှမလုပ်နဲ့၊ အဲဒီကိစ္စအတွက် အစီအစဉ်လဲ မရှိခဲ့ဘူး၊ ဒီနေ့ လုံးဝ မအားမှာလဲ သေချာတယ်"

"စက်..."

မိုးကောင်းကင်အသံက ဒေါသ၏ အငွေ့အသက်ပါလာသည်။ ပြီးမှ ပြန်လည်ထိန်းသိမ်းလိုက်ရသည့် ပင့်သက်ရှိုက်သံနှင့်အတူ...

"တို့ ဘာလုပ်ပေးပေး မင်း လက်ခံမှာမဟုတ်ဘူးဆိုတာ တို့ သိတယ်။ ဒါပေမယ့် ဟိုတုန်းက တို့ငွေ တို့ပစ္စည်းကို မင်း မထိချင်မကိုင်ချင်တာ၊ အခု မင်းရဲ့စီးပွား မင်းပိုင်တဲ့ အခြေအရံ စည်းစိမ်ဥစ္စာတွေ ရှိနေပြီ၊ အရင်လိုစိတ်မျိုးတွေ ထားနေတုန်းပဲလား"

"ဘာမှ ပြောင်းလဲမသွားဘူး မိုး၊ အရွယ်သုံးပါးရှိရင် ပြီးခဲ့တဲ့ အရွယ်ကော ခုကော ဆံဖြူသွားကျိုးတဲ့အရွယ်ကော ပြောင်းလဲဖို့





ဘာမှမရှိဘူး။ ကျွန်တော် ဒီလောက်ထိ အချိန်တွေ ဘဝတွေ နှစ်မြှုပ်ကြိုးစားခဲ့တာ လွတ်မြောက်ဖို့တစ်ခုအတွက်ပဲ။ မမိုးနဲ့ကျွန်တော်..."

"မင်းဟာ တို့ယောက်ျားအဖြစ်က ဘယ်တော့မှ နုတ်ထွက်ခွင့်မရဘူး စက်၊ အဲဒါ မင်းကိုချစ်လို့ အချစ်နဲ့ သိမ်းပိုက်ထားတာပဲ။ မင်းထင်သလို ဘာတစ်ခုမှမဟုတ်ဘူး၊ ရတယ်လေ မင်းက တို့ကို ဆန့်ကျင်နေကျပဲ၊ ခံနိုင်ရည်ရှိအောင် ကြိုးစားရမှာပေါ့။ မင်းရဲ့ အသက်သုံးဆယ်တစ်နှစ်မြောက်မွေးနေ့အတွက် အသက်ရာကျော်..."

တောက်...

သူ ပြောနေတာကို မသာယာသည့်အဆုံးမှာ ဖုန်းကို နားကခွာလိုက်မိသည်။ မပြီးဆုံးသေးသော ဆုတောင်းသံက နားထဲမှာ ခပ်မဲ့မဲ့ပြုံးရယ်မှုတစ်ခုနှင့် အနိုင်ယူတတ်သော နှုတ်ခမ်းတစ်စုံနှင့်အတူ သရော်လှောင်ပြောင်သွားသလို ခံစားလာမိ၏။

မိုးကောင်းကင်၏အပြုံး၊ သူမ၏ပြောစကားအားလုံးသည် သူ့ဘဝအတွက် လောင်မီးလက်နက်များကဲ့သို့ ပူပြင်းလှပါ၏။

ဖုန်းကို စိတ်ပျက်စွာပိတ်၍ ဆောင့်ချလိုက်မိသည်။ သူ့ဘဝဟာ ဘာနဲ့တူနေပြီမှန်း နှိုင်းစရာလည်းမရှိတော့ပေ။

အမြဲတမ်း ဂရုမစိုက်စွာနေခဲ့ပြီးမှ ရွယ်စူးကို လက်ထပ်ခဲ့ပြီးသည့်နောက်မှာ ကျိုးလန့်စာစားလို ဖြစ်လာခဲ့သည်။

လူကိုမကြောက်ပါဘဲ သူမ ပက်စက်စွာ ကောက်ကျစ်ကြံစည်လာမှာကို ဂရုစိုက်နေရသည်။

ကိုယ့်ချစ်သူကို ပွေ့ဖက်နေရင်းနဲ့တောင် ဒီမျက်နှာ ဒီအသံက ဒုက္ခပေးနေခဲ့၏။

ဘယ်လိုပဲ ကင်းအောင်နေလည်း သူမက ပက်သက်အောင် ကြိုးစားသည်၊ လူသိရှင်ကြား ကြော်ငြာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့လင်မယားက မကွဲပါဘူး၊ သူက ကျွန်မထက် အသက်ငယ်တဲ့သူပဲလေ၊ သူ့စိတ်ရှိသလို လွတ်လပ်စွာ သွားလာနေထိုင်တာကို မတားဆီးဘဲ ထားလိုက်တာပါ။ သူ ဘယ်လိုနေနေ၊ ဘာတွေပြောပြော ကျွန်မ ခွင့်လွှတ်တယ်၊ တစ်နေ့နေ့တော့ ကျွန်မတို့ ကြင်ကြင်နာနာ လက်တွဲနိုင်ကြမှာပါ"

ဟူ၍...

ဒီသတင်းတွေက နှစ်တွေကြာလည်း ဆွေးမြည့်ပျောက်ကွယ်မသွားခဲ့ပေ။ ဘယ်လောက်ပဲဝေးနေနေ မိုးကောင်းကင်က မင်းစက်ရာ၏ဇနီးအဖြစ်ပဲ မိတ်တွေအသိုင်းအဝိုင်းထဲမှာ ရှိနေခဲ့သည်။

မိုးကောင်းကင်က လူထုထု ဘယ်လိုပွဲမျိုးမဆို သူ ရောက်မယ်ထင်တာနဲ့ သူမ ရောက်အောင်လာသည်။

ဟိုလိုလို ဒီလိုလိုတွေ လျှောက်ပြော၏။ ထိုအခါ မိတ်ဆွေအပေါင်းအသင်းတွေက ရယ်မောပွက်ထကာ စနောက်ကြရင်း သူနှင့်စကားပြန်ပေါင်းထုပ်တော့မလိုလို၊ စိတ်ကောက်နေကြသည့် ချစ်သူစုံတွဲလိုလို။

ဒီတုန်းကတော့ 'သိပ်ရှုပ်တဲ့မိန်းမ'လို့ မြင်တာလောက်နှင့် စိတ်ပျက်ရုံရှာမိတာပဲရှိခဲ့၏။ ရုန်းထွက်လွတ်မြောက်နိုင်ဖို့ ဆိုတာတွေ ခေါင်းထဲမှာ ပြင်းပြင်းထန်ထန် မရှိခဲ့ဖူးပါ။

ခုတော့ ဒီလိုမဟုတ်ခဲ့ပြီ။

"ဦးအောင် ကျွန်တော် တင်ခုခု ပြတ်သားမှ ဖြစ်မယ်ထင်တယ်"

သူ အံကြိတ်သံနှင့်ပြောတော့ ဦးရန်အောင်က ကြည့်သည်။ စကားဘာကိုပြောလိုမှန်းလည်းသိသည်။

"ဘာလဲ မင်းက အားလုံးဖွင့်ပြောပြီး ရွှယ်စုးကိုကော၊ မိုးကောင်းကင်ကိုကော ရှင်းချင်တာလား"

"ဟုတ်တယ်၊ ဒီမိန်းမကို ကြောက်နေရသလိုကြီး ကျွန်တော် မနေ





နိုင်တော့ဘူး။ ရွှယ်စုးကို ဒါတွေပြောပြလိုက်ရင် သူ နားလည်နိုင်တယ်လို့ ကျွန်တော် ထင်တယ်"

ပြောနေရင်း စကားရပ်သွားပြန်ကာ...

"ဒါပေမယ်..."

ဦးရန်အောင်က သူ့ကိုလက်ကာပြလိုက်ပြီး ကျောဘက်က တံခါးဝဆီ သမင်လည်ပြန်ကြည့်သည်။ ပြီးမှ သူ့ဘက်ပြန်လှည့်၏။

"ရှင်းရင် ပိုရှုပ်တယ်ကွ၊ ယောကျ်ားပဲ ဘာလုပ်လုပ် တင့်တယ်တယ် ဆိုပေမယ့် ဥပဒေမှာ တားမြစ်ထားတာတွေရှိတယ်။ မိန်းကလေးရှင်ဘက်မှာလဲ အခွင့်အရေးတွေ အများကြီးပဲ။ ဒါတွေကိုရှင်းနေရင် မင်းစိတ်ညစ်ရမယ်၊ ကောင်မလေးလဲ စိတ်ချမ်းသာမှာမဟုတ်ဘူး။ မင်းရဲ့အိမ်ထောင်ရေးကို မင်းက ပိုသိမှာပေါ့။ ကိုယ် အကြံပေးချင်တယ်၊ မင်း ကောင်မလေးကိုပဲ ပိုင်အောင်စည်းရုံးထားစေချင်တယ်။ နောက်ဘာပြဿနာပဲရှိလာလာ လက်တွဲရင်ဆိုင်ကြဖို့ဆိုတာ အချစ်က လက်နက်ပဲ။ မင်း ဘာကိုမှ ဂရုမစိုက်သလို သူ ဂရုမစိုက်ဖို့၊ မင်းကို သူ ချစ်နေဖို့ အဓိက။ ချစ်လာရင် ဘာဖြစ်ဖြစ် အပြစ်မမြင်တော့ဘူး။ ကြာလေလေ နိုင်မြဲလေဆိုတာမျိုးကွာ၊ ပြဿနာကို တူးဖော်ဖို့ မကြိုးစားပါနဲ့ဦး။ ကိုယ့်ဘက်မှာ နိုင်မြဲနေအောင်သာ ချည်နှောင်ထား"

ဦးရန်အောင် ပြောသမျှ အမှန်တွေချည်းပဲ ဖြစ်နေပြန်သည်။ ရင်ထဲမှာ ပို၍တင်းကျပ်သွား၏။

ရွှယ်စုး သူ့ကို ချစ်နေသလား၊ မချစ်ခဲ့ဖူးလား ဒါက မသေချာ။ သူ ခံစားမိနေသည်ကတော့ ရွှယ်စုး သူ့ကို အားကိုးတာသက်သက်ပဲ ဖြစ်နိုင်သည်။

ရင်ခုန်တာ သာယာတာ ရှိချင်ရှိမည်။

ဒါဟာ သွေးသားနှင့်ပတ်သက်သည့် စိမ်းသက်သောခံစားမှုမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဖြစ်တတ်သော သဘာဝတစ်ခုဆိုလျှင် အထိအတွေ့မှာ သာယာသွားခဲ့တာ ရှိချင်ရှိမည်၊ ချစ်ခဲ့တာက မသေချာ။

ဒီအခြေအနေမှာ သူ လက်ရှိအခြေအနေကို အမှန်အတိုင်း သိသွားရင် ဘာတွေဖြစ်လာမလဲ။ စက် အလုပ်ထဲမှာ လူကောစိတ်ကော နှစ်မြှုပ်ကြည့်သည်။

ဘယ်လိုမှမရ။

ဖုန်းတွေ ခဏခဏ ဝင်လာလျှင် စိတ်က တိုချင်ပြီ။ စိတ်တိုင်းမကျတာ နည်းနည်းလေးမြင်တာနဲ့ ဒေါသက အဆမတန်ဖြစ်၏။

ထိုအခါ ဦးရန်အောင်ကိုပဲ ခေါ်ထားခဲ့ပြီး ထထွက်လာခဲ့ရတာ အကြိမ်ကြိမ်။

ဒီနေ့ သူ့မွေးနေ့။

ရှယ်စူးကို အပြင်မှာ ညစာကျွေးပြီး ပျော်စရာညလေး ဖန်တီးဖို့လည်း စိတ်ကူးထားခဲ့သည်။ မွေးနေ့အတွက် မျှော်လင့်ခြင်းက ဒါပဲဖြစ်၏။

မိုးကောင်းကင်ဆိုတာ ဘယ်ကဗျာ၊ ဘယ်အခန်းမှာမှ မပါ။

စားပွဲပေါ်က ကိတ်မုန့်ဘူးကို စူးစူးရဲရဲ စိုက်ကြည့်၍ ထရပ်လိုက်မိသည်။ ပြီးတော့ ကုလားထိုင်ကျောမှီမှာ ချိတ်ထားသည့် ကုတ်အင်္ကျီကို ဖြုတ်ယူလိုက်၏။

"ဦးအောင်"

"ဟင် ပြောလေ"

"အဲဒီပစ္စည်း ခင်ဗျား တစ်ခုခု လုပ်ပစ်လိုက်စမ်းပါ"

ဦးရန်အောင် မျက်ခုံးကြီးနှစ်ဖက် မြင့်တက်သွား၏။

"မုန့်တော့ တာဝန်ယူပါ့မယ်၊ ဟိုပစ္စည်းတွေက..."

"မသုံးရဲရင်လဲ မီးပုံရှို့လိုက်ဗျာ"





ဦးရန်အောင် ခေါင်းတစ်ချက်ဖွ၍ နောက်ပြန်ကြည့်မိသည်။

စက်က ထွက်သွားပြီဖြစ်၏။ ထိုစဉ် စားပွဲပေါ်က ဖုန်းမြည်လာသည်။

သူ နေရာမှထ၍ စားပွဲနောက်မှာ ပြောင်းထိုင်ရင်း ဖုန်းကောက်ယူလိုက်သည်။

"ဟဲလို"

"ဦးရန်အောင် စက် အပြင်ထွက်သွားပြီလား"

မိုးကောင်းကင်အသံ ကြားလိုက်သဖြင့် ဦးရန်အောင် မျက်လုံးတွေက ကိတ်မုန့်ဘူးနှင့်လက်ဆောင်ပစ္စည်းဆီ ဝေ့ရောက်သွားမိဆဲ...

"မွေးနေ့ကိတ် သူ ထားပစ်ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်၊ သူ ပြန်လာမှာမဟုတ်ဘူး"

"သိတယ်လေ၊ အဲဒါကို သူ့အိမ်ရောက်အောင် ဦးရန်အောင် ပို့ပေးလိုက်ပါ"

"ဗျာ..."

"ကျွန်မ အမိန့်ပေးနေတာမဟုတ်ဘူး၊ ဦးရန်အောင်ဟာ သူ့ရဲ့အရင်းနှီးဆုံးမို့လို့ ပို့ခိုင်းတာ။ အခု အလုပ်သိမ်းတာနဲ့ အဲဒါကို ဦးရန်အောင် သွားပို့ပေးပါ"

အမိန့်ပေးနေတာ မဟုတ်ဘူးတဲ့။ လေသံက ရှေ့မှာ ဓါးထောက်ရပ်လျက် လက်ညှိုးထိုးခိုင်းစေနေသလိုမျိုး...

"ဒေါ်မိုးကောင်းကင်"

"ပြောပါ"

"သူ အိမ်ကို တော်တော်နဲ့ ပြန်ရောက်မယ်မထင်ဘူး"

"အဲဒီပစ္စည်း ရောက်နေဖို့ပဲ လိုတာပါ။ နောက်တစ်နာရီကြာရင် ကျွန်မ ဖုန်းထပ်ဆက်မယ်"



www.burmeseclassic.com

သူမကပဲ ဆုံးဖြတ်၍ ဖုန်းချသွားသည်။

စက် ဖုန်းပိတ်ထားလိုက်ပြီမှန်း ဦးရန်အောင် တွေးမိလိုက်၏။

တော်တော့်ကို အာဏာရှင်ဆန်တဲ့မိန်းမ။

စက် ဘယ်လိုမှလက်မခံ နိုင်တာ စက်ဘက်က မလွှန်ဘူးဆိုတာ အစကတည်းက သူသိထား၏။

မိုးကောင်းကင်ဆိုသော မိန်းမဟာ ဘယ်သူမှ အမိန့်မပေးရလျှင် မှန်ရှေ့မှာရပ်၍ ကိုယ့်ကိုယ်ကို အမိန့်ပေးနိုင်းမည့်စိတ်ဓာတ်ရှိသည်။

တစ်သက်လုံး ပြည့်စုံချမ်းသာလာခဲ့သည့် ပိုင်စိုးမှုများက ဘယ်သူ့ကိုကြည့်ကြည့် ဘာစကားပြောပြော စာနာမှုမပါ။

ရအောင်ယူမည်၊ ဖြစ်အောင်လုပ်မည်။

ဒါက မိုးကောင်းကင်၏ ဒဿနတစ်ခု…





အခန်း (၂၇)

အလွှန်ခမ်းနားသော စားသောက်ပွဲတွေကို စားပွဲထိပ်မှာ တစ်ယောက်တည်းထိုင်လျက် ကိုယ်ကို ကုလားထိုင်ကျောမှီမှာ တောင့်မတ်စွာမှီ၍ လက်ပိုက်စိုက်ကြည့်နေသည့် မိုးကောင်းကင်ကိုမြင်လျှင် ရိပ်ခြေလှမ်းတုံ့သွား၏။

စားပွဲ၏ထိပ် သူမရှေ့မှာ ကြီးမားလှပသော မွေးနေ့ကိတ်ကြီးတစ်လုံးကို ဖယောင်းတိုင်များဖြင့် ကျကျနန လှပစွာ ပြင်ဆင်ထားသည်။

နာမည်ကြီးဟိုတယ်တစ်ခုမှ အကောင်းဆုံးအစားအစာများလည်း စားပွဲပေါ်မှာ ပြည့်စုံစွာ ရောက်ရှိနေပြီ။

ပြင်ထားတာကတော့ စားပွဲဝိုင်းမှာ အားလုံး ရှစ်ယောက်စာ။ တစ်ယောက်မှလည်းမလာ၊ စားသူလည်းမရှိ။

ဒါပေမယ့် သူမကတော့ လာမည့်သူတွေကို စိတ်ရှည်လက်ရှည် ထိုင်စောင့်မျှော်မည့်ပုံစံနှင့် တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်နေခဲ့သည်။

www.burmeseclassic.com



လူသာမဟုတ်ဘဲ သူမမျက်ဝန်းများကပါ မွေးနေ့ကိတ်ပေါ်မှာ စူးနစ်လျက် မျက်တောင်တစ်ချက်မှ မခတ်ခဲ့။

ရိုပ် ခြံထဲမှာ အလုပ်လုပ်နေတုန်း 'မမကြီး'ခေါ်နေတယ်ဟု ကောင်မလေးတစ်ယောက် လာပြောသဖြင့် တက်လာခဲ့ခြင်းဖြစ်သည်။

သူမ လှုပ်ရှားပြင်ဆင်နေခဲ့တာကိုလည်း စောစောက မြင်ထားခဲ့သဖြင့် စားသောက်ဖွယ်များပြင်ဆင်ပြီးကာ ဧည့်သည်များလည်း မကြာခင် ရောက်လာမည်ဟု သူ တွက်ခဲ့မိသည်။

တကယ်မြင်လိုက်ရတော့ သူ ထင်ထားသလို ဧည့်သည်များဖြင့် စိုပြည်စွာ စားသောက်ပြုံးရယ်နေတာမျိုးမဟုတ်ဘဲ အလွန်အေးစက် ထုံခဲနေသောမျက်နှာနှင့် တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်နေသည့်အဖြစ်ကြောင့်…

"ဝင်လာခဲ့ ရိုပ်"

နောက်ကိုပြန်လှည့်ပြီးသော ခြေထောက်တို့က တုံ့ဆွဲပစ်လိုက်သလို ရပ်တန့်ကုန်ကြ၏။

ချက်ချင်းပဲ နောက်ပြန်လှည့်ကြည့်မိသည်။ မိုးကောင်းကင် သူ့ကို ခေါ်လိုက်တာပဲဖြစ်သည်။

သို့သော် သူ့ကိုမကြည့်ဘဲ စောစောကအတိုင်းပဲ ထိုင်နေဆဲဖြစ်၍ ရိုပ် မျက်လွှာချ၍ ပြန်လှည့်လျှောက်ခဲ့ရသည်။

မိုးကောင်းကင်၏ မလှမ်းမကမ်းမှာ ရပ်လိုက်တော့မှ သူမမျက်ဝန်းတွေ စတင်ရွေ့လျားသည်။

သူ့ကိုကြည့်လိုက်တာမဟုတ်ဘဲ သူမနှင့် မျက်နှာချင်းဆိုင် ခုံတစ်လုံးကိုကြည့်၍ 'ထိုင်'ဟုလည်း ပြောသည်။

နီရဲအိပြောင်နေသောဝတ်စုံဖြင့် နှုတ်ခမ်းနီရဲရဲဆိုးထားသော သူမ မျက်နှာက မိတ်ကပ်ရောင်စုံများ နေရာတကျရှိကာ ဒီနေ့ ထူးခြားစွာ လှပနေသည်။





ဆံပင်ခပ်တွန့်တွန့်တိုတိုကို နားသယ်စပ်နှစ်ဖက်မှ နောက်ကိုလှန်၍ အနီရောင်ဆံညှပ်ကလေးများနှင့် ဖိကုပ်ထားသည်။

လည်တိုင်မှာ ပတ္တမြားလည်ကုံးတစ်ခုကို ဆွဲထား၏။ ခပ်ဖွဖွပိုက်ထားသည့် လက်နှစ်ဖက်မှာ လက်ချောင်းတွေအပြည့် ဝတ်ထားသည်ကလည်း ပတ္တမြားလက်စွပ်များပဲဖြစ်၏။

သည်မွေးနေ့ကိတ်နှင့် သည်အခမ်းအနား ဖြစ်လာခဲ့ခြင်းကို ရိုပ်သိသည်။ ယခုလက်ရှိ သူထိုင်နေမိသည့် စားပွဲနောက်က ရိုက်ခတ်နေသော တသုန်သုန် လွင့်တက်လာသည့် အေးစက်မှုများ ဘယ်ကသေည်ကိုလည်း သူ သိနေခဲ့၏။

ထိုစဉ် မိုးကောင်းကင်၏ မာကျောကျောလေသံက တိတ်ဆိတ်ခြင်းကို စတင် ဖြိုခွဲပစ်လိုက်၏။

"မွေးနေ့ရှင်က မလာဘူးလေ၊ ဒီတော့ ဘာဧည့်သည်ကိုမှ ဧည့်ခံဖို့မလိုတော့ဘူး။ မင်း လွတ်လွတ်လပ်လပ် စားသောက်ပေတော့"

သူမ စကားပြောနေစဉ်မှာ ဖုန်းသံလေး မြည်လာသည်။ ဖုန်းကိုထုတ်ကိုင်ပြီး ခပ်စိုက်စိုက်ကြည့်နေပြီးမှ နားမှာကပ်၏။

"အင်း စောစောကအတိုင်းပဲ ဦးမြလှ၊ အစီအစဉ်ပျက်သွားပြီလို့ အဆင်ပြေအောင် ကြည့်ပြောလိုက်ပါ၊ ဘယ်သူ့မှ မလာစေနဲ့တော့"

ပြောပြီး ဖုန်းပြန်ပိတ်သည်။

သူမသည် ပြတ်သားစွာ ပြောလိုက်သော်လည်း ထိုစကားအတွက် အဆမတန် ဆုံးရှုံးကြေကွဲလိုက်ရသလို နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ထားပြီး စားပွဲတစ်လုံးကို အေးစက်စွာ ဝေ့ကြည့်သည်။

ပြီးတော့…

"သူ ဒီလိုပဲ လုပ်နေကျပါ။ ဒါပေမယ့် သူ လုပ်ခဲ့လိုက်တိုင်း တို့ခံနိုင်ရည်မရှိခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်တည်း ပြောသလို ပြောနေပြီး…

"ဒါပေမယ့် တို့ဘက်က ပျက်ကွက်ခဲ့ဖူးတာလဲ ဒီနေ့ထိ မရှိခဲ့ဘူး"

စကားဆုံးတော့မှ တောင့်မတ်စွာ ထိုင်နေသည့်ကိုယ်က အနည်းငယ် ပြေကျလာသည်။

စားပွဲပေါ်ကို တံတောင်နှစ်ဖက်တင်၍ မျက်ဝန်းတွေကို ရိပ်ထံသို့ ပို့၏။

"မင်း စားလေ၊ ဘယ်သူမှ လာဖို့မရှိတော့ဘူး၊ ဟောဒီ ဦးရေထဲမှာ မင်း မပါခဲ့ပေမယ့် မင်းအတွက် အပြင်မှာ လိုက်ပြီးကျွေးဖို့ တို့ စဉ်းစဉ်ထားတာပါ။ ခုတော့ ဒီမှာပဲ ပြီးသွားတာပေါ့၊ ကဲ စား…"

သူ မမြင်ဖူး၊ မစားခဲ့ဖူးသော တန်ဖိုးကြီး အစားအစာများကို ရိပ် တို့ထိဖို့ လက်တွန့်နေခဲ့သည်။

ပြီးတော့ ဒါတွေက သူ့အတွက် မဟုတ်ခဲ့တာကို သိနေသည်။

မိုးကောင်းကင်ရင်ထဲကိုလည်း မြင်နေသည်။ သူမကတော့ စားပွဲ ကလေးနှင့်ကတ်ကြေးကိုကိုင်၍ အသားကင်ပွဲကို စ၍လက်လှမ်းလေ၏

စောစောက အေးစက်ထုံခဲမှုများ သူမမျက်နှာမှာ အနည်းငယ်မျှ ပင် မရှိတော့ပါ။ နေ့စဉ် မြင်တွေ့နေရသည့် မျက်နှာအတိုင်း အမူအရာ အားလုံးက ပြောင်းလဲသွားပြီဖြစ်သည်။

"သူက တို့ကို ဘယ်တော့မှ ဂရုစိုက်ခဲ့တာမရှိဘူး၊ တို့ကတော့ ဝတ္တရားမပျက်ခဲ့ဘူးလေ။ ဟွန်း ရင်ထဲမှာတော့ သူ ပြန်ပေးသမျှတို့ သိမ်းထားခဲ့တယ်။ ပန်းတွေပေးခဲ့တော့လဲ ပန်းတွေပေါ့၊ ကျောက်စိမ်း သလဲတွေ ဆိုရင်လဲ အဲဒီအတိုင်းပဲ"

မမိုးကကော ဘာတွေပေးနေတာလဲဟု ရိပ် မေးကြည့်ချင်မိ သည်။ ဒါပေမယ့် မျက်လုံးနဲ့တောင်မှ လှန်မကြည့်မိပါ။

မျိုသိပ်အောင့်အည်းနိုင်လွန်းသော မိုးကောင်းကင်ဆိုသည့် မိန်းမ တစ်ယောက်၏ အံ့ဖွယ့်မှုကိုသာ အံ့သြနေမိခဲ့သည်။





မျိုသိပ်နိုင်လွန်းသူတို့၏ စိတ်တွင်းမှာ ထွက်ပေါက်ပိတ်နေသော ရေစီးကြောင်းများကို အားကောင်းသည့် တံပြန်လိုမှုတွေ ပြည့်ပြည့် သိပ်သိပ် ရှိနေမည်သာ။

သူမ မည်သို့သောနည်းဖြင့် ပွင့်အန်ထုတ်ဖို့ စုဆောင်းနေပါသနည်း။

"သူ့ကို အပြင်မှာ ဒင်နာလုပ်ပေးဖို့လဲ တို့ ပြောသေးတယ်"

မိုးကောင်းကင်က ဆက်၍ရင်ဖွင့်လာ၏။

"ဒီမှာကတော့ သူ တို့နားမှာ ရှိနေတုန်းကအတိုင်း သူ့ရယ်၊ တို့ရယ်၊ ကိုယ်ရဲ့မိတ်ဆွေရင်း တစ်ယောက်နှစ်ယောက်စီရယ်အတွက်ပဲပေါ့။ ခုလို သူ ပျက်ကွက်မယ်မှန်း တို့ သိတယ်၊ ပျက်ကွက်လို့ အစီအစဉ် ပျက်ခဲ့ရင် နားလည်ပေးနိုင်တဲ့ မိတ်ဆွေမျိုးကိုပဲ ဖိတ်တာလေ။ နောက် နေ့ကျမှ တောင်းပန်စားပွဲတစ်ဝိုင်း ထပ်လုပ် ဒါပဲပေါ့"

ပြောပြီး သူမက အေးစက်စက်ပြုံးသည်။

"သူ တို့နဲ့ တစ်အိမ်တည်းအတူရှိနေခဲ့တာ ဘယ်လောက်ကြာမယ် လို့ မင်း ထင်လဲ"

တိုက်ရိုက်မေးလာတော့ ရိပ် မျက်လွှာပင့်ကြည့်သည်။ ဒါ ဝေဖန်ရ မည့်ကိစ္စမျိုးမှာ မဟုတ်ဘဲ။

"ကျွန်တော် မထင်တတ်ဘူး"

"နည်းနည်းဖြစ်ဖြစ် ပြောကွာ၊ မင်းရဲ့ရိုးသားမှုကို တို့က သဘော ကျလို့ အလုပ်သမားလို့ မဆက်ဆံခဲ့တာ။ ဒါပေမယ့် မြိုစိစိနေတာတော့ မကြိုက်ဘူး။ သူဆိုရင် မပြောရဲတာ မရှိဘူး။ အကြည့်လဲရဲတယ်၊ အပြော ရဲတယ်၊ ပြီးတော့ မှန်တယ်ထင်ရင် လုပ်ရဲတယ်၊ တို့ သူ့ကို မက်မော ခဲ့တာ အဲဒါပဲ။ သူ တွေဝေခဲ့ဖူးတာ တစ်ခုပဲရှိတယ်၊ သူ့အဖေကြောင့် ဒီအိမ်ထောင်ရေးကို သူ တွေဝေစွာ လက်ခံခဲ့တယ်။ တို့ကလဲ အဲဒီတုန်း ကတော့ ချစ်ခင်စုံမက်လို့ ဟုတ်ချင်မှဟုတ်မယ်၊ အချစ်မပါတဲ့ အိမ်ထောင် ရေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်က ပွင့်လင်းလွန်းတော့ ရိုပ် မျက်နှာပူမိသည်။ သူမ နံဘေးမှာ ယောကျ်ားလေးတစ်ယောက် ရှိနေသည့်အဖြစ်ကို မိန်းမဖော် တစ်ယောက်ဟုပဲ သဘောထားလေသလားမသိ။

"သူ တို့ရဲ့အနားမှာ ရှိနေခဲ့တာ လပိုင်းကလေးပဲ။ ဒါပေမယ့် ခုလို တော့မဟုတ်ဘူး။ ဟိုထွက်သွား၊ ဒီထွက်သွား လတွေနှစ်တွေ ကြာ အောင်နေ၊ တစ်ခါတလေမှ ပြန်လာ၊ အဲဒါမျိုး။ အိမ်မှာ ညအိပ်ညနေ ဓနတာမျိုးမရှိတော့တာ။ နောက်တော့ နိုင်ငံခြား ထွက်သွားလိုက်တာ လုံးဝ ပြန်မလာတော့ဘူးလေ။ တို့က ဆက်သွယ်တော့ သူက ဘာ ပြောတယ်မှတ်လဲ၊ သူ့ဘဝကို အသစ်က ပြန်စနေတာ မနှောင့်ယှက် ပါနဲ့တဲ့၊ မပတ်သက်ပါနဲ့တဲ့ သိလား"

မိုးကောင်းကင်က စားသောက်စရာတွေကို တို့တို့ထိထိ ဖွဲ့လိုက် ပါးစပ်ထဲ နည်းနည်းထည့်ပြီး မဲ့လိုက်...

သူ့မှာတော့ စားတော့စားနေရသည် မျိုလို့မကျ။ သူမရင်ထဲမှာ ကြေကွဲနေသည့် အတိုင်းတာကို အကဲခတ်မိနေ၍ဖြစ်သည်။

သူမ၏ ခင်ပွန်းဆိုသူ 'မင်းစက်ရာ'ဆိုသောယောကျ်ားကို ရိုပ် ခပ်ဝေးဝေးကနေ မြင်ဖူးသည်။

ဘယ်ရှုထောင့်ကကြည့်ကြည့် တင့်တယ်ခံ့ညားသောရုပ်မျိုးရှိသူ ဖြစ်၏။

"သူ့ကို တို့က ကြာလေချစ်လေ ဖြစ်ခဲ့တာ။ ဒါပေမယ့် ခု မဟုတ် ဘူး၊ ဟိုတုန်းက ရင်ပူကြေကွဲရတာမျိုး ခု မဖြစ်တော့ဘူး။ သူ ဘယ်လိုပဲ တုံ့ပြန်တုံ့ပြန် တို့ ခံနိုင်ရည်ရှိနေပြီ။ ဆုံးဖြတ်ထားတယ်လေ၊ သူ တုံ့ပြန် တဲ့အတိုင်း တို့ ဘယ်တော့မှ မတုံ့ပြန်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ မုန်းသလို မုန်းပေးလိုက်ရင် ပြတ်တောက်သွားကြမှာပေါ့။ သူ့ကို တို့ အဲဒီလို လွယ်လွယ်နဲ့ အလျှော့မပေးနိုင်ဘူး၊ (သူဖြစ်ချင်သလို ဘယ်





တော့မှ ဖြစ်ခွင့်မရစေရဘူး)။ အထူးသဖြင့် သူ့ရဲ့နှလုံးသား၊ မိုးကောင်း ကင် ဆိုတဲ့မိန်းမ ပိုင်ဆိုင်ခွင့်မရခဲ့တဲ့ (သူ့ရဲ့နှလုံးသားကို ဘယ် မိန်းမမှ သူ ပေးလို့မရဘူး)။ ဒီတစ်သက် သူ(ဘယ်သူ့ကိုမှ ချစ်ခွင့်မရှိတော့ဘူး)"

ကြိမ်းဝါးသံက ကြောက်မက်ဖွယ် အေးစက်လာခဲ့၏။ ကဏန်း ပေါင်းပန်းကန်ဆီ လက်လှမ်းလိုက်စဉ် ကိုင်ထားသည့်တူက ပြုတ်ကျ လုလုဖြစ်သွား၏။

မိုးကောင်းကင်က မြင်သည်။ သူ့အဖြစ်ကို မဲ့ပြုံးလေးနှင့် ကြည့် နေပြီး...

"တုန်လှုပ်တတ်တာ မကောင်းဘူးကွ၊ ယောကျ်ားဆိုတာ ဂရုမစိုက် တတ်တဲ့အကျင့်တစ်ခု ရှိရတယ်။ အဲဒါမှ အောင်မြင်မှာပေါ့။ သူဆိုရင် တို့ပြောသမျှ ဘာဖြစ်ဖြစ် ဘယ်တော့မှ လက်မခံဘူး၊ ပြန်ပြောလိုက်ရင် ပက်ခနဲပဲ"

မိုးကောင်းကင် မျက်ဝန်းများ ပြတ်နိုးရိပ်တွေ စွန်းထင်လာပြန် သည်။ ခဏလေးနှင့် ပြန်ပျောက်သွားကာ မဲ့ပစ်လိုက်တာလည်းရှိ၏။

"အေးလေ ခုချိန်မှာတော့ သူ မာနိုင်မှာပါ။ သူ ဖြစ်ချင်တာ လုပ်ချင် တာတွေ ရှိလာတဲ့တစ်နေ့ အဲဒီတစ်နေ့မှာ သူ ခံတွေဝေလာဦးမှာပါ။ သူ အထင်မြင်သေးခဲ့သလို သူ့နောက်ကို တကောက်ကောက်လိုက်နေ ခဲ့တဲ့ မိုးကောင်းကင် ဆိုတဲ့ မိန်းမဟာ (ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့တာလား၊ ပိုင်စိုးဖို့ ကြိုးစားခဲ့တာလား ဆိုတာ အဲဒီတစ်နေ့မှာ သူ သိလာမယ်)။ သူ့ဘာမှ ဆုံးဖြတ်ခွင့်မရှိတော့ဘူးဆိုတာ သိလာတဲ့တစ်နေ့ မိုးကောင်း ကင်ကို ဂရုစိုက်ရမှန်း သိလာလိမ့်မယ်။ တို့ ရင်းနှီးနေခဲ့တာ အဲဒီနေ့ အတွက်ပေါ့။ တို့ရင်ထဲမှာ ချစ်နေသလား၊ မုန်းနေသလား အဲဒါ တို့ ကိုယ်တိုင် နားမလည်တော့ဘူး။ ဒါပေမယ့် သူ့ရဲ့ဆုံးဖြတ်ခွင့် လုပ်ပိုင် ခွင့်အားလုံးကို တို့ ပိုင်ချင်တယ် ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်တွေ ကြာလာခဲ့ပြီပေမယ့် သူ ကိုယ့်ကို ပေါင်းသင်းသည်ဖြစ်စေ ကွဲကွာနေသည်ဖြစ်စေ 'မင်းစက်ရာ'ဟာ 'မိုးကောင်းကင်'၏ခင်ပွန်း အဖြစ်သာ ရှိနေရေးက အဓိက။

သူမ ရင်းနှီးခဲ့တာ ဒါပဲဖြစ်သည်။

မိုးကောင်းကင်က စားစရာတွေကို ရိပ်ရှေ့ထိ တွန်းပို့ပေးလိုက်ပြီးမှ ဆက်ပြော၏။

"ဒီပွဲဟာလဲ သူ တက်မှာမဟုတ်မှန်း တို့ သိရက်နဲ့ စီစဉ်ခဲ့တာ။ အဓိကက သူ့အတွက် တို့ ဒီနေ့ထိ ဝတ္တရားမပျက်ခဲ့တာ သိစေချင်လို့။ ကဲ တို့ကို မင်း တစ်ခုခုလောက် ဝေဖန်စမ်းပါ။ တို့ကို ဘယ်လိုမြင်သွားလဲ"

ရိပ်က စားလက်စကို ရပ်ပစ်ပြီး မိုးကောင်းကင်ကို မော့ကြည့်၏။ သူမ၏ ခံစားချက်နှင့် ရင်တွင်းစကားတွေကို သူ မဝေဖန်ချင်ပါ။

ဒါကို ဝေဖန်ရလောက်အောင် မိုးကောင်းကင်နှင့်သူက သူငယ်ချင်းတွေလည်းမဟုတ်။ ဒါပေမယ့် မပြောဘဲနေပြန်ရင်လည်း တွေဝေသည် ပျော့ညံ့သည် ဆိုတာတွေ ဖြစ်လာဦးမှာမို့...

"မမမိုးကို ကျွန်တော် မဝေဖန်ရဲပါဘူး။ ပြီးတော့ ဒါက ခံစားချက်တွေနဲ့သက်ဆိုင်တဲ့ အိမ်ထောင်ရေး၊ ကြားလူနဲ့လဲ မသက်ဆိုင်ဘူးလို့ ထင်ပါတယ်။ ကျွန်တော့်ဘက်က ကျွန်တော့်အင်အားအရ ဒီအဖြစ် ဒီစကားတွေကို နားထောင်ပေးနေရတာတောင် မသင့်တော်တာတွေရှိတယ်။ မမမိုး ကျွန်တော့်ကို နားလည်ပေးပါနော်"

မိုးကောင်းကင်က ရိပ်ကိုစိုက်ကြည့်ပြီး ပြုံးလိုက်သည်။

"မင်း မဆိုးပါဘူး၊ တို့ထင်သလောက် မညံ့ဘူး၊ ယောက်ျားဆိုတာ ဒီလိုမှပေါ့၊ ပြောရေးရှိလာရင် ပြောရဲရတယ်"

သူမက စကားဖြတ်လိုက်ပြီး လက်ထဲက တူကို အသာချသည်။





"မနက်ဖြန် မင်းကို သူ့ဆီလွှတ်ဖို့ရှိတယ်၊ ညနေ သူ အလုပ်ကပြန်တဲ့အချိန်လောက်ကို ဝစ္စည်းတစ်ခု သွားပို့ပေး"

"ဟုတ်ကဲ့"

"မင်းကို သူ လက်ခံတွေ့မှာပါ၊ အထဲထိလဲ ဝင်ခွင့်ပြုလိမ့်မယ်၊ မပြုလို့မရဘူး။ ဒီပစ္စည်းက သူ့ပစ္စည်း၊ သူ့ လက်မှတ်ထိုးမှ ရမှာ"

ရိပ်ကိုမှာသလိုလိုနှင့် အပြင်ကိုငေးရင်း မိုးကောင်းကင်က ပြောလိုက်၏။ သူမ၏စကားများအရဆိုလျှင် 'မင်းစက်ရာ'ထံသို့ သူမ သွားခွင့်မရှိခဲ့ဘူးလား။

မင်းစက်ရာက လုံးဝ မတွေ့ဆုံစေဘဲ သူမကိုတောင် ခြံထဲ အိမ်ထဲထိ ဝင်ထွက်သွားလာခွင့် ပြုခဲ့ခြင်းမရှိဘဲပုံမျိုး။

ဒါကို သူမဟာ နာကျင်စွာနှင့်ပဲ ဆုပ်ကိုင်ဖက်တွယ်ထားခဲ့သေးသည်။ အာဂမိန်းမပါလား...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ညဥ့်နက်မှ အလုပ်တွေအားလုံးကို လက်စသတ်နိုင်ခဲ့သည်။ တကယ်တမ်း လုပ်နေးတွေထဲ ဝင်လိုက်တော့မှ ဦးရန်အောင် ဘယ်လို သုံးစွဲ ဖျောက်ဖျက်ထားမှန်းမသိသော ငွေတွေက အဆမတန် ကွာနေသည်။

ဖုန်းဆက်မေးလိုက်တိုင်းလည်း လိမ်ညာတာ ဘာမှမရှိ။ ဦးရန်အောင်က ဝန်ခံသည်။

"ဟုတ်တယ် အခု ကိုယ် လာခဲ့ပါ့မယ်၊ ကိုယ့်ဆီမှာ အဲဒီစာရင်းတွေ အပြည့်အစုံ ရှိပါတယ်၊ မင်း ကြိုက်သလို စီမံနိုင်ပါတယ်။ အဖြစ်ဆိုလဲ ကိုယ် ကျေကျေနပ်နပ် ခံမယ်၊ လုပ်အားဆိုရင်လဲ ဒါတွေအတွက် ရှေ့ဆက်ပြီး ကိုယ့်လုပ်အားနဲ့ ရိုးသားစွာ ကြိုးစားသွားပါ့မယ်လို့ ကတိပေးပါတယ်။ စက်ရုံရဲ့ တိုးတက်မှုရာနှုန်းနဲ့ အာမခံပြီး ကိုယ် တာဝန်ယူမယ်၊ ပြောသလိုဖြစ်မလာရင် မင်း ကြိုက်တဲ့အပြစ် ပေးပါ"

ဦးရန်အောင်က ပေါ်ပေါ်တင်တင် သုံးဖြုန်းနေတာမို့ ငွေ အလွဲသုံးစားမှုမျိုးထိ ပုဒ်မတပ်ဖို့က ခက်နေပြန်သည်။





ပြီးတော့ ကိုယ့်အပေါ်မှာ အစစ ကူညီစောင့်ရှောက်ခဲ့သူ။ ဘယ်နေ့ရာဖြစ်ဖြစ် စိတ်ရောကိုယ်ပါ ကူညီခဲ့တာမှန်း သူသိသည်။

စာရင်းတွေကို ပိတ်ပစ်ပြီး စားပွဲမှထလိုက်တော့ ညဥ့် တစ်နာရီ ထိုးနေပြီ။ ရွှယ်စုး ဖျော်ပေးထားသည့် ကော်ဖီကိုတောင် ကုန်အောင် မသောက်ဖြစ်ခဲ့ပါ။

အခန်းထဲ သူ ဝင်လာတော့ ရွှယ်စုးက ဒရင်းဘတ်ဒ်ပေါ်မှာ စာအုပ်ကလေးပိုက်လျက် အိပ်ပျော်နေ၏။

ရွှယ်စုးမျက်နှာကို သူ ငုံ့ကြည့်ရင်း တော်တော်နှင့် မငွေ့ဖြစ်။ မီးရောင်အောက်မှာ ထင်ထင်ရှားရှားကြီးပေါ်နေသည့် မျက်တောင့်ကော့လေးများက ပန်းနုရောင်ပြေပြေလေးရှိသော ပါးမို့လေးများပေါ်မှာပင် အရိပ်ထင်နေ၏။

ထွေးအိနီးမြန်းနေသည့် နှုတ်ခမ်းအိအိလေးတွေကို စိုက်ကြည့်၍ အနားမှာ ဒူးတစ်ဖက်ထောက်ထိုင်လိုက်မိသည်။

ချစ်စရာကောင်းလိုက်တာ ရွှယ်စုးရယ်။ ပါးမို့လေးတစ်ဖက်ကို သက်မနှင့် ဖွဖွလေး သပ်ရင်း ပင့်သက်ရှိုက်မိသည်။

တကယ်ချစ်တတ်လာခဲ့သော နှလုံးသားမှာ လွတ်လပ်သည့် ပျော်ရွှင်ခြင်းကို မရခဲ့သည့်အဖြစ်က ရင်နာစရာကောင်းလှသည်။

တစ်ယောက်တည်း တင်းကျပ်အုံ့ဖွဲ့နေသော ဝေဒနာတွေကို ကြေညာလို့လဲမရ၊ ဘာမှမသိရှာသည့် ရွှယ်စုး၏ အထင်အမြင်လွဲမှုတွေ တားလုံးဖြင့် ထိုးနှက်ချက်တွေ အားလုံးကို ကျေ့ပတ်ရှောင်ရှားရင်း အလုပ်လုပ်ရတာထက် အဆများစွာ ပင်ပန်းနေခဲ့ရသည်။

ဒါတွေဟာ မင်းကိုချစ်လို့ပါ ကလေးရယ်…

တစ်နေ့နေ့မှာ မင်း သိသွားရင် ကိုယ့်ကို ခွင့်လွှတ်နိုင်ပါ့မလား…

သူ ရွှယ်စုးလက်ထဲက စာအုပ်လေးကို အညင်သာဆုံး ဆွဲယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ စာအုပ်ကို စားပွဲပေါ် လှမ်းတင်ပြီးမှ ရွှယ်စူးကိုယ်လေးကို အသာလေးပွေ့ချီလိုက်သည်။

မွေ့ရာထက်မှာ ကလေးငယ်လေးလို ချသိပ်ပြီး စောင်ခြုံပေးတော့ ရွှယ်စူး မျက်လုံးတွေ ပွင့်လာ၏။

"ဦးစက်... ဦးစက် ခုမှ အိပ်ရာဝင်တယ်"

"အင်း... ကိုယ် ပွေ့လိုက်လို့ မင်း နိုးလာတာလား၊ ဆောရီး ဒရင်းဘတ်ဒ်ပေါ်မှာ မင်း ညောင်းနေမှာစိုးလို့"

ရွှယ်စူးက ပြုံးလိုက်ပြီး သူ လှဲချလိုက်သည့်ဘက်ကို လှည့်လာ၏

"ဦးစက် ပွေ့လိုက်လို့ မဟုတ်ပါဘူး။ ရွှယ်စူး အိပ်မှမအိပ်သေးတာ အိပ်ပျော်တော့မလို့ဟာ ဦးစက်က ပါးကိုကိုင်လိုက်တော့ သိသွားတာပေါ့"

"ဟုတ်လား"

"အင်း"

ရွှယ်စူးက မျက်လုံးလေး မှေးစင်း၍ ရယ်လိုက်ပေ့ာ ချစ်စွယ်ကလေးဖြစ်သွားကာ သူ ရွှယ်စူးနှာခေါင်းလေးကို ဆွဲညှစ်လိုက်မိသည်။

"အား... နာတယ်"

ရွှယ်စူးက သူ့လက်ကို ပြန်ဆွဲပြီး ကိုက်မည်ပြင်၏။ စက်က ရွှယ်စူးကို ရင်ခွင်ထဲဆွဲယူကာ မျက်တောင်ရှည်လေးတွေကို နမ်း၏။

"သိပ်ချစ်စရာကောင်းတဲ့ ချာတိတ်"

"ဘာ ချာတိတ်လဲ"

"မဟုတ်ဘူးလား"

"ဟုတ်နေရင် ဘာလို့ယူထားလဲ"

ရှုံ့မဲ့ပုံးမဲ့လေးဖြစ်သွားသည့် နှုတ်ခမ်းလေးကို ပြုံး၍စိုက်ကြည့်ရင်း စက်က အသံထွက်အောင်ရယ်သည်။





"ချစ်လို့ ယူထားတာလေ၊ ချာတိတ်ဆိုရင် မယူရဘူးလို့ ဘယ်သူပြောလဲ"

"ဦးစက်နော် လူကို ချာတိတ်လို့ခေါ်ပြီး ကလေးလိုလို ခွေးလိုလိုနဲ့ ဘယ်တော့မှ လူရာမသွင်းဘဲထားတာ ဟွန်း..."

"မဟုတ်တာကွာ"

"ဟုတ်တယ် ရွှယ်စူးကို ဘယ်ကိုမှမခေါ်ဘူး၊ ဘယ်ကိုမှလဲ မသွားဘူး။ ခြံကြီးထဲမှာ တံခါးပိတ်ထားတာ"

"ရွှယ်စူးရယ်"

စက်ရင်ထဲမှာ နာကျင်သွားသည်။

သူ့ကို ယုံထင်ကြောင်ထင်စကားတွေနှင့် တိုက်ခိုက်ဖို့ ကြိုးစားခတ်သော်လည်း ရွှယ်စူး ဤသို့ပဲ ဖြေသိမ့်နေခဲ့ရှာသည်။

သူ့ဘက်က မရိုးသားမှုကို အနည်းငယ်မျှပင် သံသယရှိခဲ့ပုံမပေါ်။ ဒါမှမဟုတ် ယုံကြည်လွန်း၍ မထင်မှတ်ခဲ့တာမျိုးလား။

အမှန်တရားတွေကို တစ်နေ့ သိလာခဲ့ရင် ဘယ်လိုဖြစ်လာမလဲ။ ရွှယ်စူးကို ပွေ့ပိုက်ထားရင်း အနမ်းတို့မှာ သောကတွေ စွန်းထင်းကုန်သည်။

အလွန်တရာဖြူစင်ခဲ့သည့် ရွှယ်စူးထံမှအချစ်ကိုရဖို့ သူ့ဘက်က လှည့်ကွက်နာမှုများနှင့် စည်းရုံးသိမ်းပိုက်သွားလို့ရသည်။

ဒါပေမယ့် သူ ဒီနေ့ထိ ရွှယ်စူးအချစ်ကို မရမက တောင်းဆိုခဲ့ခြင်း မရှိမိသေး။ ရင်ထဲမှာ တရားခြင်း၊ မတရားခြင်းတွေ...

နောင်တစ်ချိန်မှာ ရှုံးမလား၊ နိုင်မလား မသေချာသော ကံတရား၏ အကောက်အကွေ့တွေ...

သူ့နှလုံးသားသည် မရေရာနိုင်သော အနာဂတ်ထဲမှာပဲ နစ်မွန်းနေခဲ့ရင်းဖြင့် ရွှယ်စူးအချစ်ကို ဖွင့်ဟတောင်းဆိုဖို့ အလှည့်မကျနိုင်ခဲ့သေးလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"များများချစ်ပါစေ၊ အချစ်က အရာရာကို အောင်နိုင်ပါတယ် စက်ရဲ့"

"တကယ်ချစ်လို့ ယူထားတာပဲကွာ၊ မင်း လေ့နဲ့နှစ်ဖက်နှင်းနေ မှမဟုတ်ဘဲ၊ သိတော့ ဘာဖြစ်လဲ၊ အဓိကက သူနဲ့ကိုယ် ချစ်နေဖို့ပဲ"

ဦးရန်အောင် ပြောသောစကားတွေက ချစ်နေဖို့ပဲဖြစ်၏။ တကယ် တမ်းကျတော့ ကိုယ်ကချစ်နေတာသာ သေချာခဲ့ရကာ သူက သလား၊ မချစ်ဘူးလား မသိသေး။

"ရွှယ်စူး"

"ဟင်"

"ကိုယ့်ကို ကိုကိုလို့ ခေါ်ပါလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မခေါ်ရဲလို့"

"ရှင်းရှင်းပြောပါကွာ၊ မင်းထက် ကိုယ်က ရင့်နေလို့မဟုတ်လား"

"မဟုတ်ပါဘူး၊ ဦးစက်က ချောပါတယ်။ တစ်ခါတစ်ခါဆို ရွှယ်စူးကိုတော့ မြို့ထဲမှာ တံခါးပိတ်ထားခဲ့ပြီး ဦးစက် အပြင်မှာ ရှ နေတာလားလို့ တွေးမိသေးတယ်"

"ဟာ အဲဒါတော့ လုံးဝမဟုတ်ဘူးနော်၊ လုံးဝ မှားတယ်"

စက် ပျာပျာသလဲငြင်းပြီး မေးဖျားလေးကို မော့ယူကာ သေ ကြည့်၏။

"ဒီလောက်ထိ ထားစရာမရှိအောင် ချစ်နေတာကို ထင်နိုင် တယ်နော်"

"ပြောလို့ရမလား"

ရွှယ်စူးက မျက်စောင်းလေးထိုးတော့ သူ ပြုံးမိသည်။





"ကိုယ့်ကိုချစ်လား"

"မချစ်ဘူး"

"မနောက်နဲ့ကွာ"

"တကယ်ပါဆို"

"ဘယ်လို…"

သူ့မျက်နှာပျက်ပျက်နှင့် ရွှယ်စူးမျက်ဝန်းလေးတွေကို အထိတ် တလန့်ကြည့်မိသည်။

"ရွှယ်စူး ကိုယ့်ကိုကြည့်ပြီး ပြောစမ်းပါ၊ မင်း တကယ်ပြောတာ သားဟင်၊ ကိုယ့်ကို…"

ရွှယ်စူးက မေးဖျားလေးမှာကိုင်ထားသည့် သူ့လက်ကို ဖယ်ချပစ် ရင်ခွင်ထဲ တိုးဝင်သည်။

"တကယ် ထပ်ပြောရမှာလား"

"ပြောပါ၊ မချစ်ဘူးဆိုတာကိုလဲ ထပ်ပြီး သေချာမှတ်ထားလို့ ရတာပေါ့"

ကြေကွဲစွာပြောလိုက်သည့် သူ့မျက်နှာကိုမော့ကြည့်တော့ ရင်ခွင် ထဲကနေမို့ မေးဖျားလေးကိုပဲ မြင်ရသည်။ ရွှယ်စူး ခါးလေးကော့၍ သူ့မျက်နှာရှေ့မှာ မျက်နှာချင်းဆိုင်ဖြစ်အောင် တိုးတက်လိုက်၏။

"ဟင်… ပြောလေ"

စက်က မျက်နှာငုံ့ပေးပြီး နဖူးချင်းထိထားလိုက်ပြီး မေးသည်။

"ချစ်တာတွေပဲ မေးမနေနဲ့တော့၊ ပြီးတော့လေ သားသမီးတွေရှေ့ ကိုကိုရေ၊ မောင်ရေနဲ့ ခေါ်နေရင် ဘယ်ကောင်းမလဲ"

"ဟင် ဘယ်လို…"

"တော်တော်ကြာ သမီးလေးမွေးလာပြီး ဖေဖေလို့မခေါ်ဘဲ သူ့ မေ ခေါ်သလို ကိုကိုလို့ လိုက်ခေါ်နေရင် မခက်ဘူးလား"

ရွှေသမင်စာပေ

www.burmeseclassic.com



"ရွှယ်ရူး..."

စက် မျက်လုံးတွေ လှုပ်လှုပ်ရှားရှားနှင့် မျက်နှာချင်းခွာ၍ အ
တဆန်းကြည့်၏။

ရွှယ်ရူးက ရှက်ပြုံးလေးပြုံးနေရင်း သူကြည့်လွန်းတော့ မျက်
လေးကို လက်ဖဝါးလေးနှစ်ဖက်နှင့် ကာပစ်၏။

"ရွှယ်ရူး တကယ်လားဟင်၊ ရွှယ်ရူးမှာ တကယ်ရှိနေပြီလား"

"အင်းပါဆို"

သူက ရွှယ်ရူးလက်တွေကို အကပ်းဆွဲဖယ်၏။ ရွှယ်ရူးက ရှ
သည်။

"ဟား ဟား ကိုယ့်မိန်းမ တော်တယ်ကွ..."

"ဦးစက်နော် မသိဘူး သွား..."

ရယ်မောသံတွေက စီနေ ကျယ်သွားပြီးမှ ညဦးနက်နက်ကိုသ
ကာ ကိုးတိုးတိတ်တိတ်လေးတွေ ပြန်ဖြစ်ကုန်၏။

အမြဲဝမ်းသာနေရမည်ဆိုလျှင်...





အခန်း (၂၉)

တစ်နေကုန် ခြံထဲမှာပဲ နေပစ်လိုက်ဖို့စိတ်ကူးနှင့် အအေးတွေ အပူတွေ စားသောက်စရာအားလုံး ခြံထဲယူချလာခဲ့သည်။ ကက်ဆက် ဖွင့်၍လည်း အချိန်တွေ ဖြုန်းနေခဲ့မိ၏။

ဒါပေမယ့် ကြာတော့လည်း ပျင်းလာတာပဲဖြစ်သည်။ တွေ့လိုက်တာနှင့် ယုယမြတ်နိုးတတ်သည့် စက်ကို ရွှယ်ရူး မျှော်တတ်နေပါပြီ။

ချစ်သလားလို့ တဖွဖွ မေးနေခဲ့တာတွေလည်း ကိုယ်ဝန်ရှိနေပြီဆိုကာမှ နည်းနည်း အမေးသက်သာသွားခဲ့သည်။ ပြီးတော့ ဂရုစိုက်လွန်းတာလည်း နှစ်ယောက်မရှိပါ။

ရွှယ်ရူးရင်ထဲမှာ တင်းကျပ်နေခဲ့တာတွေ၊ မျိုသိပ်ပူလောင်ရခြင်းတွေ အားလုံး လျော့ပါးသက်သာသွားလောက်အောင် စက်က ချစ်တတ်လွန်းပါသည်။

ခုတော့လည်း သူ ထွက်သွားတာနှင့် ရင်ထဲမှာ ဟာတာတာ ဖြစ်ကျန်ခဲ့သည်။ လုံးဝ ဇွေပိတ်ထားခဲ့သည့် တံခါးချပ်ကြီးတွေကိုပဲ ငေးနေချင်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ စက်ရဲ့နံဘေးမှာ အမြဲအတူ ရှိနေခွင့်ရမည်ဆိုလျှင်...

"ဟင်..."

ခြံတံခါးနားမှာ ရပ်ငေးနေမိသည့် ရွှယ်စူးနားထဲကို ဘဲလ်မြည်သံလေး ဝင်လာ၏။ တံခါးအပြင်မှာ တစ်ယောက်ယောက် ရောက်နေတာ ဖြစ်လိမ့်မည်။

ဦးတိုး ခုနကပဲ နောက်ဖေးခြံဘက်ကို မြေဆွေးပုံးနှင့် ဝင်သွားတာ ရွှယ်စူး လှမ်းမြင်လိုက်၏။

"တီ..."

ဘဲလ်မြည်သံကနေ ကားဟွန်းသံဖြစ်သွား၏။ စက်၏ကားသံ မဟုတ်ပါ။ ဒီအချိန် စက် ပြန်လာသည့်အချိန်လည်း မဟုတ်သေး။

ရွှယ်စူး တံခါးနားရောက်တော့ ဖွင့်ပေးမလို့ လှမ်းလိုက်ပြီးမှ ဦးတိုးကို ပြန်ကြည့်လိုက်မိ၏။

ရွှယ်စူးကို ဦးတိုးက တံခါးနားမှာ ကြာကြာနေတာတောင် မကြိုက်ခဲ့ပါ။ ဒါလည်း ဦးစက်၏အမိန့်ပဲမို့ ရွှယ်စူးကိုယ်တိုင် နာခံရမှာဖြစ်သည်။

သို့သော် အခုကတော့ ဦးတိုးကို အနီးအနားမှာ မတွေ့သောကြောင့် ဆုံးဖြတ်ချက်ကို ရဲရဲတင်းတင်းချကာ ရွှယ်စူး တံခါးလက်တံကို ဆွဲ၍ ဖယ်ကာ ဘေးကို တွန်းဖွင့်လိုက်သည်။

အပြင်မှာ ကားအနက်လေးတစ်စီးနှင့် ကားဘေးမှာရပ်လျက် အထဲကို လက်သွင်းကာ ဟွန်းတီးနေသူတစ်ယောက်...

"ရွှယ်စူး..."

"နင်... နင်..."

တံခါးဟသွားသည့်ကြားမှ ပေါ်လာသည့် မျက်နှာလေးတစ်ခုကြောင့် ရိပ် နှုတ်ခမ်းတွေ တအံ့တဩ ဖွင့်ဟသွားခဲ့၏။





ရွှယ်စူး မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသည်။

"ရိပ်..."

ချက်ချင်းပဲ ဝမ်းသာအားရဖြစ်သွားလျက် ပြုံးလိုက်သည့် နှုတ်ခမ်းအစုံဟာ ခဏအတွင်းမှ ပြန်၍တင်းတင်းစေ့ပိတ်သွားလေသည်။

"ရွှယ်စူး"

ရိပ် ခြေလှမ်းတွေ မြန်မြန်ဆန်ဆန်ကြီး ထိုနားသို့ရောက်သွားခဲ့၏။ ရွှယ်စူးသည် သူ့ခြေလှမ်းများအတိုင်း အထိတ်တလန့် ငေးစိုက်ကြည့်နေရင်း နောက်ဆုတ်ပြေးတော့မလို ပန်းလေးကျုံ့သွားသည်။

ရိပ် ဘယ်လိုမှ မထင်မှတ်ခဲ့ပါ။ ဒါဟာ မမမိုးရဲ့ယောက်ျား မင်းစက်ရာဆိုသူ ပိုင်ဆိုင်သည့် ဧရိယာ...

ရွှယ်စူးကို ဒီမှာ လာတွေ့ရလိမ့်မည်ဟု သူ လုံးဝ မတွေးမိခဲ့ပေ။ မင်းစက်ရာနှင့်ရွှယ်စူး ဘယ်လိုပတ်သက်သလဲ၊ နှစ်ယောက်သား နီးနီးကပ်ကပ်လေးရပ်လိုက်မိကြပြီး မျက်လုံးအကြောင်သားနှင့်သာ ကြည့်နေမိကြသည်။

ရုတ်တရက် ဘာစကားမှ ပြောမထွက်ဖြစ်ကြပေ။

"ရိပ်... နင်... နင် ဒီကို ဘာလာလုပ်တာလဲဟင်"

"အဲဒါ ငါကမေးရမှာ၊ နင် ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ၊ ဒီခြံက..."

ရွှယ်စူးမျက်နှာလေး ငုံ့ချပစ်လိုက်၏။ အားကိုးမဲ့နေတဲ့ဘဝမှာ ကိုယ့်ဘဝအတွက် သင့်တော်မည့် အိမ်ထောင်ဖက်ကို ရွေးချယ်ခဲ့ရတာ အပြစ်မဟုတ်ပေမယ့် ရိပ်နှင့်သူမဟာ နှလုံးသားချင်း နားလည်ခဲ့ကြသည်။

ချစ်တယ်ဆိုတဲ့စကားကို အပြန်အလှန် ဖွင့်ဟခဲ့ခြင်း မရှိခဲ့သော်လည်း မျက်ဝန်းချင်း သစ္စာထားခဲ့ကြ၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာ အိမ်ထောင်ပြုခဲ့ရပြီးပြီ။ ကိုယ်ဝန်ဆောင်မိခင်လည်း ဖြစ်ခဲ့ပါပြီ။ ဒါကို ဘယ်လိုပြောပြရမလဲ။

"ရွှယ်စုး ပြောစမ်းပါ၊ ဒါ မင်းစက်ရာဆိုတဲ့လူ ပိုင်တဲ့ခြံ မဟုတ်လား။ နှင်က သူနဲ့…"

"ငါ သူနဲ့ လက်ထပ်လိုက်တာ"

"ဘာ…"

ရိပ် တစ်ကိုယ်လုံး တုန်ခါသွားသည်ထင်၏။

"နှင်… နှင် ဘယ်လို… ဘာပြောလိုက်တယ် ရွှယ်စုး"

ရိပ် တုန်လှုပ်ခဲ့ရသော စကားကို တကယ်ကြားလိုက်ရသဖြင့် ဘယ်လိုမှ မယုံနိုင်။

ရွှယ်စုးကတော့ သူမ လက်ထပ်လိုက်ခြင်းအတွက် ရိပ် ခံစားသွားရသည်ဟုသာ ထင်နေခဲ့လျက်…

"ငါ့ကိုခွင့်လွှတ်ပါ"

"ဘာကို ခွင့်လွှတ်ရမှာလဲ"

ရိပ်သည် တံခါးတစ်ဖက် အစပ်နားမှာ ရပ်နေသည့် ရွှယ်စုးဝှမ်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ အပြင်ထိပါလာအောင် ဆွဲယူလိုက်၏။

ထို့နောက် ပခုံးသားလေးတွေမှာ ရင်နာကြေကွဲစွာ ဖိညှစ်ဆုပ်ကိုင်၍…

"နှင်… နှင် မိုက်လှချေလား။ ဒီလူမှာ…"

"လိုချင်တဲ့မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့လူပါ။ သူ ငါ့ကို တကယ်လက်ထပ်ခဲ့တာ။ ငါ့ကို သူ ချစ်ပါတယ်။ ငါလေ အဲဒါနဲ့ပဲ ဖြေသိပ်ခဲ့ရတာပါ ရိပ်ရယ်။ ငါ့ကို ခွင့်လွှတ်ပါ၊ နှင် ငါ့ဆီကို ရောက်မလာခဲ့တဲ့ကာလတွေမှာ ငါ့ရဲ့ဒုက္ခတွေကို သူ ဖြေရှင်းပေးခဲ့တယ်၊ ငါ့ဘဝကို ကယ်ဆယ်ခဲ့တယ်။ တကယ်ဆိုရင် သူ့အဆင့်အတန်းက ငါ့ထက်





အများကြီးမြင့်တယ် သိလား။ ငါ မယုံနိုင်လောက်အောင် သူ ဂရုစိုက်ခဲ့တာ။ သွားစရာ မြေမရှိ၊ ပေးစရာ ငွေမရှိ ဖြစ်နေခဲ့တဲ့ ဘဝမျိုးမှာ ဒီလိုလူကို ငါ ဘယ်လိုလုပ် ငြင်းရမလဲ"

ရွှယ်စုးပြောသည့် စကားတွေထဲမှာ မင်းစက်ရာ ဘာကောင်းဆိုတာ မပါပါလား။ ရိပ်မျက်နှာမှာ ရောင်စဉ်တွေ အမျိုးမျိုး ပြောင်းလဲလျက် ရွှယ်စုးကို စိုက်ကြည့်နေခဲ့သည်။

"ရွှယ်စုး မင်းစက်ရာကို နှင် သိလို့လား။ နှင် သူ့အကြောင်းကို သိလို့လား ပြောစမ်းပါ"

"သိတယ်၊ သူက တိကျတယ်၊ ညေးကမ်းရှိတယ်၊ ငါ့ထက် အသက်ကြီးပေမယ့် ငါက သူ့ရဲ့အချစ်ဦးပါ။ အဲဒါကို ငါ ယုံတယ်"

"ဩော်…"

ရိပ် လက်နှစ်ဖက် သာသာလေး ပြေကျသွားသည်။ ရွှယ်စုး အညာခံလိုက်ရရှာပြီ ဆိုသောအသံနှင့် ရင်ထဲမှာ မီးစတစ်စလို ပူလောင်သွားသည်။ သနားသော၊ ယူကျုံးမရသော ဘယ်လိုမှ ပြင်ဆင်ဖြည့်စွက်လို့ မရနိုင်သော…

မှန်ကွဲစတွေလို ကြေမွကျသွားခဲ့သည့် 'သော'များစွာနှင့် ရွှယ်စုးဘဝကို သူ ဘယ်လိုမှ ကယ်ဆယ်ခွင့်မရှိတော့တာကို နားလည်သွားခဲ့၏။

ဘယ်လိုပြောရမလဲ သူငယ်ချင်းရယ်…

ချစ်သူလေးကို သူငယ်ချင်းအဖြစ်သာ သတ်မှတ်လိုက်ရပြီး ဘယ်လိုမှ ပြောမထွက်နိုင်တော့သည့် စကားများကို မျိုသိပ်ထားရင်းနှင့်…

"ငါ…"

"နှင် ငါ့ကို အဲဒီလိုကြီးမကြည့်ပါနဲ့ ရိပ်ရယ်၊ ငါ အစုန်းဝမ်းနည်းတာပဲ၊ ငါလေ နှင့်ကို အရမ်းမျှော်လင့်ခဲ့တာပါ။ အရမ်း…"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ ဖိတ်လျှံလုလုနှင့် မျက်ဝန်းလေးတွေကိုကြည့်ကာ ရိပ်က အားတင်း၍ ပြုံးပြလိုက်၏။

"ငါ နားလည်ပါတယ်၊ နင့်အတွက် ဒီအချိန်မှာ အားကိုးရတဲ့ ယောကျ်ားတစ်ယောက် ရှာခဲ့ရတယ်ဆိုတာကို ငါ လက်ခံတယ်။ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လို့လဲဟင်၊ ငါ ဘာဖြစ်လို့လဲ ပြောပါ၊ နင်ပြောမှာကို ငါ နားထောင်ပါ့မယ် ပြောပါ ရိပ်ရယ်"

ပါးပြင်ပေါ်သို့ မျက်ရည်စက်လေးတွေ လိမ့်ဆင်းလာတာတွေ့တော့ ရိပ်ရင်ထဲမှာ နင်သွားသည်။ သူမ မျက်ရည်ကျတာကို မမြင်ချင်ခဲ့သည့် နှလုံးသားက ခုချိန်ထိ မျက်ရည်တွေရှေ့မှာ ပူလောင်တတ်နေဆဲ...

သူ ခေါင်းခါပြလိုက်ပြီး မျက်ရည်သုတ်ပေးဖို့ လက်ပြင်လိုက်မိသည်။ မျက်နှာရှေ့ကျမှ လက်သည် ပါးပြင်ကိုမဟုတ်ဘဲ ဆံပင်တွေထဲကို ဖြစ်သလို ထိုးသိပ်ဝင်လျက်...

"ဘာမှမဟုတ်ပါဘူး၊ နင် စိတ်ချမ်းသာတယ်မဟုတ်လား"

အဝါရောင်ဝတ်စုံလေးနှင့် ကိုယ်ပေါ်မှာ ရတနာတွေ ဆင်ယင်ထားသည့် ရွှယ်စုးတစ်ကိုယ်လုံးဆီ ဝေ့ဝဲကြည့်မိသည်။ ရွှယ်စုးက လက်ကလေးပိုက်ပစ်လိုက်ရင်း မျက်ရည်ငုံ့သုတ်၏။

"စိတ်ချမ်းသာတယ်တော့ ဟုတ်ပါ့မလား ရိပ်ရယ်၊ ငါ့အတွက်..."

"ဟုတ်ပါပြီ၊ ဘယ်မှာလဲ ခြံစောင့်ကော..."

"နောက်ဖေးဘက် ထွက်သွားတယ်၊ နင် ဒီကိုလာတာလား၊ ငါ ဒီမှာရှိမှန်းသိလို့ လာတာမဟုတ်ဘူးလားဟင်"

ရိပ်က ပြုံး၍ ခေါင်းခါပြသည်။ စိတ်လှုပ်ရှားပူလောင်နေခြင်းဟာ စောစောက အံ့သြတာတွေ၊ ကရုဏာဒေါသတွေလို မဟုတ်တော့ဘဲ





ရွှယ်စုး မျက်နှာလေးကိုလည်း မကြည့်ရက်၊ စကားတွေ မှားကုန်မှာလဲ စိုးကာ ဆံပင်ဖွလိုက်၊ လက်ဝါးချင်းပွတ်လိုက်နှင့် မျက်နှာ မသိမသာ လွှဲနေမိကာ...

"ဦးမင်းစက်ရာ ဆိုပြီး ဒီခြံနံပါတ်နဲ့ ပန်းအိုးတွေ ပို့ခိုင်းလို့လေ၊ အဲဒါ..."

"ဟော့..."

အဝေးကလာတဲ့အသံပေမယ့် အော်လိုက်သံက အလောသုံးဆယ် နိုင်၏။ ပြီးတော့ ကျယ်ကျယ်လောင်လောင်ကြီးဖြစ်သည်။ ရွှယ်စုး နောက်လှည့်ကြည့်လိုက်မိလျှင် ဦးတိုးက ခြံဝရှေ့သို့ အပြေးတစ်ပိုင်း လာနေရင်း လက်ထဲမှာကိုင်လာသည့် ဂေါ်ပြားနှင့် ခက်ရင်းခွတွေကို ကြုံသလို ပစ်ချခဲ့လိုက်တာ တွေ့ရ၏။

"မောင်ရင်က ဘာလဲ"

ရိပ်က ခြံစောင့်ကြီးကို ခပ်ချဉ်ချဉ်ကြည့်လိုက်ပြီးမှ ရွှယ်စုးကို သတိရပြီး မျက်ဝန်းတွေကို ပြန်လွှဲသည်။ ဒီခြံတံခါးကြီး ပိတ်ထားပြီး ရွှယ်စုးကို ဝိုင်းလိမ်နေကြတာလား၊ မိုးကောင်းကင်နှင့် ရှိခဲ့သည့် ပြဿနာကြောင့် ခြံတံခါး အမြဲပိတ်ထားခြင်းဖြင့် မင်းစက်ရာ ထင်တာလုပ်ခွင့်တွေ ရနေခြင်းပဲ ဖြစ်နိုင်သည်။

ဒါတွေသာ မိုးကောင်းကင် သိသွားခဲ့လျှင်...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

အပြန်လမ်းဟာ ကားရှေ့မှာ လမ်းမလွှင့်ပြင်ကြီးမဟုတ်ဘဲ မီးတောက်မီးလျှံတွေပဲဖြစ်နေခဲ့သည်။ ကား၏အရှိန်သည် တဖြည်းဖြည်းလျှော့ကျလာရင်း လူသူရှင်းလင်းသည့် လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားခဲ့လေသည်။

လူရှင်းမှ လျှော့ရိလျှော့ရဲ မီးလျှက် လက်တစ်ဖက်က ကက်ဆက်ထဲကို တိပ်ခွေလေးထည့်၍ လှုပ်ရှားနေ၏။

ပြီးတော့ ဒက်ရှ်ဘုတ်ပေါ်မှာ အမြဲတမ်း ပါနေခဲ့သည့် ပန်းချီကားလိပ်လေးကို လှမ်းယူသည်။ ဒီပန်းချီကားဟာ ရွယ်စူးနှင့်သူ ပြန်ဆုံခဲ့သည့်နေ့က အတူတူ ကြည့်ခဲ့ဖူးသည့် ပန်းချီကားပဲဖြစ်သည်။

မရောင်းနိုင်ပါဘူး ဆိုတာကို မမမိုးက မရရအောင် ဝယ်ပေးခဲ့၏။ ပြီးတော့ ပြောခဲ့သေးသည်။





"မချစ်မိစေနဲ့လို့ ပြောချင်ပေမယ့် မင်းက ချစ်ခဲ့ပြီးပြီကိုး။ ချစ်တတ်ကြသူချင်း တို့ဂ ကိုယ်ချင်းစာပါတယ်၊ အဲဒီပန်းချီကား မင်း ရရစေမယ်"

မမမိုးက ဝယ်ပေးရုံတင်မကဘဲ ကားပေါ်မှာ အမြဲတမ်း ဆောင်ထားခွင့်ကိုလည်း ပေး၏။

"သွားလာရင်း တွေ့ရင် ပေးဖြစ်အောင်လို့ပါ။ ကားပေါ်မှာ အမြဲယူထားပါရစေနော်"

"ထားပေါ့၊ ဘာအပန်းကြီးတာမှတ်လို့"

မမမိုး ခွင့်ပြုတော့ ပန်းချီကားဘောင်တွေကို ဖြုတ်ချပစ်လိုက်ပြီး သေချာလိပ်ပတ်ထားခဲ့သည်။ ပြီးတော့ ကက်ဆက်ခွေလေး တစ်ခွေရယ်လေ…

ဒီသီချင်းကိုကြားပြီး ငိုခဲ့တဲ့ကောင်မလေး။ ဒီပုံမျိုးလေး ရောင်စုံလှလှလေး ဆွဲပေးပါလို့ ပူဆာဖူးတဲ့ သူမအတွက်…

သူ ပန်းချီပြခန်းရှေ့ကိုလည်း မကြာမကြာ ရောက်သည်။ ထိုအနီးတစ်ဝိုက်မှာ အချိန်ရတိုင်း၊ အခွင့်သင့်တိုင်းပဲ ရှာမိသည်။

တစ်နေ့နေ့ တစ်နေရာရာမှာ ရွယ်စူးနှင့်သူ ပြန်ဆုံဦးမှာပဲဟု ယုံကြည်ကာ မျှော်လင့်ခြင်းများဖြင့် သူ့ရင်ထဲမှာ အပျော်တွေလည်း စီးမျောနေခဲ့ပြန်သည်။

ခုတော့ အချစ်ရယ်…

ပန်းချီကားကို ဖြန့်ခင်းကြည့်ရင်း-သူ့လက်တွေ ကဆတ်ဆတ်တုန်လာခဲ့၏။ ယောကျ်ားတန်မယ့် ငိုချင်လာသည့်အဖြစ်က တော်ဆီးနေလေ၊ ခံရခက်လေ၊ ဆံပင်တွေကို ထပ်ခါထပ်ခါ ဖွသည်။ မျက်နှာကို ပိပွတ်နေမိတာ ခဏခဏ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအိမ်ကို လက်ဖဝါးနှင့် တိုက်ဆွဲမိစဉ် လက်မှာ စိုမှုံ့စွတ်စွတ်ပါလာတော့ ရှက်မိ၏။ ထိုစဉ်မှာ သူ ဖွင့်ထားခဲ့သည့် ကက်ဆက်လေးဆီမှ သီချင်းသံလေး ပျံ့လွင့်လာခဲ့၏။

(..... ငှက်မောင်နှံ တောင်ပံချင်းယှက် မိုးထက်သို့ပျံ တောင်သမန်းအင်းရဲ့သဏ္ဍာန်...

.....တစ်ရံရောအခါက အဖြစ်ဆိုး... တောင်သမန်လယ်စားလေး မောင်ဖေငယ်လို အဖြစ်မျိုး...

..... မြတ်နိုးယုယ ချစ်သူအလှ ဒိုင်းခင်ခင်ရယ်... ငယ်ပေါင်းတွေမို့... နှမလိုတစ်မျိုး ချစ်သူလိုတစ်သွယ်... ရင်ဝယ်မျိုသိပ် ချစ်စိတ်တွေလည်း ဖွင့်မပြောရက်ခဲ့တယ်.....)

ရိုပ် ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ပါ။ ပါးပြင်ထက်သို့ မျက်ရည်စက်တွေ အလိမ့်လိမ့် ဖြတ်ဆင်းလာကြသည်။ ရင်ဘတ်ထဲမှာ ဆို့ကျပ်အောင့်တက်လာ၏။

ရွှယ်စုးရယ်... နင်...

မျက်ရည်တွေကို လွတ်လပ်ခွင့် ပေးလိုက်တော့လည်း နောက်ထပ် ရှိုက်သံထွက်လိုက်ပါဦးဆိုပြီး သောကတွေက ရိုက်ပုတ်နှိပ်စက်လာကြ၏။

ကုလားထက်မှာ မျက်နှာမှော် လှန်ပစ်လိုက်ရင်း သူ ငိုချလိုက်၏။

(.... ပွင့်သောပန်းတိုင်းကိုကွယ်... ဥယျာဉ်မှူး ခြွေခူးခက်လှတယ်...

..... ချစ်သူအတွက် အနစ်နာခံမယ်... မောင်ဖေငယ်ရဲ့ ရင်နှင့်စရာ ဖြစ်ပုံဆန်းကြယ်....





....ဘယ်လိုအဖြစ်မျိုးနဲ့မှ ယှဉ်မရနိုင်ဘူးကွယ်... ချစ်သူအလှအတွက်... အဂ္ဂရှင်ရဲ့အတွက်...

..... အသက်ကိုပင် စတေးခဲ့လေတယ်.....)

'မိုက်လိုက်တာ ရွှယ်စုးရယ်၊ ဘာမှမသိဘဲနဲ့ ငါလူကို နင် လက်ထပ်ခဲ့တယ်၊ နင် သိပ်မိုက်တာပဲ ရွှယ်စုး...'

စကားတွေ တစ်ယောက်တည်းပြောရင်း မျက်ဝန်းထောင့်မှကျသော မျက်ရည်တို့က မစဲနိုင်။ ရွှယ်စုးကို ကိုယ် ပိုင်ဆိုင်ခွင့်မရှိတော့ဘူး ဆိုရင်တောင် တခြား လွတ်လပ်သူတစ်ယောက်ယောက်နှင့်ဆိုလျှင် သူ ဖြေနိုင်ပါသေးသည်။

အခုက အလွန် အငြိုးအညှာကြီးသော မိုးကောင်းကင်ဆိုသည့် မိန်းမ၏ နှလုံးသည်းပွတ်...

'သူဟာ ဘယ်မိန်းမကိုမှ စိတ်မဝင်စားတဲ့သူ၊ အဲဒါတစ်ခုတည်းနဲ့ပဲ သူ့ကို တို့ ခွင့်လွှတ်ထားခဲ့တာ...'

'ခုချိန်မှာတော့ သူ နိုင်မှာပေါ့၊ တစ်နေ့နေ့မှာ သူ တွေ့ဝေလာဦးမှာပါ...'

'သူ ဖြစ်ချင်တာ ဘယ်တော့မှ ဖြစ်ခွင့်မရဘူး၊ သူ့နှလုံးသားကို ဘယ်မိန်းမကိုမှ သူ ပေးလို့မရဘူး'

'သူ့ကို ပိုင်ဆိုင်ဖို့ကြိုးစားခဲ့တာလား၊ ပိုင်စိုးဖို့ ကြိုးစားတာလား ဆိုတာ သိလာတဲ့တစ်နေ့မှာ

မိုးကောင်းကင်ကို ဂရုစိုက်ရမှန်း သူ သိလာလိမ့်မယ်'

ပြောခဲ့တဲ့စကားတွေ အများကြီးပါ။ ကြိမ်းပါးခဲ့တဲ့ နာကျည်းချက်တွေထဲမှ သူကိုယ်တိုင် ကျောထဲမှာ စိမ့်သွားခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ရီးကို မင်းစက်ရာ တကယ်ချစ်ခဲ့တာ ဖြစ်စေဦးတော့ ဒါတွေကို မိုးကောင်းကင် သိရင် ဘယ်လိုနေမလဲ…

ရှယ်ရီးရယ်…၊ ပခုံးနှစ်ဖက်ကို အားရှိပါးရှိ ဆုပ်ညှစ်ပြီး 'မိုက်လိုက်တာဟာ'လို့ ပြော၍ ဆောင့်ခါပစ်ချင်မိသည်။ ဒါပေမယ့် ရှယ်ရီးက ဘာမှသိရှာတာမဟုတ်။

သူ ဘယ်လိုလုပ်ရမလဲ၊ ရှယ်ရီးနှင့်သူဖြစ်ဟာ တကယ်ပဲ မောင်စေယ်နှင့်ဒိုင်းခင်ခင်လို ဖြစ်နေခဲ့ပြီလား။

မိုးကောင်းကင်ဆိုသည့်မိန်းမ၏ နာကြည်းချက်တွေဟာ အစွန်တကယ် အပြောမဟုတ်ခဲ့ဖူးဆိုလျှင် ရှယ်ရီးအဖြစ်သည်…





## အခန်း (၃၁)

ပေါ်တီကိုအောက်က တစ်ပွင့်တည်းသောပန်းကလေးနှင့် ပန်းအိုးရှေ့မှာ ရပ်နေသည့် မိုးကောင်းကင်က သူ ကားဝင်လာတာမြင်သည်နှင့် ကားရပ်မည့်ဘက်ကို လှည့်ရပ်နေပြီဖြစ်၏။

ရိပ်ကလည်း သူမဘေးမှာပဲ ညင်သာစွာ ရပ်လိုက်သည်။

"ဘယ့်နှယ်လဲ"

ခပ်ပြုံးပြုံးနှင့်မေးကာ မိုးကောင်းကင်က နောက်ခန်းထဲက ပန်းအိုးတွေကို လိုက်ငုံ့ကြည့်၏။

"သူနဲ့ မတွေ့ဘူးမဟုတ်လား၊ ခြံစောင့်ကိုပဲ ပေးခဲ့ရတာလား"

"ဟုတ်ကဲ့"

"အထဲကို မောင်းဝင်လို့ကော ရခဲ့လား ရိပ်၊ အဲဒီခြံစောင့်ကြီးက သူ့ဆရာမှဆရာကွ၊ ထိုကိုတောင် သိပ်ဂရုမစိုက်ဘူး"

ရိပ်က မိုးကောင်းကင်မျက်နှာကို မကြည့်မိအောင် ခပ်ရှောင်လွှဲနေ၍ ကားပေါ်ကဆင်းရင်း…

www.burmeseclassic.com



"အပြင်မှာပဲ ကားထားပြီး ပန်းအိုးတွေကို ကျွန်တော်ကိုယ်တိုင် နေရာချပေးခဲ့ပါတယ်"

"အပျွန်း"

မိုးကောင်းကင်က ပြုံးမဲ့မဲ့နှင့် ခေါင်းညိတ်၏။

"မဆိုးပါဘူး။ တို့က ပန်းအိုးတွေကိုတောင် လက်ခံမယ် မထင်ခဲ့ဘူး"

ကျေနပ်သွားပုံပေါ်သည့် မိုးကောင်းကင်မျက်နှာတစ်ခြမ်းကို ဖျတ်ခနဲ နိုးကြည့်ကာ ဦးတိုး ဆိုသော လူကြီး၏ မချောင်သောစကားတွေကို ပြန်သတိရမိသည်။

"ပန်းအိုးလာပို့တာဆိုလဲ အဲဒီမှာ ချထားခဲ့ပြီး ပြန်လေ၊ ရပြီ"

"ကျွန်တော် ကူသယ်ပေးပါ့မယ်၊ အိုးသေးလေးတွေပေမယ့် ဆယ်လုံးတောင်မို့လို့ပါ"

"မလိုဘူး မလိုဘူး"

"ဘဘာ သူက ရွှယ်စုး သူငယ်ချင်းပါ"

"သူငယ်ချင်းပေမယ့် ဘဘတို့က အထဲခေါ်ပြီး ဧည့်ခံခွင့်မှမရှိတာကလေးရဲ့၊ အထဲဝင်တော့်နော်၊ မောင်ရင်လဲ ထားခဲ့ပါ၊ ကျုပ် နိုင်သလောက် သယ်သွားမယ်"

သူ ခြံရှေ့မှာပဲထားခဲ့ပြီး လှည့်ပြန်ခဲ့ရသည်။

ရွှယ်စုး ခြံရှေ့မှာ တွန့်ဆုတ်ဆုတ် ငိုမဲ့မဲ့လေး ရပ်ကျန်ခဲ့တာကို နောက်ထပ် ပြန်ငဲ့မကြည့်မိအောင် ထိန်းချုပ်ခဲ့ရင်း လမ်းမှာ သူ ချုံးပွဲချ ငိုခဲ့မိသည်အထိ...

မိုးကောင်းကင်ရှေ့ကနေ အမြန်ဆုံး ရှောင်ထွက်ခဲ့ရင်း ရွှယ်စုး အတွက် လိမ်ညာခဲ့ရသည့် သူ့အဖြစ်ကို အံကြိတ်ထားမိသည်။

အရိပ်နေ အခက်ချိုး ဆိုတာမျိုး မဟုတ်ပါ။ ဒါပေမယ့် ဒီလိုဲ





ဖြစ်သွားပြီကိုသိသည်။ သူ ကျွေးမွေးတာကိုစား၊ သူ့အရိပ်ခိုနေပြီး လိမ်ညာပြောခဲ့ရခြင်းဟာ နောက်ထပ် အကြိမ်အခါများစွာ ရှိနေဦးမှာပါ။

ထို့ကြောင့် သူ တောင်းပန်မိသည်။ ရွှယ်စုးအတွက် သူဟာ မုသားကိုသာမက အသက်ကိုပေး၍ ခုချက်ချင်း ငရဲပြည်ကို ခုန်ချရမည်ဆိုလျှင်တောင် ခုန်ချလိုက်ပါမည်။

သူ ဒီလောက်ထိ ချစ်ပါသည်ဟုများ ဖွင့်ပြောလိုက်လျှင် 'ချစ်တတ်လိုက်တာ'လို့ မိုးကောင်းကင် ချီးကျူးနိုင်သေးသည်။

သို့သော် သူ ချစ်ခဲ့သည့်မိန်းကလေးဟာ မင်းစက်ရာ ရင်ခွင်ထဲ ရောက်နေသည်ဆိုတာ သိခဲ့လျှင်တော့ သူမ ချီးကျူးစကား ဆိုဦးတော့မည်မထင်။

အချစ်ကို ပိုင်ဆိုင်ခဲ့ပြီးမှ ပြန်ပေးလိုက်ရသော သူမနှင့် ချစ်ခွင့်ကြုံပြီး မဆုံခဲ့ရသော သူ့အဖြစ်သည် ထပ်တူညီသယောင် ထင်ရပေမယ့် မတူညီနိုင်ပါ။

သူမရင်ထဲမှာ သိမ်းပိုက်ရယူလိုသော အတ္တလောဘများနှင့်သာဖြစ်ကာ သူ့ရင်ထဲမှာတော့ ပေးဆပ်ရင်းဖြင့် ဖုန်းဖုန်းလဲကျသွားပါစေ ဆိုသော အလွန်နူးညံ့သည့်ချစ်ခြင်းများဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

စိတ်လှုပ်ရှားခြင်းကြောင့် တလွှားလွှားဖြစ်နေသည့် သူ့ခြေလှမ်းများကို ဦးတိုးက လိုက်ကြည့်ပြီး သက်ပြင်းချသည်။ စက်၏ခြေလှမ်းတိုင်းကို လိုက်ကြည့်နေမိသော်လည်း ဒူးအထက်ထိ သူ မော်မကြည့်ရဲသေးပေ။

"ဦးတိုးအပြစ်ပါ။ ဦးတိုး ပေါ့လျော့မိတာပါကွယ်၊ ဒီညသည် လာချိန်မှာ..."

"အဲဒါ ပြန်စမနေနဲ့တော့လေ ဦးတိုး၊ ဦးတိုး ဝန်ချနေတာတွေ၊ တောင်းပန်နေတာတွေ ကျွန်တော် ဘာမှလုပ်လို့မရတော့ဘူး တောက်..."

စက် ချာခနဲ ပြန်လှည့်သွားကာ ရေချိုးသံကြားနေသည့် ရွယ်ရှိနေသောရေချိုးခန်းရှေ့ထိ လျှောက်သွားမိ၏။ ဒီနေ့ အလုပ်ထွက်သွားရကတည်းက ရင်ထဲမှာ ဘာတွေဖြစ်နေမှန်းမသိဘဲ အလုပ်ထဲမှာ ဘာလိုမှ စိတ်နှစ်လို့မရခဲ့ပေ။

အိမ်မှာ ဖုန်းမထားခဲ့သည့် ကိုယ့်အတက်နှင့်ကိုယ်စူးကာ သတိရတိုင်းလည်း ဖုန်းဆက်လို့မရ။ ရွယ်စုးမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ သိရှိ





သည့်နောက်ပိုင်းမှာ ရွယ်စုးနားကနေ တစ်ဖဝါးမှာ မခွာချင်သည့်စိတ်တွေ ဖြစ်နေခဲ့သည်။

တစ်နေကုန်သွားအောင် ပင်ပန်းဆင်းရဲစွာ နေခဲ့ရပြီး ပြန်ရောက်လာတော့ ကြားလိုက်ရသည့်သတင်းစကားက တစ်ကိုယ်လုံးကို အရည်ပျော်ကျသွားမတတ် လောင်မြိုက်စေခဲ့၏။

သူ ညှော်ခန်းကို ပြန်ရောက်လာတော့လည်း ဦးတိုး ခေါင်းငုံ့ထိုင်နေဆဲပင်။

"အဲဒီကောင် ဘာလဲ၊ မမမိုးရဲ့ဒရိုင်ဘာဆိုတာ သေချာရဲ့လား၊ မမမိုးရဲ့ဒရိုင်ဘာက ဦးတိုးအရွယ်လောက်ပဲ"

"သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူလေး မသိပေမယ့် မိုးကောင်းကင် ဒီခြံရှေ့ကို ပတ်သွားတိုင်း ဒီကောင်လေးပဲ မောင်းမောင်းသွားတာကို ဦးတိုး မြင်နေတာ ကြာပြီ"

"တောက်"

စက်မျက်နှာက အဝတ်စနီတစ်ခုလို ရဲတွတ်နေ၏။ မိုးကောင်းကင်နှင့်ပတ်သက်တာကော၊ သူ့ဘဝနှင့်ပတ်သက်တာ ဘာဖြစ်ခဲ့ဖြစ်ခဲ့ ဒီလောက်ထိ စိတ်လှုပ်ရှား ဒေါသဖြစ်ရတာမျိုး မရှိခဲ့ဖူးပေ။

ကြားလိုက်ရသည်က 'မိုးကောင်းကင်ရဲ့ဒရိုင်ဘာကောင်လေးနဲ့ ရွယ်စုး တော်တော်ရင်းနှီးကြပုံရတယ်'တဲ့။

ဦးတိုးက ဒါပဲပြောတာပါ။ ဒါပေမယ့် ယောကျ်ားချင်းမို့ ဦးတိုးမျက်လုံးထဲမှာ ဘာတွေပြောချင်နေတာ၊ ဘယ်လိုစကားတွေကို ချန်ထားခဲ့တာ အားလုံးကို သူနားလည်ခဲ့သည်။

ဒီဘက်မှာ ပြန်ကြည့်လိုက်တော့လည်း ခါတိုင်းနှင့်မတူသော ရွယ်စုး၏ကြို့ဆိုပုံက အေးစက်စက် ညှိုးခြောက်ခြောက်နေခဲ့သည်။

ရွှင်ရွှင်ပျပျမရှိသည့် မျက်ဝန်းများနှင့်ကြည့်ပြီး 'ရွယ်စုး ရေချိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်'လို့ပဲ ပြောကာ ရေချိုးခန်းထဲ ဝင်သွား၏။ အဖြစ်သနစ်ကို ဦးတိုး နောက်ကကျောက်လာပြီး ပြောမှ သူ သိခဲ့ရသည်။

"ဦးတိုး ကာစ်ခုပြောပါရစေ"

ထိုင်မနေနိုင်၊ ထသွားတော့လည်း မငြိမ်မသက်ဖြစ်နေခဲ့သည့် သူ့အနား ပြန်ရောက်သွားသည်နှင့် ဦးတိုး မျက်နှာ မငံ့မရဲ မော့လာ၏။

"ဒီကောင်လေးပုံစံက မိန်းကလေးကို အကျိုးယုတ်အောင် လုပ်လိမ့်မယ်လို့ ဦးတိုး မထင်ဘူး။ မိုးကောင်းကင်ကို ပြန်မပြောလောက်ဘူးဆိုတာ..."

"ဦးတိုး တော်တော့ဗျာ"

သူ ဒေါသဖြစ်ဖြစ်နှင့် ပိတ်အော်ပစ်လိုက်မိ၏။

"မကြားချင်တာ အဲဒါပဲ၊ အဲဒီကောင် ရှုယ်ရှူးကို အကျိုးမယုတ်စေချင်ဘူးဆိုတာကို မသိချင်ဘူး။ နားလည်နေကြတာကို မကြားချင်တာ ဒီကောင်က ဘာလဲ..."

သူ့ ဟက်ခေါက်မိပြန်သည်။ ဦးတိုး အံ့ဩသောမျက်လုံးများဖြင့် ဝေ့ခနဲကြည့်လာပြီး ချက်ချင်း ပြန်ငုံ့သွား၏။

"မိုးကောင်းကင် သိသိ မသိသိ ဘာလုပ်ရမှာလဲ၊ ဟိုတုန်းက သိမှာစိုးတာက သူ့ကို သိခိုက်မှာစိုးလို့၊ သူ့ကိုဟန့်ဖိုးထားလွန်းလို့ ကိုယ့်ရင်ခွင်ထဲမှာ လူကော၊ စိတ်ကော မညှိုးနွမ်းစေချင်တာ"

ချစ်တတ်လာပြီဆိုတော့ ကိုယ့်အတွက က ဘာလဲဆိုတာ ပေါ်လာခဲ့လေသည်။ အချစ်ဟာ ပူလောင်ပြင်းပြသောသဘောရှိသည်ထင်၏။ ကိုယ့်မှာ အိမ်ထောင်ရှိခဲ့ဖူးတာ မှန်သည်၊ ဒါပေမယ့် မချစ်ခဲ့ဖူးပါ။

သစ်ခုလပ်ဆိုသည့် ပြယုဂ်ဖြင့် ကိုယ့်ဘက်က အားနည်းချက်တွေ ရှိနေခဲ့သော်လည်း ရှုယ်ရှူးဟာ သူ့ရဲ့အချစ်ဦးဆိုတာ ဘယ်သူယုံယုံ မယုံယုံ ကိုယ်တိုင် ယုံကြည့်ခဲ့၏။





ကိုယ့်ကိုလည်း အချစ်ဦးပဲဖြစ်စေချင်သည်။ ဒီလိုပဲဖြစ်ခဲ့သည်ဟုလည်း ထင်ထားခဲ့၏။ ခုတော့ သူမမှာ ဇာတ်လမ်းဟောင်း ရှိခဲ့ပြီးသား တဲ့။

သူ ဘာဖြစ်နေသည်ကို နားလည်သွားယည့် ဦးတိုး မျက်နှာမသာ မယာ ဖြစ်သွားခဲ့၏။

"ဒီလိုကိစ္စမျိုးက ဖခြေခံအကြောင်းတရားတွေ အများကြီးရှိပါတယ် လူလေးရယ်။ မိန်းကလေးကို ကြမ်းကြမ်းတမ်းတမ်း သွားမပြောပါနဲ့။ ပြီးတော့ သူငယ်ချင်းလို့လဲ ပြောခဲ့တာရှိပါတယ်"

သြော်... ကိုယ့်မှာ အိမ်ထောင်ရှိနေတာမှ၊ ပြီးတော့ ဦးတိုးရှေ့မှာ 'ဒါ ကျွန်မချစ်သူပါ'လို့ ပြောမှာတဲ့လား။

ဒေါသက ဦးတိုးမျက်နှာပေါ် တန်းခနဲရောက်သွားသည်။ စကားလုံးတွေ ပါးစပ်ထဲရောက်လာပြီးမှ အံကြိတ်ပစ်လိုက်ကာ...

"သွားတော့ ဦးတိုး၊ ကျွန်တော် ဘာမှမကြားချင်တော့ဘူး"

ဒေါသတို့က ဘယ်လိုဖြေလို့မှမရ။ ဒီကိစ္စကို မိုးကောင်းကင် သိရင်လည်း သိသွားနိုင်သည်၊ သိချင်မှလည်းသိမည်။ သိသိ မသိသိ သူ့ဘက်မှာ သက်သာတာ ဘာရှိလို့လဲ။

မိုးကောင်းကင် သိလျှင် ပြဿနာ လာရှာမည်။ ဟုတ်တုတ် မဟုတ်တုတ် သူ စိတ်ညစ်ရမှာပဲဖြစ်သည်။ မသိဘူးဆိုတော့ရော ဘာဖြစ်လို့မသိတာလဲ၊ ဟိုကောင်က ရှုယ်ရှူးကို ချစ်ခြင်းမေတ္တာတွေ ဗလာမှ နှင့်စာနာတာ၊ ငဲ့ညှာတာ အစပြုသည့်အကြောင်းများကြောင့် မဟုတ်ဘူးလား။ မိုးကောင်းကင် မသိဘူးဆိုတာကို သူ ဘယ်လိုကျေနပ် ဝမ်းသာနိုင်မှာလဲ။

ထိုနေ့မှာ သူ ရေလည်းမချိုးဖြစ်၊ ထမင်းလည်း မစားဖြစ်တော့ဘဲ အိပ်ရာဝင်ခဲ့သည်။ ရှုယ်ရှူးပခုံးနှစ်ဖက်ကို ကိုင်လှုပ်၍ ကျကျနနမေးပြီး

www.burmeseclassic.com



ပေါက်ကွဲပစ်လိုက်ဖို့ဖြစ်သည့်ဒေါသတွေက သူ့အလိုလို ပျောက်ကွယ်သွားခဲ့တာတော့မဟုတ်ပေ။

ခေါင်းဟုတ် ရွေ့သွားခဲ့သော နဂါးတစ်ကောင်၏ မျက်စောင်းများကို သသ...။

ရွှယ်စုးကလည်း တွေးမိပါသည်။ အပြင်ဧည့်သည်ဆို ဘယ်လိုရှုနှင့်မှ ဆုံစည်းခွင့်မပြုချင်ခဲ့သော စက်မျက်နှာ မကြည်လင်တာကို ထပ်လည်းမမေးမိတော့ပါ။

တကယ်တော့ ဧည့်သည်ကို ဧည့်ခံချင်လွန်းလို့ တမင်တကာ စောင့်ပြီး တံခါးထွက်ဖွင့်ခဲ့တာလည်းမဟုတ်၊ တိုက်ဆိုင်ခဲ့သောကိစ္စမှာ ထိုယ်အပြစ်မရှိနိုင်ဟုတွက်ကာ တိတ်တိတ်လေးပဲ နေခဲ့မိ၏။

ဒီလိုမမေးဘဲ မှိုင်တွေနေတာမြင်လေ စက်၏ရင်ထဲမှာ အုံပွဲ့မှုကပိုကြီးမားလေဖြစ်လာသည်။ တကယ်ဆို 'ဦးစက် ဘာဖြစ်နေလဲဟင်' ဆိုတာလောက်တော့ မမေးသင့်ဘူးလား။

သူ ရေမချိုးတာ၊ ထမင်းမစား၊ အဝတ်မလဲဘဲ အိပ်ရာထဲဝင်လှဲနေတာ၊ ဒါတွေကို ဂရုတစိုက် မမေးတော့ဘူးလား။

"တောက်"

တစ်ယောက်တည်း ကြိတ်ခံစားရင်း စက် ဒရင်းဘတ်ဒ်တစ်လုံးနှင့် ဝရန်တာမှာ ထွက်နေခဲ့မိတာ တစ်ညလုံးပဲဖြစ်၏။

တစ်ယောက်မှာ အတွေးတစ်မျိုးစီဖြင့် အံဝင်ခွင်ကျမဖြစ်ခဲ့ကြသော အယူအဆများ၏ လမ်းဆုံးမှာ...





## အခန်း (၃၃)

စက်ရုံဝင်းထဲကို ကားကွေ့ဝင်လိုက်သည်နှင့် ဖျတ်ခနဲ အမှတ်ရလိုက်သည်က လက်ကိုင်ဖုန်း...

ကားက စက်ရုံလမ်းမပေါ်မှာပဲ တုံ့ရပ်သွား၏။

ဝတ်ထားသည့် ကုတ်အင်္ကျီထဲကို စမ်းလိုက်မိလျှင် ခေါင်းထဲမှာ ဒိန်းခနဲ ပစ်ဆောင့်သွားသည်။

"ဒီဘောင်းဘီရှည်နဲ့ ဒီကုတ်က မလိုက်ပါဘူး ဦးစက်ရယ်၊ အနက်လေးပဲ ဝတ်သွားပါနော်"

တစ်ညလုံး စကားမပြောဖြစ်ကြဘဲ ရွှယ်စုး ကုတ်အင်္ကျီလေးကိုင်၍ ပြောလာတော့ သူ မငြင်းနိုင်ခဲ့ပေ။ အင်္ကျီချင်း လဲဝတ်လိုက်ပြီး လက်ကိုင်ဖုန်း ထုတ်ယူလိုက်ဖို့ကို သတိမရခဲ့။

ကားသည် နောက်ပြန်ရစ်လိုက်သည့် ဗီဒီယိုပြကွက်များလို နောက်သို့ ချက်ချင်း ပြန်ဆုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုကြောက်လို့မှန်းမဟုတ်သော်လည်း သူ မပြောဘဲ ကခြား အစ်နည်းနည်းနှင့် ရွှယ်စူးကို မသိစေချင်ဘာဖြစ်သည်။

ကားကို ဟက်နိုင်ဘသူ့ အရှိန်ဘင်၍ မောင်းနေခဲ့မိသည်။ မိုးကောင်း ကင်သည် မကြာခဏ လှမ်းခေါ်ပြီး ဟိုပြောဒီပြောနှင့် ဘာမှလည်း မဟုတ်ဘဲ ဖုန်းချသွားတတ်တာမျိုးရှိ၏။

တိုက်တိုက်ဆိုင်ဆိုင် ဖုန်းကျန်နေခဲ့ကာမှ လှမ်းခေါ်လိုက်လျှင် ရွှယ်စူး ကိုင်လိုက်မှာပဲဖြစ်၏။ သတိလက်လွတ်ဖြစ်သွားခဲ့မိတာလည်း ကိုယ့်ကိုယ်ကို ဒေါသထွက်လို့မဆုံးတော့ပေ။

အကယ်၍ ဖုန်းဝင်လာခဲ့လျှင် ရွှယ်စူး မြဲထဲခါင်းနေတာနှင့် ကြုံပါ စေဟုသာ ဆုတောင်းရုံပဲရှိတော့သည်။

သို့သော် သူ ဆုတောင်းမပြည့်ခဲ့ပါချေ။

ရွှယ်စူးသည် သူ မှာ်ပစ်ခဲ့သည့် ကုတ်အကျီအညိုကို လုံးထွေးမွေ ပိုက်ထားဆဲနှင့် ဘာမှလည်း မလုပ်ဖြစ်၊ မြဲထဲဆင်းဖို့လည်း စိတ်မပါ နိုင်ဘဲ အိပ်ရာထက်မှာပဲ ငေးငေးမလေး လှဲနေခဲ့သည်။

တစ်ညလုံး စိမ်းကားစွာ နေနိုင်ရက်ခဲ့သော သူ့ထံမှ ဥပေက္ခာများ ကို ခံစားလိုက်ရမှ သူ့အပေါ်မှာ သူမ ဘယ်လောက်ထိ အားကိုးယုံ ကြည်စွာ ချစ်ခဲ့မိပြီမှန်း သိခဲ့ရသည်။

စက်၏ ဥပေက္ခာကို သူမ ဘယ်လိုမှ မခံစားနိုင်ပေ။ ပြီးတော့ သူနှင့် ကိုယ့်မှာ ရင်သွေးလေးလည်း ရှိနေခဲ့ပြီ။

ဒီအချိန်မှာ ရင်ခွင်တစ်ခုကို ဘယ်လောက်ထိ လိုအပ်တယ်ဆိုတာ မသိဘူးတဲ့လား ဦးစက်ရယ်။

သူ့ကုတ်အကျီကို တင်းကျပ်စွာ ပွေ့ပိုက်နမ်းရှိုက်ရင်း မျက်ဝန်း တောင့်မှ မျက်ရည်တွေ တစ်မိုစိမ့် စိုစွတ်လာကြ၏။ တစ်ညလုံး ငိုကြွေး ခဲ့ရတာလည်း ဒီမျက်ရည်တွေ မကုန်နိုင်ပါလား။





ထိုစဉ်မှာ ဖုန်းမြည်သံလေး ထွက်ပေါ်လာလေသည်။ အမှတ်တမဲ့ မို့ ရင်ခွင်ထဲက အသံမြည်လာတော့ ရွှယ်စူး လန့်သွား၏။ လှဲနေရာမှ ကမန်းကတန်း ထထိုင်လိုက်မိသည်။

ပြီးမှ ဖုန်းမြည်တာမှန်းသိကာ ကပျာကယာ ရှာဖွေရသည်။ ဖုန်းကို ကိုင်ထားပြီး ဘာလုပ်ရမှန်းသည်းမသိ၊ ကိုယ့်ကိုတောင် ဖုန်းမဆက်စေ ချင်လို့ အိမ်မှာ ဖုန်းမထားခဲ့တာ၊ သူ့ဖုန်းကိုင်တာ ကြိုက်ပါ့မလား။ မြည်သံက မဖွင့်မချင်းဘဲ မရပ်မနား မြည်နေတော့သည်။

နောက်ဆုံး ရွှယ်စူး ပြောဖို့ ဆုံးဖြတ်လိုက်ကာ…

"ဟဲလို"

အသံပြုလိုက်သည်နှင့် တစ်ဖက်က တိတ်ကျသွား၏။

"ဟဲလို ဘယ်ကဆက်နေတာလဲဟင်၊ ဘယ်သူလဲ"

ဟု နောက်ထပ်မေးလိုက်မိစဉ်…

"မင်းက ငါ့ကိုမေးစရာမလိုဘူး၊ မင်း ဘယ်သူလဲ၊ စက်ရဲ့လက်ကိုင် ဖုန်းက ဘာဖြစ်လို့ မင်းလက်ထဲ ရောက်နေတာလဲ"

"ရှင်…"

"ဟော… မင်းကို မေးနေတာ"

ရွှယ်စူး ထိုအသံကြားလိုက်သည်နှင့် ပြန်လှန်ပြောဆိုဖို့ ခွန်အား တွေပါ လျော့ကျသွားခဲ့သလိုပင်။

စူးအက်ပြတ်တောက်လွန်းသော အမျိုးသမီး၏အသံသည် ဖုန်းထဲ ကနေပဲ သူမထံသို့ လက်နက်တစ်ခုတစ်ရာ ပစ်သွင်းလိုက်တော့မည့် ဟန် ရှိနေ၏။

"ဒီမှာ ငါက မိုးကောင်းကင်၊ မင်းစက်ရာရဲ့မိန်းမ။ ပြောစမ်း မင်း ဘယ်သူလဲ၊ အခု မင်းနားမှာ စက် ရှိနေသလား၊ ဘယ်မှာလဲ"

ရွှယ်စူး မျက်ဝန်းတွေ ဝိုင်းဝိုင်းလည်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးနေတာ မကြားဘူးလား။ ဟော့ မင်းက စက်နဲ့ ဘယ်လိုဝင်သက်နေလဲ၊ အခု ဘယ်ကဆက်နေတာလဲ၊ မြန်မြန်ပြောစမ်း"

မေးနေသံဟာ ဖုန်းကိုင်ပြီး ကဆုန်ပေါက်နေလေသလားမသိ၊ ဒါမှမဟုတ်လျှင် ရွှယ်စုးရှိနေသည့် နေရာကိုသာ သိသွားပါက ချက်ချင်းပြေးလာပြီး လည်ပင်းညှစ်သတ်ပစ်တော့မလိုလို…

ရွှယ်စုး လက်ထဲမှ ဖုန်းလေး လွတ်ကျသွားလေသည်။

ထိုအချိန်စပ်ကြားလေးမှာပဲ ဖုန်းထဲက တက်ခေါက်သံကို ကြားဖြစ်အောင်ကြားလိုက်ရသေးသည်။

ရွှယ်စုး နှုတ်ခမ်းသားလေးတွေ ဆတ်ဆတ်တုန်လျက် ဖုန်းဝိုသရဲတစ္ဆေတစ်ကောင်လို ကြည့်မိသည်။

ပြီးတော့ ထိုင်လျက်လေး အတိုင်း ခေါင်းရင်းဘက်ဝိုနောက်ဆုတ်တိုးမိ၏။

"တို့က မိုးကောင်းကင်"

"မင်းစက်ရာရဲ့မိန်းမ"

"မင်းစက်ရာရဲ့မိန်းမ"

ဘုရား… ဘုရား…၊ ရင်ထဲမှာ တလှပ်လှပ်တုန်ယင်လာခဲ့သည်။ နားနှစ်ဖက်ကိုပိတ်ထားမိပေမယ့် မရ။

မျက်လုံးတွေကို ဘယ်လိုပဲ ဖိပိတ်ထားသည့်တိုင် ဖွင့်လိုက်တာနှင့် မျက်ရည်တို့က ပြည့်သိပ်လျက်သာ။ မကြားလိုပေမယ့် နားထဲမှာ… သည်။

မျက်ရည်ကို မှန်းတီးမိနေသော်လည်း မျက်ဝန်းထဲမှာ သ… ကြီးမားစွာ အိုင်ဖွဲ့နေကြမြဲဖြစ်နေ၏။

ဖုန်းထဲမှာ စကားသံတွေ ဆောင့်ခါထွက်ပေါ်နေဆဲကို ကြား… သည်။





ထိုစကားသံတို့ မတိတ်သေးသမျှ ရွှယ်စုး ချောင်ကပ် လက်ပိုက်ရင်း တရှိုက်ရှိုက် ငိုမိသည်။

ဘာစကားတွေဆိုတာ ဆက်လက် နားမလည်တော့ပေမယ့် စက်… မိန်းမဆိုသော သူမဟာ ရွှယ်စုးကို ပိုးစိုးပက်စက်ပြောဆိုရင်း ဓောင်းတင်နေတာတွေပဲ ဖြစ်မှာပါ။

ရက်စက်လိုက်တာ ဦးစက်ရယ်၊ ဦးစက် ရွှယ်စုးကို ညာရက်တယ်။ လက်ထပ်ပြီးကတည်းက မြတ်ခါးကိုတောင် အလုံအမြဲ ပြောင်းလဲပစ်ခဲ့သည်။ အိမ်မှာ ဖုန်းမထား။ အပြင်လူ မလာရ။

ပြီးတော့ တွေးနေ၊ ငေးနေတတ်သော ဦးစက်မျက်နှာ၊ အားလုံးသော အတိတ်တို့ကို ပြန်ဆွဲဆန့်လိုက်တော့ မိုးကောင်းကင်ဆိုသည့် …န်းမဟာ ဦးစက်ရဲ့မိန်းဆိုတာ သေချာပြီးသားဖြစ်ခဲ့သည်။

မျက်ရည်စက်တို့ အဆက်မပြတ် သွန်းဖြိုးနေဆဲမှာ တံခါးက ရှပ်ခနဲပွင့်သွား၏။

"ရွှယ်စုး"

စက်မျက်နှာက ဖုန်းနှင့်ရွှယ်စုးပါးပြင်ထက်က မျက်ရည်တွေကို တွဲပေါ်မြင်လိုက်တာနှင့် နားလည်သွားခဲ့သည်မှန်း သိသာစွာ…

မျက်နှာ ကွက်ခနဲပျက်ကျသွားပြီး တဖြည်းဖြည်း တည်ငြိမ်အောင် ကြိုးစားပစ်လိုက်၏။

"ဦး… ဦးစက်… ဦးစက်ရယ် ရက်စက်လိုက်တာ"

ရွှယ်စုး အသံတုန်ကလေးနှင့်ပြောကာ နှုတ်ခမ်းလေးကို ဖိကိုက်…လိုက်သည်။

စက်သည် ရှေ့ကို တစ်လှမ်းမှ မတိုးခဲ့ဘဲ တံခါးပေါင်မှာ ပခုံး… …တ်နှင့် မှီရပ်လိုက်၏။

"မင်းကို ပြောပြဖို့ ကိုယ် ကြိုးစားပါသေးတယ်၊ ဒါပေမယ့်…"



www.burmeseclassic.com

www.burmeseclassic.com



သူ စကားရပ်၍ နှုတ်ခမ်းကို တစ်ချက်ဖိပိတ်သည်။

နှင်းသီးအေးသော ချစ်ခြင်းသော၊ ချစ်၍နာကျင်ခဲ့ရသော၊ သို့တိုင် ဘယ်လိုမှ မုန်းမေးမရနိုင်ခဲ့သော စက်၏မျက်ဝန်းများက အဓိမ်းရောင်တွေ၊ အနီရောင်တွေ ပြောင်းသွဲတော့မည့်အတိုင်းပင်…

ရွှယ်စုးကို အကြာကြီးစိုက်ကြည့်နေပြီးမှ…

“မင်းကို သိပ်ချစ်မိတော့ မပြောနိုင်ခဲ့ဘူး”

“ဟင်…”

သိနေပေမယ့် ချစ်တဲ့သူက ဟုတ်တယ်ဆိုတာကို ဘယ်လိုမှ မကြားချင်ပါ။

ဒီအချိန်မှာ အညာခံချင်သည်၊ ညာပေးပါ။ မဟုတ်ဘူးလို့ ငြင်းလိုက်ပါ။ ပြီးတော့လေ ရွှယ်စုး ပြေးဝင်ငိုရှိုက်ဖို့ ရင်ခွင်တစ်ခုကို ပေးလှည့်ပါ။

ရွှယ်စုး ငိုရှိုက်ရင်း ခေါင်းတွင်တွင်ခါနေတာကို စက်က ငေးကြည့်နေ၏။

“ဟုတ်ပါတယ်၊ မင်းကိုဆက်လိုက်တာ ကိုယ်ဖနီးပါ။ ဒါပေမယ့် ဘာမှမဆိုင်တော့ဘူး၊ ဒါတွေကို ကိုယ် ဒီထက် အကျယ်တဝင့် ရှင်းပြဖို့လဲ စိတ်မပါတော့ဘူး ရွှယ်စုး။ မင်းရင်ထဲမှာ ဖြစ်နေတာတွေထက် ကိုယ် မသာရင်တောင် မင်းလိုပဲ ကိုယ် ခံစားနေရတယ်”

ဘာတွေလဲ၊ ဘာကို ခံစားနေရတာလဲ၊ ရွှယ်စုး ဘာမှမသိပါလား။ မင်းလိုပဲတဲ့။ ရွှယ်စုး အညာခံခဲ့ရသလို သူ ခံခဲ့ရသလား၊ ရွှယ်စုး နစ်နာခဲ့သလို သူလည်း နစ်နာတယ်တဲ့လား။ ငိုဖို့အပြင် သူမ ဘာကိုမှ တွေး မရခဲ့ပေ။

နောက်ထပ်လည်း ဘာမှမပြောတော့ဘဲ သူ ရှေ့တိုးလာသည်။ ဖုန်းကိုကောက်ယူ၏။ ပြီးတော့ ပြန်ထွက်သွားကာ တံခါးဝရောက် တော့မှ ဒီဘက်ရောက်မလာသော မျက်နှာတစ်ခြမ်းစောင်းငဲ့လျက်…





“ကိုယ် တကယ် မရည်ရွယ်ခဲ့ပါဘူး၊ ဒါပေမယ့် မင်းကို လိမ်ညာသလိုဖြစ်သွားခဲ့တာကတော့ အမှန်ပဲ။ မင်း ငိုမနေပါနဲ့တော့”

ပြောပြီး သူ ထွက်သွားပါပြီ။ ငိုမနေပါနဲ့တော့ တဲ့လား။ မျက်ရည်တွေတိတ်အောင် ချော့ဖို့တော့ သတိမရတော့ဘူးလား။

ရှင် ဒီထက်မက ရှင်းပြသင့်ပါတယ်၊ ဒီထက် ချော့မော့သင့်တာပါ။ မျက်ရှဲ့ ကြေကွဲခြင်းအပြင် လင်သားက ဂရုမစိုက် ပစ်ပယ်ခြင်းခံရသော မိန်းမတစ်ယောက်၏ သိမ်ငယ်ခြင်းတွေ ရင်ထဲမှာ ပြည့်သိပ်လာ၏။

ငိုပေဦးတော့ ရွှယ်စုးရေ…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

တစ်နံနက်လုံး လျှောက်လိမ့်ပစ်လိုက်တာလည်း ရင်ထဲမှာ ဘာမှ ပြောင်းလဲမသွားခဲ့ဘဲ ပူလောင်နေဆဲဖြစ်၏။ ကားကို ဦးတည်မိတဲ့ အတိုင်း မောင်းနေရင်း ပထမဆုံး သတိရလိုက်မိသူက ဦးရန်အောင် ကားကို လမ်းဘေးချ၍ စက်မသတ်ဘဲ ဖုန်းကိုထုတ်လိုက်သည်။

"ဟဲလို..."

ဦးရန်အောင်၏ထူးသံကို ကြားနေလျက်နှင့် ရည်ရွယ်ထားခဲ့သော စကားလုံးတွေက ပျောက်ဆုံးကုန်ပြန်ကာ သူ ဒီတိုင်းကြည့်နေခဲ့သည်။

"ဟဲလို စက်လား၊ စက် မင်း ဘာလုပ်..."

"ဦးအောင်"

"ဟင်"

"ကျွန်တော်မေးတာကို ဖြေစမ်းပါ"

"ဖြေမယ်၊ ငါပြောမှာက ပိုအရေးကြီးတယ်ကွ၊ ဒီမှာ..."

"မပြောနဲ့၊ ကျွန်တော်မေးတာကိုပဲဖြေ၊ ရွှယ်စုးမှာ ချစ်သူရှိခဲ့ဖူး ခင်ဗျားသိတယ်မဟုတ်လား"





"ဘာ..."

သူ စောင့်နေပေမယ့် ဦးရန်အောင်ထံမှ နောက်ထပ် စကားသံ ထွက်မလာခဲ့ပေ။

စက်၏နှုတ်ခမ်းမှာ မချိတရိအပြုံးတို့ ခိုတွဲလာခဲ့၏။

"ခင်ဗျားပြောတော့ ရွှယ်စုးဟာ သိပ်ကို သန့်စင်တဲ့မိန်းကလေးပါ ဆို..."

"ဟာ... နေပါဦး၊ အခု အဲဒါတွေထက် အရေးကြီး..."

"ဒီထက်အရေးကြီးတာ ဘာမှမရှိဘူး ဦးအောင်၊ ရွှယ်စုးက ကျွန်တော့် ဘဝ၊ ကျွန်တော့်အသက်၊ ကျွန်တော် တန်ဖိုးထားခဲ့တဲ့အတိုင်း အမြဲ တမ်း တန်ဖိုးကြီးနေတာကို လိုချင်တယ်"

"မဟုတ်သေးပါဘူး စက်ရယ်၊ ငါ ကြားဖူးတာတော့ သူငယ်ချင်း လောက်အဆင့်ပဲ ရှိတာပါ။ ဒါပေမယ့် ရွှယ်စုးနဲ့ တော်တော်ရင်းနှီး..."

"ဟွန်း ရပြီ၊ မပြောနဲ့တော့"

စက် နာကျင်စွာ မဲ့ပစ်လိုက်ကာ ဖုန်းကို လုံးဝပိတ်ထားလိုက်၏။ ချစ်ခဲ့ရလွန်းတော့ ရင်နာသည်၊ မင်းစက်ရာ ဆိုသည့် သူ့နှလုံးသား ဟာ အလှအပကြောင့်လည်း သာယာခဲ့တာမရှိ၊ မိုးကောင်းကင် လိုက် လျှောဖြားယောင်းခဲ့သော အထိအတွေ့များစွာမှာလည်း ဘယ်တုန်းက မှ ပျော်ဝင်ခဲ့တာ မရှိခဲ့ဖူးပေ။

သူမကိုကျမှ သနားခဲ့သည်၊ သူမကိုပဲ ချစ်ခဲ့ဖူးသည်။ သန့်စင်သော သူမ၏ဘဝကလေးကို လိမ်ညာဖြားယောင်းခဲ့မိသည့်အတွက်လည်း အမြဲတမ်း စိုးရိမ်ပူပင်နေခဲ့မိ၏။

ပြီးတော့ အမြဲတမ်း ဂရုမစိုက်ဘဲနေခဲ့သည့် မိုးကောင်းကင်ကို လည်း ဂရုစိုက်ခဲ့ရသည်။

ဒါဟာ သူမကို ဒီထက်ပို၍ ထိခိုက်နစ်နာသွားမှာစိုးလွန်းလို့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခုတော့ ဒီလိုမဟုတ်ပါလား…၊ ယော်ကချစ်ခဲ့တော့ အနှစ်တစ်ရာတဲ့။

သန့်စင်သည့် သူ့မှန့လုံးသားလေးထဲမှာ သူ ပေးဆပ်သော ချစ်ခြင်းများဖြင့် ကစ်နေ့နေ့တော့ နေရာယူနိုင်မှာပဲလို့ မျှော်လင့်ခဲ့မိတာလည်း ဝေးပြီ။

ရွှယ်ရှုးသည် အကမ်းအလှမ်းမဲ့ ဒုက္ခပင်လယ်ဝေနေခဲ့စဉ်မှာ သူ့ကို မတတ်သာ၍ အားကိုးခဲ့လိုက်ခြင်းသာ ဖြစ်သည်။

ခုချိန်မှာတော့ ယော်ချစ်ဟောင်းနှင့်လည်း ဆုံခဲ့ပြီ၊ သူ လိမ်ညာခဲ့တာတွေလည်း သိသွားခဲ့ပြီ။

မင်း ကြိုက်သလိုသာ ဆုံးဖြတ်တော့ ရွှယ်ရှုး…

ကားလေးသည် ထင်ရာမြင်ရာ လိမ့်နေရင်း ခရီးက နေမဝင်နိုင်သေး…





အခန်း (၃၅)

"ဟာ…"

ဦးရန်အောင် စိတ်မကောင်းလည်းဖြစ်သွားသည်။ ဒေါသလည်းဖြစ်မိ၏။ စက် ဒီမှာရှိနေနိုင်တာကို သူ ဘာဖြစ်လို့ ခုမှ တွေးဖြစ်ရတာလဲ။ အထဲကို သွက်လက်စွာ လှမ်းဝင်ခဲ့ရင်း ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်မိ၏။

စက်သည် သူ ထိုင်နေကျ သီးသန့်ခန်းလေးထဲက စားပွဲမှာ ထိုင်နေကျအတိုင်းပဲ တံခါးဘက်ကို ကျောခိုင်းလျက်ဖြစ်၏။

ဘာလုပ်လုပ် နောက်ကို ပြန်လှည့်မကြည့်တော့တတ်သည့် သူ…၊

"အစက ဒီလိုမာနမျိုးတွေ ရှိနိုင်ခဲ့ရင် ကျွန်တော် သားလိမ္မာလုပ်ပြီး ကိုယ့်ဘဝကို တစ်သက်လုံးသေစေဖို့ ထိုးကျွေးမိခဲ့မှာမဟုတ်ဘူး။ တကယ်တော့ တစ်ကိုယ်ကောင်းဆန်တတ်တာ ကောင်းတယ် ဦးအောင်ရဲ့။ ဖြစ်ချင်တာဖြစ်ခွင့်ရှိတယ်"လို့လည်း ပြောသေးသည်။

နှောင်တလား ဘာလားတော့ မသိ၊ စက်က တကယ်ပြောသလို



www.burmeseclassic.com

နေခဲ့သည်။ မိုးကောင်းကင်နှင့်သူ့ကို ဘယ်သူတွေ ဘာပြောပြော ကောင်းတာပြောလည်း ဂရုမစိုက်၊ ကဲ့ရဲ့နေတာတွေကိုလည်း ခေါင်းထဲမထည့်ခဲ့ပေ။

သူ ပျာယာခတ်သွားခဲ့တာက ရွှယ်စုး ဆိုသည့် ကောင်မလေးနှင့်ကျမှ...

"စက်"

ရှေ့မှာ သေချာဝင်ထိုင်လိုက်ပြီး ခေါ်တာတောင် စက်က မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး သူ့မျက်နှာဆီမဟုတ်ဘဲတစ်ဖက်လှည့်ပစ်သည်။

"မင်းကွာ သိပ်ကိုအရေးကြီးတဲ့အချိန်မှာ အချိန်ကုန်တဲ့အထိ မပြန်ဘဲနေတယ်၊ ဖုန်းဆက်တော့လဲ ဖုန်းပိတ်ထားတယ်။ ငါ မင်းကို ရှာနေတာ"

"ဘာလုပ်မလို့လဲ၊ ခင်ဗျား နားလည်တယ်ဆိုရင် အဲဒီ အရေးကြီးတဲ့အချိန်ဆိုတာကြီးကို မွေ့ပိုက်ပြီး လှည့်ပြန်လိုက်တော့"

"ဟာကွာ"

စက်က ပြောင်သလင်းခါနေသည့် ဝီစကီပုလင်းကို ဆောင့်ခနဲ ရွှေ့ဖယ်လိုက်ပြီး အခေါက်ကင်ကို စားလည်းမစားဘဲ ဟိုဘက်လှည့် လိုက် ဒီဘက်ဆွဲလှည့်လိုက် လုပ်နေ၏။

မျက်နှာက ဝီစကီအရှိန်နှင့် နီရဲတွတ်နေ၏။ နှုတ်ခမ်းလွှာတို့က တလှုပ်လှုပ် တုန်ခါနေကာ ဖိပိတ်သွားသလိုလို၊ မဲ့သွားသလိုလို...

"မင်းတို့ ဘာဖြစ်ကြတာလဲ စက်ရာ၊ ငါ့ကိုလဲ နည်းနည်းပါးပါး ပြောပြပါဦး၊ မိုးကောင်းကင် ငါ့ဆီကို ဖုန်းဆက်တယ်၊ 'ရွှယ်စုးနဲ့သူ ဘယ်လိုဖြစ်လို့ ချိတ်မိသွားတာလဲ"

မေးပြီး စောင့်ကြည့်နေသော်လည်း စက်က ပါးစပ်ပိတ်နေသဖြင့် သူပဲ ဆက်ပြောရသည်။





"သူလဲ မင်းကို ဖုန်းဆက်မရလို့ လိုက်ရှာနေတယ်ထင်တယ်။ မင်းရဲ့ဖုန်းကို တခြားမိန်းကလေးတစ်ယောက်လက်ထဲမှာ တွေ့လို့တဲ့။ ငါ့ကို မေးလိုက်တဲ့မေးခွန်းတွေ စုံနေတာပဲ။ မတော်တဆ အိမ်ကိုများ လိုက်သွားကြည့်လိုက်ရင် ပွဲသိမ်းပြီ။ မင်း အဲဒါကို ဒီတိုင်း လက်လွှတ်စပယ်နေနေတာ ငါ တကယ် အံ့သြတယ်"

စက် မျက်မှောင်ကြုတ်လျက်နှင့် ငြိမ်သက်နေခဲ့သည်။ ဖန်ကလပ်လေးထဲမှာ အနည်းငယ်ကျန်သေးသော ရေခဲတုံးတွေကို ရေခဲညှပ်လေးနှင့် တို့ထိဆော့ရင်း မျက်နှာလွှဲနေလိုက်၊ သူ့ကိုကြည့်လိုက်...

"နေပါဦးကွာ၊ ဖုန်းထဲမှာ မင်းမေးတာ ဘာလဲ၊ ရွှယ်စုးမှာ ချစ်သူ ရှိခဲ့ဖူးတယ်ဆိုတာ..."

စက်က မဖြေပေမယ့် ဝန်ခံလိုက်သလို ဦးရန်အောင်မျက်နှာကို စိုက်ကြည့်နေ၏။ ဦးရန်အောင်ကလည်း နားမလည်နိုင်စွာ ပြန်ကြည့်ရင်း...

"သူငယ်ချင်းလို့ပဲ ငါ ထင်ပါတယ်ကွာ။ ဘာပဲဖြစ်ဖြစ် မင်း သူ့ကို မေးလိုက်ရင် ရှင်းသွားနိုင်တယ်၊ သူ ညာမှာမဟုတ်ပါဘူး။ ဒီလိုကြီး နေလိုက်ကြတာ နှစ်ယောက်လုံးမှာ အန္တရာယ်ရှိတယ်။ အဲဒါ တကယ်"

"ဘာအန္တရာယ်လဲ၊ မိုးကောင်းကင်က ဘာမို့လို့လဲ၊ မိန်းမ တစ်ယောက်ကို ဒီလောက်ထိ ဂရုစိုက်နေဖို့ မလိုပါဘူး"

စားပွဲကို လက်သီးဆုပ်နှင့် ထုပစ်လိုက်ပြီးပြောတော့ ဦးရန်အောင် ဘာဆက်ပြောရမှန်းမသိ။

"ကျွန်တော် ခံစားနေရတာ မိုးကောင်းကင်နဲ့ ဘာမှမဆိုင်ဘူး။ ဒီမှာ... ဒီရင်ဘတ်ထဲမှာ..."

စက် သူ့ရင်ဘတ်သူ ပုတ်ပြပြီး လက်သီးဆုပ်ပစ်သည်။ ပြီးတော့ အံကြိတ်၍...



www.burmeseclassic.com

www.burmeseclassic.com



"သိုးကိုက်ခံရတဲ့ဒဏ်ရာက အဆိပ်ပြင်းနေတာကို ခံစားရတဲ့ေ
ပဲသိတယ်"

"မဟုတ်သေးပါဘူး စက်ရယ်"

"ဘာလို့မဟုတ်ရမှာလဲ၊ မေးစရာမလိုပါဘူး ကြားဖို့လဲမလို
သူ့နှလုံးသားကို မျက်လုံးမှာကြည့်လို့ရတယ်၊ နှလုံးသားချင်း တိုင်း
တွက်ချက်လို့ရတဲ့အဖြေထက် ဘာမှပိုမမှန်ဘူး။ သူ့ရဲ့ ယေချစ်ပေ
ဆိုတဲ့ တစ်ယောက်က မိုးကောင်းကင်ဆိုမှာလေ"

"ဟင်..."

"မိုးကောင်းကင်က ဒရိုင်ဘာနဲ့ ပန်းအိုးပို့ခိုင်းတယ်။ အဲဒီမှာ
သားနဲ့မင်းသမီး အမှတ်မထင် ပြန်ဆုံပြီး အလွမ်းသယ်ကြတော့ ရှ
က ငိုနေလိုက်တာ သတိလစ်မတတ်ဘဲ အဟွန်း..."

"ဟာကွာ"

ဦးရန်အောင် မျက်နှာမကောင်းဖြစ်သွားသည်။

"အဲဒါ မင်းကို ဘယ်သူ ပြန်ပြောတာလဲ၊ ဦးတိုးလား။ ဒီလူ
အပိုတွေလုပ်နေတာ သက်သက်"

"ဦးအောင်"

"ငါပြောချင်တာက မင်း သူများပြောတာနဲ့..."

"ကျွန်တော်က အကန်းမှမဟုတ်တာ"

"မျက်လုံးမကန်းပေမယ့် အချစ်မျက်ကန်းဆိုတာ တကယ်ဖ
တဲ့လူတွေရှိလို့ ကန်းကြောင်းပြောတာ။ မင်း တစ်ယူမသန်ပါနဲ့
ရယ်။ အိမ်ကို ပြန်စမ်းပါ။ နောက်ဆုံးကွာ သူ့မှာ ရည်းစား တကယ်ရှိ
တကယ်ဖြစ်ခဲ့ရင်တောင် မင်းထက် အများကြီးသန့်စင်ပါသေးတ

"ဘာဗျ..."

စက်က ဒေါသနှင့် ထအော်သည်။





"ကိုယ်က မိတ်ဆွေကောင်းပီပီ မင်း ဝေဝါးနေတဲ့အချိန်မှာ အမှန်ကို
မြင်အောင် ထောက်ပြတာ။ ရည်းစားရှိဖူးတဲ့လူနဲ့ တစ်ခုလပ် ဘယ်သူက
သန့်စင်မလဲ"

"ကျွန်တော့်မှာ နာမည်ဆိုး ကျန်ရစ်ခဲ့ပေမယ့် ကျွန်တော့်နှလုံးသား
က လုံးဝသန့်တယ် ဦးအောင်"

စက်သည် ဒေါသများနှင့် ခေါင်းထောင် ထလာလိုက်၊ ပြန်၍ ငိုက်
စိုက်ကျသွားလိုက်နှင့် အံကြိတ်နေတာလည်း ရှိလေသည်။

"လူကိုမပြောနဲ့၊ သူ့ရင်ထဲထိ ဘယ်သူရှိနေတာကိုမှ ကျွန်တော်
လက်မခံနိုင်ဘူး။ သူ့ကို အဲဒီလိုထင်ခဲ့လို့ ကျွန်တော် မြတ်မြတ်နိုးနိုး
တန်ဖိုးထားချစ်ခဲ့တာ။ ကျွန်တော့်ရဲ့အချစ်ဦးက ကျွန်တော့်ကိုကျတော့
အချစ်ဦးမဟုတ်ဘူး၊ ဘယ်တော့မှလဲ ချစ်လာတော့မှာမဟုတ်ဘူး"

"အဲဒါက..."

"မိုးကောင်းကင်က သူ့ကို အားလုံး ပြောပြလိုက်မှာပါ။ မချစ်နဲ့တဲ့
လူဟာ သူ့ကို လိမ်ညာထားတဲ့သူဆိုတာ သိသွားတဲ့နောက် ဘာမှဖြစ်
လာဖို့ မရှိတော့ဘူး။ ကျွန်တော့်ရင်ထဲကို ခင်ဗျား ဝင်ကြည့်လေ"

ဦးရန်အောင်က ခေါင်းတွင်တွင်ခါ၍ နာရီကိုလည်း ကြည့်သည်။

သူ့နားထဲမှာ မိုးကောင်းကင်၏ ခနဲ့သောရယ်သံနှင့် စကားလုံး
တွေသာ ရွဲမြနေခဲ့၏။

"ဘယ်သူမှဖြစ်ဖို့မရှိဘူး ဟုတ်လား။ ဒီမှာ ဦးရန်အောင် စက်က
ရှင့်ကို သူ့စည်းစိမ်တွေ ပုံချပေးပြီး စိတ်ကြိုက်သုံးခိုင်းထားခဲ့တယ်၊
ရှင်က စက်အတွက် ဘာမဆိုဖြစ်စေခဲ့တယ်။ ဟွန်း... မတန်မရာ နှိုင်း
ပြောရရင်· မောင်မောင်တုတ်လိုလေ..."

"မှတ်ထားလိုက်ဦး၊ မိုးကောင်းကင်ဆိုတဲ့မိန်းမကလဲ စုပုံးလတ်
ရဲ့ဝိညာဉ် ပူးကပ်မွေးဖွားလာခဲ့တဲ့မိန်းမပဲ။ စက်ပေါ်မှာ ရှင်ဘယ်လောက်
ထိ သစ္စာတွေထားနိုင်မလဲ ကြည့်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်စုးက ဘာတစ်ခုမှ ဝန်မခံခဲ့တာတော့ သေချာပါသည်။ စက်ရယ်၊ မိုးကောင်းကင်ရယ်၊ ရွှယ်စုးနှင့် ဟိုလူငယ်၊ ပြီးတော့ ဦးတိုး...

ဘာတွေဖြစ်ကုန်ကြတာကို သူ သေချာမသိရသေးပါ။ သို့သော် ဒီအဖြစ်တွေထဲမှာ အဆိုးအကောင်းကို တိုက်ရိုက်ခံစားရတော့မှာက ရွှယ်စုး ဖြစ်နေသည်။ သူ့ဆန္ဒစား ရဲရမည်ဆိုပေမယ့် အမှန်အတိုင်း ပြောကြကြေးဆို ရွှယ်စုး အများကြီးနစ်နာသွားမှာပါ။

ပြီးတော့ စက်ကိုယ်တိုင် မချစ်တာလည်းမဟုတ်၊ စွန့်လွှတ်တော့မယ်လို့ ဆုံးဖြတ်ထားလိုက်တာမျိုးလည်းမဟုတ်ဘဲ ပွက်ပွက်ဆူထလာသည့် အခြေအနေတွေကို ဥပေက္ခာထားဖို့သာ ကြိုးစားနေခြင်း ဖြစ်သည်။

ဒီလိုအခိုက်အတန့်လေးတစ်ခုအတွင်းမှာ ဘယ်လိုဆိုးရွားစွာ ပြောင်းလဲသွားနိုင်သည်ကို မသိလို့လား၊ မိုက်ရူးရဲ ဆုံးဖြတ်ချင်တာလား။

ဒါမှမဟုတ် ရွှယ်စုးကို တကယ်ပဲ အချစ်ကြီးလို့ အမျက်ကြီးမုန်းတီးလိုက်ပြီလား။

"ကိုယ် ပြောပါရစေဦး စက်ရယ်၊ မင်းလုပ်ပုံက သိပ်ကို ကလေးဆန်လွန်းပါတယ်ကွာ။ ရွှယ်စုးကို မင်း မချစ်တာလဲမဟုတ်ဘဲနဲ့ ဒီလိုကြီး မဆိုင်သလို ကျောခိုင်းနေလိုက်ဖို့တော့ မကောင်းဘူး"

"ရွှယ်စုးက အိမ်မှာလေ၊ ဘာဖြစ်နေလို့လဲ၊ ဖြစ်နေတဲ့ကောင်က ကျွန်တော်၊ ခင်ဗျား ကန်းသွားပြီလား။ ဒီရင်ဘတ်ထဲမှာ မီးတွေ ပြည့်နေပြီ"

စက်က အခွံချည်းကျန်တော့သည့် ဝီစကီပုလင်းကြီးကို ကိုင်ဆောင့်ပြီး ခါးဆန့်ပြ၏။

"ခုနေ အရက်မူးလွန်ပြီး ရှောခ်ရသွားနိုင်တယ်၊ ခုချက်ချင်း သေသွားနိုင်တယ်နော်။ ပေါ့ပေါ့လေးမမှတ်နဲ့ အဟွန်း"





နှုတ်ခမ်းကို ရုပ်ဆိုးအောင် တွန့်မဲ့ပစ်ပြီး မူးမူးနှင့် ထရပ်လိုက်သည်။ မတ်မတ်မရပ်နိုင်ဘဲ ယိုင်ခနဲဖြစ်သွားကာ စားပွဲပေါ်ကို လက်တစ်ဖက်ထောက်ထားလိုက်ရသည်။

"စက် အိမ်ပြန်မှာလား၊ ကိုယ် လိုက်ပို့မယ်"

"မပြန်ဘူး"

စက်က ခေါင်းခါပြီး သူ့လက်ကို ဖယ်ထုတ်ပစ်သည်။ မသောက်မစားဖူးတာလည်း မဟုတ်ပါ၊ တော်ရုံများတာလောက်နှင့်လည်း စက် ဒီလိုရုပ်ပျက်ခဲ့တာ မရှိခဲ့ဖူးပေ။

ဦးရန်အောင် စက်အတွက် စိုးရိမ်စိတ်တွေဖြစ်ကာ ဖယ်ချနေသည့်ကြားထဲကနေ ဖွတ်ဝင်တွဲသည်။

"ဘယ်သွားသွား ကိုယ် လိုက်ပို့ပါ့မယ်၊ မင်း သိပ်မူးနေပြီကွာ လာပါ"

စက် ငြိမ်သွားသည်။ ဦးရန်အောင်ကိုယ်ပေါ်သို့ ပခုံးစောင်းနှင့်တိုက်မှီပြီး တံခါးဝသို့ လှည့်၏။

"ဟင်..."

ဦးရန်အောင် ထိတ်ခနဲဖြစ်သွားလေသည်။ တံခါးအပြင်ဘက် မှောင်နိုပ်ကျကျလေးမှာ လက်ပိုက်ရပ်ကြည့်နေသည်က မိုးကောင်းကင်။

သူ ခြေလှမ်းတုံ့သွားတော့ ယိုင်နေသည့် စက်၏ကိုယ်က သူ့ကိုယ်ပေါ် လန်ကျလာ၏။

မျက်လုံးတွေ မှေးစင်းထားသော စက်ကတော့ မြင်ချင်မှမြင်မှာပါ။ သူ ရှေ့ကိုဆက်တိုးလာခဲ့စဉ် မိုးကောင်းကင်က နောက်ကို ပြန်ငဲ့ကြည့်လိုက်၏။

သူမနောက်မှ လူရွယ်တစ်ဦး ထွက်လာသည်။

ထို့နောက် ဘာတစ်ခွန်းမှမပြောဘဲ စက်ကို ဆုပ်ကိုင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လက်နေရာမှာပဲ ပိုင်စိုးပိုင်နင်း ဝင်တွဲလိုက်၏။ ဦးရန်အောင် နားလည်လိုက်ပါသည်။

မိုးကောင်းကင် ဆိုတာက စက်ရဲ့ ဇနီးပဲမို့ စက်ကိုယ်တိုင် ငြင်းတာမဟုတ်ဘဲ သူ့အနေနှင့် ငြင်းဆန်ခွင့်မရှိပါ။ သူ့လက်တွေကို အသာလေး ရုပ်ဖယ်၍ နောက်ချန်နေခဲ့လိုက်ရသည်။

စက်ကတော့ သူတွဲပို့တော့မည်ဆိုကတည်းက ယုံကြည်စွာ မှီခိုနေခဲ့သော ကိုယ်ကြီးကို ဘယ်သူဘယ်ဝါ တွဲခေါ်နေမှန်း ဂရုမစိုက်တော့ဘဲ မှီလျက်သားနှင့် ပါသွားလေသည်။

စက် ပါသွားမှ မိုးကောင်းကင်က ရှေ့ကို တစ်လှမ်းချင်းတိုးလျှောက်လာ၏။

သူမသည် ဗွေးဗွေးနီသော အနီရောင်ဝတ်စုံဖြင့်၊ လက်မှာ ဆိုင်းထားသည့် လက်ကိုင်အိတ်က အစ အနီရဲရဲ။

ဖြန့်ချထားသည့် ဇပ်တွန့်တွန့်ဆံပင်တိုများမှာသာမက ဆိုးထားသည့် နှုတ်ခမ်းရဲရဲ၊ ပါးမို့နီနီတို့မှာ ပြုံးခနဲ ပြက်ခနဲ လက်နေကြသည်။

ပြီးတော့ လည်တိုင်မှာဆွဲထားသည်က ပတ္တမြားလည်ကုံးနှင့်။

ဦးရန်အောင်သည် မိုးကောင်းကင်ကို မြင်လိုက်ရတိုင်း ကြောက်ရွံ့မိသလိုလို၊ သိမ်ငယ်မိသလိုလို။ ပြီးတော့ ရွံရှာမိသည်လည်းရှိ၏။ မြင်ရသမျှမှာ မိုးကောင်းကင်၏မျက်နှာသည် အမြဲစူးရဲပြင်းထန်နေတတ်ခဲ့ပြီး ဘယ်သောအခါမှ သောကမမြင်။

ခုလည်း ကိုယ့်ကိုမချစ်၍ အပြစ်ရှာရှောင်ခွာနေသော ယောကျ်ားနောက်ကို တကောက်ကောက်လိုက်နေရသည့် ဇနီးမယားတစ်ယောက်၏ အသွင်မျိုး မြူတစ်မှုန်စာမျှပင် ရှိမနေပါ။

သူမမျက်နှာက လှောင်ရိပ်များနှင့် အောင်နိုင်သူကဲ့သို့ရှိသည်။ မျိုးတို့ စွန်းထင်းလျက် ရုပ်ရှင်ထဲမှာ ကြည့်ခဲ့ဖူးသော တရားခံဖမ်းသည့်





သားမှာ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေခဲ့သည့် စုံထောက်တစ်ယောက်၏ အသွင်မျိုးနှင့် နေသည်။

သောကဗျာပါဒတွေနှင့် ဖုတ်လိုက်ဖုတ်လိုက် ပြေးလာတာမျိုး မဟုတ်။

"ပြန်ထိုင်ပါဦး။ ရှင့်ကို ကျွန်မက ညှော်ဝတ်ပြုဖို့ အစီအစဉ်ရှိပါတယ်"

မိုးကျရွှေကိုယ် နတ်သမီးကဲ့သို့ လှနေသည့် မိုးကောင်းကင်သည် စက်ကိုပါအောင်ခေါ်သွားနိုင်ရုံနှင့် အားမရဘဲ သူ့ရှေ့မှာ ရင်ဘတ်ချင်းထိလုမတတ် ရပ်လာပြီး အေးစက်စက်ပြောသည်။

သူမကိုယ်တိုင် စားပွဲဆီသို့ လျှောက်လှမ်းသွားသောအခါ သူ မနေသာတော့ဘဲ ခပ်နွဲ့နွဲ့ ပြန်ပါလာခဲ့၏။

အတူတူ ထိုင်မိကြစဉ် မိုးကောင်းကင်က လက်ကိုင်အိတ်ကို စားပွဲပေါ်တင်သည်။ ခါးလှလှလေးကို ကြွကြွကော့ကော့လေးတောင့်၍ စားပွဲပေါ် လက်နှစ်ဖက်တင်ဆုပ်ပြီး သူ့ကို စူးစူးရဲရဲကြည့်၏။

"ရှင့်ကို ကျွန်မက…"

သူမ စကားစလိုက်စဉ်မှာ ဝိတ်တာကောင်လေးတစ်ယောက် ရောက်လာသဖြင့် မော့ကြည့်၍…

"ဝီစကီတစ်လုံးပေး၊ စားစရာတစ်ခုခုနဲ့…"

မှာလိုက်ပြီးမှ ဦးရန်အောင်ကို ခပ်ရိရိ ပြန်ငဲ့ကြည့်ကာ…

"ဖြစ်တယ်မဟုတ်လား၊ အမိန့်အာဏာတွေ ဘာတွေ ဝင်မထားပါဘူးနော်"

ဦးရန်အောင် ဒီမိန်းမကို စိတ်မရှည်နိုင်တော့ပါ။ ထို့ကြောင့် ခပ်မှိုင်းမှိုင်းပဲ စူးစိုက်ကြည့်လိုက်မိ၏။ ကိုယ်က စက်ရဲ့ ဇနီးဆိုပြီး အရေးထားနေခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်ရင် အဝေးကြီး။ သူ့အရိပ်ကို မခို၊ သူ့ဆန်ကိုမစား စက်နဲ့သူမ မဆိုင်ခဲ့တာ ကြာပြီပဲ။

"ရော့ သောက်လိုက်ပါဦး"

ရောက်လာတော့ သူမအတွက် ထည့်ယူလိုက်ပြီး ဦးရန်အောင်ကို ပုလင်းတိုးပေးသည်။

"ဟုတ်တယ်၊ ကျွန်မက ရှင်တို့တွေ အဲဒီလို မျက်လုံးမျိုးနဲ့ကြည့် လိုက်တဲ့မိန်းမပဲ။ အရက်လဲ သောက်တတ်တယ်၊ မလုပ်ရဲတာ မရှိဘူး။ မပြောရဲတာ မရှိဘူး။ ဒါပေမယ့် အဲဒီထဲမှာ ကိုယ့်မှာ ကာမပိုင်ရှိပြီးရက် နဲ့ သူများသားသမီး၊ ကာမပိုင်တစ်ယောက်ကို ဖောက်ပြန်ရဲတဲ့သတ္တိ တော့ မပါဘူး။ ဟွန်း"

ဦးရန်အောင် မျက်စုံးနှစ်ဖက် ဆတ်ခနဲ ကျုံ့သွားတာကို ကြည့်၍ မှဲ့ပစ်လိုက်၏။

"ရှင်ကတော့ ကိုယ်တိုင်လဲ ကျူးလွန်တယ်၊ သူများကိုလဲ မြှောက် ပေးတယ်၊ ကူညီတယ်"

ပြောပြီး မရယ်ချင်ဘဲရယ်ကာ ဖန်ခွက်ထဲကို ရေခဲတုံးလေးတွေ ထည့်နေသည်။

"သောက်လိုက်ပါဦး၊ ဘာလဲ အဆိပ်ခတ်ထားမှာ စိုးလို့လား၊ ကိုယ့် ကိုယ်ကို ဒီလောက်ထိ ချစ်သူခင်သူ ပေါနေမှန်းလဲ သိသားပဲ"

မထိတထိ ရိရယ်ပစ်လိုက်ပုံက ခံနိုင်ဖွယ်မရှိပေ။

"ဒီမှာ ကျွန်မလဲ သောက်နေတာပဲ၊ နှစ်ယောက်ထိုင်ပြီး ယောကျ်ား ကြီးက ဥပုသ်စောင့်နေတာ ကြည့်မကောင်းပါဘူး"

ဦးရန်အောင်က အံကြိတ်၍ ဖန်ခွက်တစ်လုံးပြည်အောင် ငှဲ့ထည့် ပစ်လိုက်သည်။ ရေခဲတုံးနှစ်တုံးကို ထပ်ထည့်လိုက်တော့ ဝီစကီတွေ က ဖန်ခွက်ထဲကနေ ဖိတ်လျှံကျကုန်၏။





နှုတ်ခမ်းမှာ ဖန်ခွက်တေ့မော့နေရင်း မျက်ဝန်းစွေကြည့်ပြီး မိုးကောင်းကင် ပြုံးလိုက်သည်။

"ဒေါသဖြစ်နေရင် ပြန်ပြောပေါ့ ဦးရန်အောင်။ ဒီည ရှင် ကျွန်မကို စကားမပြောလို့ မရဘူးနော်၊ မိုးကောင်းကင်က အမြတ်မရဘဲ ရင်းနှီး ခဲ့တာ မရှိဘူး။ မင်းစက်ရာဆိုတဲ့ယောကျ်ားကို ကျွန်မ ပေးဆပ်နေခဲ့ရ တာတွေကော ဒီမိန်းမ အရှုံးမရှိလိုက်တာလို့ ရှင် ထင်လား"

ဦးရန်အောင်က ဒေါသတွေ ဗလလွှနှင့် တဂွတ်ဂွတ်မော့သောက် နေလိုက်ပြီးမှ ပြန်ချကာ..

"ဘာကို မင်းပေးဆပ်တာလဲ မိုးကောင်းကင်၊ ကျွန်တော့်အမြင်မှာ တော့ စက်က မင်းအတွက် ပေးနေရတာပဲ"

"ဟုတ်လား အဟွန်း"

မိုးကောင်းကင်က အမြည်းလေးစားလိုက်၊ ဝီစကီမော့လိုက်နှင့် မာန်ကြီးနေသည်။ သို့သော် ဖန်ခွက်ထဲမှာ ဝီစကီက သိသာစွာ လျော့ပါး သွားတယ်မရှိပေ။

မြင်နေပေမယ့် ဦးရန်အောင် မပြောဖြစ်တော့ပါ။ မိန်းမတစ်ယောက် ကို ကိုယ့်လောက် မသောက်နိုင်ဘူးပြောရင် သူ့ အရှုံးမှမဟုတ်ဘဲ။

တစ်ဝက်ကျသွားတော့မှ နောက်ထပ်ဖြည့်လိုက်ပြီးမှ ပြန်မော့ဖြစ် ၏။

"တကယ်ဆိုရင် စက်က မင်းနဲ့အလွတ်ကြီးပါ"

"ရှင် ထင်လို့ပါ ဦးရန်အောင်၊ ကျွန်မကတော့ စက်က အမြဲ ကျွန်မ ယောကျ်ားပဲ။ ကဲ ရှင် ပြောရဲလာပြီပဲ ဆက်ပြောပါဦး။ စက်ရဲ့ဖုန်းကိုင် ထားတဲ့ မိန်းကလေးက ဘယ်သူလဲ၊ ရွှယ်စုး ဆိုတာလေ"

"ဟင်…"

ဦးရန်အောင် လှုပ်ရှားပျက်သွားတာကို ဟန်မဆောင်လိုက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်စုးကို သူမ သိနေပြီပဲ။ ဒါဟာ ဖုန်းထဲကနေ အသံကြားရုံနဲ့ ရမ်းသန်းလိုက်ရှာနေတာ မဖြစ်နိုင်တော့ပေ။ စက် ပြောသလို ရွှယ်စုး၏ချစ်သူဆိုသည့် တစ်ယောက်က မစားရတဲ့အမဲ သဲနဲ့ပက်သည့်သဘောဖြင့် သူ့အလုပ်ရှင်ကို ပြန်ပြောလိုက်တာပဲလား။

ငယ်ချစ်ဟောင်းဆိုသည့် သံယောဇဉ်ဟာ ဒီလောက်ထိ အပြောင်းအလဲ မမြန်နိုင်ပါ။ သို့ဆိုလျှင် မိုးကောင်းကင် သူ့ကို စကားအစ်နေခြင်းများလား။

ခေါင်းထဲမှာ တရိပ်ရိပ် မူးတက်လာသည်။ မူးပေမယ့် သူ့အတွေးတွေ မပျက်စီးသေးပါ။ သတိလစ်မသွားနဲ့ ရန်အောင်၊ ဒီမိန်းမ မင်းကို လာအစ်နေတာ၊ စက်ကို မင်း သစ္စာမပျက်နဲ့။

ရွှယ်စုးက မင်းကြောင့် ကြွေလွင့်သွားခဲ့ရတဲ့ သစ္စာရဲ့ညီမလေး။ နောက်ထပ် ဘဝတစ်ခုကို မပျက်စီးစေနဲ့တော့။

ဦးရန်အောင် စိတ်ကိုနိုင်အောင်ဆုံးဖြတ်၍ ထရပ်ဖို့ပြင်သည်။

"ကျွန်တော် ပြန်မှဖြစ်မယ်"

"ဘာဖြစ်လို့လဲ၊ ကြာကြာနေရင် ပေါ်ကုန်မှာစိုးလို့လား"

ရယ်လက်စမျက်နှာနှင့် ဂရုမစိုက်သော မဲ့ပြုံးကိုပြုံး၍ မေးသည်။ သူ ခေါင်းခါလိုက်၏။

"စက်လိုပဲ ကျွန်မလဲ အသည်းကွဲနေတာပဲလေ၊ ဒါကြောင့် မိန်းမ တန်မဲ့ အရက်ထိုင်သောက်နေတာ။ ရှင်က ကျွန်မကျတော့ အားပေးဖို့ ဖျောင်းဖျဖို့တွေ မလုပ်တော့ဘူးလား"

"မင်းက မလိုပါဘူး"

သူ ခေါင်းမခါရဲအောင် မူးနောက်လာ၏။ ဝီစကီအမူးက တရှိန်ရှိန် တက်လာနေတာ သိသာ၏။ အမြဲတမ်းသောက်ဖူးနေသည့် လစ်မစ်ထို နည်းနည်းလေးပဲ ကျော်သွားတာပါ။





စိတ်ညစ်လို့ ပိုမူးတာလား…

"ပြန်ထိုင်ပါဦး။ ရှင့်ကိုမမေးလဲ ကျွန်မက အားလုံး သိနေပြီးသား ဦးရန်အောင်။ မိုးကောင်းကင်က ပါးပါးကလေး နေခဲ့လို့ပါ၊ တကယ်နိုက်ချွတ်သိချင်လာရင် တစ်နေကုန်ဆိုတာ အချိန်တွေ ပိုနေသေးတယ် အပျွန်း ပျွန်း"

ဦးရန်အောင် ဘာကိုမှ ဂရုမစိုက်တော့ဘဲ ခြေလှမ်းစရွေ့သည်။

"ကျွန်တော် ပြန်တော့မယ်၊ ဒီထက်ဆိုးရင်း ကားမောင်းလို့ရမှာ မဟုတ်တော့ဘူး"

"ဪ…"

ခေါင်းတညိတ်ညိတ်နှင့် မော့ကြည့်ပြုံးနေသည့် မိုးကောင်းကင်၏ မျက်နှာကြီးက ရှည်ထွက်လာလိုက် ပြန်ပုသွားလိုက်။

ခေါင်းကို စိတ်ရှိလက်ရှိ ခါထုတ်ပစ်လိုက်ပေမယ့် ကြည်လင်မလာဘဲ ပိုမူးသွားသည်။

သိသာသွားပြီလား၊ မတတ်နိုင်တော့ပါ။ ရွှယ်စုး အကြောင်း သူမ ဘယ်လိုနည်းနဲ့ပဲ သိလာလာ သူ ပြောလိုက်ခြင်းကြောင့် မသိစေရ။ ပြောဖြစ်ဖို့က မမူးမှဖြစ်မည်။

အခု သူ တော်တော်မူးနေပြီဖြစ်၏။ မူးမူးနှင့် ဒေါသတွေ မောဟတွေ ပါလာပြီး သူ အတိုက်အခံတွေပြောရင်း အားလုံး ပေါ်သွားနိုင်သည်မို့…

"ဟား ဟား ဟား"

ထွက်ခွာသွားသည့်ကျောပြင်ကို စိုက်ကြည့်ရင်း မိုးကောင်းကင် ခပ်တိုးတိုးရယ်သည်။ တိုးတိုးကနေ ကျယ်ကျယ်ဖြစ်လာသည်။

ထို့နောက် စားပွဲပေါ်မှာ မျက်နှာမှောက်အိပ်ကာ မူးနောက်ပြာဝေလာတာကို ကြိတ်မှိတ်ခံစားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှမရတော့မှ လက်ကိုင်အိတ်ကိုဖွင့်၍ ဆေးတစ်လုံး သောက်သည်။

ဝိတ်တာကောင်လေး ပြန်ရောက်လာပြီး ဒီတစ်ခါ သူမ မမှာဘဲ ကော်ဖီကြမ်းနှင့် သံပရာတစ်ခြမ်း လာချပေးသ်။ မိုးကောင်းကင်က ကော်ဖီပွဲကို ငုံ့ကြည့်၍ ပြုံးကာ…

"ရပြီ မလိုတော့ဘူး။ ဟား ဟား ငါ ဘာလို့မှုးရမှာလဲ၊ ဒီနားမှာ ထိုင်ပြီး အောင်သေအောင်သား စားရဦးမှာ ဟား ဟား"

တစ်ကိုယ်တည်း ခပ်တိုးတိုးပြောရင်း နားထင်ကိုထောက်လိုက်၊ နဖူးပွတ်လိုက်…

ပြီးတော့ နာရီတစ်ချက် ငုံ့ကြည့်၍ စက်ရုပ်တစ်ရုပ်လို အသက်မပါသော လှုပ်ရှားမှုများတိုင်း ကော်ဖီခွက်ထဲကို သံပရာတစ်ခြမ်းလုံး စိမ်ပြေနပြေ ညှစ်ထည့်နေဆဲမှာ မျက်နှာက ပေါက်ထွက်တော့မတတ် တင်းမာရဲတွတ်လာခဲ့၏။

သူမမျက်နှာသည် စောစောက ရိုထေ့လှောင်ပြောင်နေခဲ့သော ရယ်မြူးခြင်းများ လုံးဝမရှိတော့ဘဲ တစ်စက်မှ ထပ်မကျတော့သည့် သံပရာခြမ်းကလေးကိုပဲ အံကြိတ်၍ ဖိညှစ်နေခဲ့၏။

တစ်စုံတစ်ယောက်ကို လည်ပင်းညှစ်သတ်ပစ်နေသလို ဖိကိုင်ထားသည့် နှုတ်ခမ်းသားများက အပြုံးတကြီး စေ့ပိတ်လျက်…

"ဟော"

ဖုန်းသံမြည်လာ၏။ မိုးကောင်းကင်ကိုယ် ဆတ်ခနဲဖြစ်သွားတာ ဖွင့်ထားပြီးသည့် လက်ကိုင်အိတ်ထဲကို နှိုက်ယူလိုက်၏။

"ဒေါ်မိုးကောင်းကင်"

"ပြော"

"ကိစ္စပြီးသွားပြီ"





"သေချာရဲ့လား"

"သိပ်သေချာတာပေါ့၊ ခင်ဗျား ဖြစ်စေချင်တဲ့အတိုင်း ပယောဂ လုံးဝ မပါခဲ့ဘူး။ သူ တအားမူးနေတာလေ၊ ရှေ့ကနေ နည်းနည်း ခြောက်လှန့်မောင်းပေးလိုက်တာနဲ့ သူ့အလိုလို ဒိုးသွားတာ၊ ပွဲချင်းပြီးပဲ"

"အခု မင်း ဘယ်မှာလဲ"

"ကားမှောက်တဲ့နေရာနဲ့ လွတ်ကင်းတဲ့နေရာ ရောက်နေပြီ"

"အိုခေ…"

ဖုန်းကိုသာသာလေးချလိုက်ပြီး တသိမ့်သိမ့်ကြည့်နူးစွာ ပြုံး၏။ ပြီးတော့ မျက်နှာမော့၍ ကိုယ့်နားနှင့်ရယ်သံ သင့်မြတ်ရုံကလေးပဲ ရယ်သည်။

ရင်ထဲမှာတော့ ဟားတိုက်ရယ်မောနေရင်း…

ရှင် တမလွန်မှာ နားလည်သွားမှာပါ ဦးရန်အောင်…

'ကျွန်မက မိုးကောင်းကင်…'



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၆)

"ဒီမှာ... ဒီမှာဗျ... ဦးမင်းစက်ရာ၊ ဒီမှာ ထစမ်းပါ"

ဘယ်လိုနှိုးလို့မှမရ၊ တွန်းထိုး ပုတ်ခတ်နေလည်း စက်က လူးလူး လဲလဲနှင့် နေရာမှာခွေချလိုက်ဖို့သာ အာရုံထားနေသည်။

"ခင်ဗျား... ခင်ဗျား ရွယ်စုးကို မကယ်တော့ဘူးလား၊ ဟိုမိန်းမကြီး က ရွယ်စုးကို သတ်ပစ်တော့မှာ ဦးမင်းစက်ရာ..."

"ဟာ... ဘာလဲကွာ သွားစမ်း... သွား၊ ဘာရွယ်စုးလဲ သွား"

မျက်နှာကို နာကျင်အောင် ပင့်ထိုးပုတ်ခတ်နေသဖြင့် စက်ထ မူးနေပေမယ့် တုံ့ပြန်၏။ လက်ပြန်လွှဲရိုက်ပစ်ရင်း ခါထုတ်သည်။ မိုး ကပျာကယာ ရှောင်လိုက်ရပြီး...

"တောက် လူယုတ်မာ..."

နေပါစေတော့၊ ဒေါသဖြစ်ဖြစ်နှင့် မင်းစက်ရာကိုယ်ကြီးကို ထား ပေါ်ကဆွဲထုတ်ကာ လမ်းဘေး သစ်ပင်တွေကြားထဲ သွင်းပစ်လိုက် သည်။





သူ ကားပေါ်ပြန်ပြေးတက်၍ ဦးတည်လိုက်သည်က ရွယ်စုးဆီ ကိုဖြစ်၏။

"စက်ကို (.....)မှာ တွေ့တယ်၊ သူ မူးနေမှာပဲ ရိုပ်။ မင်း အခု မြန်မြန်ထွက်ခဲ့"

ညအချိန်မတော်မှ ဟိုထွက်ဒီထွက်နှင့် မိုးကောင်းကင် ဗျာများနေ တာကို သိသော်လည်း ရွယ်စုးနှင့်ပဟ်သက်နေမှန်း အစက သူ မသိ။

"စက်ကို ရှာရမယ်၊ မင်း မြင်ဖူးတယ်မဟုတ်လား။ (....)လမ်းဘက် ကို သွား၊ တွေ့ရင် ချက်ချင်းဖုန်းဆက်"ဆိုပြီး သူ့ကို တစ်နေရာခိုင်း၍ သူမက တစ်နေရာကိုထွက်၏။

တွေ့ပြီးဆိုတော့ သူမကပဲ သွားတွေ့တာဖြစ်သည်။ သူ ရောက် သွားတော့ သီးသန့်ခန်းထဲမှာ မင်းစက်ရာနှင့် လူကြီးတစ်ယောက်...

ပြောနေသမျှကို အားလုံး ကြားနေရသည်။ ဒီလူတွေ ဘာဖြစ်လို့ ဒီလို လွှတ်လွှတ်လပ်လပ်ကြီး ပြောနေကြတာလဲ။ မှန်တစ်ချပ်၏ တစ်ဖက်မှာတော့ သူရယ်၊ မိုးကောင်းကင်ရယ်၊ လူမိုက်တစ်ယောက် နှင့်...၊

ပြောနေကြတာတွေကို နားထောင်၍ မိုးကောင်းကင်က သွားကြိတ် နေသံနှင့် မဲ့ရယ်သည်။ ဘယ်သူမှ မသိကြသော်လည်း ရွယ်စုးကို နင့် နေအောင်ချစ်ခဲ့သည့် သူ့ရင်ထဲမှာ မိုးကောင်းကင်၏အပြုံးတွေကြောင့် အသက်ရှူကျပ်လာခဲ့ရသည်။

"မင်း သွားစောင့်နေတော့၊ ကိုယ့်ပယောဂ မပါစေနဲ့။ မင်းကိုချည်း ပဲ တို့က ခိုင်းမှာမဟုတ်ဘူး၊ ဒီကနေ သေချာပြီဆိုမှ လွှတ်ပေးလိုက်မှာ၊ ပိရိပါစေ"

သူ့ရှေ့မှာပဲ မှာနေတာ ဒီလူကြီးကို ရှင်းပစ်ဖို့။ သူ တွက်မိလိုက်မိ သည်။ ဒီလူကြီးကို အမူးလွန်အောင်တိုက်ဖို့ သူမ ခြေလှမ်းပြီးဟု...



www.burmeseclassic.com

သူ့ယောက်ျားကိုကျတော့ လွတ်စေသတည်းဖြစ်သည်။

"သူ့ကို တို့ညှော်ခန်းမှာပဲ သေချာထားခဲ့လိုက် ရိပ်၊ အိပ်ခန်းထဲ မထည့်ခဲ့နဲ့နော်၊ နိုးလာရင် ပြဿနာရှာမှာ..."

ဟု ပြောလိုက်သံက ချစ်စနိုးဟန်များနှင့် ခွင့်လွှတ်နားလည်ခြင်းတွေ အပြည့်...

"မင်း သူ့နားမှာပဲနေ၊ ဒီည သူ အိမ်ပြန်ရောက်သွားလို့ လုံးဝမဖြစ်ဘူး"

နောက်ထပ် စကားသံက သေမင်တမန်၏ လက်တံရှည်များသဖွယ် တင်းမာကြမ်းတမ်းစွာနှင့်...

ထိုမျှနှင့်ပဲ သူ သဘောပေါက်သွားသည်။

ထို့ကြောင့် လမ်းမှာကားရပ်ပြီး ရွှယ်စုးကို ချစ်ပါသည်ဆိုသော စကားကို သူ မရမက နှိုးနေမိခြင်းဖြစ်သည်။

မိုးကောင်းကင်ဟာ သူမဘဝကို သူမသာ ပိုင်စိုးနိုင်ခဲ့သလို မင်းစက်ရာကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ ထို့ပြင် ထိုယောက်ျား၏ နံဘေးမှာ လိပ်ပြာတစ်ကောင်ပင် ပျံဝဲသွားတာ မကြိုက်။

မိန်းမဆိုလျှင် မိန်းမကို ကိုယ်စားပြုသော ပန်းကိုသော်မှ နမ်းတာ မကြိုက်ခဲ့ပေ။ မင်းစက်ရာနှင့် ဇတ်သက်သမျှကို ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် သူမက ရှင်းပစ်မှာပဲဖြစ်သည်။

ဒီပွဲမှာ မင်းစက်ရာက အလွတ်။

ရွှယ်စုးကို ကယ်တင်နိုင်ဖို့က ထိုယောက်ျားပဲ ရှိတော့သည်။ မိုးကောင်းကင်ကို သူသာ တွန်းလှန်နိုင်စွမ်းရှိသူဖြစ်၏။

ထို့ကြောင့် အပူတပြင်း လှုပ်နှိုးမိသည်။ ဘယ်လိုပြောပြော၊ ဘယ်လိုထုထု ထိုသူကတော့ ခေါင်းမထူခဲ့ပေ။ ဘာတွေဖြစ်ကုန်ကြတာလဲ။ ရွှယ်စုးကို ဘာအပြစ်တွေနဲ့ ဒီလူက စိတ်နာစွန့်ပစ်ရတာလဲ။





ဘာမှမသိပေမယ့် သူ စဉ်းစားချိန် မရတော့ပေ။ မင်းစက်ရာကို နှိုး၍ အကူအညီခေါ်ဖို့လည်း မဖြစ်နိုင်တော့သည်မို့...

"တောက်... ဘယ်လိုလူမဆန်ကြတဲ့လူတွေလဲ"

ကားမောင်းရင်း တက်ခေါက်မိသည်။ ညဥ့်ယံထဲမှာ လမ်းပေါ်မှာ ကားတွေလည်းရှင်းတော့ ရိပ် အရှိန်မြှင့်မောင်းခဲ့၏။ သူ မိပါဦးမလား...

ဝေ့ခနဲ ဝဲခနဲ လူးနေသောကားပေါ်မှာ ဒက်ရှ်ဘုတ်ပေါ်တင်ထားသည့် ပန်းချီကားလေးက ဆိုဖာပေါ် ပြုတ်ကျလာ၏။ သူ့ရင်ထဲမှာ နင့်သွားမိလေသည်။

ယြော်... တိုက်ဆိုင်စွာ ဆိုးရွားခဲ့တဲ့ ကံကြမ္မာပါလား...

ရွှယ်စုးနှင့်သူ့မှာ ချစ်လျက်နှင့် မဆုံစည်းခဲ့ရဘဲ မိုးကောင်းကင်ကတော့ မင်းစက်ရာကို ဆုံစည်းခွင့်ရခဲ့မိလျက်နှင့် ချစ်ခွင့်မကြုံ။

မင်းစက်ရာ၏ရင်ခွင်ထဲမှာ ရွှယ်စုးက ဘဝကြောင့် ပုံအပ်ခဲ့ရသည်။ သူကတော့ ဘာအတွက်ကြောင့်မှ မဟုတ်ခဲ့ဘဲ အဖေနှင့်ပတ်သက်ရာ တနေ ရှင်သန်ဖို့တွေ၊ ကျေးဇူး ဆိုတာတွေ တစ်ရစ်ပြီးတစ်ရစ် တက်နေခဲ့ရင်း အမှုတော်ထမ်းနေခဲ့၏။

ခုဆို အဖေ့ကျန်းမာရေး၊ နေထိုင်စားသောက်ရေး အားလုံးကို မိုးကောင်းကင်က လိုလေသေးမရှိ တာဝန်ယူထားခဲ့သဖြင့် ပိုဆိုးသွားသည်။

ဒီမိန်းမ ဒီလို အကြံကြီးကြံနေပါတယ်၊ ဒီလိုပက်စက်ပါတယ်လို့ သူ ဘယ်လိုတိုင်တန်းရမလဲ။ တိုင်တော့ရော ဘယ်လို သက်သေ သာဓကတွေနှင့် တိုင်မလဲ။

မိုးကောင်းကင်သည် သေစေခဲ့ခြင်းသာဖြစ်လျက် သတ်ခဲ့တာ မဟုတ်။ ရွှယ်စုးကိုကျော့ သူတို့ ဘာလုပ်ကြမှာလဲ၊ အဝေးကို နှင်လွှတ်လိုက်မှာလား၊ သတ်ပစ်မှာလား...

www.burmeseclassic.com



မိုးကောင်ကင် ရင်ထဲကို သူ မသိနိုင်ပေမယ့်...

"ဟွန်း ကိုယ်ဝန်တောင် အပ်ထားပြီးပြီဆိုပဲ၊ ဟော့ သိလား တို့တွေ မထင်ခဲ့ဘူးနော်"

သတင်းရရချင်းပဲ သူ့ကို လာပြောခဲ့သည်။ သူနှင့်ရွှယ်စူး ဘယ်လို ပတ်သက်နေသည်ကို မသိသော သူမကတော့ ဘာဖြစ်ဖြစ် သူ့ကိုပဲ လာပြောသည်၊ ရင်ဖွင့်သည်။

မိုးကောင်းကင် မျက်ဝန်းတွေထဲက မျက်ရည်ကြည်တို့၏ နောက်ကွယ်မှ ဒေါ်းစက်မှုကို ရွှယ်စူးအစား သူ တုန်လှုပ်ခဲ့ရ၏။

မိုးကောင်းကင်၏အရိပ်က တော်တော့်ကို ကျယ်ပြန့်ပါသည်။ ဖုန်းတစ်လုံး ကိုင်စောင့်နေရုံနှင့်ပဲ နေမဝင်မီမှာ ရွှယ်စူးနှင့်ပတ်သက်သည့် သတင်းအစုံကို ရရှိသွားခဲ့သည်။

သူမ လာပြောသမျှ ခိုင်းသမျှတွေကို ဂုံစံမပျက် လုပ်ဆောင်ပေးနေရင်း သူ အားလုံးကို သိနေခဲ့၏။

ရွှယ်စူးအတွက် သူ ရင်နင့်ခဲ့ရတာ ဘယ်လိုမှ ဟန်မဆောင်နိုင်အောင်ပင်။ နှင့်ထက်အဖြစ်ဆိုးတဲ့မိန်းမ ရှိပါဦးမလား။ ဘာမှလည်း မသိပါဘဲ ကြီးမားသောအပြစ်တစ်ခု ကျူးလွန်ပြီးသား ဖြစ်နေခဲ့သည်။

ထိုအပြစ်အတွက် ဘယ်ရွှေ့ဘယ်မျှ ဝေးဆပ်ရမည်ဆိုတာလည်း မသိရှာ။

လှုပ်ခုန်နေသည့် ပန်းချီကားလိပ်ကို မကြာခဏ ငုံ့ကြည့်ရင်း မင်းစကြာတို့လမ်းထိပ်မှာ ကားကိုရပ်သည်။ မှောင်နှင့်မည်းမည်းလမ်းထဲကို လှမ်းကြည့်ကာ ရဲရဲဝံ့ဝံ့ ပြေးဝင်ခဲ့၏။

ဘယ်သူ့အတွက် ကံကောင်းနေခဲ့သည်တော့ မသိပါ။ ဒီည အပြတ်ရှင်းမည်ဆိုသော မိုးကောင်းကင်၏ဘက်တော်သားဆိုသူတွေ ဘယ်သူမှ ရှိမနေကြပေ။





"ဦးလေး... ဦးလေး ဒီမှာဗျာ..."

သူ တံခါးချပ်ကြီးကို အားစိုက်၍ ထုရိုက်ခေါ်သည်။

အထဲကနေ တုတ်တုတ်မျှမလှုပ်ဘဲရှိသဖြင့် ခြံရှေ့မှာ ဟိုပြေးဒီပြေး ဖြစ်သွား၏။

ဝင်နိုင်မည့်နည်းလမ်းကိုရှာတော့ ခြံထောင့်မှာ ကေရာဇ်ပင်ကြီး တစ်ပင်။

ရိပ်သည် ရှေ့ကိုသာ အာရုံစိုက်နေလျက် မှောင်ရိပ်ထဲမှ စိုက်ကြည့်နေခဲ့သည့် မျက်လုံးတွေကို သတိမထားနိုင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၇)

မီးရောင်ဖြာနေသည့် ပေါ်တီအောက်မှာ ပြေးရပ်လိုက်သည်နှင့် ဆိုဖာပေါ်မှာ ပုံပုံလေးထိုင်နေသည့် ရွှယ်စူးကို မြင်လိုက်ရ၏။

"ရွှယ်စူး"

"ဟင်… ရိပ်"

ရွှယ်စူး ဖျတ်ခနဲ ထရပ်လိုက်ပုံက အလွန်အမင်း အံ့သြလျက် ထိတ်ထိတ်ပျာပျာ ပုံစံလေးနှင့်။ ရိပ်က ပိတ်ထားသည့် တံခါးဆီ ပြေးကပ်၍ တံခါးကို လှုပ်၍ခေါ်လိုက်၏။

"ရွှယ်စူး လာ မြန်မြန်"

"ရိပ် ဘာလဲဟင်…"

"ရွှယ်စူး တံခါး မြန်မြန်ဖွင့်၊ မြန်မြန်လာ…"

"ရိပ် ဘာဖြစ်လို့လဲဟင်၊ ဘဘနဲ့ မတွေ့ခဲ့ဘူးလား။ နင် မိုးဝင်လာတာလား"

စောစောကပဲ ဓာတ်မီးအိမ်တစ်လုံးနှင့် သံတုတ်ကြီးတစ်ချောင်း ကိုင်ကာ တံခါး သေချာပိတ်ထားဖို့ ပြောသွားသေးသည်။ ခြံထဲမှာ ကင်းလှည့်နေတာဖြစ်နိုင်၏။





"ဒီအချိန်မှဆို လူလေး ပြန်လာချင်မှ လာတော့မယ်၊ စောင့်ချင်လဲ စောင့်ပေါ့။ တံခါး သေချာပိတ်ထား" တဲ့။

အိမ်ပြန်မလာတော့လောက်အောင် သူ့ကို ရွှယ်စူး ဘာမှလည်း မပြောရသေးပါ။ ရှောင်မယ့်သူမရှိသော မျက်ရည်စက်တို့ကို ကိုယ်ဘာသာ ပြန်သိမ်းရင် မျှော်နေခဲ့ရတာတောင် မျှော်ခွင့်မရှိတော့ဘူးလား။

ရွှယ်စူး ငိုနေရင်း ဒီတိုင်း ငုတ်တုတ်ထိုင်စောင့်နေခဲ့မိသည်။ အဆိုးအကောင်း၊ အကျိုးအကြောင်း ပြောစေချင်သည်၊ ဆွေးနွေးဖို့ကောင်းသည်။

အခြေအနေဟာ အပြစ်ရှိတဲ့သူက သူလား ကိုယ်လား ဆိုတာဝင် မသိတော့သည့်အဖြစ်။ ခုတော့ မျှော်သူကမလာဘဲ ဘယ်လိုမှ မထင်မှတ်သည့်သူက ဘွားခနဲ ရောက်လာခဲ့၏။

ရိပ်၏ကိုယ်မှာ ရှပ်အင်္ကျီလက်တိုအနက်ရိပ်လေးက ရင်ဘတ်မှာ စုတ်ပြဲနေသည်။ မေးဖျားမှာ သွေးစို့နေသည့် ပွန်းရာကြီးတစ်ခုနှင့် ဘာကျာတံခါးမှာ ကိုင်ထားသော လက်ခုံတစ်ဖက်မှာလည်း သွေးတွေနှင့်။ ဘက်ကဘယ်လို ဝင်လာရသည် မသိပါ။

"ရိပ်"

ရွှယ်စူး တံခါးပြေးဖွင့်သည်။ ဘာဖြစ်ဖြစ် ရိပ် ဒီအချိန် ဒီပုံစံနှင့် ရောက်လာတာ အလည်လာတာမဟုတ်မှန်း သိသည်။ မသိတာကို နောက်မှမေးမည်ဟု ဆုံးဖြတ်ကာ တံခါးဖွင့်၍ သူ ဝင်သာအောင် လမ်းဖယ်ရင်း…

"ဝင်လေ ရိပ်၊ ကိုယ်မှာလဲ ဒဏ်ရာတွေနဲ့"

"မဝင်တော့ဘူး လာ…"

"အို… ရိပ်… ရိပ် ဘာလုပ်တာလဲ"

နောက်ထပ် မထင်မှတ်တာတစ်ခုကို ရိပ်က ထပ်လုပ်ပြန်သည်။ သူမလက်တစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်ပြီး ဆွဲချလေ ပြေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ယိတ်ကောင် ရပ်လိုက်စမ်း"

"ဟင်… ဘဘ"

ခါတ်မီးရောင်က ဝင်းခနဲ ကျလာ၏။ နှစ်ယောက်လုံး ခြေလှမ်းတုံ့သွားကြသည်။ ရွှယ်စူး ဘယ်ဘက်က ဘာဝင်ပြောရမှန်းမသိ ဖြစ်သွား၏။ ရိပ် ဘာဖြစ်လာမှန်းလည်းမသိ၊ ဦးတိုးက ဒီပုံစံကြီးနှင့် မြင်သွားပြီဆိုတော့ ဦးစက်မရှိတဲ့ ညကြီးအချိန်မှာ သူမကို ဘယ်လိုထင်မလဲ။

"ခွေးသူခိုးလေး ရပ်နေစမ်း။ သူများခြံဝင်းထဲ ကျူးကျော်ဝင်လာပြီး သူတစ်ပါးသားမယားကို မင်းက…"

သံတုတ်ကြီးနှင့် ဝှီးခနဲလွှဲရိုက်၏။ ရိုက်ပြီဆိုတော့ ခါတ်မီးထိုးထားပြီး ရိုက်လို့မရ။ သုံးယောက်လုံးက မှောင်ရိပ်ထဲ ရောက်နေကြပြီမို့ ရိုက်ချက်က ထိချင်ရာထိ ဆိုတာမျိုး…။

"ရွှယ်စူး နောက်ဆုတ်"

ရိပ်က ရွှယ်စူးကို တွန်းပစ်လိုက်သေးတာမို့ တုတ်ချက်အဖျားခတ်မိသွားသည်။

"အား… ဘဘ… ဘဘ… ကျွန်တော် ပြောပါရစေ၊ ခဏလေး ရပ်ပါ"

"မပြောနဲ့ဟေ့၊ မင်းကြောင့်…"

"မဟုတ်ဘူး…"

ရိပ်က မခံရပ်နိုင်အောင် အောင့်တက်နာကျင်သွားသည့် ဝဲနှစ်ဖက်ကို ဖိဆုပ်ကာ ပြေးလွှားရှောင်တိမ်းရင်း တောင်းပန်သည်။

"ကျွန်တော် မရိုးမသားလာတာ မဟုတ်ပါဘူး၊ ရွှယ်စူးကို ခဏလေး ကယ်ထုတ်သွားရုံပါပဲ"

"ဘာကွ"

"မိုးကောင်းကင်ဆိုတဲ့မိန်းမက သူ့ကိုသတ်ဖို့ လာနေပြီ"





"မဟုတ်ကဟုတ်က သေပေတော့"

"ဝှီး"

"ဒုတ်"

"အ…"

"ရိပ်… ရိပ် ထိသွားပြီလားဟင်"

ရွှယ်စူး မိုးကိုယ်ကြီး ယိုင်ထွက်သွားတာကို မြင်လိုက်ကာ မျက်လုံးပြူးသွား၏။

"ဘဘ တော်ပါတော့၊ သူ့ကို ရွှယ်စူးခေါ်တာ၊ သူ့နောက်ကိုပဲ လိုက်သွားမှာ၊ မရိုက်ပါနဲ့"

ပြောလည်းပြောကာ ဦးတိုး၏ သံတုတ်ကိုင်သည့်လက်ကို အတင်းဝင်ဆွဲသည်။

"အား…"

ရိုက်ချက်က ကျကျနနကြီး ထိသွားသည်။ ဗိုက်ထဲမှာရှိသမျှ ကလီစာတွေ ကြေမွကုန်ပြီလားမသိ။

"ရွှယ်စူး"

အခြေအနေတွေ ရှုပ်ထွေးကုန်လေသည်။ အားလုံး ငြိမ်သက်သွားသောအခါ ဦးတိုးသည် သွေးတို့ဖြင့်ရဲနေသော ခေါင်းကို လက်နှစ်ဖက်နှင့်ကိုင်ကာ ကုန်းကွတွန့်လိမ်နေ၏။ ရိပ်သည် ဘယ်ကလာမှန်းမသိအောင် နာကျင်နေသည့်ဝေဒနာကို အောင့်ထား၍ အရေးကြီးဆုံး လုပ်ရမှာကို တွေးသည်။

"လာ ရွှယ်စူး"

"အား… နာတယ်"

ရိပ်က ဦးတိုးခါးကြားမှသော့ကို ဖြုတ်ယူကာ ရွှယ်စူးလက်ကလေးဆိုဆွဲလိုက်၏။

"ခဏအောင့်ထားပါဟာ၊ ဒီခြံထဲကလွတ်ရင် ဝါတို့ ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အ… အား…"

ရွယ်စူး မိုက်ကိုတစ်ဖက်နှိပ်ရင်း လဲလဲပြိုပြိုလေးပါလာသည်။

ရိပ်၏အပြောအရ မိုးကောင်းကင်က ကိုယ့်ကိုသတ်တော့မည်တဲ့။ ဖုန်းထဲက အကြားအရ ဒေါမာန်ပြင်းလွန်းသည့် မိုးကောင်းကင်၏ လေသံဟာ ရိပ်၏စကားကို အကြွင်းမဲ့ ယုံကြည်ဖို့ အတည်ပြုခဲ့၏။

ဝေဒနာလည်းပြင်းနေသည်။ ချစ်၍နာကျင်ခဲ့သည့် နှလုံးသား တစ်ခုလုံးဟာ သံတုတ်စာမိတာထက် များစွာ ဆိုးရွားနေ၏။

"မင်းကိုကျမှ ကိုယ် ချစ်ခဲ့တာ"တဲ့။

"မင်းက ကိုယ့်ရဲ့အချစ်ဦး၊ မင်းကို သိပ်ချစ်တယ်"တဲ့။

ရက်စက်လှချေလား ဦးစက်ရယ်၊ အခု အဲဒီအချစ်တွေ ဘယ်မှာ လဲဟင်…

ရွယ်စူး ဘယ်ဝေဒနာကြောင့်မှန်းမသိဘဲ ဆတ်ဆတ်တုန်အောင် နာကျင်လျက် မြေပြင်ရောက်တော့ ခွေခနဲလဲလေသည်။

ထိုအခါ ရိပ်မှာလည်း ဒဏ်ရာနှင့်မို့ သူလည်း ဒူးတုပ်လဲကျ၏။ သို့သော် သူလည်း ချက်ချင်း ပြန်ကျုံးထသည်။ ရွယ်စူးကိုလည်း မရ မက တွဲထူ၍…

"နည်းနည်းလေး အားတင်းထားပါ ရွယ်စူးရယ် နော်၊ ထ… ထပါ"

"သိပ်နာနေပြီ ရိပ်ရယ်၊ သူတို့ ငါ့ကိုသတ်ချင်ကြတာမဟုတ်လား သေပါစေတော့… "အား…"

ဆီးစပ်တွေ မချိမဆံ့ ကိုက်ခဲလျက် ခြေထောက်မှ တောက်လျှောက် ပူနွေးသောအရာတွေ ဆင်းကျလာတာကို သိလိုက်ရလျှင် ကိုယ်ဝန် ပျက်ခဲ့ပါပြီ။

သွားပြီ…၊ ရွယ်စူး အံကြိတ်ထားရင်း မျက်လုံးတွေ ပြာလာသည်။ သူမ ဘာဖြစ်နေပြီမှန်း သိလိုက်ရခြင်းနှင့်အတူ သေမထူး နေမထူး ကိုယ့်ဘဝအတွက် လွတ်မြောက်ခွင့်ကိုလည်း မလိုချင်တော့ပေ။





"ရိပ် နင်ပြေးပါ၊ ငါက အသက်ရှင်နေလဲ တစ်သက်လုံး ဘဝသေ ရတော့မယ့်သူ၊ သွားပါတော့၊ ငါ့ကြောင့် နင်…"

"ဘာဖြစ်ဖြစ် နင့်ကို ငါ ကာကွယ်ရမှာပဲ၊ မလျှောက်နိုင်တော့ဘူး လား… လာ"

"အား"

ရွယ်စူးကို သူ ပခုံးပေါ်ထမ်းတင်ဖို့ လွယ်လွယ်နှင့်မရပါ။ သူ့မှာ လည်း ဒဏ်ရာတွေနှင့်။

လမ်းတစ်လျှောက်မှာလည်း ညဥ့်လေပြည်က ဖျော့ဖျော့လေး ဖြူးနေသည်။ ဘယ်အချိန်၊ ဘယ်နှစ်နာရီတွေ ဖြစ်နေပြီမှန်းမသိ။

အိတ်ထဲက ဖုန်းမြည်လာတော့ သူ ထုတ်ယူပြီး လွှင့်ပစ်ခဲ့သည်။ ခြေလှမ်းတို့က မခိုင်နိုင်ချင်တော့ပေ။ ရွယ်စူးထံမှာ ညည်းညူသံလေး တောင် တိတ်ကျသွားပြီဖြစ်၏။

'ရွယ်စူး'လို့ ခေါ်ကြည့်လိုက်သော်လည်း မထူးတော့ ထပ်မခေါ် မိတော့ပါ။ ဝေဒနာကို ကြိတ်ခံနေရရှာတာဖြစ်မည်။ ခြေစောင်းကြီး၏ သံတုတ်ရိုက်ချက် ရွယ်စူးကို ကျကျနန ထိသွားတာ သူသိသည်။

သူ့ကို အသေခံပြီး ကာကွယ်ခဲ့သည့် ရွယ်စူး။ ငါတို့ ဘာလို့ခွဲရမှာ လဲ။ ငါက ဘာမို့လို့လဲ ရွယ်စူးရယ်၊ ငါ နင့်ကို မရိုးမသား ချစ်ခဲ့ဖူးပေ မယ့် ငါတို့ရဲ့ သံယောဇဉ်တွေက ခိုင်မြဲတည်ကြည်တဲ့ အမြဲတမ်း အဖြူ ရောင်ပါ။

သေအတူ ရှင်မကွာ ငါ နင်နဲ့အတူ ရှိနေမယ်။

ညဥ့်လေဖြူးဖြူးမှာ ဦးခေါင်းကြီးတစ်ခုလုံး အေးစိမ့်စိမ့် ကျပ်ခဲခဲ ကြီး ဖြစ်လာသည်။ ပြီးတော့ ပြုတ်ထွက်သွားတော့မလောက် ကိုက်ခဲ နာကျင်လာ၏။ သွေးအေးတော့မှ ဝေဒနာက ပေါ်လာသည်။ သူ့ခေါင်း မှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်ပဲ။

လက်တစ်ဖက်နှင့် စမ်းကြည့်လိုက်တော့ နောက်စေ့တစ်ပြင်လုံး



www.burmeseclassic.com

မှာ ပျစ်စေးစို့ရွှဲနေသည်။ လည်ကုပ်ထိ တောက်လျှောက်မှာလည်း စိုရွှဲနေတာတွေအားလုံး သွေးတွေပဲ ဖြစ်လေသည်။

လူတစ်ယောက်လုံးကြီးကို ထမ်းလျှောက်နေရင်း ခြေထောက်တွေက ဆတ်ဆတ်တုန်လာသည်။

သူ ကားထားသည့်နေရာကို လှမ်းမြင်နေရသည်ဟု ထင်ပြီးကာမှ အဝေးကြီးပဲ ပြန်ဆုတ်သွားသလို မြင်လာသည်။

ထိုစဉ် သူ့ပခုံးပေါ်က ရွှယ်စူး လူးလွန့်လာ၏။

"ရွှယ်စူး..."

"အား..."

"မလှုပ်နဲ့ မလှုပ်နဲ့နော်၊ နင် နာမှာပဲ၊ ဒါပေမယ့် ငါလဲ ဒီလိုထမ်းမှ ပဲရမှာ၊ ရောက်ပြီ သိလား.. ဟိုမှာ ကား..."

သူ စကားတွေ တတွတ်တွတ်ပြောနေရင်း ဖျတ်ခနဲ သတိရလိုက်၏။

"ရွှယ်စူး တကယ်လှုပ်ရှားသွားတာ ဟုတ်ရဲ့လား၊ တကယ်ညည်းသံ ငါ ကြားတာ ဟုတ်ရဲ့လား။ ရွှယ်စူး သတိလစ်နေတာပါ"

အတွေးတွေ ကယောင်ချောက်ချားဖြစ်လာသည်။ ကိုယ့်ကိုယ်ကိုတောင် လမ်းလျှောက်နေသလား၊ လဲကျသွားပြီလား မသိတော့။

ထိုစဉ် လမ်းထိပ်ကွေ့ကို ရောက်လာခဲ့၏။ လမ်းမကျယ်ကြီး တစ်ဖက် အရိပ်ထဲမှာ သူ မောင်းလာသည့်ကား သေချာရဲ့လား ဖြစ်ကြည့်မိ၏။

ပြူးပြဲကြည့်မိကာမှ အပြာရောင်လွင်ပြင်ကြီး ဖြစ်သွားပြန်သည်။ ဒီကားကို သူ မောင်းသွားရဦးမည်။ ရွှယ်စူးကို ဆေးခန်းတစ်ခုခုထိ အမြန်ဆုံးရောက်အောင် ပို့ပြီးမှ...

"အင့်..."





လဲကျသွားခြင်းကို တိတိပပ သိလိုက်၏။ ဘယ်လိုမှ မထိန်းလိုက်နိုင်သည့် ရွှယ်စူးကိုယ်လုံးလေးက ပခုံးပေါ်ကနေ ပစ်ချလိုက်သည့် အထုပ်တစ်ထုပ်ကဲ့သို့ ဘုတ်ခနဲမြည်သွားသည်။

"ရွှယ်စူး"

သူ ကျူးခေါ်လိုက်သည်။ အသံလည်းမထွက်ပါ။ ထပ်ညာစ်ခေါ်မိသည်၊ ဘယ်လိုမှ ခေါ်လို့မရ။ ရွှယ်စူးကို ပြန်ဆွဲထူဖို့ သူကိုယ်တိုင်လည်း ထလို့မရဘဲဖြစ်နေ၏။

ညဥ့်နက်နက်၏ အေးစိမ့်ခြောက်သွေ့သော အငွေ့အသက်က ချောက်ချားဖွယ် လွှမ်းခြုံလာသည်။ သူ ရွှယ်စူးရှိရာကို သွားဖို့ဖြစ်ပေမယ့် မရောက်ခဲ့ပါ။

ဟိုဒီ လိုက်ဆွဲနေမိသည့် လက်ဖဝါးထဲမှာ နူးညံ့သည့် လက်ဖဝါးကလေးတစ်ဖက်ကို ထပ်ဆုပ်လိုက်မိသည်။

ရွှယ်စူး... ရွှယ်စူး အော်လည်းမအော်ပါလား။ ဒီလောက် ပြုတ်ကျသွားတာကို ဘာဖြစ်လို့ မအော်တာလဲ၊ သူ တွေးနေမိသည်။ ပါးစပ်က ဘာမှပြောလို့မရ၊ မေးဖို့ဟာလည်း မအောင်မြင်ပါ။ သူ သေရတော့မည်လား၊ စေလိုရာစေ အောင်မြင်နေသည့် မိုးကောင်းကင် အလိုကျ သေစေနိုင်ခဲ့ပြန်ပြီလား။ ဘာမှမဖြစ်ရဘူး ရွှယ်စူးနော်၊ ငါ နင့်ကို ဆေးခန်းခေါ်သွားမှာ၊ ဟိုမှာ ငါ့ကား...

သူ့နားထဲမှာ သီချင်းသံသဲ့သဲ့လေး ဝင်လာသည်။ ကားဆီရောက်အောင် သူသွားဖို့ရှိသေးသည်။

(..... တစ်ရံရောအခါကအဖြစ်ဆိုး... တောင်သမန်လယ်စားလေး...

..... မောင်ဖေငယ်လိုအချစ်မျိုး... မြတ်နိုးယုယ... ချစ်သူအလှ ဒိုင်းခင်ခင်ရယ်...

.....ငယ်ပေါင်းတွေမို့ နှမလိုတစ်မျိုး ချစ်သူလိုတစ်သွယ်... ရင်ဝယ်မျိုသိပ်... ချစ်စိတ်တွေလည်း ဖွင့်မပြောရက်ခဲ့ပါယ်.....)

www.burmeseclassic.com



ဒါ ငါ့ကားပေါ်ကအသံလား၊ ငါ့ကားကို သူတို့ တွေ့သွားကြပြီ။ ကားပေါ်မှာ သူတို့ ထိုင်စောင့်နေကြပြီပေါ့။ မဖြစ်ဘူး၊ ရွှယ်စုးအတွက် ကားရှိမှဖြစ်မှာ။

"ဖယ်ပေး… ခဏဖယ်ပေးကြပါ၊ ရွှယ်စုးကို ဆေးခန်းပို့ချင်လို့ ခဏဖယ်ပေးပါဗျာ"

သူ ပြေးသွားပြီး ကားထဲကို ငုံ့ကြည့်လိုက်မိ၏။ ကားထဲမှာ ယောကျ်ားနှစ်ယောက် ရှိနေသည်။

တစ်ယောက်က စတီယာရင်မှာ လက်နှစ်ဖက်တင်၍ ဖူးတန့်ရှုံ့ လှုပ်နေပုံက အေးအေးဆေးဆေးဖြစ်၏။

တစ်ယောက်ကတော့ စီးကရက်ကို ရှိုက်ဖွာနေကာ သီချင်း နား ထောင်ရင်း လမ်းထိပ်ဝကို စူးစိုက်ကြည့်နေသည်။

"ဒီလူတွေ ဘာလဲ၊ ဒါ ကျွန်တော့်ကား မဟုတ်ပေမယ့် ကျွန်တော် မောင်းလာတာ ဖယ်ပေး"

ဆွဲချဖို့ ကြိုးစားတာလည်းမရ၊ ဘယ်လိုအော်ပြော ခုန်ပေါက်နေ လည်း နှစ်ယောက်လုံးက သူ့ကို ငဲ့၍ပင်မကြည့်ပေ။

ဒါဆိုလည်း နေပါစေ၊ ရွှယ်စုးကို ငါ ထမ်းခေါ်သွားလည်း ရတာပဲ။ သူ ရွှယ်စုးဆီကို ပြန်ပြေးလာခဲ့သည်။ သနားစရာပါလား၊ ရွှယ်စုးလေး ခမျာ လမ်းမဘေးမှာ အိပ်နေရှာလို့…

(…..ပွင့်သောပန်းတိုင်းကိုကွယ်… ဥယျာဉ်မှူး ခြွေချူးခက်လှ တယ်…

…ချစ်သူအတွက် အနစ်နာခံမယ်… မောင်ဖေငယ်ရဲ့ ရင်နှင့်စရာ ဖြစ်ပုံဆန်းကြယ်…)

"မင်းဟာကြီး ပိတ်ထားလိုက်စမ်းပါကွာ၊ ဟိုမှာ လဲကျသွားတာ ပြန်ထမလာတော့ဘူး"





ကက်ဆက်သံ ချက်ခနဲပိတ်သွားသည်။

"သူ့စရိုက်နဲ့သူ သွားပြီနေမှာပေါ့၊ ဒဏ်ရာရလာတာဖြစ်မယ်၊ ဘာတွေ တလွဲဖြစ်ကုန်ပြီလဲ"

"ဘယ်သူရှိလဲ၊ ခြံစောင့်အဘိုးကြီးပဲရှိတယ်"

"ဘာဖြစ်ဖြစ် ဆင်း ဟိတ်ကောင်၊ သေချာအောင် သွားကြည့်မယ်"

"အမှုပတ်မယ်ကွ"

တစ်ယောက်ကဆင်းပြီး တစ်ယောက်က မဆင်းချင်။

"မင်းကလား အမှုပတ်မှာစိုးတာ၊ ဒီကို ဘာလာလုပ်တာလဲ"

"ဘာဖြစ်ဖြစ် မလုပ်လိုက်ရဘဲပတ်နေရင် ခံပြင်းစရာကြီး။ ကိုယ့် ကုသိုလ်နဲ့ကိုယ်ကွာ၊ နေပါစေ ငါတို့က လူမသတ်ထိုက်လို့ပေါ့ ဟဲ ဟဲ"

တစ်ယောက်ကတော့ ဖွတ်ထွက်သွားခဲ့၏။ တစ်ဖက် ပလက် ဖောင်းအစပ်မှာ မိန်းကလေးသည် ပက်လက်ဖြစ်ကာ ကောင်လေးက မှောက်လျက်သား…

တစ်နေရာစီမှာ လဲကျနေကြပေမယ့် ညာဘက်လက်ဖဝါးချင်း တော့ ထပ်ဆုပ်ထားကြလေသည်။

လောင်းကုတ်အနက်ဦးထုပ်ဝိုင်းနှင့် ခတ်မီးထိုးကြည့်နေသော လူသည် သေချာနှံ့စပ်အောင် မီးထိုးကြည့်ပြီးမှ နောက်ပြန်လှည့်ခဲ့၏။

"ဘာတဲ့လဲ"

ကားထဲက လှမ်းမေးသည်။

"လိုက်မေးလေ၊ ကားရှေ့ကိုဆင်းလိုက်၊ ငါ ပစ်ဆောင့်လိုက်မယ်"

ကားထဲက အသံတိတ်သွားသည်။

စက်နှိုးသံ ထွက်ပေါ်လာပြီး ကားမီးတန်းနှစ်တန်းက ဖွေးခနဲလင်း လာ၏။

ညဉ့်နက်လမ်းမပေါ်မှာ ကန္တာရလွင်ပြင်ကြီးလို ရှင်းပြေင်နေ သဖြင့် ကားက ရှေ့ကိုမသွားဘဲ ဖြစ်သလို ဝိုက်ကွေ့သွား၏။



www.burmeseclassic.com

"ဘာလုပ်မလို့လဲ"

မေးသံနောက်မှာ ဖြေသံမပါခဲ့ပါ။

လက်ချင်း တွဲယှက်ထားကြသော ချစ်သူနှစ်ယောက်၏အနီးမှာ အသာလေး ရပ်သွားပြီး...

"ဒါ-သူ့ပစ္စည်းတွေဆိုတော့ ပေးထားခဲ့တာ ကောင်းပါတယ်"

စကားသံသဲ့သဲ့နှင့်အတူ ပန်းချီကားလိပ်တစ်ခုရယ်၊ ကက်ဆက်ခွေလေးတစ်ခွေရယ် ကားပေါ်ကနေ နှစ်ယောက်ကြား လမ်းမထက်သို့ ပစ်ကျလာ၏။

"ကျွတ်... ကျွတ် နှစ်ယောက်လုံး သွေးတွေ မနည်းပါလား"

"ဟုတ်တယ်၊ ဒါတို့ကြောင့်ဆို ဒီလောက် အဖြစ်ဆိုးမှာမဟုတ်ဘူး သက်သက်သာသာ သေရမှာ"

စကားသံတွေ ပြန်လည်တိတ်ကျသွားကာ ကားလေးက ညဥ့်လွှာထဲသို့ ပြေးဝင်သွားခဲ့လေသည်။

ကျွန်တော်ကတော့ သူမကိုထမ်းရင်း မမောမပန်း လှမ်းနေဆဲပါ။

အားတင်းထား ရှုယ်စူး...၊ ရှေ့မှာ ရောက်လုပြီ သိလား။

သူမအတွက် ကျွန်တော် မဟုတ်ခဲ့ပေမယ့် ကျွန်တော်ကတော့ သူမအတွက် ထာဝရပါ။ အချစ်ဆိုတာ ကိုယ့်နှလုံးသားနှင့်ကိုယ် ကြိုက်သလို ချစ်နေခွင့်ရှိတယ်မဟုတ်လား...

ထို့ကြောင့် သူမကို ကျွန်တော် သိစ်ချစ်ပါသည်။

ဝရိသတ်အတွက်

ထာဝရ

ကြယ်မြ

-ဝေဖန်အကြံပေးစာများကို အမှတ် (၃၉)၊၄၄လမ်း ဗိုလ်တထောင်မြို့နယ် သို့ ပေးပို့နိုင်ပါသည်။



မိန်းမချောလေးများ၏ ဆံပင်ဖြတ်ပြီး လူသတ်သည့် တရားခံနှင့် လျှို့ဝှက်ဗိမာန်အကြောင်း . . . .

